အဂ္ဂမဟာ ပဏ္ဍိတ
ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

# ပုရာဘေဒသုတ်တရားတော်

ရတနာ သီရိ

ရတနာသီရိ စာပုံနှိပ်တိုက်
အမှတ် ၁၀–၉၄၉။ လမ်း ၃၀၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။
သာသနာ–၂၅၁၁–ခု၊ ကောဇာ–၁၃၂၉–ခု၊

အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူအပ်သော

# ပုရာဘေဒသုတ်တရားတော်ကြီး


ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်

သာသနာ ၂၅၁၈ ကောဇာ ၁၃၃၆ ဇန်နဝါရီ ၁၉၇၅

**ထုတ်ဝေသူ။** ။မင်္ဂလာဦးအောင်မြင့် မှတ်ပုံတင်အမှတ် (၀၁၁၆၇) အကျိုးတော်ဆောင်( ပဋိပတ္တိသာသနာပြု မဟာစည် ရုံပုံငွေ) ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အမှတ် ၁၆၊ သာသနာ့ရိပ်သာ၊ ဟာမစ်တိတ်လမ်း ကုက္ကိုင်း ရွှေဂုံတိုင်စာတိုက် ရန်ကုန်မြို့။


ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် ၇၄၁၆။

ပဌမအကြိမ် အုပ်ရေ—၅၀၀၀။

ဒုတိယအကြိမ် အုပ်ရေ—၃၀၀၀။

**အဘိုး ၄—ကျပ်။**

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် သာသနာရေး ဦးစီးဌာန ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် ညွှန်ကြားရေးမှူးချုပ် ဦးလှမောင် M.A.,M.S.,B,L (မှတ်ပုံတင်အမှတ် ၀၈၇၉ )က ပုံနှိပ်သည်။



အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်

# နိဒါန်း

ပုရာဘေဒမည်သော ဤသုတ်တရားတော် ဖြစ်ပေါ်လာခဲ့ပုံမှာ အကျဉ်းချုပ်အားဖြင့် ဤသို့ ဖြစ်ပါသည်။

## မြတ်စွာဘုရားနှင့် ရဟန္တာငါးရာ

အခါတပါး၌ မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်မြို့အနီး ဟိမဝန္တာနှင့် တစပ်တည်းဖြစ်သော မဟာဝုန်တောကြီးအတွင်း၌ သီတင်းသုံး နေတော်မူခဲ့လေသည်။ ထိုစဉ်အခါ မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းယူ၍ ထို မဟာဝုန်တောကြီး အတွင်း၌ပင် သစ်ပင်ရင်း တောင်ဝှမ်း စသော သင့်လျော်ရာ အရပ်တို့၌ အသီးအသီး တရားအားထုတ်ကြလျက် အရဟတ္တဖိုလ်သို့ ရောက်တော်မူပြီးခါစ ဖြစ်တော်မူကြသော သာကီဝင်မင်းသား ရဟန်းတော် ငါးရာတို့သည် မိမိတို့ ရရှိပြီးသော အရဟတ္တဖိုလ် တရားထူးကို လျှောက်ထားရန် မြတ်စွာဘုရားထံသို့ တပါးချင်း တပါးချင်း ဆက်ကာဆက်ကာ ရောက်ရှိလာကြပြီးလျှင် မြတ်စွာဘုရား၏ ထံတော်ပါး၌ ရှိသေစွာ ထိုင်လျက် ရှိကြလေသည်။

## မဟာသမယ–နတ်ပြဟ္မာ အစည်းအဝေးကြီး

ထိုအခါ၌ တသောင်းသော စကြဝဠာတိုက်တို့မှ နတ်ပြဟ္မာအပေါင်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ပြီးခါစ

ဖြစ်သော ရဟန္တာငါးရာနှင့်တကွ မြတ်စွာဘုရားကို ဖူးမြော်ရန် မြတ်စွာဘုရားထံသို့ လာရောက်ကြရာ မဟာဝုန်တော ပတ်ဝန်း ကျင်မှ စ၍ ဤစကြဝဠာတိုက်တခုလုံး အနှံ့အပြား ပြည့် နှက်လျက် နတ်ဗြဟ္မာတို့၏ ကြီးစွာသော (မဟာသမယ)ခေါ် အစည်းအဝေးကြီးသည် မဘိတ်မခေါ် မန္တိုးဆော်ရဘဲ ဖြစ်မြဲ ဓမ္မတာအားဖြင့် အလိုအလျောက် ဖြစ်ပေါ်လာခဲ့လေသည်။

## ကျွတ်ထိုက်သူနှင့် မကျွတ်ထိုက်သူ

ဤသို့ ကြီးကျယ်လှစွာသော နတ်ဗြဟ္မာအစည်းအဝေးကြီး အလယ်၌ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ်စွာ စံနေတော်မူသော မြတ်စွာဘုရားသည် ကိုယ်တော်တိုင်လည်း ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး ဖြူစင်တော်မူ သည့်ပြင် ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးဖြူစင်တော် မူကြသော အရဟတ္တဖိုလ်သို့ ရောက်ပြီးခါစ ရဟန္တာငါးရာတို့ ဖြင့်လည်း ခြံရံအပ်သည်ဖြစ်၍ အလွန့်အလွန်ပင် ကြည်ညိုဘွယ် ရှိလှပါပေသည်။ ထိုအခါ မြတ်စွာဘုရားသည် ကုဋေပေါင်း အရာ အထောင်တို့ဖြင့်သော်လည်း မရေမတွက်နိုင်အောင် များပြားလှစွာသော ထို နတ်ဗြဟ္မာတို့ကို ဣန္ဒြိယပရော- ပရိယတ္တိ (သဒ္ဓါစသော ဣန္ဒြေတို့၏ အနုအရင့်ကို သိသော) ဉာဏ်, အာသယာနုသယ (စိတ်၏ ကိန်းဝပ်တည်ရာ အလို အာသယနှင့် ဖြစ်ခွင့်ရှိသော အနုသယတို့ကို သိသော) ဉာဏ်ဟူသော (ဗုဒ္ဓစက္ခု)ခေါ် ဘုရားရှင်တို့၏ ဉာဏ်မျက်စိ တို့ဖြင့် ကြည့်ရှုတော်မူပြီးလျှင် ကျွတ်ထိုက်သူနှင့် မကျွတ်ထိုက် သူအားဖြင့် နှစ်စုနှစ်ပုံ ခွဲခြားတော်မူလေသည်။

## စရိုက် ၆-ပါးနှင့် ဒေသနာ ၆-ပါး

ကျွတ်ထိုက်သော နတ်ဗြဟ္မာအစုအပုံထဲမှလည်း—

(၁) ရာဂစရိတ – ရာဂများသောသူ တစု၊

(၂) ဒေါသစရိတ – ဒေါသများသောသူ တစု၊

(၃) မောဟစရိတ – မောဟများသောသူ တစု၊

(၄) ဝိတက္ကစရိတ – ဝိတက်များသောသူ တစု၊

(၅) သဒ္ဓါစရိတ – သဒ္ဓါများသောသူ တစု၊

(၆) ဗုဒ္ဓိစရိတ – ပညာများသောသူ တစု-ဟူ၍ စရိုက် အပြားအားဖြင့် ခြောက်စု ခြောက်ပုံ ခွဲခြားတော်မူပြန်လေသည်၊ ထိုခြောက်စု ခြောက်ပုံတို့တွင်—

(၁) ရာဂများသောသူတို့အတွက် သမ္မာပရိဗ္ဗာဇနီယ သုတ်ကို ဟောရန်၊

(၂) ဒေါသများသော သူတို့အတွက် ကလဟဝိဝါဒ သုတ်ကို ဟောရန်၊

(၃) မောဟများသော သူတို့အတွက် မဟာဗျူဟ သုတ်ကို ဟောရန်၊

(၄) ဝိတက်များသော သူတို့အတွက် စူဠဗျူဟသုတ် ကို ဟောရန်၊

(၅) သဒ္ဓါများသော သူတို့အတွက် တုဝဋ္ဋကသုတ်ကို ဟောရန်၊

(၆) ပညာများသော သူတို့အတွက် ပုရာဘေဒသုတ် ကိုဟောရန် ပိုင်းခြား သတ်မှတ်တော်မူခဲ့လေ သည်။

## ပုစ္ဆာဝသိက ဒေသနာ

ထိုသို့သတ်မှတ်တော်မူပြီးလျှင်——

(၁) အတ္တဇ္ဈာသယ – မိမိအလိုတော်ဖြင့် ဟောသော ဒေသနာ၊

(၂) ပရဇ္ဈာသယ – တရားနာ ပုဂ္ဂိုလ်ဟူသော သူတပါးအလိုဖြင့် ဟောသောဒေသနာ၊

(၃) အတ္ထုပ္ပတ္တိက – ဖြစ်ပေါ်လာသော အကြောင်းအားလျော်စွာ ဟောသော ဒေသနာ၊

(၄) ပုစ္ဆာဝသိက – အမေးပုစ္ဆာ အားလျော်စွာ ဟောသော ဒေသနာ–ဟူသော ဤဒေသနာ ၄-မျိုးတို့တွင် ပုစ္ဆာဝသိက ဒေသနာဖြင့်သာလျှင် ထိုနတ်ဗြဟ္မာတို့ သစ္စာ ၄-ပါးသိမြင်၍ ကျွတ်တမ်းဝင်နိုင်ကြမည်ကို မြင်တော်မူလေသည်။

## နိမ္မိတရုပ်ပွါးတော် ဖန်ဆင်းခြင်း

ထိုသို့မြင်တော်မူသဖြင့် ထိုနတ်ဗြဟ္မာတို့၏ အလို အဇ္ဈာသယအားလျော်စွာ မေးမြန်းနိုင်မည့် ပုဂ္ဂိုလ်ကို ကြည့်ရှုဆင်ခြင်တော်မူသောအခါ ထိုသို့သောပုဂ္ဂိုလ်ကို အနန္တ လောကဓာတ်တို့၌ တဦးတယောက်ကိုမျှ မမြင်တော်မူသောကြောင့် ကိုယ်တော်နှင့် ပုံတူဖြစ်သော နိမ္မိတဘုရားတဆူကို စျာန်အဘိညာဉ်တန်ခိုးတော်အစွမ်းဖြင့် ဖန်ဆင်းတော် မူရလေသည်။

ထိုသို့ ဖန်ဆင်းအပ်သော နိမ္မိတရုပ်ပွါးပုံတူဘုရားသည် အရှေ့လောကဓာတ် ကောင်းကင်အရပ်မှ ကိုယ်ရောင်ကိုယ်ဝါ

တောက်ပစွာနှင့် ကြွလာတော်မူပြီးလျှင် သက်တော်ထင်ရှား ပကတိ မြတ်စွာဘုရား၏ ရှေ့မျက်မှောက်၌ တင့်တယ်စွာ ထိုင်နေတော်မူလျက် သမ္မာပရိဗ္ဗာဇနီယသုတ် စသည်တို့နှင့် စပ်ဆိုင်သော မေးခွန်း ပြဿနာတို့ကို မြတ်စွာဘုရား၏ အလိုတော်ကျ မေးတော်မူလေသည်။ ထိုမေးခွန်း ပြဿနာတို့ကို ပကတိ မြတ်စွာဘုရားက ဖြေကြားတော်မူခဲ့ပေသည်။

ထိုစဉ်အခါက ကြားနာနေကြသော နတ်ဗြဟ္မာ အပေါင်းတို့သည် အခြားစကြဝဠာမှ ကြွလာသော ဘုရားတဆူက မေး၍ မိမိတို့၏ မြတ်စွာဘုရားက ဖြေကြားတော်မူသည်ဟု အာရုံပြုကာ အားရတက်ကြွစွာနှင့် နာယူကြလျက် အသင်္ချေ ပေါင်း များစွာပင် အရိယ မဂ်ဖိုလ် တရားထူးကို ရရှိကြလေသည်။

## ပုရာဘေဒသုတ်

ထိုသို့ မေးဖြေသောအားဖြင့် ဟောကြားသော ၆-သုတ်တို့တွင် ဤပုရာဘေဒသုတ်ကို ပညာလွန်ကဲ၍ ပညာများသော ဗုဒ္ဓိစရိုက်ရှိသူတို့အတွက် နိမ္မိတဘုရားက — "ကထံ ဒဿီ ကထံ သီလော၊ ဥပသန္တောတိ ဝုစ္စတိ" စသည်ဖြင့်မေး၍ သက်တော်ထင်ရှား ပကတိ မြတ်စွာဘုရားက "ဝီတတဏှော ပုရာဘေဒါ" စသည်ဖြင့် ဖြေကြားတော်မူလေသည်။

## နက်နဲလှပါပေသည်

ဤပုရာဘေဒသုတ်သည် ပညာလွန်ကဲသော ဗုဒ္ဓိစရိုက်ရှိသူ နတ် ဗြဟ္မာတို့အတွက် ဟောထားသော သုတ်ဖြစ်သောကြောင့်

သာမန် လူသား ပုဂ္ဂိုလ်တို့မှာ ပါဠိလျှောက် အနက်အဓိပ္ပါယ် မျှကိုပင် ဖွင့်ပြရန် မလွယ်ကူဘဲ အလွန်ပင်နက်နဲလှပါပေသည်၊ ပဋိပတ်လုပ်ငန်းစဉ် ပေါ်လွင် ထင်ရှားအောင် ဒေသနာနယ သဘာဝဖြင့် ဖွင့်ပြဟောပြောရန် မလွယ်ကူဘဲ နက်နဲသည်မှာ ဆိုဘွယ်ပင်မရှိ ဖြစ်ပါတော့သည်။

သို့ပင် နက်နဲလှငြားသော်လည်း နက်နဲသော ဒေသနာကို အများသော ရဟန်းရှင်လူတို့အား အလွယ်တကူနှင့် သိနားလည်စေလိုသော သမ္မာဆန္ဒ ပြင်းပြ ထက်သန်တော်မူသော ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဤ ပုရာ-ဘေဒသုတ် တရားတော်ကြီးကို အဋ္ဌကထာ ဋီကာ စသော သံဝဏ္ဏနာ နည်းအမျိုးမျိုးတို့ဖြင့်၎င်း, ကြွယ်ဝ များပြားသော မြန်မာ ဝေါဟာရနှင့် ဥပမာတို့ဖြင့်၎င်း တန်ဆာဆင်လျက် အနက် အဓိပ္ပါယ် ပေါ်လွင်ထင်ရှားအောင် ဟောကြား ဖွင့်ပြတော်မူခဲ့ပါပေသည်။

## ဤပုံဤနှယ် ဖွင့်ပြထားသည်

ထိုသို့ ဟောကြား ဖွင့်ပြရာ၌ မည်သို့ နက်နဲ၍ မည်သို့ ပေါ်လွင် ထင်ရှားစေသည်ကို "ဝီတတဏှော ပုရာဘေဒါ" ဟူသော အပိုဒ်တခု၏ အဖွင့်မျှဖြင့်ပင် သိမြင်သဘောပေါက် နိုင်ပါသည်။ ထိုအပိုဒ်၌ သဒ္ဒါနက်အားဖြင့် "ခန္ဓာပျက်ကြွေ သေသည်မှ ရှေးဦးစွာ (ဝါ) မသေမီ တဏှာကင်းသောသူကို (ဥပသန္တ)ငြိမ်းအေးသောသူ ခေါ်သည်"ဟု ဤမျှသာ အနက် အဓိပ္ပါယ် ရပေသည်။ သို့သော် မြတ်စွာဘုရား၏ အလိုတော်

သည်ကား ဤမျှသာမဟုတ်ပေ၊ ထိုစဉ်ကာလက တရားနာလျက် ရှိကြသော ဗုဒ္ဓိစရိုက်ရှိသူ နတ် ဗြဟ္မာတို့သည်လည်း ဤမျှသာ နားလည်ကြသည် မဟုတ်ပေ။ အမှန်အားဖြင့်မူ "ထိုသို့ တဏှာကင်းအောင် သီလကို ဘယ်ပုံ ဘယ်နည်းကျင့်ရမည်၊ သမာဓိနှင့်ပညာကို ဘယ်ပုံဘယ်နည်းကျင့်ရမည်၊ ထိုအကျင့်တရားသည် သန္ဒိဋ္ဌိကစသော ဂုဏ်တို့နှင့်ပြည့်စုံသောကြောင့် မသေခင် မျက်မှောက်ဘဝမှာပင် တဏှာကင်းခြင်းဟူသော အကျိုးကို ရစေနိုင်သည်" ဤသို့ စသည်ဖြင့် ကျယ်ဝန်းသော အနက်အဓိပ္ပါယ်များကိုလည်း မြတ်စွာဘုရားကသိစေလိုတော်မူပါသည်၊ ထိုဗုဒ္ဓိစရိုက်ရှိသော နတ် ဗြဟ္မာတို့သည်လည်း ထိုသို့သော အနက် အဓိပ္ပါယ်ကို သိမြင်သဘောပေါက်ကြပါသည်၊ ထို့ကြောင့်ပင် ထိုဒေသနာကို ကြားနာစဉ်မှာပင် သီလ သမာဓိ ပညာတို့ကို ပြည့်စုံစေ၍ ကုဋေတသိန်းမျှသော နတ် ဗြဟ္မာတို့ အရဟတ္တဖိုလ်သို့ ရောက်ကြ၍ မရေမတွက်နိုင်သော နတ် ဗြဟ္မာ တို့လည်း သောတာပတ္တိဖိုလ်စသည်သို့ ရောက်ကြပေသည်။ ထိုသို့ သိစေလိုတော်မူသောအနက် အဓိပ္ပါယ် အကျယ်ကို ဤပုရာဘေဒသုတ် တရားတော်ကြီး၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားက ဟောကြားဖွင့်ပြထားသည်ကို ထင်ရှားတွေ့ကြရပါလိမ့်မည်။

## အထပ်ထပ်ဟောရခြင်းအကြောင်း

တဏှာကင်းလျှင် ဥပသန္တ ပုဂ္ဂိုလ်မည်သည်ဟု ဤမျှသောစကားဖြင့်ပင် မေးခွန်းပြဿနာကို ဖြေဆိုခြင်းကိစ္စ ပြီးလောက်ပြီဖြစ်ပါလျက် ပုဗ္ဗမန္တ ဖနိဿိတော-စသည်ကိုအဘယ်ကြောင့်ထပ်၍ ဟောရပါသနည်း စသည်ဖြင့် မေးမြန်း စိစစ်ဖွယ်ရှိ

သောကြောင့် ထိုသို့သော အချက်များကိုလည်း ဤပုရာ-ဘေဒသုတ်တရားတော်ကြီး၌ အားလုံးပင် ကျေနပ်လောက်အောင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားက ဖြေရှင်းထားပေသည်။

## စာရင်းမဝင်အောင် ကျင့်ပုံ

ဝေမဇ္ဈေ နုပသင်္ခေယျော– ဟူသော အပိုဒ်၌ သဒ္ဒါနက်အားဖြင့် "အလယ်ပိုင်း (ပစ္စုပ္ပန်ရုပ်နာမ်) ၌ (တပ်မက်သူစသည်ဖြင့်) မရေတွက်အပ်သောသူ" ဟု ဤမျှသာ အနက်အဓိပ္ပါယ်ရသည်။ သဘောပေါက်ရန် ခက်စွ။ ထိုအရာ၌လည်း "ဖြစ်ခိုက် ရုပ်နာမ်ကို ရှုသောအားဖြင့် (ရတ္တ-တပ်မက်သူ၊ ဒုဋ္ဌ-ပြစ်မှားစိတ်ဆိုးသူစသည်ဖြင့် စာရင်းမဝင်တော့ဘဲ စာရင်းရှင်းသွားပုံ၊ စာရင်းပျောက်သွားပုံ စသည်ကို ဤ ပုရာဘေဒသုတ် တရားတော်ကြီး၌ အကျယ်တဝင့် ဖွင့်ပြထားသည်မှာ မှတ်သားဘွယ် ကောင်းလှပါပေသည်။

## လျစ်လျူထင်ပုံ

ဥပေက္ခကော သဒါ သတော–ဟူသော ဂါထာကို "ရှုမှတ်အစဉ် လျစ်လျူထင်၍" စသည်ဖြင့် မြန်မာပြန်ကာ ဆောင်ပုဒ်ပြု၍ သင်္ခါရုပေက္ခာဉာဏ်တိုင်အောင် သတိဖြင့် အစဉ်အတိုင်း ရှုမှတ်သွားပုံ၊ ဉာဏ်စဉ်တက်သွားပုံများနှင့် လျစ်လျူရှုနိုင်ပုံများကို အထင်အရှား ဖော်ပြထားသည်မှာ ဝိပဿနာကို သဘာဝကျကျအားထုတ်ဘူးသူတို့မှာ မိမိတို့၏ အတွေ့နှင့် တိုက်ဆိုင်၍ အားရဝမ်းမြောက်ဖွယ် ကောင်းသည့်ပြင် ဝိပဿနာအလုပ်ကို

တကယ်အားထုတ်လိုသော ပုဂ္ဂိုလ်တို့အတွက်လည်း အားကိုးဘွယ် နည်းယူဘွယ် ကောင်းလှပါပေသည်။

ဤသို့ စသည်ဖြင့် ဤ ပုရာဘေဒသုတ် တရားတော်ကြီး၌ ထူးခြားသော မှတ်သားဘွယ်တို့ကိုရင်း, မဂ်ဖိုလ်ဉာဏ်ပေါက် တကယ်ရောက်အောင် အားထုတ်လိုသော သူတော်စင်တို့ အတွက် ရှုမှတ် ကျင့်သုံးဘွယ် နည်းလမ်းတို့ကိုရင်း တခုပြီး တခု ဆင့်ကာ ဆင့်ကာ ဖွင့်ပြသွားသည်ကို စာရှုသူတို့ တွေ့မြင်ကြရပါလိမ့်မည်။

## ကျမ်းစာအုပ်အဖြစ်သို့ ရောက်လာပုံ

ဤမျှဖြင့်ပင် ဤ ပုရာဘေဒသုတ် တရားတော်ကြီး၏ ထူးခြားသော ဂုဏ်တို့ကို ရိပ်မိလောက်ပြီ ဖြစ်သောကြောင့် ဤ တရားတော်ကြီး ကျမ်းစာအုပ်အဖြစ်သို့ ရောက်လာပုံကို ဖော်ပြပါတော့မည်။

သို့ရာတွင် ဤ ပုရာဘေဒသုတ် တရားတော်ကြီး ကျမ်းစာအုပ်အဖြစ်သို့ ရောက်လာပုံကို ဤ နိဒါန်း စာရေးသူက အထူး ဖော်ပြရန်ပင် မလိုတော့ပါ။ အကြောင်းမူကား– ရန်ကုန်မြို့ ပန်းတနော်လမ်း၊ အမှတ် (၂၅) ဓမ္မဗျူဟာ စာစောင်တိုက်မှ ထုတ်ဝေသော ဓမ္မဗျူဟာစာစောင် အတွဲ (၄) အမှတ်-၉၊ စာမျက်နှာ (၃) ၌ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယဖြစ်သော ဦးသံဝရ အရှင်မြတ်က အောက်ပါအတိုင်း ဖော်ပြထားပြီး ရှိသောကြောင့် ဖြစ်ပါသည်။

## ဓမ္မဗျူဟာ၌ ဖော်ပြချက်

ကျေးဇူးရှင် ဖြစ်တော်မူသော မဟာစည် ဆရာတော်ဘုရားကြီးသည် ၁၃၀၀-ပြည့်နှစ်မှစ၍ ရွှေဘိုမြို့ ဆိပ်ခွန်ရွာ မဟာစည်ကျောင်းတိုက်၌ သီတင်းသုံးလျက် မဟာသတိပဋ္ဌာန သုတ္တန် ဒေသနာတော်ကြီးကို မူရင်း ပမာနပြု၍ ဝိပဿနာ လုပ်ငန်း တရားတော်ကို လက်တွေ့ထင်ရှားအောင် ဟောကြား ညွှန်ပြတော်မူခဲ့ပေသည်။ ထိုသို့ ဟောကြား ညွှန်ပြနေစဉ်မှာပင် ရန်ကုန်မြို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ ပင့်လျှောက်ချက်အရဖြင့် ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ကြွရောက်တော်မူကာ ၁၃၁၁-ခုနှစ် နတ်တော်လပြည့်နေ့မှ စ၍ ဝိပဿနာ လုပ်ငန်း တရားတော်များကို တလ လေးသီတင်း မှန်မှန် ဟောကြား ညွှန်ပြတော်မူခဲ့သည်မှာ ယခု ၁၃၂၇-ခုနှစ်တိုင် ရောက်သဖြင့် ၁၆-နှစ် ကျော်ခဲ့လေပြီ။

ထိုသို့ ဟောကြား ညွှန်ပြတော်မူရာတွင် ဝိပဿနာလုပ်ငန်း ဆိုင်ရာ တရားတော်ကြီးများကို သုတ္တန်တခုခု မူတည်၍ ဟောဖော် ညွှန်ပြတော်မူလေ့ ရှိပါသည်။ ထိုသို့ ဟောတော်မူခဲ့သော တရားတော်ကြီးများထဲတွင် အလွန်ကြားနာ ရခဲသော ပုရာဘေဒသုတ္တန် တရားတော်ကြီးကို ၁၃၂၂-ခု ဝါဆိုလကွယ်နေ့မှ စ၍ သုံးသီတင်းတိုင်တိုင် ဆက်ပြီး ဟောကြားတော် မူခဲ့ပါသည်။ ထိုတရားတော်ကြီးသည် အနက် အဓိပ္ပါယ်အားဖြင့် အလွန်ခက်ခဲနက်နဲသော်လည်း အများ နားလည်လွယ်သော စကား အသုံးအနှုန်း ထင်ရှားပေါ်လွင်သော ဥပမာတို့ဖြင့် တန်းဆာဆင်၍ ဟောကြားတော်မူသောကြောင့် ကြားနာရသော ရဟန်းရှင်လူ သူတော်စင် အပေါင်းတို့သည် နှစ်

ထောင်းအားရ သဘောကျလျက် ဝမ်းမြောက်ခြင်း ပီတိ-
ပါမောဇ္ဇ ဖြစ်ကြရပါသည်။

တကြိမ်တခါ ကြားနာရုံမျှဖြင့် အားရတင်းတိမ်ခြင်းမရှိဘဲ အကြိမ်ကြိမ် ကြားနာမှတ်သားနိုင်ရန် အလို့ငှါ အချို့သော ဒါယကာတို့က ထိုသို့ဟောစဉ်ကပင် အသံဖမ်းစက်ဖြင့် ဖမ်းယူ အသံသွင်းထားသောကြောင့် ထိုတရားတော်ကြီးကို ဦးပဥ္စင်း တို့လည်း နာကြားရပြန်သဖြင့် ဝမ်းမြောက်ကြည်နူး အထူး နှစ်သက်သဘောကျပြီးလျှင် ထိုပုရာဘေဒသုတ် တရားတော် ကြီးကို မိမိကဲ့သို့ပင် အများသော သူတော်စင်တို့အားလည်း နာကြားစေချင်သော သဒ္ဓါဆန္ဒ တက်ကြွကာ ဓမ္မဒါန ပြုလို သော စိတ်စေတနာများ တဖွားဖွားဖြစ်ပေါ်ခဲ့ပါသည်။

ထိုသို့ ဓမ္မဒါနပြုလိုသော စိတ်စေတနာ ပေါ်နေဆဲတွင် ဓမ္မဗျူဟာစာစောင်တိုက်မှ ဆရာတော်ဘုရားကြီး၏ တရား တော်များကို သူတို့၏စာစောင်၌ ထည့်သွင်း၍ တိုင်းပြည်သို့ ဖြန့်ဝေကာ ဓမ္မဒါနပြုလိုပါကြောင်းဖြင့် လျှောက်ထားသော ကြောင့် စာအုပ်အဖြစ် မရိုက်ရသေးသော ဤပုရာဘေဒသုတ် တရားတော်ကြီးကို တိတ်ခွေမှတဆင့် ထုတ်ယူရေးကူးလျက် ကျေးဇူးပြုလိုက်ရပါသည်။

ဦးသံဝရ
သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။

အထက်ပါအတိုင်း ပလ္လင်ခံ၍ ဓမ္မဗျူဟာ စာစောင်မှ တပိုင်းချင်း တပိုင်းချင်း အလီလီ ဖော်ပြထားသော ဤပုရာ-

# နိဒါန်း

ဘေဒသုတ် တရားတော်ကြီးကို ဖတ်ရှုကြရသော ဓမ္မမာမက ဖြစ်သူ ရဟန်း ရှင် လူ များစွာတို့သည် ပြတ်တောင်း ပြတ်တောင်းနှင့် ဆက်စပ်၍ ဖတ်ရှုကြရသည်ကို အားမရနိုင်ဘဲ စာအုပ်အဖြစ်ဖြင့် တလုံးတည်း, တဆက်တည်း ဖတ်ရှုရန် ထက်သန်ပြင်းပြသော အလိုဆန္ဒ ဖြစ်ပေါ် လာကြပါသည်။ ထို့ကြောင့် များစွာသော ရဟန်း ရှင် လူ တို့၏ အလိုဆန္ဒ ပြည့်ဝစေရန် အလို့ငှါ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး၏ ခွင့်ပြုချက်အရဖြင့် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဓမ္မဒေသနာ ဖြန့်ချိရေးစာပေတိုက်မှ အဆိုပါ ပုရာဘေဒသုတ် တရားတော်ကြီးကို စာအုပ်အဖြစ်သို့ ရောက်အောင် ရွက်ဆောင်ပုံနှိပ်၍ ဖြန့်ချိလိုက်ခြင်း ဖြစ်ပေသည်။

စာရှုသူတို့ အလိုဆန္ဒပြည့်ဝ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် "မသေပျက်ခင် တဏှာစင်သော ဥပသန္တပုဂ္ဂိုလ်အဖြစ်သို့ရောက်အောင်" ကျင့်ဆောင်ပွါးများ ကြိုးစားအားထုတ်နိုင်ကြပါစေသောဝ်။

ဦးဇောတိပါလ

နာယကဆရာတော်

ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူးမြို့။

၁၃၂၈-ခုနှစ်။

တပေါင်းလဆုတ်(၁၅)ရက်။

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| တရားပလ္လင် | ၁ |
| ရုပ်ပွါးတော်၏ အမေး | ၂ |
| တရားနာရတာ ငြိမ်းအေးဘို့ဘဲ | ၃ |
| နားလည်စေချင်လို့ ထပ်ထပ်ပြီး ပြောရတယ် | ၆ |
| မြတ်စွာဘုရား၏ အဖြေ | ၇ |
| မသေခင် တရားတွေ့ဘို့ အရေးကြီးတယ် | ၇ |
| သန္ဒိဋ္ဌိကတရား | ၈ |
| တရားတော်၏ ဂုဏ်တော် | ၉ |
| မျက်မှောက်ကိုယ်တွေ့ အကျိုးဖြစ်ပုံ | ၁၀ |
| မသေခင် တဏှာကင်းအောင် ကျင့်နည်း | ၁၃ |
| သီလဖြင့် ဝီတိက္ကမတဏှာ ကင်းပုံ | ၁၆ |
| သမာဓိဖြင့် ပရိယုဋ္ဌာန်တဏှာ ကင်းပုံ | ၁၇ |
| ပညာဖြင့် အနုသယတဏှာ ကင်းပုံ | ၁၈ |
| အနုသယနှစ်မျိုး | ၁၉ |
| သီဟစစ်သူကြီး၏ ဝန်ခံချက် | ၂၁ |
| ဘယ်လို ငြိမ်းအေးသလဲ | ၂၄ |
| တဏှာကင်းအောင် ကျင့်ပုံ | ၂၇ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| မသေခင် ယခုဘဝမှာ ကောင်းကျိုးပေါ် .... | ၂၈ |
| ရှုခိုက်၌ တဏှာကင်းပုံ .... .... .... | ၂၉ |
| ချက်ခြင်း လက်ငင်း ကိုယ်တိုင်တွေ့ .... .... | ၃၁ |
| ကိုယ်ထဲစိတ်ထဲရောက်အောင် ကျင့်ဆောင်ထား .... | ၃၂ |
| ဘေးရန်တွေ့မှ စွမ်းရည်ထင်ရှားသည် .... .... | ၃၃ |
| ကိုယ်စားယင် ကိုယ်သာ ဝတာဘဲ .... .... | ၃၅ |
| ရှေးအစွန်းကို မမှီရ .... .... | ၃၆ |
| တဏှာဒိဋ္ဌိကိုမှီခြင်း .... .... | ၃၇ |
| နောင်ရေးကိုလဲ မမြော်ရ .... .... | ၄၃ |
| အလယ်ပိုင်းမှာလဲ စာရင်းမဝင်စေနဲ့ .... .... | ၄၇ |
| ကေဝဋ္ဋပုဏ္ဏားကြီးရဲ့အကြံ .... .... | ၅၀ |
| မဟောသဓာ ဉာဏ်ကြီးပုံ .... .... | ၅၂ |
| ကေဝဋ္ဋပုဏ္ဏားကြီးရဲ့အတွေး .... .... | ၅၅ |
| စစ်ရှုံးဘေးကို ကြောက်လို့ပြေးကြတယ် .... | ၅၇ |
| ဘေဒဥပါယ်လုပ်ရန် စေလွှတ်တယ် .... .... | ၅၈ |
| စစ်ပွဲမှ ကျန်တဲ့အမွေ .... .... | ၅၉ |
| ဒီမှာ ပြောလိုရင်းကတော့ .... .... | ၆၀ |
| စာရင်းဝင်တာ ကြောက်စရာဘဲ .... .... | ၆၂ |
| စာရင်းရှင်းအောင် လုပ်နည်း .... .... | ၆၃ |
| ရဟန္တာဖြစ်မှ အကုန်စာရင်းရှင်းတယ် .... .... | ၆၅ |
| ဒုတိယပိုင်း .... .... | ၆၉ |

အကြောင်းအရာ စာမျက်နှာ

အမျက်မထွက်ရဘူး .... .... ၇၁
ကြားရာမှာ ဒေါသဖြစ်လွယ်တယ် .... .... ၇၃
အတွေ့အထိလဲ သည်းမခံနိုင်တတ်ဘူး .... .... ၇၅
ဖွားနှင့် တူတယ် .... .... ၇၆
ဆေးမရှိယင် ခံရတယ်, ဆေးရှိယင် သက်သာတယ် ၇၇
အာဃာတဝတ္ထု ၉-ပါး .... .... ၇၈
စိတ်မဆိုးသင့်ရာ၌ စိတ်မဆိုးခြင်း .... .... ၈၀
စိတ်အားငယ်ပြီး မပူပန်မစိုးရိမ်ရ .... .... ၈၃
ကြွားဝါခြင်းလဲ မရှိစေရ .... .... .... ၈၆
ကုက္ကုစ္စ ကင်းရမယ် .... .... .... ၈၈
၁-လက်ခြေမငြိမ်တဲ့ ကုက္ကုစ္စ.... .... .... ၈၉
ကန္ဒရကကြည်ညိုပုံ .... .... .... ၉၀
ကောသလမင်းလျှောက်ပုံ .... .... .... ၉၂
၂-ဝိနယကုက္ကုစ္စ .... .... .... ၉၅
၃-နောင်တ တဖန်ပူပန်တဲ့ ကုက္ကုစ္စ .... .... ၉၆
အရေးကြီးတဲ့ ကုက္ကုစ္စ .... .... .... ၉၉
ဂိလာနရဟန်းငယ်ဝတ္ထု .... .... .... ၁၀၀
မြတ်ဗုဒ္ဓသာသနာ၏ရည်မှန်းချက် .... .... ၁၀၂
သေခါနီးမှာ ထောက်တည်ရာရှိဘို့ အရေးကြီးတယ် ၁၀၃
စကားကိုလဲ ချင့်ချိန်ပြောရမယ် .... .... ၁၀၉
စိတ်မပျံ့လွင့်စေရ .... .... .... ၁၁၂

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကိလေသာဖြစ်ရေးမှာ တွန့်ဆုတ်ရမယ် | ၁၁၆ |
| အံ့ဩဘွယ်ဖြစ်အောင် ဟန်မဆောင်ရ | ၁၁၉ |
| ၁-ပစ္စည်းသုံးဆောင်မှု၌ ဟန်ဆောင်ခြင်း | ၁၂၀ |
| ၂-တရားထူး ဂုဏ်ထူးနှင့်စပ်၍ ဟန်ဆောင်ခြင်း | ၁၂၁ |
| ၃-ဣရိယာပုထ်နှင့်စပ်၍ ဟန်ဆောင်ခြင်း | ၁၂၂ |
| အားကျပြီး မတောင့်တရ | ၁၂၂ |
| ကောင်းတဲ့တောင့်တမှု | ၁၂၃ |
| ကိုယ့်အလုပ် ကိုယ်လုပ်ပါ | ၁၂၅ |
| ကြမ်းတမ်းတာတွေကို ပယ်ရမယ် | ၁၂၇ |
| စက်ဆုပ်ဖွယ်တွေလဲ ပယ်ရမယ် | ၁၃၀ |
| တတိယပိုင်း | ၁၃၇ |
| သာယာဘွယ်အတွင်း စီးဆင်းပုံ | ၁၄၀ |
| ဘဝဂ်တိုင်အောင် စီးသွားပုံ | ၁၄၂ |
| ငရဲ သာယာသေးသလား | ၁၄၆ |
| မိတ္တဝိန္ဒကဝတ္ထု | ၁၄၇ |
| ငရဲပန်း ရွှေပန်းထင်တယ် | ၁၄၈ |
| ပြိတ္တာဘုံကိုလဲ သာယာပါတယ် | ၁၅၀ |
| တိရစ္ဆာန်အဖြစ်ကိုလဲ သာယာတယ် | ၁၅၁ |
| အရူပဘုံကို နိဗ္ဗာန်ထင်တယ် | ၁၅၃ |
| အာဠာရနဲ့ ဥဒက | ၁၅၄ |
| ဂေါတြဘူတိုင်အောင် စီးသွားတတ်တယ် | ၁၅၅ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သေဌေးစိတ်ပေါက်နေတာနဲ့ တူတယ် .... .... | ၁၅၇ |
| ဘယ်ကုသိုလ်ဘဲဖြစ်ဖြစ် ပွါးသင့်တာချည်းပါဘဲ .... | ၁၅၉ |
| ဂေါတြဘူကို သာယာနိုင်သေးတယ် .... .... | ၁၆၁ |
| (၇)နှစ် (၇)လ ကိုယ်ဝန်ဆောင်ရတယ် .... | ၁၆၃ |
| သာယာဘွယ်ယောင် ဟန်ဆောင်ပြီး နှိပ်စက်တယ် | ၁၆၆ |
| သေပြီး ပြိတ္တာဖြစ်နေမှ ကံ့ကံ၏အကျိုးကို သိတယ် | ၁၆၇ |
| မမေ့ဘို့ အရေးကြီးပါတယ် .... .... | ၁၆၈ |
| ဝိပဿနာအမြင်နဲ့ဆိုလျှင် ဒုက္ခသစ္စာ .... .... | ၁၇၀ |
| သူတပါးကို အထင်မသေးနှင့် .... .... | ၁၇၂ |
| ချဉ်းကပ်သင့်တဲ့ ဒကာ၏ ဂုဏ် ၉-ပါး .... .... | ၁၇၄ |
| သာကီဝင်တို့၏မာန .... .... | ၁၇၅ |
| ဝိဋူဍဘကို မထီမဲ့မြင်ပြုပုံ .... .... | ၁၇၈ |
| မာနကြောင့် သာကီဝင်မင်းတွေ ဘေးသင့်ပုံ .... | ၁၇၉ |
| ကိုယ်နှုတ် သိမ်မွေ့ပုံ .... .... | ၁၈၃ |
| စိတ်ဖြင့် သိမ်မွေ့ပုံ .... .... | ၁၈၄ |
| ထင်မြင်သဘောပေါက်လွယ်သော အသိဉာဏ် .... | ၁၈၆ |
| တရားအားထုတ်ပြီးမှ စာကောင်းကောင်းတတ်တယ် | ၁၈၇ |
| စာတွေနဲ့ လွယ်သလောက် လက်တွေ့ကျတော့ မလွယ်ဘူး | ၁၈၈ |
| နာမရူပ ပရိစ္ဆေဒဉာဏ် .... .... | ၁၈၉ |
| စာမတတ်ပေမဲ့ တရားကို သိတယ် .... .... | ၁၈၉ |
| ဖြစ်ပျက်ဆိုရုံနဲ့ ဖြစ်ပျက် သိသလား .... .... | ၁၉၀ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သူတပါးအပြောကြောင့် ယုံတာမဟုတ် | .... | ၁၉၃ |
| ယုံတာထက် သိတာက သာ၍ မြင့်မြတ်သည် | .... | ၁၉၃ |
| စိတ္တသူကြွယ်နှင့် နာဋပုတ္တ .... | .... | ၂၀၀ |
| ကိုယ်တိုင်သိနှင့် သူတပါးပြောလို့ယုံတာ.... | .... | ၂၀၁ |
| တပ်မက်ကင်းပြီးဖြစ်စေရမယ် .... | .... | ၂၀၃ |
| တပ်မက်မှုကင်းဆဲ .... | .... | ၂၀၄ |
| တပ်မက်မှုကင်းဆဲမဟုတ် .... | .... | ၂၀၄ |
| လာဘ်လာဘကြောင့် ကျင့်ခြင်းမဟုတ် .... | .... | ၂၀၅ |
| အခါခပ်သိမ်း အမှတ်ရပုံ .... | .... | ၂၀၇ |
| အမှတ်ရတယ်ဆိုတာ သတိပဋ္ဌာန်ဘဲ .... | .... | ၂၀၉ |
| စိတ္တဝိသုဒ္ဓိဖြစ်ပုံ .... | .... | ၂၁၂ |
| နာမရူပ ပရိစ္ဆေဒဉာဏ် စသည်ဖြစ်ပုံ .... | .... | ၂၁၃ |
| သင်္ခါရုပေက္ခာဖြင့် အညီအမျှ ရှုပုံ .... | .... | ၂၁၅ |
| ဆဋင်္ဂုပေက္ခာ .... | .... | ၂၁၆ |
| မာန ၃-မျိုး ကင်းရမယ် .... | .... | ၂၁၇ |
| တရားတော်နိဂုံး .... | .... | ၂၂၉ |


မာတိကာ ပြီး၏။

# ပုရာဘေဒသုတ် တရားတော်ကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## တရားပလ္လင်

ဒီကနေ့ ဟောဘို့ တရားကတော့ မဟာသမယ နတ်ပြဟ္မာ အစည်း အဝေးကြီးမှာ မြတ်စွာဘုရားဟောထားတဲ့ တရား (၆) ပုဒ်ထဲက စရိုက် ၆-ပါး အစဉ်အားဖြင့် နောက်ဆုံးတရား တော်ပါဘဲ၊ အမည်ကတော့ ပုရာဘေဒသုတ် တဲ့။

ပုရာဘေဒ-ဆိုရာမှာ ဘေဒ-က ပျက်စီးခြင်း၊ ပုရာ-က ရှေးဦးစွာ တဲ့၊ ဒါကြောင့် ပုရာဘေဒ-ဆိုတာ ပျက်စီးသည်မှ ရှေးဦးစွာ- မပျက်စီးခင်- မသေခင်-လို့ အဓိပ္ပါယ် ရှိပါတယ်၊ မပျက်စီးခင်-မသေခင် ပြည့်စုံရမည့် တွေ့ရမည့် တရားတွေကို ဟောထားလို့ ဒီသုတ်ကို ပုရာဘေဒသုတ်လို့ ခေါ်ပါတယ်။

တရားသားတွေ ဟောသွားတဲ့ အခါကျတော့ အဲဒီ အဓိပ္ပါယ်တွေ ပေါ်လာပါလိမ့်မယ်။ ဒီသုတ်ကိုဟောရာမှာလဲ သမ္မာပရိဗ္ဗာဇနိယ သုတ်တုန်းကလိုဘဲ မြတ်စွာဘုရားက ဖန် ဆင်းထားတဲ့ နိမ္မိတ ရုပ်ပွါးတော်ဘုရားက မြတ်စွာဘုရား၏ အလိုတော်အတိုင်း ဗုဒ္ဓိစရိုက်ရှိလို့ ပညာအဖြစ်များတဲ့ ပညာ လွန်ကဲတဲ့ ပုဂ္ဂိုလ်တွေအတွက် မြတ်စွာဘုရားကို ဒီလိုမေးမြန်း ပါတယ်။

## ရုပ်ပွါးတော်၏ အမေး

**ကထံဒဿီ ကထံသီလော၊ ဥပသန္တောတိ ဝုစ္စတိ။**
**တံ မေ ဂေါတမ ပဗြူဟိ။ ပုစ္ဆိတော ဥတ္တမံ နရံ–တဲ့။**

ဂေါတမ၊ ဂေါတမနွယ်ဘွား ဖြစ်တော်မူသော မြတ်စွာဘုရား။ ကထံဒဿီ၊ အဘယ်ကဲ့သို့ မြင်လေ့ရှိသောပုဂ္ဂိုလ်ကို။ ကထံသီလော၊ အဘယ်သို့သော အလေ့ အကျင့် ရှိသော ပုဂ္ဂိုလ်ကို။ ဥပသန္တောတိ၊ ငြိမ်းအေးသော ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုရပါသနည်း။ ဂေါတမ၊ ဂေါတမနွယ်ဘွား ဖြစ်တော်မူသော မြတ်စွာဘုရား။ ဥတ္တမံ နရံ၊ မြတ်သော ပုဂ္ဂိုလ်ကို။ ပုစ္ဆိတော၊ မေးမြန်းအပ်သော အရှင်ဘုရားသည်။ တံ၊ ထိုအမေးကို။ မေ၊ ငါအား။ ပဗြူဟိ၊ ဟောကြား ဖြေရှင်းတော်မူပါလော့။

ဒါက နိမ္မိတ ရုပ်ပွါးတော်ဘုရားက ဘုရား အစစ်ဖြစ်တဲ့ မြတ်စွာဘုရားကို မေးတာတဲ့။ ဒီသုတ်မှာ နိမ္မိတ ရုပ်ပွါးတော် ဘုရားနှင့် ဘုရားအစစ်ဆိုတဲ့ ဒီဘုရားနှစ်ဆူ အပြန်အလှန် အမေးအဖြေ ပြုလုပ်တော်မူပါတယ်။ အမေးကတော့ ဒီတဂါထာပါဘဲ၊ အဖြေကတော့ (၁၃) ဂါထာရှိပါတယ်။ အဲဒီ အဖြေဂါထာတွေကိုတော့ အချို့ဂါထာ လောက်ဘဲ အပြည့် အစုံ အကျယ်ဟောမယ်။ အချို့ကိုတော့ အကျဉ်းချုပ် လောက်ဘဲ ဟောမယ်။ အကြောင်းကတော့ အဲဒီအချို့ဂါထာ တွေ၏ အနက် အဓိပ္ပါယ်တွေကို အကုန်လုံး စေ့စေ့ ငင လျှောက်ပြောနေယင် ပြောပြီးတာတွေ ထပ်ပြောနေတယ်လို့ တချို့တရားနာ ပရိသတ်တွေက ထင်လိမ့်မယ်၊ အဲဒီဂါထာ တွေထဲမှာ ထူးတာကလဲ နဲနဲလောက်ဘဲ ရှိတယ်၊ ခပ်တူတူ

ဖြစ်နေတာတွေကဘဲ များပါတယ်။ ဒါကြောင့် တချို့လောက် ဘဲ ဘုန်းကြီးက အပြည့်အစုံ ဟောသွားမယ်။

## တရားနာရတာ ငြိမ်းအေးဘို့ဘဲ

အမေးဂါထာမှာ ဆိုလိုရင်းကတော့ ဘယ်လိုသီလအကျင့်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ် ဘယ်လိုအသိအမြင်ရှိတဲ့ ပုဂ္ဂိုလ်ကို ငြိမ်းအေးတဲ့ ပုဂ္ဂိုလ်လို့ ဆိုရပါသလဲ-တဲ့။ ဒီတရားထဲမှာ ငြိမ်းအေးတယ် ဆိုတာက အစစအရာရာ ဆင်းရဲမှု, ပင်ပန်းမှုတွေ အကုန်လုံး ဘာမှ မရှိတော့ဘဲ အပြီးတိုင် လုံးဝငြိမ်းအေးတာကို ဆိုလိုပါတယ်။ ယခုဒီမှာ တရားနာနေကြရတာ တရားအားထုတ်နေကြရတာဟာ အဲဒီလို ငြိမ်းအေးတဲ့ အဖြစ်မျိုးကို ရအောင်လို့ ပါဘဲ၊ ဗုဒ္ဓသာသနာတော်မှာ ကျင့်ကြံအားထုတ်ရတာ ဟူသမျှဟာ ဒီလို ငြိမ်းအေးဘို့ချည်းပါဘဲ။ ဗုဒ္ဓသာသနာအပြင်က ဘာသာတရားတွေမှာလဲ မြော်လင့်ချက်အားဖြင့်တော့ ဒီလို ငြိမ်းအေးဘို့ချည်းပါဘဲ၊ ဘာသာတိုင်း, ဘာသာတိုင်း ကိုယ့်တရားနဲ့ကိုယ် ကျင့်ကြံအားထုတ်နေကြတာတွေဟာ ငြိမ်းအေးချင်ကြလို့ချည်းပါဘဲ။ တကယ်ငြိမ်းတာနဲ့ မငြိမ်းတာလောက်ပဲ ကွဲပြားခြားနားပါတယ်။

ဒါကြောင့် လောကကြီးထဲမှာ ငြိမ်းအေးချမ်းသာပြီး နေရတယ်ဆိုတာကိုတော့ ပုဂ္ဂိုလ်တိုင်းက အလိုရှိနေကြပါတယ်၊ ယခုခေတ်မှာ ပြောဆိုနေကြတဲ့ ငြိမ်းချမ်းရေးတို့ ကမ္ဘာ့ငြိမ်းချမ်းရေးတို့ ဆိုတာတွေဟာလဲ ငြိမ်းချမ်းချင်ကြလို့ပါဘဲ၊ သူတို့ကတော့ ကိုယ့်တကိုယ်အတွက်တောင် မဟုတ်သေးဘူး၊ လူ့ပြည်တလောကလုံးအတွက်တောင် ရည်ရွယ်ပြီး

ပြောနေကြပါသေးတယ်။ ဒါပေမဲ့ အဲဒီငြိမ်းချမ်းရေးတွေက တော့ အချင်းချင်း ရန်မဖြစ်ဘဲလောက်ပါဘဲ၊ သိပ်မကျယ် ပြန့်လှပါဘူး။ ဒီတရားတော်ထဲက ငြိမ်းချမ်းရေးကတော့ အဲဒါမျိုးမဟုတ်ဘူး၊ တကယ့် ငြိမ်းချမ်းရေးအစစ် ဖြစ်ပါတယ်၊ ဆင်းရဲဒုက္ခတွေ ပူပန်စရာတွေ ဘယ်တော့မှ မပေါ်လာတော့ ဘဲ အကုန်လုံးငြိမ်းပြီး တခါထဲ အေးချမ်းသွားပါတယ်။ အဲဒီလို ငြိမ်းအေးသွားတဲ့သူကို ဥပသန္တပုဂ္ဂိုလ်လို့ ခေါ်ပါ တယ်။ ဥပသန္တဆိုတာ ငြိမ်းအေးသော ပုဂ္ဂိုလ်လို့ အဓိပ္ပါယ် ရှိပါတယ်။ အဲဒီလို ငြိမ်းအေးနေတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လို အသိ အမြင်နဲ့ ပြည့်စုံရပါမည်လဲ၊ ဘယ်လို အကျင့်သီလနဲ့ ပြည့်စုံ ရပါမည်လဲ-လို့ နိမ္မိတရုပ်ပွါးတော် ဘုရားက ဘုရားအစစ်ကို မေးပါတယ်၊ ဒီမေးခွန်းကို လွယ်လွယ်နဲ့ မှတ်ထားရအောင်လို့ ဘုန်းကြီးက ဆောင်ပုဒ်ကလေး လုပ်ထားပါတယ်။

> ဘယ်လိုသိမြင်၊ လေ့ကျင့်လျှင်၊ မည်တွင်သန္တ ခေါ်
> သနည်း-တဲ့။

ကထံဒဿီ၊ ဘယ်လိုသိမြင်လို့ရှိယင်၊ ဘယ်လိုသိမြင်တဲ့ ပုဂ္ဂိုလ်ကို။ ကထံသီလော၊ ဘယ်လို အလေ့အကျင့်ရှိယင်-တဲ့။ ဘယ်လို သိမြင်ပြီး ဘယ်လို အလေ့အကျင့် ရှိနေတဲ့ ပုဂ္ဂိုလ်ဟာ ဥပသန္တ ပုဂ္ဂိုလ်မည်တွင်ပါသလဲ၊ သန္တပုဂ္ဂိုလ်လို့ ခေါ်ဆိုရပါ သလဲ-တဲ့။ အမေးဂါထာ ပါဠိမှာ ဥပသန္တော-လို့ရှိတယ်၊ အဖြေဂါထာတွေကျတော့ သန္တော-လို့လဲရှိပါတယ်။ဒါကြောင့် ဥပသန္တနဲ့ သန္တဟာ အတူတူပါဘဲ၊ တိုတိုနဲ့ ပြီးလွယ်အောင် ဒီတရားဆောင်ပုဒ်ထဲမှာတော့ သန္တပုဂ္ဂိုလ်လို့ဘဲဆိုထားတယ်။ ငြိမ်းအေးနေတဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်လို အသိအမြင်နဲ့ ဘယ်

လို အလေ့အကျင့်နဲ့ ပြည့်စုံပါသလဲ-လို့ မေးပါတယ်။ ကဲ ဒီဆောင်ပုဒ်ကလေးကို ဆိုကြရမယ်။

ဘယ်လို သိမြင်၊ လေ့ကျင့်လျှင်၊ မည်တွင် သန္တ ခေါ် သနည်း။ (ဆို ၃-ခေါက်)

ဘယ်လို အသိအမြင်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ် ဘယ်လို အလေ့အကျင့်နဲ့ ပြည့်စုံနေတဲ့ပုဂ္ဂိုလ်ကို သန္တပုဂ္ဂိုလ်-ငြိမ်းအေးနေတဲ့ ပုဂ္ဂိုလ်လို့ ခေါ်ဆိုရပါသလဲ၊ ငြိမ်းအေးတဲ့ ပုဂ္ဂိုလ်ဖြစ်အောင် ဘယ်လို အကျင့်သီလနဲ့ ပြည့်စုံရပါမည်လဲ၊ ဘယ်လို အသိအမြင်နဲ့ ပြည့်စုံအောင် ကျင့်ကြံ အားထုတ် ရပ့ါမည်လဲ-လို့ မေးပါတယ်။

ဒီလို ရှပ်ပွါးတော်ဘုရားက မေးတော့ အရဟံအစရှိသော ၉-ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူတဲ့ သက်တော်ထင်ရှား မြတ်စွာဘုရားကဖြေရှင်းပြတော်မူပါတယ်။အဲဒီအဖြေ ဂါထာတွေကတော့ (၁၃) ဂါထာရှိပါတယ်။ ငြိမ်းအေးတဲ့ သန္တမည်တဲ့ ပုဂ္ဂိုလ်၏ ဂုဏ်တွေကို ထုတ်ဖော်ပြီးပြတဲ့ ဂါထာတွေပါဘဲ၊ဒီအဖြေတွေထဲမှာ တချို့စကားလုံးတွေက ခပ်တူတူ ဖြစ်နေတာလဲ ရှိပါတယ်။ ဒါပေမဲ့ အဲဒီတုန်းက နတ်ဗြဟ္မာ ပရိသတ်တွေထဲမှာ ပုဂ္ဂိုလ်တွေက အမျိုးမျိုး အစားစား ကွဲပြားနေတယ်။ တချို့က ရှေ့နားက ပြောခဲ့ပြီးသား ဂုဏ်ပုဒ်တွေနဲ့ နားမလည်သေးဘူး။ အဲဒီလို ပုဂ္ဂိုလ်တွေအတွက် နောက်နားကျတော့ တမျိုးတမည်လှည့်ပြီး ထပ်ကာထပ်ကာ ဟောထားတဲ့တရားတွေ ဖြစ်ပါတယ်။

## နားလည်စေချင်လို့ ထပ်ထပ်ပြီးပြောရတယ်

ယခု ဘုန်းကြီးတို့ တရားဟောတဲ့အခါလဲ ဒီလိုပါဘဲ။ ရှေ့နားက ပြောခဲ့တဲ့ စကားကို နားလည်ပုံ မရသေးယင် နောက်နားက ထပ်ထပ်ပြီးတော့ ပြောရပါတယ်၊ အဓိပ္ပါယ်ကတော့ အတူတူပါဘဲ။ ဘာကြောင့် ဒီလို ထပ်ကာထပ်ကာ ပြောနေရသလဲဆိုတော့ နားမလည်ဘဲ ဖြစ်နေမှာစိုးလို့-နားလည်စေချင်လို့ပါဘဲ။ အဲဒီလိုပါဘဲ။ ဒီသုတ်ကို မြတ်စွာဘုရားဟောတော်မူစဉ် အခါတုန်းက နတ်ပြဟ္မာ ပရိသတ်တွေက အလွန်ဘဲများပါတယ်။ နတ်တွေကလဲ တမျိုးတည်းမဟုတ်ဘူး။ ပြဟ္မာတွေကလဲ တမျိုးတည်းမဟုတ်ဘူး၊ အမျိုးပေါင်းများစွာ ရှိနေကြပါတယ်။ လူ့ပြည်က တနိုင်ငံထဲမှာတောင်မှ ဟိုအရပ်နဲ့ ဒီအရပ်ဟာ စကားချင်းမတူကြဘူး၊ ဟိုနိုင်ငံနဲ့ ဒီနိုင်ငံဆိုတော့ စကားပြောလို့တောင် အများအားဖြင့် မဖြစ်တော့ဘူး။ အဲဒါလိုပါဘဲ နတ်တွေမှာလဲ ဟိုနတ်ပြည်နဲ့ ဒီနတ်ပြည်ဟာ အသုံးအနှုန်း ဝေါဟာရတွေ ကွဲပြားနေကြမှာပါဘဲ၊ အများအားဖြင့် အချင်းချင်း စကားပြောလို့ ဖြစ်ဖွယ်မရှိပါဘူး။ အဲဒါကြောင့် မြတ်စွာဘုရားက တချို့တချို့ အနက်အဓိပ္ပါယ်ခပ်တူတူစကားတွေကို ထပ်ပြီးဟောထားတာဖြစ်ပါလိမ့်မယ်။ ဘုန်းကြီးကတော့ အဲဒီ အထပ်ထပ် ဟောထားတာတွေထဲက ယခု တရားနာနေကြတဲ့ ပရိသတ်တွေနဲ့ သင့်တော်လောက်တဲ့ ဂါထာများလောက်ပဲ ထုတ်ပြီး အကျယ်ဟောသွားမယ်။

## မြတ်စွာဘုရား၏အဖြေ

**ဝိတတဏှော ပုရာဘေဒါ၊ ပုဗ္ဗမန္တ မနိဿိတော။**
**ဝေမဇ္ဈေ နုပသင်္ခေယျော၊ တဿ နတ္ထိ ပုရက္ခတံ။**

မုနိ၊ နိမ္မိတရုပ်ပွါး ပေါ်တော်မူဘုရား။ မုနိ၊ နိမ္မိတရုပ်ပွါး ဖြစ်သောအရှင်ရဟန်း။ယော၊အကြင်ပုဂ္ဂိုလ်သည်။ပုရာဘေဒါ၊ ခန္ဓာအိမ်ပျက်ကြွေ သေသည်မှ ရှေးဦးစွာ။ ဝါ၊ မသေခင် ရှေးအဖို့၌။ဝိတတဏှော၊ကင်းသော တဏှာရှိသည်။ဝါ၊တဏှာ ကင်းသည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုသို့သော ပုဂ္ဂိုလ်ကို။ ဉပသန္တောတိ၊ ငြိမ်းအေးသော ပုဂ္ဂိုလ်ဟူ၍။ အဟံ၊ ငါသည်။ ဗြူမိ၊ ဟောကြားပေ၏။

## မသေခင် တရားတွေ့ဘို့ အရေးကြီးတယ်

မသေခင်ရှေးအဘို့က တဏှာကင်းရမယ်၊အဲဒီလိုပုဂ္ဂိုလ်ကို ငြိမ်းအေးတဲ့ ဉပသန္တပုဂ္ဂိုလ်ခေါ်ပါတယ်တဲ့။ဆိုလိုတာကတော့ တဏှာကင်းစင်တဲ့တရားကို မသေခင်မှာပင် ကိုယ်တိုင်တွေ့ရ မယ်၊ ကိုယ်တိုင်သိရမယ်လို့ ဒီလို ဆိုလိုပါတယ်၊ ဒီတဏှာ ကင်းစင်ဘို့ရာဟာ အလွန်အရေးကြီးပါတယ်။ ပညာလွန်ကဲတဲ့ ဗုဒ္ဓိစရိုက်ရှိတဲ့ ပုဂ္ဂိုလ်တွေက စူးစမ်းဆင်ခြင်တတ်တယ်၊ ဒီသုတ် တရားကလဲ အဲဒီဗုဒ္ဓိစရိုက်ရှိတဲ့ ပုဂ္ဂိုလ်တွေအတွက် ဟောထား တဲ့တရားဘဲ။ ဒါကြောင့် ယခု ဒီအစဆုံးဖြစ်တဲ့ စကားကလေး တလုံးကိုက ပညာရှိတွေအတွက် အင်မတန် လေးနက်တဲ့ အဓိပ္ပါယ် ရှိနေပါတယ်။ လောကမှာ ကိုးကွယ်နေကြတဲ့ ဘာသာရေး တရားတွေဆိုတာ အမျိုးမျိုး ရှိနေကြတယ်။ ဒီဘာသာတရားတွေက အများအားဖြင့် သေပြီးတဲ့ နောက်

ကာလကိုချည်း ညွှန်းထားကြတယ်၊ သေပြီးတဲ့ နောက်ကျမှ ဘုရားသခင်က ဘယ်လို ကယ်တင်မယ် ဘာဖြစ်မယ် ညာဖြစ်မယ် စသည်ဖြင့် သေပြီးတဲ့ နောက်ကာလကိုချည်း ပို့ထားကြတယ်။ အေး....သေပြီးတဲ့ နောက်ကာလမှာ ဘုရားသခင်က ကယ်တင်တာ တကယ်ဟုတ်သလား မဟုတ်ဘူးလား ဆိုတာကို ဘယ်သူမှ သက်သေသက်ကာယနဲ့ လိုက်ပြီး စစ်ဆေးလို့ ဖြစ်တာ မဟုတ်ဘူး။

အရေးကြီးတာကတော့ မသေခင်က ကိုယ်တွေ့ဖြစ်သွားဘို့ အရေးကြီးပါတယ်၊ ကျင့်သင့်တဲ့တရားကို ကျင့်ပြီး အဲဒီကျင့်တဲ့ ဘာသာတရားရဲ့ အကျိုးအာနိသင်တွေကို မသေခင် အသက်ထင်ရှားရှိနေတုန်း ဒီဘဝတွင်ဘဲ ကိုယ်တိုင်တွေ့သွားမှ သေချာတယ်၊ ပညာရှိတွေရဲ့ အမြင်နဲ့ဆိုယင် ဒီလို မသေခင်မှာဘဲ ထင်ရှားတွေ့ရမှ သဘောကျ ကျေနပ်နိုင်မယ်၊ ဒီလိုမှ သေသေချာချာ စိတ်ချရတယ်။

## သန္ဒိဋ္ဌိကတရား

ဒါကြောင့် မြတ်စွာဘုရားက မိမိတရားကို ဒီလိုလဲ ချီးမွမ်းထားပါတယ်။

> သန္ဒိဋ္ဌိကော – မျက်မှောက် ကိုယ်တိုင် တွေ့မြင်နိုင်တဲ့ တရားပါ-တဲ့။

မျက်မှောက်ဘဝမှာ ကိုယ်တိုင်တွေ့ရ သိမြင်ရတဲ့တရားပါ၊ သေပြီးတဲ့ နောက်ကာလကျမှ တွေ့ရမည့်တရားမဟုတ်ပါဘူး၊ တကယ်ကျင့်လို့ရှိယင် ဒီတရားကို ယခု မျက်မှောက်ဘဝတွင်ပင် ကိုယ်တိုင် တွေ့နိုင်ပါတယ်တဲ့။

အချို့သော လူဝတ်ကြောင် ပညာရှိတွေ ပြာဟ္မဏခေါ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ပညာရှိ ပရိဗိုဇ်တွေဟာ မြတ်စွာဘုရားကို ဒီလို မေးကြတယ်၊ "အရှင်ဘုရား၊ သန္ဒိဋ္ဌိကတရား သန္ဒိဋ္ဌိကတရားလို့ ပြောနေကြပါတယ်၊ မျက်မှောက်လက်တွေ့တရား မျက်မှောက်လက်တွေ့တရားလို့ပြောနေကြပါတယ်၊ဒီမျက်မှောက်လက်တွေ့တရားဆိုတာ အဘယ်မျှလောက်ဂုဏ်တွေနဲ့ ပြည့်စုံလို့ရှိယင် မျက်မှောက်တွေ့တယ်လို့ ဆိုနိုင်ပါသလဲ"လို့ ဒီလို မေးကြပါတယ်။

## တရားတော်၏ ဂုဏ်တော်

မြတ်စွာဘုရားက မိမိတရားကို "သန္ဒိဋ္ဌိကော၊ မျက်မှောက်ကိုယ်တိုင် တွေ့ရတဲ့တရား။ အကာလိကော၊ အချိန်အခါ မဆိုင်းရဘဲ ချက်ခြင်းအကျိုးပေးသော တရား။ ဧဟိပဿိကော၊ လာကြည့်စမ်းပါဟု ဘိတ်ခေါ်ထိုက်သောတရား။ ဩပနေယျိကော၊ မိမိသန္တာန်၌ရောက်အောင် ကျင့်ဆောင်ထိုက်သောတရား။ ပစ္စတ္တံ ဝေဒိတဗ္ဗော၊ အသီးအသီး ကိုယ်စီကိုယ်င ခံစားရသောတရား"လို့ ဒီလို ချီးကျူးထားပါတယ်၊ အဲဒီဂုဏ်တွေကို မေးတာပါဘဲ၊ အဲဒီလို မေးမြန်းကြတဲ့ ပညာရှိတွေကို မြတ်စွာဘုရားက ကျေနပ်အောင် ဖြေကြားတော်မူပါတယ်။ ဒီအမေးအဖြေတွေကတော့ ပုရာဘေဒသုတ်ထဲက မဟုတ်ပါဘူး၊ မသေခင် တဏှာကင်းရမယ်ဆိုတာနဲ့ စပ်ဆိုင်နေလို့ အနက်အဓိပ္ပါယ် သာပြီး ရှင်းသွားအောင် အခြားသုတ်တွေက ယူပြီး ပြောပါတယ်။

## မျက်မှောက် ကိုယ်တွေ့ အကျိုးဖြစ်ပုံ

သန္ဒိဋ္ဌိက မေးခွန်းကို မြတ်စွာဘုရားဖြေတော်မူပုံက ဒီလိုပါ၊ ပုဏ္ဏား သင်စဉ်းစားကြည့်၊ ရာဂရှိတဲ့သူဟာ ရာဂ-က လွှမ်းမိုးနှိပ်စက်ပြီး တိုက်တွန်းစေခိုင်းတဲ့အတွက် ကိုယ်အကျိုးမဲ့ဖြစ်အောင်လဲ လုပ်တတ်တယ်၊ သူတပါးအကျိုးမဲ့ဖြစ်အောင်လဲ လုပ်တတ်တယ်၊ ကာယကံ ဝစီကံ မနောကံ ဒုစရိုက်အမှုတွေကိုလဲ ပြုတတ်တယ်။ ရာဂကင်းသွားပြီဆိုယင်တော့ ကိုယ်အကျိုးမဲ့ကိုလဲ မပြုတော့ဘူး၊ သူတပါးအကျိုးမဲ့ကိုလဲ မပြုတော့ဘူး၊ ကာယကံ ဝစီကံ မနောကံ ဒုစရိုက်မှုတွေကိုလဲ မပြုတော့ဘူး-တဲ့။

ဒီတော့ ရာဂကင်းသွားတာရယ်၊ ရာဂကင်းသွားတဲ့အတွက် အကျိုးမဲ့တွေကို မပြုတာရယ်၊ ဒါတွေဟာ မျက်မှောက်တွင် တွေ့ရတဲ့တရား မဟုတ်လားလို့ မြတ်စွာဘုရားက အဲဒီမေးလာတဲ့သူတွေကို ပြန်ပြီး မေးပါတယ်၊ စဉ်းစားဆင်ခြင်စေပါတယ်။ ဒီတော့ မေးလာတဲ့သူတွေက သဘောပေါက် နားလည်သွားကြတယ်။ ဒါပေမဲ့ အဲဒီလို မေးလာတဲ့သူတွေဟာ ဒီလိုကြားနာရရုံနဲ့ အကုန်လုံး ရာဂ ကင်းသွားကြတာတော့ မဟုတ်ပါဘူး၊ တချို့လဲ သဘောပေါက် နားလည်ရုံလောက်ပါဘဲ။

အဲဒီမေးခွန်းမှာ ဆိုလိုတာကတော့ ရာဂကင်းအောင် ကျင့်ရမယ်၊ ယခုမျက်မှောက်တွင်ဘဲ ရာဂကင်းဘို့ လိုတယ်၊ ရာဂရှိနေယင် ကိုယ့်အကျိုးမဲ့ သူတပါးအကျိုးမဲ့ဖြစ်အောင် ပြုလုပ်တတ်တယ်၊ ဒီလိုအကျိုးမဲ့ကိုပြုတာဟာ ဒေါသကြောင့် မောဟကြောင့် ပြုတာလဲ ရှိပါတယ်။ ဒါပေမဲ့ ဒီလိုအကျိုးမဲ့ပြုတာတွေထဲမှာ ရာဂကြောင့် ပြုတာက တပုံပါနေတယ်။ ဘယ်လို

လဲဆိုယင် ရာဂရှိတဲ့သူတွေဟာ လိုချင်နှစ်သက်မှု မက်မောမှုတွေနဲ့ သူတပါး ဘယ့်နှယ်နေနေ ငါ့အကျိုးပြီးယင် ပြီးရောဆိုတဲ့ အနေနဲ့ ကိုယ်အလိုရှိတဲ့ ကိစ္စပြီးအောင် ဇွတ်တရွတ်လုပ်တတ်ကြပါတယ်၊ ဒါကြောင့် သူတပါးအသက်ကို သတ်တာတွေလဲ ရှိတယ်၊ သူတပါး ဥစ္စာကို ခိုးတာ လုယက် တိုက်ခိုက်တာတွေလဲ ရှိတယ်၊ မတော်မတရားပြုတာတွေလဲ ရှိတယ်။ အဲဒီလို ပြုတာတွေဟာ ဘာကြောင့်လဲဆိုယင် ရာဂကြောင့်ပါဘဲ။

အဲဒီလို ပြုလုပ်တဲ့အတွက် မိမိအကျိုးမဲ့လဲ ဖြစ်တယ်၊ သူတပါးအကျိုးမဲ့လဲ ဖြစ်တယ်၊ ပြီးတော့ အကုသိုလ် ကာယကံဝစီကံ မနောကံဆိုတဲ့ မကောင်းမှုဒုစရိုက်တွေလဲ ဖြစ်သွားတော့တာဘဲ၊ အဲဒါဟာ ရာဂအကြောင်းပြုပြီး ဖြစ်တာတွေဘဲ။ ထို့အတူ ဒေါသအကြောင်းပြုပြီး ဖြစ်တာတွေလဲ ရှိပါတယ်၊ မောဟအကြောင်းပြုပြီးတော့ ဖြစ်တာတွေလဲ ရှိတယ်၊ မာန အကြောင်းပြုပြီးတော့ ဖြစ်တာတွေလဲ ရှိတယ်၊ ကိုယ့်ကိုယ်ကို အထင်ကြီးတဲ့ မာနနဲ့ သူများကို အထင်သေးပြီး မသင့် မလျော်တာတွေကို ပြုတတ် ပြောတတ်တယ်၊ ဒိဋ္ဌိအကြောင်းပြုပြီး ဖြစ်တာတွေလဲ ရှိတယ်၊ ဒိဋ္ဌိဆိုတာ မှားတဲ့အယူတွေကို မှန်တယ်ထင်ပြီး စွဲလမ်းယူဆထားတဲ့ သဘောပါဘဲ၊ အဲဒီမှားတဲ့အယူကို အားကိုးပြီး မသင့်တော်တာတွေပြုလုပ်တတ်တယ်၊ အယူမတူတဲ့ သူတပါးတွေကို အကျိုးမဲ့ဖြစ်အောင်လဲ ပြုလုပ်တတ်တယ်၊ အဲဒီ ဘာသာ အယူမှားကိုထားလိုက်ပါဦးတော့၊ လောကမှာ ပြောဟောနေကြတဲ့ ဝါဒတွေထောင်မှ ကိုယ့်ဝါဒနဲ့မကိုက်ယင် အတိုက်အခံ ဆန့်ကျင်

ဘက်တွေ လုပ်တတ်ကြသေးတာဘဲ။ ဒီလိုပြုလုပ် နေကြတာ
တွေဟာ လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိဆိုတဲ့ ဒီတရားဆိုး
တွေကြောင့်ပါဘဲ။ သူတို့ကြောင့် ကိုယ့်အကျိုးရော သူများ
အကျိုးရော ပျက်စီးရာ ပျက်စီးကြောင်း မကောင်းမှုတွေကို
ပြုလုပ်နေကြတာဘဲ။

ဒါတွေကတော့ မျက်မှောက်ဘဝ တွေ့ကြုံရတဲ့ အကျိုး
တွေပါ၊ နောင်တမလွန်ကျတော့ တွေ့ကြုံရမည့် အကျိုးမဲ့
တွေက သာပြီးများပါတယ်။ အဲဒီမကောင်းမှုတွေ အတွက်
တွေ့ကြုံ ခံစားရတဲ့ ဒီအကျိုးမဲ့ဒုက္ခတွေဟာ အကြောင်းရင်း
ဖြစ်တဲ့ ဒီရာဂကလေး လုံးလုံးမရှိတော့ဘူးဆိုယင်၊ ဒီဒေါသ
ဒီမောဟ ဒီမာန ဒီဒိဋ္ဌိကလေးတွေ လုံးလုံးမရှိတော့ဘူးဆိုယင်
(အဲဒါတွေဟာ) ဖြစ်နိုင်ခွင့်မရှိတော့ဘူး၊ အဲဒီအကျိုးမဲ့ဖြစ်စေ
နိုင်တဲ့ မကောင်းမှုတွေကို မလုပ်တော့ဘူး။ ဒါကြောင့် ရာဂ
ဒေါသ အစရှိတဲ့ ဒီတရားဆိုးတွေ ကင်းအောင်ကျင့်ဘို့ နည်း
လဲရှိတယ်၊ အဲဒီနည်းအတိုင်းကျင့်ယင် အဲဒီ အကျိုးမဲ့တွေ
ကင်းတဲ့ အကျိုးကိုလဲ ကိုယ်တိုင်တွေ့ရတယ်၊ အဲဒါဟာသန္ဒိဋ္ဌိက
တရားဘဲလို့ ဆိုလိုပါတယ်။ ဒီလိုဖြေရှင်း ပြလိုက်တော့ မေး
လာတဲ့ သူတွေက သဘောပေါက် နားလည်သွားကြပါတယ်။
ဒီလို ကိုယ်တိုင် မျက်မှောက်တွေ့ရတယ်ဆိုတာကို ဗုဒ္ဓသာသနာ
အပြင်ဘက်က ဘာသာတရားတွေက ဝန်မခံနိုင်ဘူး၊ သေပြီး
တဲ့ နောက်ကျမှ ဣဿရခေါ်တဲ့ ဘုရားသခင်က ကယ်တင်
မယ်၊ ကောင်းကင်ဘုံကို ရောက်မယ်၊ ဘာဖြစ်မယ် ညာဖြစ်
မယ် စသည်ဖြင့် ဒီလိုသာ ဝန်ခံကြပါတယ်။ အဲဒါတွေက
မသေချာဘူး၊ မျက်မှောက်ဘဝမသေခင် တွေ့ရမှ သေချာပါ

တယ်။ ဒါကြောင့် မြတ်စွာဘုရားက အဲဒီမျက်မှောက် ကိုယ်တိုင်တွေ့ တရားကို ရည်ရွယ်ပြီးတော့ ဒီလို ဟောတော်မူပါတယ်။

ပုရာဘေဒါ၊ ခန္ဓာအိမ်ပျက်ကြွေ သေသည်မှ ရှေးဦးစွာ။ ဝါ၊ မသေမီကာလ မသေခင် ရှေးအဖို့က၊ ဝီတတဏှော၊ကင်းသော တဏှာရှိသည်–တဏှာကင်းသည်။ ဟောတိ၊ ဖြစ်၏။ မသေခင်ကဘဲ တဏှာကင်းရမယ်တဲ့။ အဲဒီလို တဏှာကင်းယင် အဲဒီပုဂ္ဂိုလ်ကို ဥပသန္တောတိ၊ ငြိမ်းအေးသော ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုရတယ် လို့ ဒီလိုဟောတော်မူပါတယ်။

## မသေခင် တဏှာကင်းအောင် ကျင့်နည်း

အဲဒီလို မသေခင် တဏှာကင်းအောင် ကျင့်နည်းကတော့ မဂ္ဂင်နဲ့ ပြောမယ်ဆိုယင် ရှစ်ပါးရှိတယ်၊ အကျင့်သိက္ခာနဲ့ပြောမယ်ဆိုယင်တော့ သီလ သမာဓိ ပညာဆိုတဲ့ ဒီတရားသုံးပါးပါဘဲ။ ဒါကြောင့် သီလကို ကျင့်ရမယ်၊ သမာဓိကို ကျင့်ရမယ်၊ ပညာကို ကျင့်ရမယ်။

သီလက ကာယကံ ဝစီကံမြောက် လွန်ကျူးတဲ့ ဝီတိက္ကမ ကိလေသာကို ပယ်တယ်။

သမာဓိက စိတ်သန္တာန်၌ ထကြွ ဖြစ်ပေါ်တဲ့ ပရိယုဋ္ဌာန်ခေါ်တဲ့ စိတ်ကူးကိလေသာကို ပယ်တယ်။

ပညာက အကြောင်းညီညွတ်လျှင် ဖြစ်နိုင်တဲ့ အနုသယကိလေသာကို ပယ်တယ်။

ဒါကြောင့် သီလဖြင့် ဝီတိက္ကမနယ်က အကြမ်းစားတဏှာကို ပယ်ရမယ်၊ သမာဓိဖြင့် ပရိယုဋ္ဌာန်နယ်က အလတ်စား တဏှာကို ပယ်ရမယ်၊ ပညာဖြင့် အနုသယနယ်က အနုစား တဏှာကို ပယ်ရမယ်။

တဏှာဆိုတာ အာရုံ ၆-ပါးနဲ့ ခွဲယင် ၆-မျိုး ရှိတယ်။

အဆင်းကို တပ်မက်သာယာတဲ့ တဏှာ၊ အသံကို တပ်မက် သာယာတဲ့ တဏှာ၊ အနံ့ကို တပ်မက်သာယာတဲ့ တဏှာ၊ အရသာကို တပ်မက်သာယာတဲ့ တဏှာ၊ အတွေ့ကို တပ်မက် သာယာတဲ့ တဏှာ၊ သဘောအာရုံကို တပ်မက်သာယာတဲ့တဏှာ အဲဒီလို ၆-မျိုး ရှိပါတယ်။ အကျဉ်းချုပ် ပြောရမှာဘဲ။

အကျယ်ပွါးလိုက်ယင်တော့ ဒီတဏှာက အများကြီးပါဘဲ၊ အဆင်းတမျိုးတည်းမှာဘဲ မျက်စိနဲ့မြင်ပြီး သာယာနှစ်သက်ဖွယ်တွေက အများကြီး ရှိနေပါတယ်၊ ကိုယ်တွင်းကရော ကိုယ်ပကရော အများကြီးပါဘဲ၊ ကိုယ်တွင်းသန္တာန်က မိမိရဲ့ မျက်နှာ ရုပ်ရေ လက်ခြေရဲ့ အဆင်းသဏ္ဌာန်တွေကို နှစ်သက် သာယာနေတာလဲ တဏှာဘဲ၊ ယခု လှပတင့်တယ်သလို နောင် အခါ နောင်ဘဝတွေမှာလဲ လှပတင့်တယ်ချင်တယ်၊ သာပြီး တော့လဲ လှပတင့်တယ်ချင်တယ်၊ ဒါလဲ တဏှာဘဲ။ ယခု မပြည့်စုံသေးလို့ရှိယင် နောင်အခါမှာ ပြည့်စုံချင်တယ် လှပ ချင်တယ် လူချောလူလှ နတ်ချော နတ်လှ ဖြစ်ချင်တယ်၊ ဒါလဲ တဏှာဘဲ၊ ဒါက ကိုယ်တွင်းသန္တာန်က အဆင်းနဲ့ စပ်ပြီး တဏှာဖြစ်နေပုံပါဘဲ။

ဒီတဏှာက သူများသန္တာန်က အဆင်းတွေကိုလဲ တပ်မက် သာယာတယ်၊ အိမ်သူ အိမ်သားမှစပြီး ကိုယ့်အခြွေအရံ ပရိ

သတ်ဆိုယင် လှလှပပ တင့်တင့် တယ်တယ်ကလေးတွေကိုမှ သူက လိုချင်တယ်၊ အဝတ်အစား အဆင်တန်ဆာတွေ အသုံးအဆောင်တွေကိုလဲ လှလှပပတွေကိုမှ သူက လိုချင်တယ်၊ အဲဒါဟာ မတွေ့မမြင်ရသေးခင်ကလဲ စိတ်ကူးနဲ့ လိုချင်နေတတ်တယ်၊ တကယ်တွေ့မြင်ရတဲ့ အခါလဲ အဲဒီ လှပတဲ့ဟာတွေကို လိုချင်တာဘဲ၊ ဟိုဟာမြင် လိုချင်, ဒီဟာမြင် လိုချင်နဲ့ ဒီလို လိုချင်တာတွေက အလွန်များပါတယ်၊ ရလာပြန်ယင်လဲ အဲဒီ လှပတာကလေးတွေကို တပ်မက်သာယာနေပြန်တယ်။

အဝတ်အထည်တွေမှာ ဆိုယင် အဖြူ အဝါ အပြာ အနီ စသည်ဖြင့် အသွေးအရောင် အမျိုးမျိုးရှိတယ်၊ အဲဒီ အရောင် အမျိုးမျိုးကိုလဲ သာယာနှစ်သက်တာဘဲ။ အိမ်တွေ တိုက်တွေ နေရာထိုင်ခင်းတွေ ထီး ဘိနပ်တွေ ယာဉ်ရထားတွေ စသည်ဖြင့် အသုံးအဆောင် အမျိုးမျိုးကိုလဲ သာယာနှစ်သက်တာဘဲ၊ လှတယ် ကောင်းတယ်ထင်တဲ့ ဟာတွေဆိုယင် တဏှာက သာယာနှစ်သက်တာချည်းဘဲ။ ရပြီးတာကိုလဲ သာယာတာဘဲ၊ မရသေးတာကိုလဲ လိုချင်တာဘဲ၊ ကောင်းတာတွေ ဆိုယင် အကုန်လုံး သာယာ နှစ်သက်တာချည်းဘဲ။

လှပတဲ့အဆင်းကို သာယာသလိုဘဲ သာယာတဲ့အသံ၊ ကောင်းတဲ့အသံ၊ ကောင်းတဲ့အနံ့၊ ကောင်းတဲ့အရသာ၊ ကောင်းတဲ့အတွေ့ အာရုံတွေကိုလဲ နှစ်သက်သာယာတာဘဲ၊ အဲဒါတွေကိုတော့ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာတွေလို့ ခေါ်တယ်၊ အဲဒါတွေကလဲ ကျယ်ဝန်းများပြားပါတယ်။ နောက်ပြီးတော့ စိတ်ကူးသက်သက်နဲ့ စဉ်းစားကြံစည်ပြီးတော့လဲ သာယာတောင့်တနေတယ်၊ အဲဒါကတော့

ဓမ္မတရားတွေ၊ အဲဒီဒွါရ ၆-ပါးမှာ ဖြစ်ပေါ်တတ်တဲ့ နှစ်သက်သာယာမှုဆိုတဲ့ တရားတွေ ကင်းရမှာ၊ ဒီတရားတွေဟာ သီလကို လုံလုံခြုံခြုံ စောင့်ရှောက်နေယင် ခုတင်က ပြောခဲ့တဲ့အတိုင်း ကာယကံမြောက် ဝစီကံမြောက် လွန်ကျူးခြင်း မရှိတဲ့အတွက် ဝီတိက္ကမနယ်က ကင်းသွားတယ်။

## သီလဖြင့် ဝီတိက္ကမတရား ကင်းပုံ

ဥပမာ-သီလကို မရှိသေတဲ့သူဟာ လှပတဲ့အဆင်း အစရှိတဲ့ အာရုံဝတ္ထု တခုခုကို လိုချင်ယင် အဲဒါကိုရအောင် လိမ်တန်ယင် လိမ်လိမ့်မယ်၊ ခိုးတန်ယင် ခိုးလိမ့်မယ်၊ သတ်တန်ယင် သတ်လိမ့်မယ်၊ ဒီလို လိမ်ယင် ခိုးယင် သတ်ယင် သီလပျက်သွားပြီ၊ ဝီတိက္ကမတရား ဖြစ်သွားပြီ။ သီလကို ရှိသေတဲ့သူကတော့ လိုချင်ပေမယ်လို့ လိုချင်တဲ့တရားရဲ့ အလိုကိုလိုက်ပြီး မလိမ်ဘူး မခိုးဘူး မသတ်ဘူး၊ ဒါကြောင့် သူ့မှာ လိမ်မှုခိုးမှု သတ်မှုကို လွန်ကျူးအောင် တိုက်တွန်းနိုင်တဲ့ ဝီတိက္ကမတရားကင်းနေတယ်၊ ဒါဟာ သီလအကျင့်နဲ့ ဝီတိက္ကမတရားကင်းနေပုံပါဘဲ။

ရဟန်းတော်များမှာ မပြုကောင်း မပြောကောင်းတာတွေ အများကြီး ရှိတယ်၊ အဲဒီ မပြုကောင်း မပြောကောင်းတာတွေကို ပြုချင် ပြောချင်ပေမဲ့ မပြုဘဲ မပြောဘဲ ကြဉ်ရှောင်ရတယ်၊ ဒီလို ကြဉ်ရှောင်နေယင် ဝီတိက္ကမတရားကင်းနေတာဘဲ၊ ပေးလှူချင်အောင်လို့ ရည်ရွယ်ပြီး မပြောကောင်းတာတွေ မတောင်းကောင်းတာတွေ ရှိတယ်၊ ပစ္စည်းဝတ္ထုကို လိုချင်ပေမယ်လို့ အဲဒီလို ရည်ရွယ်ပြီး မပြောရဘူး၊

တိုက်ရိုက်လဲ မတောင်းရ၊ အလှူမခံရဘူး၊ လှူချင်အောင် ရည်ရွယ်ပြီးပြောယင် တောင်းယင် အလှူခံယင် ပစ္စည်းကို ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အဲဒီ သီလသိက္ခာပုဒ်နဲ့စပ်ပြီး သီလမစင်ကြယ်ဘဲ ပျက်သွားတယ်။ မပြောဘဲ မတောင်းဘဲ အလှူမခံဘဲနေတဲ့ ရဟန်းမှာ အဲဒီ သိက္ခာပုဒ် သီလမပျက်ဘဲ စင်ကြယ်နေတယ်၊ ဒါလဲ သီလဖြင့် ဝီတိက္ကမတဏှာ ကင်းနေပုံ ပါဘဲ။

အတိုချုပ်အားဖြင့်ဆိုယင် ကိုယ်အလိုရှိတဲ့ အကျိုးကိစ္စပြီး အောင်လို့ သတ်ခြင်း ခိုးခြင်း လိမ်ခြင်း စသည်ဖြင့် ကာယကံ မြောက် ဝစီကံမြောက် ပြုလုပ်ပြောဆိုယင် ဝီတိက္ကမတဏှာ ဖြစ်တယ်။ အဲဒီလို မပြုဘဲ မပြောဘဲ စောင့်စည်းနေယင် ဝီတိက္ကမတဏှာ ကင်းတယ်။ မြတ်စွာဘုရား သာသနာတော်မှာ အောက်ထစ်ဆုံး အားဖြင့် ဝီတိက္ကမဆိုတဲ့ ဒီ အကြမ်းစား တဏှာ ကင်းငြိမ်းအောင် ကျင့်ရတယ်။

## သမာဓိဖြင့် ပရိယုဋ္ဌာန် တဏှာကင်းပုံ

သို့သော်လဲ ဒီသီလအကျင့်နဲ့ တဏှာငြိမ်းပုံကတော့ သိပ် မထင်ရှားသေးဘူး၊ သမာဓိ ဘာဝနာ အရာကျမှ သာပြီး ထင်ရှားတယ်။ သမာဓိ ဘာဝနာဆိုတာ ကသိုဏ်း အစရှိတဲ့ သမာဓိ အာရုံတခုခုကို စူးစိုက်ပြီး မပြတ်နှလုံးသွင်းနေရ တယ်၊ ဒီလိုမပြတ် နှလုံးသွင်းနေတော့ စိတ်ဟာ တခြားတပါး ဘယ်မှ မသွားရတော့ဘူး၊ တရံတခါ သွားပြန်ယင်လဲ စိတ်ကို ကမ္မဋ္ဌာန်းအာရုံထဲ ပြန်သွင်းထားရတယ်။ ဒါကြောင့် အဲဒီလို သမာဓိ ဘာဝနာပွါးနေခိုက်မှာ အဆင်းအာရုံ အသံအာရုံ

အစရှိတဲ့ ဒီလိုအာရုံတွေကို စိတ်ကူးကြံစည်ပြီး လိုချင်နှစ်သက်နေတဲ့ တဏှာဟာ မဖြစ်ပဲ ကင်းနေတယ်။ အဲဒါ သမာဓိအကျင့်နဲ့ ပရိယုဋ္ဌာန်တဏှာ ကင်းပုံပါဘဲ။

## ပညာဖြင့် အနုသယတဏှာကင်းပုံ

ဒီသမာဓိကလဲ ရှုနေတုန်း အခိုက်အတန့်လောက်သာ တဏှာကင်းတယ်၊ မရှုတဲ့အခါတော့ မကင်းဘူး၊ ဖြစ်နိုင်သေးတာဘဲ။ ဒါကြောင့် တဏှာကို အမြစ်ပြတ် လုံးလုံးကင်းစေချင်လို့ရှိယင် ပညာဘာဝနာကို ပွါးများရတယ်။ ပညာဘာဝနာဆိုတာ ဝိပဿနာပါဘဲ။ ဒါကြောင့် မြင်တိုင်း မြင်တိုင်းလဲ ရှုရတယ်၊ ကြားတိုင်း ကြားတိုင်းလဲ ရှုရတယ်၊ နံတိုင်း နံတိုင်းလဲ ရှုရတယ်၊ စားတိုင်း တွေ့ထိတိုင်းလဲ ရှုရတယ်၊ သွားတိုင်း ရပ်တိုင်း ထိုင်တိုင်း လျောင်းတိုင်းလဲ ရှုရတယ်၊ ကွေးတိုင်း ဆန့်တိုင်း လှုပ်ရှားတိုင်းလဲ ရှုရတယ်၊ စိတ်ကူး ကြံစည်တိုင်းလဲ ရှုရတယ်။ အတိုချုပ်အားဖြင့်တော့ ဒွါရ ၆-ပါးက ထင်ရှားပေါ်လာသမျှကို အကုန်လုံးလိုက်ပြီး ရှုရတာပါဘဲ။ အဲဒီလို အကုန်လိုက်ပြီး ရှုတော့ ဒီမြင်ရာ ကြားရာ တွေ့ရာ သိရာတွေမှာ သာယာနှစ်သက်ဖွယ်မထင်တဲ့အတွက် သာယာနှစ်သက်တဲ့ တဏှာဟာ မဖြစ်နိုင်တော့ဘူး။

ရှုမှတ်ခြင်းမရှိတဲ့ ပကတိပုဂ္ဂိုလ်တွေမှာတော့ ကောင်းတာတွေကို မြင်ရ ကြားရ တွေ့ရ သိရလို့ရှိယင် အဲဒါတွေကို သာယာနှစ်သက်တဲ့ တဏှာ ဖြစ်တယ်၊ မကောင်းတာတွေကို မြင်ရ ကြားရ တွေ့ရ သိရပြန်ယင်လဲ ကောင်းတာကို တောင့်တတဲ့ တဏှာ ဖြစ်တယ်။မြင်တိုင်း ကြားတိုင်း တွေ့တိုင်း

သိတိုင်းကို မပြတ်ရှုနေတဲ့ ယောဂီမှာတော့ အဲဒီပေါ်လာသမျှ တွေဟာ ကောင်းတဲ့အနေနဲ့လဲ မထင်ဘူး၊ မကောင်းတဲ့အနေ နဲ့လဲ မထင်ဘူး၊ ပေါ်ပြီး ချက်ခြင်း ပျောက်ပျောက်သွားတဲ့ အနေနဲ့သာ ထင်တယ်။ (ဒါက ဘင်္ဂဉာဏ်လောက်ထိအောင် ဉာဏ်ရင့်နေတဲ့အခါ ထင်ပုံကို ပြောတာ) အဲဒီလို ပျောက် ပျောက်သွားတဲ့ အနေနဲ့သာ ထင်တဲ့အတွက် မမြဲဘူးလို့လဲ သိမြင်တယ်၊ ဆင်းရဲဘဲလို့လဲ သိမြင်တယ်၊ သူ့သဘောအတိုင်း ဖြစ်ပျက်နေတဲ့ သဘောတရားမျှဘဲလို့လဲ သိမြင်တယ်၊ ဒီလို သိနေတဲ့အတွက် အဲဒီမြင်မှု ကြားမှု တွေ့မှု သိမှုတွေနဲ့ စပ်ပြီး တော့ သာယာနှစ်သက်တဲ့ တဏှာ မဖြစ်ဘူး၊ ရှုမိတဲ့အာရုံ တိုင်းမှာ တဏှာငြိမ်းနေတယ်။ အဲဒါဟာ အနုသယတဏှာ ကင်းငြိမ်းတာပါဘဲ။

## အနုသယနှစ်မျိုး

**အနုသယ**ဆိုတာ **အာရမ္မဏာနုသယက**တမျိုး၊ **သန္တာနာ-နုသယက**တမျိုး၊ ဒီလို နှစ်မျိုးရှိတယ်။

**အာရမ္မဏာနုသယ** ဆိုတာ ဝိပဿနာ မရှုမိတဲ့ အာရုံတွေကို ပြန်လည် ဆင်ခြင်ပြီး ဖြစ်နိုင်တဲ့ ကာမရာဂ စသည်ကို ခေါ်တယ်။ ဘင်္ဂဉာဏ်လောက် ထိအောင် ဉာဏ်ရင့်နေတဲ့ ယောဂီမှာတော့ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်းကို အကုန်လုံး ရှုမိတယ်၊ ရှုတိုင်း ရှုတိုင်း ပေါ်လာသမျှ ရုပ်နာမ် တွေဟာ ချက်ခြင်းဘဲ ပျောက်ပျောက်သွားတဲ့ အနေနဲ့သာ ထင်တယ်၊ ဒါကြောင့် ယောဂီက အဲဒါတွေကို မမြဲဘူး ဆင်းရဲမျှဘဲ အနတ္တသဘောတရားမျှဘဲလို့ သိမြင်သွားတယ်၊ ဒီလို သိမြင်တဲ့အတွက် အဲဒါတွေကို မြဲတဲ့အနေ ကောင်းတဲ့

အနေ အတ္တအနေနဲ့ ပြန်လည် ဆင်ခြင်ပြီး သာယာ နှစ်သက်တဲ့ တဏှာဟာ လုံးလုံးကို မဖြစ်နိုင်တော့ဘူး၊ အဲဒါဟာ ဝိပဿနာဖြင့် အာရမ္မဏာနုသယလို့ခေါ်တဲ့ **အနုစား** တဏှာ ကင်းသွားပုံပါဘဲ။

**သန္တာနာနုသယ**ဆိုတာကတော့ ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တွေ သန္တာန်မှာ အရိယာမဂ်နဲ့ မပယ်ရသေးတဲ့အတွက် အကြောင်း ညီညွတ်ယင် ဖြစ်နိုင်တဲ့ ကာမ ရာဂ စသည်ကို ခေါ်တယ်၊ ဒီ သန္တာနာနုသယကိုတော့ အရိယာမဂ်ကသာ ပယ်နိုင်တယ်။

ပယ်ပုံကတော့ ယောဂီပုဂ္ဂိုလ်ဟာ ခုတင်ကပြောခဲ့တဲ့အတိုင်း ခဏမစဲ တပျက်ထဲ ပျက်နေတဲ့ ရုပ်နာမ်တွေကို ရှုနေရင်း ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါမှာ အဲဒီ ဖြစ်ပျက်နေတဲ့ ရုပ်နာမ် သင်္ခါရတွေ အကုန်လုံး ဆိတ်သုဉ်းတဲ့နိဗ္ဗာန်ကို သောတာပတ္တိမဂ်နဲ့ တွေ့မြင် ဆိုက်ရောက်သွားတယ်၊ အဲဒီလို နိဗ္ဗာန် ကို တွေ့မြင်တဲ့ သောတာပတ္တိမဂ်ဖြစ်သွားယင် အဲဒီပုဂ္ဂိုလ်မှာ သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဆိုတဲ့ ဒီသန္တာနာနုသယ ၂-ပါးဟာ လုံးဝ ကင်းငြိမ်းသွားတယ်၊ ဒါကြောင့် သောတာပန်မှာ ဝိပဿနာ ရှုသည်ဖြစ်စေ, မရှုသည်ဖြစ်စေ ဘယ်အာရုံနဲ့မှုစပ်ပြီး ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဟာ မဖြစ်နိုင်တော့ဘူး၊ ကာမ ရာဂဆိုတဲ့ တဏှာကတော့ သောတာပန်မှာ မကင်းသေးဘူး၊ ဒါပေမဲ့ အပါယ်ကျစေနိုင်လောက်အောင် ပြင်းထန်တဲ့ ပုထုဇဉ်တဏှာ မျိုးကတော့ ကင်းသွားပြီ၊ ဒါကြောင့် ပစ္စည်းဥစ္စာကို တွယ်တာတဲ့ တဏှာကြောင့်ဖြစ်စေ, သားမယား စသည်ကို ချစ်တဲ့ တဏှာကြောင့်ဖြစ်စေ, မိမိကိုယ်နဲ့ **အသက်**ကို ငဲ့ကွက်တဲ့တဏှာ ကြောင့်ဖြစ်စေ သတ်ခြင်း ခိုးခြင်း လိမ်လည်ပြောခြင်း **အစ**

ရှိတဲ့ အပါယ်ကျစေနိုင်တဲ့ မကောင်းမှုမျိုးကိုတော့ သောတာ-ပန်ပုဂ္ဂိုလ်ဟာ မပြုလုပ်တော့ဘူး။

ဒီအချက်နဲ့စပ်ပြီးတော့ ပါဠိတော် သာဓကစကားတွေ အများကြီး ရှိပါတယ်၊ ဒီအထဲမှာ အထူး စိတ်ဝင်စားစရာ ကောင်းတာကတော့ သောတာပန်အစစ်ဖြစ်တဲ့ သီဟ စစ်သူကြီး၏ ကိုယ်တိုင် ဝန်ခံချက်စကားဘဲ ဖြစ်ပါတယ်၊ အဲဒါက အင်္ဂုတ္တရပါဠိ အဋ္ဌကနိပါတ်မှာ ဒီလို ရှိနေပါတယ်။

## သီဟစစ်သူကြီး၏ ဝန်ခံချက်

> န စ မယံ ဇီဝိတဟေတုပိ သဥ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေယျာမ-တဲ့။

အနက်ကတော့–မယံ၊ ငါတို့သည်။ ဇီဝိတဟေတုပိ၊ အသက်ဟူသောအကြောင်းကြောင့်သော်လည်း။ ဝါ၊ ကိုယ့်အသက် သေရမည့်မှ ကာကွယ်လိုသောကြောင့်သော်လည်း။ ပါဏံ၊ သတ္တဝါကို။ သဥ္စိစ္စ၊ သေစေလိုသောစေတနာဖြင့် အားထုတ်၍။ ဇီဝိတာ န စ ဝေါရောပေယျာမ၊ အသက်မှ မချနိုင်ပါကုန်။ ဝါ၊ မသတ်နိုင်ပါကုန်–တဲ့။

ဒါဟာ တစုံတယောက်က အတွေးနဲ့ရေးထားတဲ့ စကား မဟုတ်ပါဘူး၊ သီဟစစ်သူကြီးဆိုတဲ့ သောတာပန်ပုဂ္ဂိုလ်က သူကိုယ်တွေ့ စိတ်နေသဘောထားကို ဝန်ခံထားတဲ့စကား ဖြစ်ပါတယ်၊ ဒီအထဲမှာ ဇီဝိတဟေတုပိ-ဆိုတဲ့ပုဒ်ကို အထူး သတိပြုကြရမယ်၊ အချို့က သောတာပန်ဟာ လောဘ၊ ဒေါသ မကင်းသေးတဲ့အတွက် အသက်အန္တရာယ်ပြုမည့် ရန်သူကိုတွေ့ ယင် ကိုယ့်မှာ လက်နက်ကလဲ အသင့်ရှိနေမယ်ဆိုယင် အသေ

တော့ မခံနိုင်ပေဘူး၊ သတ်မိဦးမှာဘဲလို့ ဒီလို အတ္တနော်မတိနဲ့ ကြံဆတတ်တယ်၊ ယခု သီဟစစ်သူကြီး အဆိုကတော့ ကိုယ့်အသက် အတွက်တောင် သူတပါးကို မသတ်နိုင်ပါဘူးတဲ့၊ အဲဒါဟာ ဘုရားဟော တရားတော် အားလုံးနဲ့ ညီပါပေတယ်၊ ဒါကြောင့် သောတာပန်မှာ ကာမတဏှာ လုံးဝမကင်းသေးပေမဲ့ သတ်ခြင်း ခိုးခြင်း အစရှိတဲ့ အပါယ်ကျလောက်တဲ့ ဝိတိက္ကမတဏှာကတော့ ကင်းနေပြီလို့ မှတ်ရမယ်။

သောတာပတ္တိမဂ်ဖြင့် တဏှာရာဂကို တစွန်းတစမှ မပယ်ရသေးတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်တွေမှာတော့ အားကြီးပြင်းထန်တဲ့ တဏှာရာဂက တိုက်တွန်းတဲ့အတွက် အပါယ်ကျစေနိုင်တဲ့ မကောင်းမှုတွေကိုလဲ ပြုတာဘဲ၊သူတပါးအသက်ကို သတ်ခြင်း သူတပါး ဥစ္စာကို ခိုးခြင်း အစရှိတဲ့ အပါယ်လားကြောင်း မကောင်းမှုတွေကိုလဲ ပြုတယ်၊ အဲဒါဟာ တဏှာရာဂက အား မလျော့သေးဘဲ အားကောင်းနေလို့ပါဘဲ၊ ဒါပေမဲ့ ပုထုဇဉ်တွေထဲမှာလဲ တချို့ကတော့ အဲဒီလို မကောင်းမှုတွေကို မပြုရဲတာတွေလဲ ရှိပါသေးတယ်၊ အဲဒါကတော့ သူတော်ကောင်းတရားတွေကို ကြားနာရပြီး ယောနိသော မနသိကာရနဲ့ သူတော်ကောင်းစိတ်ဝင်နေတဲ့ အတွက်ကြောင့်ပါဘဲ၊ အဲဒါက စိတ်မချရသေးပါဘူး။သူယုတ်မာနဲ့ ပေါင်းမိပြီး လူမိုက်စကားကို ကြားနာရဖန်များလာယင် ယခုဘဝမှာဘဲဖြစ်ဖြစ်, နောင်ဘဝတွေမှာဘဲဖြစ်ဖြစ် ဖောက်ပြန်နိုင်ပါသေးတယ်။

သောတာပန်ကတော့ ဒီလိုမဟုတ်ဘူး၊ အရင်းအမြစ် တဏှာရာဂက တကယ်ကို အားနည်းသွားပြီ၊ ဒါကြောင့် ဒီဘဝမှာသာ မဟုတ်ဘူး၊ နောက်ဘဝတွေမှာလဲ အပါယ်ကျ

စေနိုင်တဲ့ အဲဒီလို မကောင်းမှုတွေကို မပြုနိုင်တော့ဘူး၊ အဲဒါ ဟာ အပါယ်ကျစေနိုင်တဲ့ တဏှာကင်းတဲ့သဘော ပါဘဲ။

သောတာပန်က ဝိပဿနာရှုပြီး သကဒါဂါမိမဂ်ကို ရောက် တဲ့အခါ ရုန့်ရင်းကြမ်းတမ်းတဲ့ ကာမရာဂ တဏှာနဲ့ ဗျာပါဒ ဒေါသဆိုတာ ထပ်ပြီး ကင်းသွားပြန်တယ်။

အနာဂါမိမဂ် ရောက်တဲ့အခါကျတော့ ကာမရာဂနဲ့ ဗျာပါ ဒဟာ အကုန်လုံး ကင်းငြိမ်းသွားတယ်၊ ဒါကြောင့် အနာဂါမ် ပုဂ္ဂိုလ်ဆိုယင် ကာမတဏှာ ကင်းနေတဲ့အတွက် ကာမဂုဏ် ကိစ္စနဲ့စပ်ပြီး ငြိမ်းအေးနေပါပြီ၊ ဒါပေမဲ့ ဘဝနဲ့စပ်ပြီး သာ ယာနေသေးတဲ့အတွက် လုံးဝ ငြိမ်းအေးပြီလို့တော့ မဆိုရ သေးဘူး၊ အဲဒီ ဘဝတဏှာက အရဟတ္တမဂ် ရောက်တဲ့အခါ ကျမှ ကင်းသွားတယ်၊ အဲဒီ အခါမှာတော့ တပ်မက်သာယာ တတ်တဲ့ တဏှာဟူသမျှ အကုန်လုံး ကင်းငြိမ်းသွားတယ်၊ တဏှာကင်းယင် ဒေါသ မောဟ မာန အစရှိသော ကိလေသာ တွေလဲ အကုန်လုံးကင်းတယ်၊ ကိလေသာ အပူတွေ ကိလေ သာ ဆင်းရဲတွေ အကုန်လုံး ကင်းငြိမ်းသွားတာပါဘဲ၊ အဲဒါ ဟာ သေပြီးတဲ့ နောက်ဘဝကျမှ တွေ့ရမှာ မဟုတ်ဘူး၊ မသေခင် ယခုဘဝမှာဘဲ တွေ့ရမှာ၊ ဒါကြောင့် ဒီလို တဏှာ ကင်းတဲ့ ပုဂ္ဂိုလ်ကို ဥပသန္တ-ငြိမ်းအေးတဲ့ ပုဂ္ဂိုလ်လို့ ဟော ထားတာ။

ဒီလို တဏှာကင်းလို့ ဥပသန္တမည်တဲ့ ရဟန္တာ ပုဂ္ဂိုလ်ဟာ ပရိနိဗ္ဗာန်စုတိဖြင့် သေသွားတဲ့ အခါကျတော့ ရုပ်နာမ် ခန္ဓာ အသစ်တွေ ဘာမှ မဖြစ်ပေါ်လာတော့ဘူး၊ အဲဒီတော့မှ အကြွင်းမဲ့ အလုံးစုံ အမြဲတမ်း ငြိမ်းအေးသွားတယ်၊ အဲဒါကို

အနုပါဒိသေသ နိဗ္ဗာန်ဝင်စံသွားတယ်လို့ ဆိုရတယ်၊ ယခု ပြောနေတဲ့ မသေပျက်ခင် တဏှာစင်တဲ့ ဥပသန္တ ပုဂ္ဂိုလ်က တော့ သဉပါဒိသေသ နိဗ္ဗာန်ဖြင့် ငြိမ်းအေးနေပါတယ်။

## ဘယ်လို ငြိမ်းအေးသလဲ

ဘယ်လိုလဲဆိုယင် တဏှာကင်းတဲ့ ရဟန္တာမှာလဲ ရုပ်နာမ် ခန္ဓာတွေက ဖြစ်မြဲ ဖြစ်ပြီး ရှိမြဲ ရှိနေသေးတာဘဲ၊ ဒါကြောင့် မကောင်းတဲ့ အာရုံတွေလဲ မြင်ရ ကြားရ နံရ တွေ့ရ သိရ သေးတာဘဲ၊ အထူးအားဖြင့် ကိုယ်မှာ အပူအအေးနဲ့ တွေ့တဲ့ အခါ အပူဒဏ် အအေးဒဏ်တွေကို ခံရတာဘဲ၊ ခုတ်ချောက် ချွားတဲ့အခါ ညောင်းညာ နာကျင် ကိုက်ခဲတာတွေလဲ ခံရ တာဘဲ၊ ဖျားနာပြီး နေမကောင်း ထိုင်မသာ ဖြစ်သေးတာဘဲ၊ ဒါပေမဲ့ ထူးခြားတာကတော့ အဲဒီလို မခံသာတာ မကောင်း တာတွေကို တွေ့ရပေမဲ့ ရဟန္တာမှာ စိတ်ဆင်းရဲကတော့ မရှိဘူး၊ စိတ်ကတော့ ကြည်လင်ချမ်းသာနေပါတယ်။ ဒါ ကြောင့် အင်မတန် သက်သာနေပါတယ်၊အင်မတန် ငြိမ်းအေး နေပါတယ်။

တဏှာမကင်းသေးတဲ့ ပုထုဇဉ် သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တွေမှာတော့ မကောင်းတာတွေနဲ့ တွေ့ရတဲ့အခါမှာ မကောင်းတဲ့ အာရုံတွေကို ခံစားရလို့ ဆင်းရဲတာကတမျိုး၊ အဲဒါလို စဉ်းစားပြီး သည်းမခံနိုင်လို့ စိတ်မချမ်းသာတာ စိတ်ဆင်းရဲတာကတမျိုး၊ ဒီလို ဆင်းရဲနှစ်မျိုး နှစ်မျိုးဖြစ်နေ တယ်။ ဥပမာအားဖြင့် ဆူးနှစ်ချောင်းဒဏ်ကို ခံနေရတာနဲ့ တူတယ်။ အခန့်မသင့်လို့ ခြေထောက်မှာဖြစ်ဖြစ်၊ လက်မှာ

ဖြစ်ဖြစ် ဆူးငြောင့် စူးတယ်ဆိုပါတော့၊ အဲဒီ ဆူးငြောင့်ကို အခြားဆူးနဲ့ ထိုးပြီး ထွင်ထုတ်တဲ့အခါမှာ အဲဒီ ထွင်တဲ့ဆူးက လဲ အသားထဲမှာ ကျိုးပြီးကျန်နေတယ်ဆိုယင်၊ ပဌမ ဆူး ငြောင့်က တနာ၊ ထွင်တဲ့ဆူးက တနာ၊ ဒီလို နှစ်နာ ဖြစ်နေ တယ်။ အဲဒါလိုဘဲ သာမန် ပုဂ္ဂိုလ်တွေမှာ အာရုံဆိုးနဲ့ တွေ့ရ လို့ ခံစားရတဲ့ ဆင်းရဲက တမျိုး၊ နောက်ကလိုက်ပြီး စိတ် မချမ်းသာတဲ့ ဆင်းရဲက တမျိုး ဒီလို ဆင်းရဲနှစ်မျိုးကို ခံစား နေကြရတယ်။

ယခုပြောနေတဲ့ မသေပျက်ခင် တဏှာစင်နေတဲ့ ရဟန္တာ ပုဂ္ဂိုလ်မှာတော့ အာရုံဆိုးတွေကို မတွေ့ရတဲ့ အခါကဘဲ မျှား နေပါတယ်၊ အာရုံဆိုးတွေကို တွေ့ရတဲ့အခါမှာလဲ စိတ်မချမ်း သာမှု ဆိုတာကတော့ နောက်က လိုက်မလာတော့ဘူး၊ စိတ် ကတော့ အမြဲတမ်း ကြည်ကြည်လင်လင် ချမ်းချမ်းသာသာ ချည်း ဖြစ်နေပါတယ်၊အမြဲတမ်း ကောင်းနေပါတယ်၊ဒီလိုစိတ် ဆင်းရဲ ကင်းရုံမျှတွင် မဟုတ်သေးဘူး၊ ဒေါသ မောဟ မာန အစရှိသော ကိလေသာ အညစ်အကြေးတွေလဲ အကုန်လုံးဘဲ ကင်းနေတယ်၊ ဒါကြောင့် ဘယ်လိုကောင်းတဲ့ အာရုံတွေနဲ့ တွေ့ရပေမယ်လို့လဲ နှစ်သက် သာယာပြီး တုန်လှုပ်ခြင်း မရှိ ဘူး၊ အခါခပ်သိမ်း ငြိမ်းအေးကြည်လင်နေတယ်။ ဒါကြောင့် ပရိနိဗ္ဗာန်ဝင်စံတဲ့အခါမှာ နောက်ထပ် ရုပ်နာမ်ခန္ဓာအသစ်တွေ ဘာမှ မဖြစ်တော့ဘူး၊ တခါထဲ အမြဲတမ်း ငြိမ်းအေးသွား တယ်။ ဒါကြောင့် ဒီလိုပုဂ္ဂိုလ်ကို ဥပသန္တပုဂ္ဂိုလ်လို့ ဆိုပါတယ်။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ပုရာဘေဒါ၊ ခန္ဓာပျက်ကြွေ သေသည်မှ ရှေးအဘို့ကာလ၌။ ဝါ၊ မသေမီ။ ဝီတတဏှော၊

ကင်းသောတဏှာရှိသည်။ ဝါ၊ တဏှာကင်းသည်။ ဟောတိ၊ ဖြစ်၏။

ပုဗ္ဗံ အန္တံ၊ ရှေးအဖို့ ရှေးအစွန်းကို။ အနိဿိတော စ၊ မမှီသည်လည်း။ ဟောတိ၊ ဖြစ်၏။ ရှေးအဖို့ ရှေးအစွန်းကိုလဲ မမှီရဘူးတဲ့။

ဝေမဇ္ဈေ၊ အလယ်ပိုင်း၌။ န ဥပသင်္ခေယျော စ၊ မရေတွက်အပ် မခေါ်ဝေါ်အပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ပုရက္ခတံ၊ ရှေးရှုပြု၍ တောင့်တခြင်းသည်။ နတ္ထိ၊ မရှိ။ တံ၊ ထိုသို့သောပုဂ္ဂိုလ်ကို။ ဥပသန္တောတိ၊ ငြိမ်းအေးသောပုဂ္ဂိုလ်ဟူ၍။ အဟံ၊ ငါသည်။ ဗြူမိ၊ ဟောကြားပေ၏။

ဒီလိုပုဂ္ဂိုလ်ကို မြတ်စွာဘုရားက ငြိမ်းအေးတဲ့ပုဂ္ဂိုလ်လို့ ဟောတော်မူပါတယ်။ ဆောင်ပုဒ်ကလေး ဆိုကြဦးစို့။

> မသေပျက်ခင်၊ တဏှာစင်၍၊ ရှေးတွင်မမှီ၊ နောက်ဆီမမြော်၊ မခေါ်ဝေါ်ရ၊ လယ်၌ာန၊ သန္တပုဂ္ဂိုလ်မည်။
>
> (ဆို)

ပုရာဘေဒါ၊ မသေပျက်ခင်။ ဝီတတဏှော၊ တဏှာကင်းစင်ရမယ်-တဲ့။ ဒီ ပုရာဘေဒါ-ဆိုတဲ့အပိုဒ်ကိုစွဲမှီပြီး ဒီသုတ်ကို ပုရာဘေဒသုတ်လို့ ခေါ်ပါတယ်။ ဒီ ပဌမစာပိုဒ်အရက မသေပျက်ခင် တဏှာကင်းစင်ရမယ်၊ ဆင်းရဲက လွတ်မြောက်ဖို့ အကျင့်ကို ကျင့်တဲ့သူဟာ တဏှာကင်းငြိမ်းတဲ့ အကျိုးကို မသေခင်မှာဘဲ ကိုယ်တိုင်မျက်မှောက်တွေ့ရမယ်။ ဒီလိုတဏှာကင်းယင် ဥပသန္တပုဂ္ဂိုလ်မည်တယ်လို့ ဆိုလိုပါတယ်။

ဒီတော့ တဏှာကင်းတယ်ဆိုယင် ရှေးအဖို့ နောက်အဖို့ အလယ်ပိုင်းတွေမှာလဲ စွဲမှီခြင်း ကင်းနေပြီ မဟုတ်ပါလား၊ ဒီလိုဆိုယင် "ပုဗ္ဗမန္တ မနိဿိတော"စသည်ကို ဘာကြောင့် ထပ်ပြီး ဟောရပါသလဲလို့ မေးစရာရှိပါတယ်။ အကျဉ်းချုပ်မျှ ဖြစ်တဲ့ ရှေးစကားနဲ့ နားမလည်သေးတဲ့ နတ်ပြဟ္မာတွေအတွက် အသေးစိတ် အကျယ်ဖွင့်ပြီး ဟောတယ်လို့ မှတ်သင့်ပါတယ်။ ဒီအကြောင်းကို တရားအစပိုင်းကတည်းကလဲ ပြောခဲ့ပါပြီ။ နောက်လဲ ထပ်ကာ ထပ်ကာ ဟောတာတွေဟာ ဒီနည်းချည်းပါဘဲ။

## တဏှာကင်းအောင် ကျင့်ပုံ

မသေပျက်ခင် တဏှာကင်းစင်အောင် ဘယ်လိုကျင့်ရသလဲ ဆိုတာကို ပုဗ္ဗမန္တမနိဿိတော စသည်ဖြင့် ဒီလို ဖွင့်ပြပါတယ်။ ရှေးအဖို့ကိုလဲ မမှီမတွယ်မိအောင် ကျင့်ရမယ်၊ နောက်အဖို့ ကိုလဲ မမြော်မိ မတောင့်တမိအောင် ကျင့်ရမယ်၊ အလယ်ပိုင်း ပစ္စုပ္ပန်မှာလဲ အရေအတွက် စာရင်း မဝင်အောင် ကျင့်ရမယ်-လို့ ဆိုလိုပါတယ်။ ဒါလဲ နားလည်ဘို့ရာ မလွယ်လှသေးပါဘူး။

ဒါပေမဲ့ ဒီသုတ်က ပညာလွန်ကဲတဲ့ ပုဂ္ဂိုလ်တွေအတွက် ဟောတယ်ဆိုတာကို အစနားကတည်းက ပြောခဲ့ပြီ။ သာမန် ပုဂ္ဂိုလ်တွေက နားမလည်နိုင်ပေမဲ့ ပညာလွန်ကဲတဲ့ပုဂ္ဂိုလ်တွေ ကတော့ နားလည်နိုင်ပါတယ်။ ပညာရှိတွေအတွက်ဆိုတော့ တွေးစရာကလေးတွေလဲ ပါဘို့ လိုပါတယ်။ ဒါကြောင့် ဒီသုတ်မှာ စကတဲကိုက မသေပျက်ခင် တဏှာကင်းစင်ရမယ် ဆိုတာက စပြီး ဟောထားပါတယ်။

## မသေခင် ယခုဘဝမှာ ကောင်းကျိုးပေါ်

အဲဒါဟာ ပညာရှိတွေအတွက် စိတ်ဝင်စားစရာ အင်မတန် ကောင်းပါတယ်။ ဘာသာတရားကို ကျင့်ရတာဟာ မသေခင် အကျိုးပေါ်မှ စိတ်ချရတယ်၊ သေပြီးမှဆိုရင် စိတ်မချရဘူး။

ဥပမာ–အနာရောဂါရှိလို့ ဆေးကုတယ်ဆိုယင် ယခုဘဝ တွင် ပျောက်မှ ဆေးကုရကျိုး နပ်မယ်၊ နောက်ဘဝကျမှ ပျောက်မယ်ဆိုယင် ဘယ်သူမှ ကုချင်မှာ မဟုတ်ဘူး။ ဒီဘဝ တွင်တောင် လပိုင်း ရက်ပိုင်းအတွင်း မြန်မြန်ပျောက်မှ ကောင်းတယ်၊ နာရီပိုင်း မိနစ်ပိုင်းအတွင်း တခဏအတွင်း ပျောက်ယင် သာပြီး ကောင်းတာဘဲ။ အဲဒါလိုပါဘဲ ယခုဘဝ တွင် မသေခင် တဏှာ ကင်းစင်ပြီး ငြိမ်းအေးတဲ့ အကျိုးကို ရမယ်ဆိုတာဟာ အင်မတန် ကျေနပ်စရာ ကောင်းပါတယ်။ အဲဒါကို ကျေနပ်သဘောကျပြီး တကယ် ကျင့်ယင် မသေခင် ယခုဘဝမှာဘဲ တဏှာကင်းတဲ့ ရဟန္တာပုဂ္ဂိုလ် ဖြစ်သွားမယ်။ အဲဒီလို ဖြစ်သွားယင် ဥပသန္တပုဂ္ဂိုလ်လို့ ခေါ်ရပါတယ်။ ဒါကြောင့် ၉-ခုမြောက် အဖြေဂါထာမှာ တံ ဗြူမိ ဥပ- သန္တောတိ-လို့ ဆိုထားတယ်။

တံ၊ ထိုသို့ တဏှာကင်းသော ပုဂ္ဂိုလ်ကို။ ဥပသန္တောတိ၊ ငြိမ်းအေးသောပုဂ္ဂိုလ်ဟူ၍။ အဟံ၊ ငါသည်။ ဗြူမိ၊ ဟော ကြားပေ၏-တဲ့။ ပြီးတော့ နောက်ဆုံး ဂါထာမှာလဲ သဝေ- သန္တောတိ ဝုစ္စတိ-လို့ ဟောထားသေးတယ်။

သ-သော၊ ထိုသို့ တဏှာကင်းသော ပုဂ္ဂိုလ်ကို။ ဝေ၊ စင်စစ်။ သန္တောတိ၊ ငြိမ်းအေးသောပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊

ခေါ်ဆိုအပ်၏-တဲ့။ ရှေးဂါထာတွေက ဆိုခဲ့သမျှ ဂုဏ်ပုဒ်တွေကို ဒီစာပိုဒ် ၂-ခုထဲက တခုခုနဲ့ ဆက်စပ်ပြီး အဆုံးသတ်ရတယ်။

ဒါကြောင့် မသေပျက်ခင် တဏှာ ကင်းစင်တဲ့ပုဂ္ဂိုလ်ကို ဥပသန္တပုဂ္ဂိုလ် သန္တပုဂ္ဂိုလ် ခေါ်ရတယ်လို့ ပြောခဲ့ပါတယ်၊ မသေပျက်ခင် တဏှာစင်အောင် ကျင့်ပုံကိုလဲ သီလနဲ့ရော သမာဓိနဲ့ရော ပညာနဲ့ရော ပြောခဲ့တာ တော်တော် စုံသွားပါပြီ၊ ဒါပေမဲ့ ဝိပဿနာရှုခိုက်မှာ တဏှာစင်ပြီး ငြိမ်းအေးပုံကို နဲနဲ ထပ်ပြီး ပြောလိုက်ဦးမယ်။

## ရှုခိုက်၌ တဏှာကင်းပုံ

ဝိပဿနာဆိုတာ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ဒွါရ ၆-ပါးက ပေါ်လာသမျှတွေကို မပြတ် ရှုနေရတယ်၊ အဲဒီလို ရှုမှတ်နေတာဟာ တဏှာစင်အောင် လုပ်နေတာဘဲ၊ ရှုမိတဲ့ အာရုံတိုင်းမှာ တဒင်္ဂအားဖြင့် ကိလေသာငြိမ်းတယ်၊ တဏှာ ကင်းစင်တယ်၊ နဲနဲရှုနိုင်ယင် ကိလေသာငြိမ်းတာ တဏှာ ကင်းစင်တာကို နဲနဲတော့ သိရပါတယ်၊ များများ ရှုနိုင်ယင် များများ သိသာလာတယ်၊ ကြာကြာ ရှုဖန်များလာပြီဆို တော့ ကိလေသာတွေဟာ တော်တော်ကို နဲသွားတယ်၊ ကြမ်းကြမ်းတမ်းတမ်းတွေ သိပ်မဖြစ်တော့ဘူး၊ ကြမ်းတမ်းတဲ့ ကိလေသာတွေ အယင်ကလို ပြန်ပြီး မဖြစ်နိုင်တော့ဘူးလေ လားလို့ ထင်ရလောက်အောင်တောင် ငြိမ်းနေတဲ့ အခါလဲ ရှိတယ်၊ ဒီလို ငြိမ်းနေတယ်ဆိုတာဟာ အားထုတ်နေဆဲမှာ ငြိမ်းနေတာကို ပြောတာပါ၊ အရိယာမဂ်ရောက်ပြီး ငြိမ်းတာ ကို ပြောတာမဟုတ်ပါဘူး၊ တချို့ပုဂ္ဂိုလ်တွေမှာ ဒီလိုငြိမ်းနေတဲ့

အတွက် ကိလေသာ ကင်းနေပြီလို့တောင် အထင်ရောက်တတ်သေးတယ်၊ ဒါပေမဲ့ အရိယာမဂ် မရောက်သေးယင် တကယ်ငြိမ်းတာတော့ မဟုတ်သေးပါဘူး၊ ဝိပဿနာအလုပ်ကို လွှတ်ပြီး ရပ်နားနေယင် ရက်ပေါင်း အတော်ကြာလာတော့ ကြမ်းတမ်းတဲ့ ကိလေသာတွေဟာ တဖြည်းဖြည်းနဲ့ ဖြစ်ပေါ်လာတတ်ပါတယ်၊ အဲဒီလို ရှုမှတ်နေဆဲမှာ တဏှာငြိမ်းနေတာကို တွေ့ရပါတယ်၊ အဲဒီလို ငြိမ်းအေးရတာဟာ မသေခင်ရတဲ့ အကျိုးပါဘဲ။

သမာဓိဉာဏ် အားကောင်းနေတဲ့ ပုဂ္ဂိုလ်များမှာ ပိုပြီး သိသာပါတယ်၊ သာယာနှစ်သက်မှုကလေး ဖြစ်ပေါ်လာယင် အဲဒါကို တကြိမ်နှစ်ကြိမ်လောက် ရှုမှတ်ရုံနဲ့ ပျောက်သွားတယ်၊ နောက်ထပ် မဖြစ်လာတော့ဘူး၊ ဒီလို တဏှာငြိမ်းတာကိုလဲ တွေ့ရတယ်၊ သမာဓိဉာဏ် အလွန်အားကောင်းနေတဲ့ အခါမှာဆိုယင် သာယာနှစ်သက်မှုတောင် မဖြစ်ပဲနဲ့ ငြိမ်းနေတယ်၊ သာယာနှစ်သက်ဖွယ် အာရုံကို တွေ့ရပေမဲ့ အဲဒါကို ရှုမှတ်နေတာနဲ့ သာယာနှစ်သက်ဖွယ် မထင်ဘဲ တရိပ်ရိပ်နဲ့ ပျောက်နေတဲ့သဘောမျှသာ ထင်တယ်၊ ဒါကြောင့် သာယာနှစ်သက်မှု လုံးဝ မဖြစ်တော့ဘဲ ငြိမ်းနေတယ်၊ အဲဒါဟာ ဝိပဿနာ ရှုခိုက်မှာ တဏှာ ကင်းစင်နေပုံပါဘဲ၊ မသေပျက်ခင် တွေ့ရတဲ့ အကျိုးပါဘဲ။

အဲဒီလို မပြတ်ရှုမှတ်နေလို့ ဝိပဿနာဉာဏ် ရင့်သန်ပြည့်စုံတဲ့ အခါမှာ ခုတင်က ပြောခဲ့တဲ့ အရိယာမဂ်ကို ရောက်သွားတယ်၊ ဒီလို ရောက်သွားတော့ အပါယ်ကျစေနိုင်တဲ့ တဏှာတွေ လုံးဝ မဖြစ်နိုင်တော့ဘဲ ကင်းငြိမ်းသွားတာကို ကိုယ်တိုင်

တွေ့ရတယ်၊ ဒါလဲမသေခင် တဏှာကင်းတာကို တွေ့ရတာပါဘဲ။

သဘာဝသန္တတိ သက်မှု ဟူသမျှ အကုန်လုံး ကင်းစင်တာကိုတော့ အရဟတ္တမဂ်ရောက်လို့ ရဟန္တာဖြစ်တဲ့အခါကျမှ တွေ့ရမယ်၊ အဲဒါကတော့ မသေခင် တဏှာစင်တာ အစစ်ဘဲ။

## ချက်ခြင်းလက်ငင်း ကိုယ်တိုင်တွေ့

ဒါကြောင့် ရဟန္တာမှာ တဏှာတွေ လုံးလုံးမဖြစ်တော့ဘူး၊ အကုန်သုံး ငြိမ်းနေတာကို တွေ့ရတယ်၊ ဒီလို တွေ့ရတာဟာ **သန္ဒိဋ္ဌိက**တရား ယခု မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင် တွေ့ရတဲ့ တရား တဲ့။ **အကာလိကော** အချိန်အခါ မဆိုင်းလင့်ဘဲ လက်ငင်းတွေ့ရတဲ့ တရား တဲ့။ ပြီးတော့ ဒီလိုမျက်မှောက် လက်ငင်း ကောင်းကျိုးတွေကို တွေ့ရတဲ့အတွက် **ဧဟိပဿိကော** လာကြည့်လှည့်စမ်းပါ ကျင့်ကြည့်လှည့်စမ်းပါ-လို့ တိုက်တွန်းထိုက် ဘိတ်ခေါ်ထိုက်တဲ့ တရားတဲ့။ ဟုတ်တယ်၊ ဒီတရား ကျင့်ကြည့်စမ်းပါပြောလို့ အခြားသူတွေက ကျင့်ကြည့်တဲ့အခါ အကျိုးကျေးဇူးက တော်တော်နဲ့ မပေါ်လာယင် တယ်နေရာမကျဘူး၊ အကျိုးကျေးဇူးက မကြာခင် ချက်ခြင်း လက်ငင်း ပေါ်လာမှ နေရာကျတယ်၊ တိုက်တွန်းတဲ့သူကို ကျေးဇူးတင်တယ်။ ဥပမာ-ရောဂါဖြစ်နေတဲ့လူကို အခြားလူတယောက်က ဟောဒီဆေးကို မှီဝဲကြည့်စမ်းပါလို့ ဆိုတဲ့အတွက် အဲဒီရောဂါသည်က မှီဝဲကြည့်တဲ့အခါ ရောဂါက ရက်တရက် မသက်သာဘူး မပျောက်နိုင်ဘူးဆိုယင် ဆေးကိုရော ဆေးပေးတဲ့လူကိုရော မယုံမကြည် ဖြစ်တတ်တယ်၊အဲဒီဆေးကို

မှီဝဲလို့ နေ့ချင်း ညချင်း သက်သာမှုရပြီး ရောဂါပျောက်ငြိမ်း သွားတယ် ဆိုယင်တော့ ဆေးကိုလဲ ယုံကြည်တယ်၊ ဆေးပေး တဲ့သူ တိုက်တွန်းတဲ့ သူကိုလဲ ကျေးဇူးတင်တယ်။ ဒီလို ဆေးဟာ မှီဝဲကြည့်စမ်းပါလို့ တိုက်တွန်းထိုက်တယ်။ ဒါလိုဘဲ မြတ်စွာဘုရား တရားတော်ကလဲ ဧဟိပဿိကော-လာကြည့် စမ်းပါ၊ ကျင့်ကြည့်စမ်းပါ-လို့ ဘိတ်ခေါ်ထိုက် တိုက်တွန်း ထိုက်တဲ့တရားဖြစ်ပါတယ်။ ဘိတ်ခေါ် တိုက်တွန်းတဲ့အတိုင်း တကယ်ကျင့်လို့ရှိယင် မသေခင် မျက်မှောက်ဘဝမှာဘဲ ကိလေ သာတဏှာကင်းတဲ့အကျိုးကို လက်ငင်းတွေ့နိုင်ပါတယ်၊ ဒီလို တွေ့ပြီး တိုက်တွန်းတဲ့သူကိုလဲ အမျှားကြီး ကျေးဇူးတင်တတ် ပါတယ်။

## ကိုယ်ထဲ စိတ်ထဲရောက်အောင် ကျင့်ဆောင်ထား

ပြီးတော့ ဩပနေယျိကော-ကိုယ်ထဲ စိတ်ထဲရောက်အောင် ကျင့်ဆောင်ထိုက်တဲ့ တရားပါတဲ့။ ရောဂါပျောက်စေတတ်တဲ့ ဆေးတွေ၊ ခွန်အားဗလ တိုးစေတတ်တဲ့ ဆေးတွေ အစာ အာဟာရတွေကို ကိုယ်ထဲရောက်အောင် စားရတယ် ထိုးရ တယ် လိမ်းရတယ်၊ အဲဒီလို စားလို့ ထိုးလို့ လိမ်းလို့ ကိုယ်ထဲ ရောက်ပြီး အဲဒီဆေးတွေ အာဟာရဓာတ်တွေ ပျံ့နှံ့သွားယင် အဲဒီပုဂ္ဂိုလ်မှာ ကျန်းမာမှုဖြစ်တယ်၊ ခွန်အားဗလတွေ တိုးလာ တယ်။ အဲဒါလိုဘဲ ဒီတရားကလဲ ဩပနေယျိကော-ကိုယ်ထဲ ရောက်အောင် ကျင့်ဆောင်ထိုက်တဲ့ တရားပါတဲ့၊ ကိုယ်ထဲ ရောက်အောင် ကျင့်ထားယင် အာရုံ အကောင်း အဆိုး အညွှော်တွေကို ခံနိုင်ရည်ရှိတယ်၊ ကိလေသာရောဂါတွေ ပျောက်ကင်းတယ်၊ ဘယ်လိုလဲဆိုယင် ကိလေသာဖြစ်ဖွယ်

အာရုံကို တွေ့တဲ့အခါ ရှုမှတ်ပြီး ပယ်ရတယ်၊ အဲဒီလို ရှုမှတ်လိုက်ယင် ကောင်းတဲ့အာရုံဘဲဖြစ်ဖြစ်၊ ဆိုးတဲ့အာရုံဘဲဖြစ်ဖြစ် ရိပ်ကနဲ ရိပ်ကနဲ ပျောက်ပျောက်သွားတာကိုသာ တွေ့ရတယ်၊ ဒါကြောင့် သာယာနှစ်သက်တဲ့ တဏှာလဲ မဖြစ်ဘူး၊စိတ်ဆိုးတဲ့ ဒေါသလဲ မဖြစ်ဘူး၊ အကယ်၍ နှစ်သက်မှု စိတ်ဆိုးမှု ဖြစ်လာယင်လဲ စူးစိုက်ပြီး ရှုမှတ်လိုက်ယင် ချက်ခြင်းဘဲ ပျောက်သွားတယ်၊ ဒီလိုပျောက်သွားတာဟာ စိတ်မချမ်းမသာဖြစ်တဲ့အခါ အလွန်ထင်ရှားပါတယ်။ ပုဂ္ဂိုလ်တဦးဟာ တရားတော့ အားထုတ်ထားပါရဲ့၊ ဒါပေမဲ့ ဒီလို စိတ်မချမ်းသာမှုကလေးတွေကို ရှုမှတ်ပြီး မပယ်နိုင်သေးဘူးဆိုယင် အဲဒီလူ တရားအားထုတ်ထားတာဟာ နေရာမကျသေးလို့ဘဲ၊ သူကိုယ်ထဲမှာ တရားဓာတ်ခံ သတ္တိမပြည့်စုံသေးလို့ဘဲ လို့သာ မှတ်ရမယ်။

## ဘေးရန်တွေ့မှ စွမ်းရည်ထင်ရှားသည်

**အာပဒါသု ထာမော ဝေဒိတဗ္ဗော။** ။အာပဒါသု၊ ဘေးရန်အန္တရာယ်တို့ ဆိုက်ရောက်လာသော အခါကာလတို့၌။ ထာမော၊ ပုဂ္ဂိုလ်၏စွမ်းရည်သတ္တိကို။ ဝေဒိတဗ္ဗော၊ သိရမည်၊ ဆုံးဖြတ်ရမည်-တဲ့။ အကြောင်းမရှိသေးခင်က ဒီပုဂ္ဂိုလ်ဟာ ဘယ်လို အရည်အချင်း စွမ်းရည်သတ္တိရှိတယ်လို့ ချီးမွမ်းနေကြပေမဲ့ ကောန်မဆုံးဖြတ်နိုင်သေးဘူး၊ဆန့်ကျင်ဘက်အကြောင်းနဲ့ တွေ့လို့ သည်းခံနိုင်မှ ကောန်ဟုတ်ပြီလို့ ဆုံးဖြတ်နိုင်တယ်။

လောကမှာ ဘေးရန်အန္တရာယ်မရှိတဲ့အခါ လူစွမ်းကောင်းကြီး လုပ်ပြီး ပြောဆိုနေပေမယ်လို့ စိတ်မချရသေးဘူး၊ တကယ့် ဘေးအန္တရာယ်နဲ့ တွေ့ရလို့ သူနိုင် ကိုယ်နိုင် အပြိုင်

အဆိုင် ခုခံတိုက်ခိုက်ရတဲ့အခါကျမှ မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ ရှပ်ရှပ်ချွံချွံ ခုခံ တိုက်ခိုက်တတ်ဘယ် ဆိုယင် အဲဒီ လူကို တကယ် စွမ်းရည်သတ္တိရှိပါပေတယ်လို့ ကေန် မှတ်ယူရတယ်၊ အဲဒီလိုပါဘဲ တရားဘက်မှာလဲ တရားတွေ ကျင့်ကြံအားထုတ် ထားလို့ တရားတွေ ပြည့်စုံနေပါပြီ သိမ်မွေ့နေပါပြီ ဆိုပေမယ် လို့ ဆန့်ကျင်ဘက်အကြောင်းနဲ့ မတွေ့သေးလို့ရှိယင် သိပ် မသေချာသေးဘူး၊ ကေန် ဟုတ်ပြီလို့ မဆို ဖြတ်နိုင်သေးဘူး၊ ဆန့်ကျင်ဘက် အကြောင်း အန္တရာယ်တွေနဲ့ တွေ့တဲ့အခါ သည်းခံနိုင်တယ်၊ ရာဂဖြစ်စရာ အာရုံတွေနဲ့ တွေ့ရပေမဲ့ ရာဂ ထင်ထင်ရှားရှား မဖြစ်ဘူး၊ ဒေါသဖြစ်စရာ အာရုံတွေနဲ့ တွေ့ ရပေမဲ့ ဒေါသ ထင်ထင်ရှားရှား မဖြစ်ဘူး၊ သောကအာရုံ တွေနဲ့ တွေ့ရပေမဲ့ သောက ထင်တင်ရှားရှား မဖြစ်ဘူးဆိုယင် အဲဒီ ပုဂ္ဂိုလ်ကို သည်းခံနိုင်ရည် ရှိပါပေတယ်လို့ ချီးမွမ်းရ လိမ့်မယ်။

ဒီတရားက ကိုယ်ထဲမှာ နဲနဲ ရောက်လာယင် နဲနဲတော့ သည်းခံနိုင်တာဘဲ၊ များများကြီး ရောက်နေလို့ရှိယင် များ များကြီး သည်းခံနိုင်တယ်၊ တရားတွေ အကုန်လုံး ပြည့်စုံနေ ပြီဆိုယင်ဖြင့် ဘေးရန်အန္တရာယ်တွေဟာ ဒွါရ ၆-ပါးမှာ ဘယ် က လာလာ အကုန်လုံး သည်းခံနိုင်ရည် ရှိသွားပါတယ်၊ ဒါကြောင့် **သြပနေယျိကော**—မိမိကိုယ်ထဲ စိတ်ထဲ ရောက် အောင် ကျင့်ဆောင်ထိုက်တဲ့ တရားပါတဲ့။

ပြီးတော့ **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ**—တဲ့။ ဒီတရားက ကိုယ်ကျင့်မှ ကိုယ်ရတယ်၊ သူများကျင့်နေတာနဲ့ ကိုယ်မရနိုင် ဘူး၊ ကိုယ်ကျင့်ထားတဲ့တရားကို သူများပေးလို့လဲ မဖြစ်ဘူး၊

ဆရာကလဲ့ တပည့်ပေးလို့ မဖြစ်ဘူး၊ မိဘကလဲ သားသမီးကို ပေးလို့ မဖြစ်ဘူး၊ သားသမီးကလဲ မိဘကို ပေးလို့ မဖြစ်ဘူး၊ ချစ်ကျွမ်းဝင်တဲ့သူ အချင်းချင်းလဲ ဝေငှ ပေးလို့ ဖြစ်တာ မဟုတ်ဘူး။

## ကိုယ်စားယင် ကိုယ်သာ ဝတာဘဲ

လောကမှာတောင် ကိုယ်လုပ်မှ ကိုယ့်ကိစ္စ ပြီးပါတယ်၊ ထမင်းကိုတောင် ကိုယ်စားယင် ကိုယ်သာ ဝတာဘဲ၊ အခြား လူ ဝမသွားဘူး၊ အိပ်ချင်ယင် ကိုယ်တိုင်အိပ်မှဘဲ သူကိုယ်တိုင် အိပ်ရေးဝတယ်၊ အခြားလူတယောက် အိပ်တာနဲ့ အခြား လူတယောက်မှာ အိပ်ရေး ဝ-မသွားဘူး၊ ကိုယ့်သန္တာန်မှာ တကယ်ဖြစ်ရမဲ့ ကိစ္စဆိုယင် သူတပါးကို ကိုယ်စားလှယ်ခိုင်းလို့ မရဘူး၊ အဲဒါလိုဘဲ တရားကလဲ ကိုယ်ကျင့်မှ ကိုယ့်သန္တာန်မှာ ပြည့်စုံတယ်၊ ဒါကြောင့် **ပစ္စတ္တံ ဝေဒိတဗ္ဗော**– ကျင့်ကြံတဲ့ ပုဂ္ဂိုလ်တွေမှာသာ အသီးအသီး ကိုယ်တိုင် ခံစားရတဲ့ တရား ပါတဲ့။ အဲဒီ သန္ဒိဋ္ဌိက အစရှိတဲ့ သဘောတွေကို ပေါ်လွင် အောင်လို့ မြတ်စွာဘုရားက ဒီလို ဟောထားပါတယ်။

ပုရာဘေဒါ၊ ခန္ဓာအိမ်ပျက်ကြွေ သေသည်မှ ရှေးဦးစွာ။ ဝါ၊ မသေခင်။ ဝီတတဏှော၊ ကင်းသောတဏှာရှိသည်။ ဝါ၊ တဏှာကင်းသည်။ ဟောတိ၊ ဖြစ်၏–တဲ့။ ဒီအပိုဒ်က စပြီး ဟောထားပါတယ်။ ဒါကြောင့် ပုရာဘေဒသုတ်လို့ ခေါ်ရ ပါတယ်၊ နောက်အပိုဒ်တွေကတော့ ဒီအပိုဒ်ရဲ့ အသေးစိတ် အကျယ်အဖွင့်များဖြစ်တဲ့ အကြောင်း ရှေးက ပြောခဲ့ပါပြီ။

ဒါကြောင့် အခိပ္ပါယ်ထပ်တူ ဖြစ်နေတယ်လို့တော့ စဉ်းစား ဘွယ် မရှိပါဘူး။ အဲဒီနောက်အပိုဒ်တွေကို ဟောကြစို့။

## ရှေးအစွန်းကို မမှီရ

ပုဗ္ဗံ အန္တံ၊ရှေးအစွန်းကို။အနိဿိတော၊မမှီသည်။ဟောတိ၊ ဖြစ်၏။ရှေးအစွန်းကို မမှီရဘူးတဲ့၊ ရှေးအစွန်းဆိုတာ ရှေးအဖို့ ဘဲ၊ ရှေးအဖို့ဆိုတာ ဘဝနဲ့ပြောရမယ်ဆိုယင် လွန်ခဲ့ပြီးတဲ့ ရှေးဘဝတွေပါဘဲ၊ ဒါပေမဲ့ လူထဲကတော့ အဲဒီရှေးဘဝတွေ ကို သိနိုင်တဲ့သူက ရှားပါတယ်၊ လူဝင်စားခေါ်တဲ့ ဇာတိဿရ-ဉာဏ်ရတဲ့သူ အနည်းငယ်နဲ့ ပုဗ္ဗေနိဝါသ အဘိညာဉ်ကို ရတဲ့ ပုဂ္ဂိုလ် အနည်းငယ်လောက်ပဲ ရှိပါတယ်၊ အခြား လူများစု တွေမှာ ရှေးဘဝကို မသိတာနဲ့ ဒီအပိုဒ်အရ ကျင့်ဘို့ရာ မရှိဘဲ ဖြစ်နေပါတယ်။ ဒါကြောင့် ရှေးအစွန်း ရှေးအဖို့အရ ယခု လောလောဆယ်အချိန်မှ ရှေးဖြစ်တဲ့ကာလတွေကို အကုန်လုံး ယူရမယ်။ လွန်ခဲ့သော နှစ်တွေ လတွေ ရက်တွေ အချိန် နာရီ မိနစ် စက္ကန့်တွေဟာ အကုန်လုံး ရှေးအစွန်း ရှေးအဖို့တွေ ချည်းပါဘဲ၊ ယခု တရားဟောနေတဲ့အချိန်က ပြန်ကြည့်ယင် နံနက်ပိုင်း နေ့လည်ပိုင်းက မြင်ခဲ့ ကြားခဲ့ တွေ့ခဲ့ သိခဲ့တာတွေ ဟာ ရှေးအဖို့တွေပေါ့၊ ယခုပြောနေတဲ့ စကားလုံးတွေထဲမှာ တောင် ပြောပြီး ကြားပြီး စကားလုံးတွေဟာ ရှေးအဖို့တွေ ဖြစ်ကုန်ပြီ၊ ပြောဆဲ ကြားဆဲကတော့ ပစ္စုပ္ပန်၊ ပြောမည့် ကြားရမည့်စကားလုံးတွေကတော့ အနာဂတ်တဲ့။ ဒီမှာတော့ လွန်ခဲ့ပြီးကာလက မြင်ခဲ့ ကြားခဲ့ တွေ့ခဲ့ သိခဲ့တာတွေကို ရှေး အဖို့လို့ ဆိုပါတယ်။ အဲဒါတွေကို မမှီရဘူး-တဲ့။

## တဏှာဒိဋ္ဌိကို မှီခြင်း

မှီတယ်ဆိုတာ တဏှာနဲ့ ဒိဋ္ဌိဘဲ၊ အေး-ဒီတဏှာဒိဋ္ဌိ
အကြောင်းတွေကတော့ ဘုန်းကြီးက ခဏခဏ ထပ်ကာ
ထပ်ကာဟောနေလို့ ဒကာ ဒကာမတွေမှာ ရိုးနေလောက်ပါ
ပြီ။ ဒါပေမဲ့ ဟောဘိုရာအခွင့်က ရောက်လာတော့ ထပ်ပြီး
ဟောချပြန်တာဘဲ၊ ဟောဘိုရာ အခွင့်ရောက်နေပါလျက်နဲ့
မဟောဘဲ ချန်ထားယင် ဒီနေရာမှာ ဟာကွက်တခု ဖြစ်နေ
မယ်။ ဒါ့ကြောင့် ဒီတဏှာနဲ့ ဒိဋ္ဌိဆိုတဲ့ မှီရာကိုထပ်ပြီး ဟောရ
ဦးမယ်။ ဘယ်မှာဘဲဖြစ်ဖြစ် ဘုရားဟောတဲ့ဒေသနာတိုင်းမှာ
မှီတယ်ဆိုယင် ဒီတဏှာနဲ့ ဒိဋ္ဌိချည်းပါဘဲ။ ဒီတရား ၂-မျိုး
ကိုဘဲ ရည်ပြီးတော့ နိဿိတော-မှီသည်၊ အနိဿိတော-မမှီဘူး၊
နိဿာယ-မှီ၍။ အနိဿာယ-မမှီမူ၍ လို့ ဤသို့ စသည်ဖြင့်
ဟောထားပါတယ်။ ဟုတ်တယ်၊ အာရုံတခုခုကို နှစ်သက်
သာယာနေယင် အဲဒီ အာရုံကို မှီတွယ်နေတာဘဲ၊ အယူမှား
အမြင်မှားပြီး စွဲလမ်းနေယင်လဲ အဲဒီ အာရုံကို ဒိဋ္ဌိနဲ့ လက်
မလွှတ်ပဲ တွယ်ကပ်ပြီး မှီနေတဲ့သဘောဘဲ။

အတိတ်အကြောင်းတွေကို ပြန်ပြီးနှစ်သက်နေယင် တဏှာ
နဲ့ မှီနေတယ်လို့ ဆိုရတယ်၊ ဥပမာ-နံရံကိုကပ်ပြီး ထိုင်နေယင်
နံရံကို မှီနေတာဘဲ၊ နံရံကို အားပြုပြီး မှီနေတာဘဲ၊ တိုင်ကို
ကပ်ပြီး ထိုင်နေယင် တိုင်ကို အားပြုပြီး မှီနေတာဘဲ၊ မြေကြီး
ပေါ်မှာ ထိုင်နေယင် မြေကြီးကို မှီနေတာဘဲ၊ ကြမ်းပြင်ပေါ်
မှာ ထိုင်နေယင် ကြမ်းပြင်ကို မှီနေတာဘဲ၊ အဲဒါလိုပါဘဲ
တဏှာကလဲ ရှေးက တွေ့ခဲ့ပြီး အာရုံတွေကို ထပ်တလဲလဲ
ဆင်ခြင်ပြီး နှစ်သက်သာယာလျက် မှီတွယ်နေပါတယ်။ ရှေးက

မြင်ခဲ့ဘူးတဲ့ အာရုံအမျိုးမျိုးတွေ၊ ကြားခဲ့ဘူးတဲ့ နံခဲ့ဘူးတဲ့ စားခဲ့ဘူးတဲ့ တွေ့ထိခဲ့ဘူးတဲ့ အာရုံအမျိုးမျိုးတွေကို စိတ်ကူး စဉ်းစားလိုက် နှစ်သက် သာယာလိုက်နဲ့ ဖြစ်နေတာဟာ တဏှာနဲ့ မှီနေတာဘဲ၊ ရှေးဘဝဟောင်းက အကြောင်းအရာ တွေကို သိနိုင်တဲ့ သူတွေအဖို့ဆိုယင် အဲဒီ ရှေးဘဝဟောင်းက အကြောင်းအရာတွေ ပြန်လည် သတိရပြီး သာယာနေတာလဲ တဏှာနဲ့ မှီနေတာပါဘဲ။ လူထဲက ဆိုယင်တော့ ဒီလို ရှေး ဘဝ အကြောင်း သိတဲ့သူက အလွန်နည်းပါတယ်။

ဒါပေမဲ့ ဒီသုတ်က မဟာသမယနတ်ဗြဟ္မာ အစည်း အဝေးမှာ ဟောတဲ့သုတ်ဖြစ်တဲ့အတွက် အဲဒီတုန်းက နတ်တွေ ဗြဟ္မာတွေကတော့ ရှေးဘဝဟောင်းတွေကို သိနိုင်ကြပေ လိမ့်မယ်။ အဲဒီလို ရှေးဘဝ အကြောင်းအရာတွေ သိနိုင်တဲ့ ပုဂ္ဂိုလ်တွေမှာ အဲဒီ ရှေးဘဝ အကြောင်း အရာတွေကို ပြန် လည် ဆင်ခြင်ပြီး သာယာနေယင် တဏှာနဲ့ မှီနေတာဘဲ။ လူတွေကတော့ ရှေးဘဝကို မပြောနဲ့ ယခုဘဝတွင်တောင် သုံးလေးနှစ် အရွယ်တွင်းက အကြောင်းအရာဆိုယင် သတိ ရခဲပါတယ်။ သတိရတောင်မှ အဲဒီလို ခလေး သူငယ်ဘဝက အကြောင်းအရာတွေဟာ သာယာစွဲလမ်းဘွယ် ဖြစ်လာမယ် မဟုတ်ပါဘူး၊ အရေးကြီးတာကတော့ တော်တော်ကြီးရင့် လာတဲ့ အချိန်ကပြီး အကြောင်းအရာတွေကို ပြန်ပြီးတော့ လဲ ဆင်ခြင်နိုင်တယ်၊ သာယာ စွဲလမ်းဘွယ်တွေလဲ ဖြစ်နေ တတ်တယ်။ ဘယ်လိုဟာတွေလဲဆိုယင် အဲဒီ ရှေးကာလက နေထိုင်ခဲ့တာတွေ စားသောက်ခဲ့တာတွေ သုံးဆောင်ခဲ့တာ တွေ အပေါင်း အဖော်တွေနဲ့ ပျော်ရွှင်ခဲ့တာတွေ သွားလာ

လုပ်ကိုင် ကြံစည်ခဲ့တာတွေ အဲဒီလိုဟာတွေပါဘဲ၊ အဲဒါတွေကို ပြန်လည်စဉ်းစားပြီး သာယာနေတတ်တယ်၊ တခါတရံမှာ အဲဒီလိုရှေးဟောင်း နှောင်းဖြစ်တွေက အထူးမစဉ်းစားရဘဲ နဲ့လဲ စိတ်ကူးထဲမှာ အလိုလို ပေါ်နေတတ်သေးတယ်။ အဲဒီလို ရှေးဟောင်းတွေကို ပြန်လည်သတိရပြီး နှစ်သက်သာယာနေ တာဟာ ရှေးအဖို့ကို မှီနေတာပါဘဲ၊ အဲဒီလို ရှေးအဖို့ကို မှီမှုမရှိစေရဘူးတဲ့။ ပဋ္ဌမအပိုဒ်က ဟောခဲ့တဲ့အတိုင်း တဏှာ ကင်းတယ်ဆိုယင် ဒီတဏှာအမှီလဲ မရှိတော့ပါဘူး၊ ဒါကြောင့် ရှေးအဖို့ ကို မမှီရဘူးဆိုတဲ့ ဒီအပိုဒ်ဟာ ပိုသလိုဖြစ်နေပါတယ်။ ဒါပေမဲ့ ပဌမအပိုဒ်က တဏှာကင်းတယ်ဆိုတာက အကျဉ်း ချုပ်စကားဖြစ်ပါတယ်၊ အဲဒီအကျဉ်းချုပ်လောက်နဲ့ မသိနိုင် သေးတဲ့ သူတွေအတွက် ရှေးအဖို့ကို မမှီရဘူး စသည်ဖြင့် အသေးစိတ် အကျယ်ချဲ့ပြီး ဟောတော်မူထားတာ ဖြစ်ပါ တယ်။

ဒါဟာ တရားအားထုတ်နေဆဲ ပုဂ္ဂိုလ်တွေအတွက် ပိုပြီး အရေးကြီးပါတယ်၊ တရားအားထုတ်နေဆဲမှာ ရှေးဟောင်း နှောင် ဖြစ်တွေကို ပြန်လည်ဆင်ခြင်ပြီး သာယာနေလို့ရှိယင် ရှေးကို မှီနေတာဘဲ၊ အဲဒီလို အမှီမရှိစေရဘူး၊ ဒီအမှီကလေး ပေါ်လာယင် ရှုမှတ်ပြီးပယ်ရမယ်။ ဒါကြောင့် မြင်ခဲ့ဘူးတာ ကိုပြန်ပြီး ဆင်ခြင်မိယင် အဲဒါကို ရှုမှတ်ပြီး ပယ်ရမယ်၊ ကြား ခဲ့ဘူးတာ သုံးဆောင်ခံစားခဲ့ဘူးတာ ပျော်ရွှင်ခဲ့ဘူးတာ-ဒီလို ဟာတွေကို ပြန်ပြီးစဉ်းစားမိယင် ချက်ခြင်းရှုမှတ်ပြီး ပယ်ရ မယ်။ ရှေးဟောင်း နှောင်းဖြစ်ကလေး စိတ်ထဲမှာ ပေါ်လာ လျှင်လာချင်း ရှုမှတ်နိုင်ယင်တော့ နှစ်သက်သာယာတယ်ဆို

တဲ့အမှိုက်ကလေးတောင် မဖြစ်ရတော့ဘူး၊ အမှိုက်လုံးလုံး ကင်းသွားတယ်။

ဒီနေရာမှာရှေးဟောင်း နှောင်းဖြစ် ဆိုပေမယ့်လို့ သိပ်ရှေးမကျတာတွေလဲ ပါဝင်ပါတယ်၊ မနေ့က အကြောင်းအရာတွေလဲ ပါပါတယ်၊ ဒီကနေ့နံနက်ပိုင်း နေ့လည်ပိုင်းက အကြောင်းအရာတွေလဲ ပါပါတယ်။ မိနစ် စက္ကန့်ပိုင်းအတွင်းက မြင်ပြီးခါစ ကြားပြီးခါစ တွေ့သိပြီးခါစတွေလဲ ပါပါတယ်၊ ဒီအနီးကပ် ရှေးအဖို့တွေက ထင်ရှားနေလို့ သာပြီး အရေးကြီးပါတယ်၊ ယခုပြောခဲ့တဲ့ မနေ့တနေ့က နံနက်ပိုင်း နေ့လည်ပိုင်းက မိနစ် စက္ကန့်ပိုင်းအတွင်းက ဆိုတာတွေကတော့ အထူး မစဉ်းစားရတော့ဘဲ စိတ်ကူးထဲမှာ အလိုလို ပေါ်နေတတ်တယ်၊ အဲဒီ အနီးကပ် ရှေးအဖို့တွေကို ပိုပြီး ဂရုစိုက်ရမယ်၊ အဲဒီ အနီးကပ် အာရုံတွေ ပေါ်လာတိုင်း ပေါ်လာတိုင်း ရှုမှတ်ပြီး ပယ်ရမယ်။ ဒါဟာ တဏှာဖြင့်မှီနေတာကို ပယ်ပုံပါဘဲ။

ဒိဋ္ဌိဖြင့် မှီနေတာကလဲ ဒီလိုပါဘဲ ရှေးက မြင်ခဲ့ ကြားခဲ့ တွေ့သိခဲ့ဘာတွေဟာ ငါဘဲ၊ မြင်ရ ကြားရ သိရတာကလဲ ဘယ်သူဘဲ ပုဂ္ဂိုလ်သတ္တဝါဘဲ စသည်ဖြင့် သတ္တဝါကောင်အနေနဲ့ ပြန်ပြီး စဉ်းစားနေတယ်၊ အဲဒီလို သတ္တဝါကောင်အနေနဲ့ ဆင်ခြင်စဉ်းစားတာက ဒိဋ္ဌိနဲ့မှီတာတဲ့၊ အဲဒါက ဘာဒိဋ္ဌိလဲဆိုယင် သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိနဲ့ ပြန်ပြီး စဉ်းစားနေတာတဲ့။ အဲဒီ စဉ်းစားနေမိယင်လဲ ရှုမှတ်ပြီး ပယ်ရမယ်။ ဒါကြောင့် ဆောင်ပုဒ်က "မသေပျက်ခင်၊ တဏှာစင်၍၊ ရှေးတွင်မမှီ"လို့ ဆိုထားတယ်။ ရှေးတွင် မမှီဆိုရာမှာ ရှေးကို

မမှီ-လို့ ဆိုယင် မြန်မာ သဒ္ဒါနည်းအရ ပိုကောင်းပါတယ်။ ဒါပေမဲ့ ရှေးစာပိုဒ်တွေက ခင် စင် တို့နဲ့ ကာရန်ကိုက်အောင် ရှေးတွင်လို့ဘဲ စီလိုက်ရတယ်။ ရှေးတွင်မမှီ- ဆိုတာ လိုရင်းကတော့ ရှေး၌မမှီ ရှေးကိုမမှီ ရှေးအဖို့ကို မမှီ-လို့ ဆိုလိုတာပါဘဲ။

အဲဒီမှာ ရှေးအဖို့ ဆိုတာက လွန်ခဲ့ပြီးတဲ့ ရှေးကာလ အတိတ်ကာလက ဖြစ်ပျက်ခဲ့တဲ့ တွေ့ကြုံခဲ့တဲ့ အကြောင်းအရာတွေကို ဆိုတာပါဘဲ၊ အဲဒီ ရှေးက တွေ့ကြုံခဲ့ဘဲ့ အကြောင်းအရာတွေကို ပြန်တွေးပြီး တဏှာနဲ့ သာယာ မနေရဘူး။ ဒီလို သာယာပြီး စဉ်းစားဆင်ခြင်တဲ့ စိတ်ကလေး ဖြစ်ပေါ်လာယင် ရှုမှတ်ပြီးပယ်ရမယ်၊ ဒီလို ရှုမှတ်ပြီး ပယ်ရတယ်ဆိုတဲ့နည်းဟာ အင်မတန် ကောင်းပါတယ်၊ တရားအားထုတ်ဘူးတဲ့ ပုဂ္ဂိုလ်မှာ ဒီလုပ်ငန်းစဉ်က အလွန် ထင်ရှားပါတယ်။ ဖြစ်ပေါ်လာတဲ့ စိတ်ကို မှတ်လိုက်ယင် အဲဒီ စိတ်ကလေး ပျောက်သွားတာကို တွေ့ရတယ်။ ဒါကြောင့် ဒီစိတ်ကလေးဟာ အယင်က ရှိနေတာ မဟုတ်ဘူး။ ယခုဘဲ ဖြစ်ပြီး ယခုဘဲ ပျောက်သွားလို့ မမြဲဘူး၊ မမြဲတဲ့ တရားဘဲ ဆိုတာကိုလဲ ထင်ရှားသိရတယ်၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူး၊ သူ့သဘောအတိုင်း သူဖြစ်ပျက်သွားတဲ့ သဘော တရားဘဲ ဆိုတာကိုလဲ ထင်ရှားသိရတယ်။ ဒီလို သိရတဲ့အတွက် သာယာ နှစ်သက်တဲ့ တဏှာလဲ မဖြစ်နိုင်တော့ဘူး။ ငါကောင် သတ္တဝါကောင် ထင်မှတ်တဲ့ ဒိဋ္ဌိလဲမဖြစ်နိုင်တော့ဘူး။ ဒါကြောင့် ဒီလို ရှုမှတ်တာဟာ ရှေးအဖို့ကို မှီပြီး ဖြစ်မည့် တဏှာနဲ့ ဒိဋ္ဌိကို ပယ်တဲ့နည်းဘဲ၊ အင်မတန်ကောင်းပါတယ်၊ ရှေးအဖို့နဲ့ စပ်ပြီး ပေါ်

လာသမျှ စိတ်ကူးတွေကို ဒီနည်းအတိုင်း ရှုမှတ်ပြီး ပယ်သွားရမယ်။

ဒီလို ရှုမှတ်ပြီး ပယ်သွားယင် နောက်ဆုံးကျတော့ အရဟတ္တမဂ်ဖိုလ် ရောက်သွားမယ်၊ အဲဒီလို ရောက်သွားတဲ့ အခါကျတော့ ရှေးအဖို့ကို မှီတွယ်တတ်တဲ့ ဒီတဏှာနဲ့ ဒိဋ္ဌိဟာ လုံးဝကင်းသွားမယ်။ ဒါကြောင့် ဒီလို တဏှာနဲ့ ဒိဋ္ဌိ လုံးဝကင်းဘို့ရန် အတွက် ပုထုဇဉ် အဖြစ်ကစပြီး လေ့ကျင့်ရတာ၊ ဒီလို မလေ့ကျင့်ဘဲနဲ့တော့၊ ဒီတဏှာနဲ့ ဒိဋ္ဌိကို မပယ်နိုင်ဘူး။ ပုထုဇဉ်အဖြစ်ကစပြီး လေ့ကျင့်လို့ ဝိပဿနာဉာဏ် ပြည့်စုံတဲ့ အခါမှာ သောတာပတ္တိမဂ်ကို ရောက်ပြီး သောတာပန်ဖြစ်တယ်။ အဲဒီအခါမှာ ဒိဋ္ဌိနဲ့ အပါယ်ကျလောက်တဲ့ တဏှာဆိုတဲ့ အမှီအတွယ် ကင်းသွားတယ်။ သောတာပန်က ဆက်ပြီး လေ့ကျင့်တော့ သကဒါဂါမ် ဖြစ်တယ်၊ သကဒါဂါမ်က ဆက်ပြီး လေ့ကျင့်တော့ အနာဂါမ် ဖြစ်တယ်၊ အဲဒီ အခါမှာ ကာမဂုဏ်နဲ့စပ်တဲ့ အမှီအတွယ်တွေ လုံးဝ ကင်းသွားတယ်။ အနာဂါမ်က ဆက်ပြီး လေ့ကျင့်တော့ ရဟန္တာ ဖြစ်တယ်၊ အဲဒီအခါမှာ အမှီအတွယ်တွေ အကုန်ကင်းသွားတယ်။

ဒီနေရာမှာ ဒိဋ္ဌိ အမှီအတွယ် ဆိုတာကတော့ သောတာပတ္တိမဂ် ရောက်ကတည်းက ကင်းခဲ့ပါတယ်၊ ဒါပေမဲ့ သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တွေမှာ ငါအနေနဲ့ ထောင်လွှားတတ်တဲ့ မာနကတော့ ရှိနေသေးတယ်၊ အဲဒီ မာနကလဲ အတ္တကောင် ငါကောင် တကယ်ရှိတယ်လို့ မစွဲလမ်းပေမဲ့ သူ့ရဲ့ဖြစ်ပုံက ဒိဋ္ဌိဖြစ်ပုံနဲ့ ခပ်တူတူပါဘဲ၊ အတ္တယောင်ယောင် ငါယောင်ယောင်နဲ့ဘဲ သူက ထောင်လွှားပြီး ဖြစ်

တတ်ပါတယ်၊ ဒါကြောင့် သူ့ကို ဒိဋ္ဌိကိုယ်စားလှယ်သဘော ရှိနေတဲ့အတွက် အသ္မိမာန ဒိဋ္ဌိမာန-လို့ ခေါ်ပါတယ်။ သောတာပန် သကဒါဂါမ် အနာဂါမ် တို့၏ ဝိပဿနာနဲ့ အထက်မဂ် ၃-ပါးက ဒီ ဒိဋ္ဌိမာနဆိုတဲ့ အမျိုးအတွယ်ကိုလဲ ပယ်သွားပါတယ်။ အရဟတ္တမဂ်ဖိုလ်ရောက်လို့ ရဟန္တာ ဖြစ်ပြီးတဲ့ အခါကျတော့ တဏှာရယ် ဒိဋ္ဌိရယ် မာနရယ် ဒီအမျိုးအတွယ်တွေ အကုန်လုံး ကင်းသွားပါတယ်။ အဲဒီလို ရှေးအဖို့နဲ့စပ်ပြီး ဖြစ်မည့် အမျိုးအတွယ်တွေ လုံးဝကင်းသွားအောင် ကျင့်ဘို့ရာ ရည်ရွယ်ပြီး ပုဗ္ဗေ အန္တံ၊ ရှေးအဖို့ ရှေးအစွန်းကို။ အနိဿိတော၊မမှီသည်။ ဟောတိ ဖြစ်၏ လို့ ဟောတော်မူပါတယ်။

## နောင်ရေးကိုလဲ မမြော်ရ

ရှေးတွင်မမှီ၊ နောက်ဆီမမြော်-ဆိုတဲ့ ဆောင်ပုဒ်အရ ရှေးအဖို့ကို မမှီပုံ ပြောပြီးတော့ နောက်အနာဂတ် မမြော်ပုံကို ပြောကြစို့၊ အဲဒါက ဂါထာမှာ စတုတ္ထအပိုဒ်အဖြစ်နဲ့ ဟောထားပါတယ်။ တဿ နတ္ထိ ပုရက္ခတံ-တဲ့။

တဿ၊ ထိုပုဂ္ဂိုလ်အား။ ပုရက္ခတံ၊ နောင်ရေးကို ရှေးရှုပြုခြင်း၊ နောင်ကာလကို မြော်၍ တောင့်တခြင်းသည်။ နတ္ထိ၊ မရှိတော့ပေ။ ဒီနေရာမှာ ရှေးရှုပြုတယ်ဆိုတာ ကိုယ်သွားမည့် လမ်းဆီကို ရှေးရှုဦးတည်မ်းပြီး မြော်လိုက်တာမျိုးပါဘဲ။ ဥပမာ မီးရထားဖြင့် ခရီးသွားမယ်ဆိုယင် ဘူတာရုံကို ဘယ်လိုသွားရမယ် လက်မှတ်ရအောင်ယူရမည် နေရာရအောင် ဘယ်လို လုပ်ရမယ် စသည်ဖြင့် အစစ အရာရာ ချောချောမောမော ဖြစ်အောင် ကြိုတင်ပြီး စဉ်းစားရတယ်။ ကိုယ်သွားလိုရာအရပ် ရောက်တော့လဲ ဘယ်သူနဲ့ တွေ့ရမယ်၊ ဘယ်သွားရမယ် ဘာ

လုပ်ရမလဲ စသည်ဖြင့် စောစောကတည်းက အစီအစဉ်တွေ စဉ်းစားထားရတယ်၊ အဲဒါတွေဟာ ခရီးသွားခြင်းနဲ့ စပ်ပြီး ပုရက္ခတံ-ရှေးရှု ပြုမှုတွေပါဘဲ။ ယခု တရားထဲမှာလဲ ဒီလိုပါဘဲ၊ သတ္တဝါတွေဟာ သံသရာခရီးသွားတွေဘဲ၊ သံသရာခရီးသွားတွေ ဖြစ်နေတဲ့အတွက် ဒီဘဝကသေပြီး နောက်ဘဝကျတော့ ကိုယ်ဖြစ်ချင်တာကလေးတွေကို ရှေးရှုဦးတန်းပြီး မြော်လင့် တောင့်တနေကြတယ်၊ လူ့လောကမှာ ဆိုယင် မင်းမျိုး သေဋ္ဌေးမျိုး အထက်တန်းကျတဲ့ အမျိုးတွေမှာ ဖြစ်ဘို့၊အရုပ် အဆင်းလှဘို့ စည်းစိမ်ဥစ္စာ ပေါများဘို့ အခြံအရံများဘို့ စသည်ဖြင့် မြော်လင့် တောင့်တကြတယ်၊ နတ်လောကမှာ ဆိုယင် တန်ခိုးကြီးတဲ့ နတ်မျိုးဖြစ်ဘို့ စသည်ဖြင့် မြော်လင့် တောင့်တကြတယ်၊ ယခုဘဝတွင်လဲ အသက်ရှည်ဘို့ ဘေးရန် အန္တရာယ်ကင်းဘို့ စီးပွါး ဥစ္စာတိုးတက်ဘို့ အခြံအရံများဘို့ စသည်ဖြင့် မြော်လင့်တောင့်တနေကြတယ်၊ ဒါတွေဟာ ရှေးရှု ပြုပြီး တောင့်တတာတွေပါဘဲ။

ရှေးရှုပြုတယ်ဆိုတာ နောက်ဖက်ကို ပြန်လှည့်ကြည့်တာမျိုးတော့ မဟုတ်ဘူး။ ရှေ့ခရီးစဉ်မှာ ဖြစ်ရမည့် တွေ့ရမည့် အချိန်ကာလ အရာဝတ္ထုတွေဆီကို မြော်တဲ့သဘော အနာဂတ်ကို တောင့်တတဲ့သဘောပါဘဲ၊ အဲဒီ အနာဂတ်ကို နောင်ကာလ နောက်ကာလလို့လဲ ခေါ်တယ်၊ အတိတ်ကာလကို ရည်ပြီး ရှေးတွင် မမှီ-လို့ ဆောင်ပုဒ် တတိယအပိုဒ်မှာ ဆိုခဲ့တဲ့ အတွက် ဒီမှာ အနာဂတ်ကို နောက်ဆီ မမြော်-လို့ ဆိုထားပါတယ်၊ နောက်ဆီဆိုတာ အနာဂတ် နောင်ရေးလို့ ဆိုလိုပါတယ်၊ ဒါကြောင့် နောင်ရေးတွေလဲ မြော်တွေး ကြံစည်

တောင့်တမနေရဘူးလို့ ဆိုလိုပါတယ်၊ အဲဒီ နောင်ရေးတွေကို ကြံမိ တောင့်တမိယင် အဲဒါကို ရှုမှတ်ပြီး ပယ်လိုက်ရမယ်။

ဒါကလဲ တရားအားထုတ်ဆဲပုဂ္ဂိုလ်ကိုပြောတာပါ၊ တရားအားမထုတ်ပဲ အိမ်မှာ အလွတ်နေသူတွေ၊ အိမ်ကိစ္စ ဆောင်ရွက်နေတဲ့ သူတွေကို ပြောတာ မဟုတ်ပါဘူး၊ တရားအားမထုတ်ပဲ အလွတ်နေတဲ့သူတွေမှာ ဒီလို ကြံစည်တောင့်တမှုတွေကို ရှုမှတ်လို့ မဖြစ်နိုင်ပါဘူး၊ အဲဒီလို ရှုမှတ်နေယင်လဲ လောကီကိစ္စတွေ ဘာမှ လုပ်လို့ဖြစ်မှာ မဟုတ်တော့ဘူး၊ တရားအားထုတ်နေဆဲမှာသာ အရေးကြီးပါတယ်၊ နာရီပိုင်းနဲ့ဖြစ်စေ, နေ့ရော ညပါ ဖြစ်စေ မပြတ် အားထုတ်နေတဲ့အခါမှာတော့ ရှုမှတ်မှုဟာ သူ့အလုပ်ပဲ၊ ဒါကြောင့်. နောင်ရေးကိုတွေးမိ ကြံမိယင် မှတ်ရမယ်။

ရှုမှတ်စရာတွေကတော့ အင်မတန် များပါတယ်၊ နောင်ရေးကို စဉ်းစားမိယင် အဲဒီ စဉ်းစားတဲ့ စိတ်ကူး တောင့်တတဲ့ စိတ်ကူးကို မှတ်ရတယ်၊ ယခုဘဝတွင် ကိုယ်အလိုရှိတာကလေးတွေကို ရဘို့၊ ကိုယ်ဖြစ်ချင်တဲ့အတိုင်းဖြစ်ဘို့ ကြံစည် တောင့်တနေတတ်တယ်။ မိမိပြုကျင့်ထားတဲ့ သီလစသည်ကို အကြောင်းပြုပြီး လူချမ်းသာဖြစ်ဘို့ နတ်ချမ်းသာဖြစ်ဘို့ စသည်ဖြင့်လဲ ကြံစည်တောင့်တနေတတ်တယ်၊ အဲဒါတွေကို ရှုမှတ်ပြီး ပယ်ရတယ်၊ ပဋိပတ္တိသာသနာပြုဘို့လဲ ကြံစည်နေတတ်တယ်၊ ဒါကတော့ ကောင်းတဲ့ အကြံအစည်ပါဘဲ၊ ဒါပေမဲ့ အဲဒါကို အကြာကြီး ကြံနေယင် ရှုမှတ်တဲ့ ဘာဝနာအလုပ် ပျက်နေတယ်၊ သမာဓိဉာဏ်တွေ မဖြစ်ပဲ ပျက်နေဘယ်၊ ဒါကြောင့် ဉာဏ်က မတက်ပဲ ရှိနေတတ်တယ်၊ အဲဒါကြောင့် ဒီလို

ကောင်းတဲ့ ကြံစည်စိတ်ကူးမှုကိုလဲ ရှုမှတ်ပြီး ပယ်ရတယ်၊ သမာဓိဉာဏ် တိုးတက်ဘို့ရာလဲ ကြံစည်နေတတ်တယ်၊ အဲဒါကလဲ လွန်လွန်ကဲကဲ ကြံစည်နေယင် ရှုမှတ်မှု ပျက်တာဘဲ၊ ဒါကြောင့် အဲဒီလို ကြံစည်မှုကိုလဲ ရှုမှတ်ပြီး ပယ်ရတယ်။

ဒီလို နောင်ရေး ကြံတွေးမိ တောင့်တမိသမျှတွေကို ရှုမှတ်ပြီး ပယ်သွားယင် ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်း တိုးတက်ပြီး အရိယာမဂ်ဖိုလ်တွေကို ရောက်သွားပါလိမ့်မယ်၊ အရဟတ္တမဂ်ဖိုလ်ကိုရောက်လို့ ရဟန္တာဖြစ်တဲ့အခါကျတော့ ဒီလို နောင်ရေးနဲ့စပ်ပြီး မြော်လင့် တောင့်တမှုတွေဟာ လုံးလုံး မရှိတော့ပဲ ကင်းသွားပါလိမ့်မယ်၊ ဒီတော့ ရဟန္တာမှာ နောင်ဘဝအတွက် တောင့်တမှု တွယ်တာမှုတဏှာလဲ လုံးဝ မရှိတော့တဲ့အတွက် ပရိနိဗ္ဗာန် စုတိနောင် ဘဝသစ် ရုပ်နာမ်ခန္ဓာ ဘာမျှမဖြစ်ပေါ်လာတော့ဘဲ လုံးဝ ငြိမ်းအေးသွားတယ်၊ ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တွေမှာတော့ တောင့်တမှု တဏှာက ရှိနေတဲ့အတွက် သေခါနီးမှာ ထင်ပေါ်လာတဲ့ ကံ ကမ္မနိမိတ် ဂတိနိမိတ်ဆိုတဲ့ အာရုံတခုခုကို မလွှတ်ပဲ တွယ်တာ စွဲလမ်းနေတယ်။ ဒါကြောင့် စုတိ၏အခြားမဲ့မှာ အဲဒီအာရုံကိုဘဲ အာရုံပြုပြီး ပဋိသန္ဓေ ခန္ဓာတွေ ဖြစ်ရတယ်။ အဲဒီလို ဘဝသစ် ပဋိသန္ဓေခန္ဓာတွေ ဖြစ်ပေါ်သွားတော့ အိုရ နာရ သေရ အစရှိတဲ့ ဆင်းရဲဒုက္ခတွေကိုရဘို့ လမ်းစ ပွင့်သွားတယ်။ ဒါကြောင့် ဒီလို ဒုက္ခတွေ မရောက်ရအောင် "ရှေးတွင်မမှီ၊နောက်ဆီမမြော်"လို့ ဆိုတဲ့အတိုင်း လွန်ခဲ့ပြီး ရှေးကာလက ဖြစ်ခဲ့ တွေ့ခဲ့တာတွေလဲ ပြန်ပြီး စဉ်းစား မနေနဲ့၊ နောက်အခါကျမှ ဖြစ်ရ တွေ့ရမှာတွေလဲ မြော်မနေနဲ့၊ ရှုမှတ်ပြီး ပယ်လိုက်ပါတဲ့။

## အလယ်ပိုင်းမှာလဲ စာရင်းမဝင်စေနဲ့

ပြီးတော့–ဝေမဇ္ဈေ၊ အလယ်ပိုင်း၌။ နု ဥပသင်္ခေယျော၊ မခေါ်ဝေါ်အပ်·မရေတွက်အပ်သည်။ ဟောတိ၊ ဖြစ်၏·တဲ့။ အလယ်ပိုင်းမှာလဲ မခေါ်ဝေါ်ရ မရေတွက်ရတဲ့ အခြေအနေမျိုး ရောက်စေရမယ်တဲ့။ ဘယ်လိုလဲဆိုယင်–ဒီ ပုဂ္ဂိုလ်ဟာ တပ်မက်နေတဲ့ပုဂ္ဂိုလ်ဘဲ၊ သာယာနေတဲ့ပုဂ္ဂိုလ်ဘဲလို့ ဒီလိုလဲ အခေါ်ဝေါ် မခံရစေရဘူး၊ ဒီပုဂ္ဂိုလ်ဟာ ဒေါသဖြစ်နေတဲ့ စိတ်ဆိုးနေတဲ့ပုဂ္ဂိုလ်ဘဲလို့ ဒီလိုလဲ အခေါ်ဝေါ် မခံရစေရဘူး၊ ဒီပုဂ္ဂိုလ်ဟာ မောဟဖြစ်နေတဲ့ပုဂ္ဂိုလ် မသိမလိမ္မာတဲ့ပုဂ္ဂိုလ်ဘဲလို့ ဒီလိုလဲ အခေါ်ဝေါ် မခံရစေရဘူး၊ ဒီပုဂ္ဂိုလ်ဟာ မာနကြီးတဲ့ အဆင်ကြီးတဲ့ ပုဂ္ဂိုလ်ဘဲလို့ ဒီလိုလဲ အခေါ်ဝေါ် မခံရစေရဘူး၊ ဒီပုဂ္ဂိုလ်ဟာ ယုံမှားတွေးတောနေတဲ့ပုဂ္ဂိုလ် ဝိစိကိစ္ဆာ မကင်းတဲ့ပုဂ္ဂိုလ်ဘဲလို့ ဒီလိုလဲ အခေါ်ဝေါ်မခံရစေရဘူး၊ ဒီပုဂ္ဂိုလ်ဟာ ကိလေသာတွေဖြစ်နေတဲ့ပုဂ္ဂိုလ် စိတ်ဆိုးစိတ်သွမ်းတွေများတဲ့ပုဂ္ဂိုလ်ဘဲလို့ ဒီလိုလဲ အခေါ်ဝေါ် မခံရစေရဘူး၊ ဒီပုဂ္ဂိုလ်ဟာ ဘဝဂတိတွေရောက်ဖို့ရာ အသင့်ရှိနေတဲ့ပုဂ္ဂိုလ်ဘဲ ငရဲ တိရစ္ဆာန် ပြိတ္တာဖြစ်ဦးမည့်ပုဂ္ဂိုလ်ဘဲ လူဖြစ်ဦးမည့် နတ်ဖြစ်ဦးမည့်ပုဂ္ဂိုလ်ဘဲလို့ ဒီလိုလဲ အခေါ်ဝေါ် မခံရစေရဘူးတဲ့၊ အဲဒီလို မခေါ်ထိုက်တဲ့ စာရင်းမဝင်တဲ့ အခြေအနေ ရောက်အောင် အားထုတ်ရမယ်တဲ့။

ဒီဂါထာမှာ "ရှေးကိုလဲ မမှီနဲ့၊ နောက်ကိုလဲ မမြော်နဲ့" ဆိုတာတွေဟာဟိုရှေးခေတ်တုန်းက သုံးခဲ့တဲ့ ဝေါဟာရစကားတွေပါ၊ ယခုခေတ်မှာဆိုယင် နားလည်ဘို့ တော်တော် ခဲယဉ်းနေပါပြီ၊ ပြီးတော့ ဒီတရားက အဲဒီရှေးခေတ်တုန်းကတောင်

သာမန်ပုဂ္ဂိုလ်တွေအတွက်မဟုတ်ဘူး၊ဗုဒ္ဓိစရိုက်ရှိတဲ့ပညာရှိတွေ အတွက် ဟောတဲ့တရားဖြစ်တယ်၊ ဒါကြောင့် ပညာထူးကဲတဲ့ ပုဂ္ဂိုလ်တွေမှ နားလည်လွယ်မယ်။ နောက်ပြီးတော့ နုပသခေ်- ယျော-အခေါ်ဝေါ် မခံရစေရဘူး-စာရင်းမဝင်စေရဘူးဆိုတာ က သာပြီး နက်နဲသေးတယ်။ အဲဒါကို ထပ်ပြီး ရှင်းပြရဦးမယ်။

**ဝေမဇ္ဈေ နုပသခေ်ယျော**–အလယ်ပိုင်း၌ မခေါ်အပ်သူ- မခေါ်ထိုက်သူ-စာရင်းမဝင်သူ ဖြစ်စေရမယ်တဲ့။ အလယ်ပိုင်း ဆိုတာ ယခုမြင်ခိုက် ကြားခိုက် နံခိုက် စားခိုက် တွေ့ထိခိုက် ကြံသိခိုက်မှာ ဒွါရ ၆-ပါးက ဖြစ်ပေါ်ဆဲ သဘောတရားတွေ ကို ဆိုပါတယ်၊ အဲဒီအလယ်ပိုင်း သဘောအာရုံတွေနဲ့ စပ်ပြီး တော့ တပ်မက်နေတဲ့သူ စိတ်ဆိုးနေတဲ့သူ စသည်ဖြင့် အခေါ် မခံရစေရဘူး၊ စာရင်း မဝင်စေရဘူးလို့ ဆိုလိုပါတယ်။ မြင် ရတဲ့ အာရုံကို သာယာတပ်မက်နေလို့ရှိယင် တပ်မက်နေတဲ့ သူလို့ခေါ်ရမှာပေါ့၊ ကြားရတဲ့ အာရုံ နံရတဲ့အာရုံ စားရတဲ့ အာရုံ တွေ့ထိရတဲ့အာရုံ ကြံသိရတဲ့ အာရုံတွေကို သာယာ တပ်မက်နေယင် တပ်မက်နေတဲ့သူလို့ ခေါ်ရမှာပေါ့၊ ပြီးတော့ မြင်ရတဲ့အာရုံနဲ့စပ်ပြီး ဒေါသဖြစ်နေယင် စိတ်ဆိုးနေတဲ့သူလို့ ခေါ်ရမှာပေါ့၊ ကြားရ တွေ့ရ သိရတဲ့ အာရုံတွေနဲ့ စပ်ပြီး ဒေါသဖြစ်နေယင် စိတ်ဆိုးနေတဲ့သူလို့ ခေါ်ရမှာပေါ့၊ ပြီး တော့ မြင်ရကြားရ တွေ့ရ သိရတဲ့ အာရုံတွေကို အမှန်အတိုင်း မသိယင် မောဟ ဖြစ်နေတဲ့သူ တွေဝေနေတဲ့သူလို့ ခေါ်ရမှာ ပေါ့။

ထို့အတူ မြင်ရ ကြားရ တွေ့ရ ကြံသိရတဲ့ အာရုံတွေနဲ့ စပ်ပြီးတော့ ဂုဏ်ယူနေယင် အထင်ကြီးနေယင် မာနထောင်

နေတဲ့သူ အထင်ကြီးနေတဲ့ သူလို့ ခေါ်ရမှာပေါ့၊ မြင်တာဟာ ငါကောင်ဘဲ၊ ငါကောင်ကဘဲ မြင်တယ်-စသည်ဖြင့် ထင်မြင်နေယင် ဒိဋ္ဌိဖြစ်နေတဲ့သူလို့ ခေါ်ရမှာပေါ့၊ မြင်မှု ကြားမှု စသည်နှင့်စပ်ပြီးတော့ အကုသိုလ်တွေ ဖြစ်နေယင်၊ သို့မဟုတ် မရှုမိလို့ အကုသိုလ် ဖြစ်နိုင်ခွင့်ရှိနေယင် အပါယ်ရောက်မည့် ပုဂ္ဂိုလ်လို့ ခေါ်ရမှာပေါ့၊ ကုသိုလ်တွေဖြစ်နေယင်၊ သို့မဟုတ် ကုသိုလ်ဖြစ်ခွင့် ရှိနေယင် လူဖြစ်မည့်ပုဂ္ဂိုလ် နတ်ဖြစ်မည့် ပုဂ္ဂိုလ်လို့ ခေါ်ရမှာပေါ့၊ ဒီလိုမခေါ်ရအောင် မခေါ်ထိုက်အောင် စာရင်းမဝင်အောင် လုပ်ရမယ်။ ဘယ်လိုလုပ်ရမလဲ ဆိုယင်-ရှုမှတ်ရမှာဘဲ၊ ဘာတွေကို ရှုမှတ်ရမှာလဲဆိုယင်-မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ဒွါရ ၆-ပါးက ပေါ်လာသမျှ ရုပ်နာမ်တရားတွေကို အမှန်အတိုင်း သိအောင် ရှုမှတ်ရမယ်၊ ဒီလိုရှုမှတ်လို့ "ရုပ်နာမ်မျှဘဲ၊ ပေါ်လာပြီး ချက်ခြင်းဘဲ ပျောက်သွားတယ်၊ အနိစ္စ ဒုက္ခ အနတ္တ သဘောတရားမျှဘဲ" ဆိုတာကို အမှန်အတိုင်း သိသွားယင် သာယာစရာ မရှိတော့ဘူး၊ သာယာမှုလဲ မဖြစ်နိုင်တော့ဘူး၊ အဲဒီလို အမှန်အတိုင်း မသိယင်တော့ မြင်တာ ကြားတာကလေးတွေနဲ့ စပ်ပြီးတော့ ဓာတ်ပုံ ရိုက်ထားသလိုဘဲ စိတ်ထဲမှာ စွဲကျန်နေတယ်၊ အဲဒီ စွဲကျန်နေတဲ့ ရုပ်ပုံကလေးကို ပြန်လည်စဉ်းစားပြီးတော့ နှစ်သက်ဖွယ်ရာဆိုယင် နှစ်သက်သာယာမှုတွေ အထပ်ထပ် ဖြစ်နိုင်တယ်၊ စိတ်ဆိုးစရာ အာရုံဆိုယင်လဲ စိတ်ဆိုးမှုတွေ အထပ်ထပ်ဖြစ်နိုင်တယ်၊ ဒီနှစ်သက်မှု စိတ်ဆိုးမှု ဖြစ်ပုံကိုတော့ ပြောခဲ့ဘူးလှပါပြီ၊ ဒါပေမဲ့ ယခုစိတ်ဆိုးမှု ဖြစ်ပုံကလေးကို ပြောရဦးမယ်၊ အဲဒါက မဟာသဓာဇာတ်တော်မှာ ရှိပါတယ်။

## ကေဝဋ္ဋပုဏ္ဏားကြီးရဲ့ အကြံ

မဟောသဓာ ဇာတ်တော်မှာ ကေဝဋ္ဋပုဏ္ဏားကြီးက "အရှင်မင်းကြီး၊ အကျွန်ုပ် ညွှန်ကြားတဲ့အတိုင်း လုပ်ယင် ဇမ္ဗူဒိပ်တကျွန်းလုံးမှာ အရှင်မင်းကြီးဟာ ဧကရာဇ်မင်း ဖြစ်ပါလိမ့်မယ်" လို့ ညွှန်ကြားတယ်။ ဘယ်လို လုပ်ရမှာလဲလို့ ဆိုတော့ "အရှင်မင်းကြီး၊ ဒါကတော့ သိပ်မခက်ပါဘူး၊ လွယ်ပါတယ်။ အရှင်မင်းကြီးရဲ့ စစ်တပ် အင်အားကြီးနဲ့ ချီတက် ပြီးတော့ အင်အားနည်းတဲ့ ပြည်နီးချင်း နိုင်ငံကလေးတွေက စပြီး သိမ်းသွင်းရမယ်"လို့ ပြောပါတယ်၊ ကေဝဋ္ဋ ပုဏ္ဏားကြီး ပြောတာဟုတ်တယ်၊ အင်အားကြီးတဲ့ နိုင်ငံက အင်အားသေးတဲ့ နိုင်ငံကလေးတွေကို သွားပြီး သိမ်းတယ်ဆိုတာ လွယ်လွယ်ပေါ့၊ လွယ်ပုံကတော့ ဒီလိုပါ စစ်တပ်အင်အား ပြပြီး ခြိမ်းခြောက်ရမယ်တဲ့၊ သင်တို့ဟာ ငါတို့ လက်အောက်ခံ လုပ်မှာလား၊ မလုပ်ဘူးလား၊ လက်အောက်ခံလုပ်လို့ ရှိယင်တော့ နေမြဲအတိုင်း သင်တို့တိုင်းပြည်နဲ့ သင်တို့အား ထားမြဲ ထားမယ်၊ သင်တို့ဟာ ငါတို့နောက်လိုက် လုပ်ရမယ်လို့ ဒီလို ပြောလိုက်တော့ အားငယ်တဲ့ နိုင်ငံကလေးတွေက ကြောက်ရွံ့ပြီး လိုက်နာရမှာဘဲ၊ အဲဒီလို သိမ်းပြီးတော့ အားငယ်တဲ့ နိုင်ငံကလေးတွေက လိုက်လာလို့ တော်တော် များလာပြီဆိုယင် အားကြီးတဲ့ နိုင်ငံတွေကိုလဲ ဒီလိုဘဲ အကြပ်ကိုင်ရမယ်၊ အဲဒီလို အကြပ်ကိုင်ယင် အဲဒီ နိုင်ငံတွေလဲ ဒီလို လိုက်ကြရမှာဘဲ၊ ဒါကြောင့် ဒီနည်းဖြင့် အကုန်လုံးလျှောက်ပြီး သိမ်းရမယ်လို့ ကေဝဋ္ဋပုဏ္ဏားကြီးက ညွှန်ကြားသတဲ့။

ကေဝဋ္ဋပုဏ္ဏားကြီးဟာ မညံ့ဘူး၊ အတော် အကြံဉာဏ်ကောင်းတယ်၊အကြံကောင်းဆိုတာအင်အားရှိယင်ကြံကြတာဘဲ၊အင်အားမရှိယင် မကြံနိုင်ဘူးပေါ့။ယခု ခေတ်မှာလဲ နယ်ချဲ့သမားတွေက ဒီလို လုပ်နေကြတာဘဲ၊ ဒါကြောင့် စူဠနီဗြဟ္မဒတ်မင်းကြီးကလဲ ကေဝဋ္ဋ၏ နည်းနှင့် လိုက်ပြီး နယ်ချဲ့တယ်၊ ကေဝဋ္ဋ ပုဏ္ဏား ပြောတဲ့အတိုင်းဘဲ အောင်မြင်တယ်၊နိုင်ငံကြီးတခုက စစ်တပ် အင်အားတွေနဲ့ ချီတက်ပြီးတော့ နိုင်ငံငယ်ကလေးတခုကို ခြိမ်းခြောက်လိုက်ယင် သူ့ခမြာမှာ ကြောက်ရွံ့ပြီး သြဇာခံ-အညံ့ခံရတော့တာပေါ့၊ သြဇာ မခံယင် ဒုက္ခရောက်သွားမှာပါဘဲ၊ ဗြဟ္မဒတ်မင်းက အဲဒီ နည်းနဲ့ ခြိမ်းခြောက်ပြီး သိမ်းလိုက်တာ နိုင်ငံငယ်ကလေးတွေရော တော်တော်ကြီးတဲ့ နိုင်ငံတွေရော သူ့နောက်ကိုချည်း လိုက်ကြရတယ်၊ ဒီလိုလိုက်ကြလို့ တော်တော် အင်အားစုမိတဲ့ အခါကျတော့ နိုင်ငံကြီးတွေလဲ မခံနိုင်တော့ဘူး၊ ကြာတော့တဖြည်းဖြည်းနဲ့ ဘယ်ရောက်လာတုန်း ဆိုတော့ မဟောသဓာတို့ နေရာဖြစ်တဲ့ ဝိဒေဟတိုင်း ရောက်လာတယ်၊ ဒီဝိဒေဟတိုင်းဆိုတာလဲ သိပ်မကြီးပါဘူး။ အိန္ဒိယနိုင်ငံအလယ်ပိုင်းမှာရှိပါတယ်။ မာဂဓတိုင်းရဲ့ မြောက်ဖက်ကဘဲ၊ ပြီးတော့ ဂင်္ဂါမြစ်ရဲ့ မြောက်ဖက်လဲကျတယ်။ ရှေးက ခေါ်ကြတဲ့ တိုင်းကြီးသောဠသတို့ ဘာတို့ ဆိုတာတွေဟာ သိပ်ပြီးမကြီးပါဘူး၊ တိုင်းကြီး တခုတခုဟာ မြန်မာပြည်လောက် ကျယ်ချင်မှကျယ်မှာပါ။ အချို့တိုင်းကြီးဆိုတာက တော်ရုံ သင့်ရုံပါဘဲ၊ ဒါပေမဲ့ ကျမ်းစာတွေထဲမှာတော့ အင်မတန် ကြီးကျယ်နေပါတယ်၊ ဝိဒေဟနိုင်ငံကတော့ သိပ်မကြီးပေမဲ့ မဟောသဓာရှိနေတဲ့အတွက် ကေဝဋ္ဋက ချန်ထားတယ်၊ အခြားနိုင်ငံတွေ

အကုန် သိမ်းပြီးတဲ့ အခါကျတော့ အဲဒီ အင်အား စုကြီးနဲ့ ဝိဒေဟတိုင်းကို ချီတက်လာပါရော။

ဒီလို ချီတက်လာပြီး ဝိဒေဟတိုင်းကလေးရောက်လာတော့ ကေဝဋ္ဋတို့လူစုက အက္ခောဘိဏီတပ်ကြီး (၁၈) တပ်နဲ့ ဝိုင်းထားတယ်လို့ ကျမ်းစာက ဆိုပါတယ်။ စာဆိုအရ ဆိုယင်တော့ အင်မတန်ကြီးကျယ်တဲ့ စစ်တပ်ကြီးတွေပေါ့၊ ကြောက်စရာကောင်းလောက်အောင် ကြီးကျယ်ပါတယ်၊ အဲဒီ ခေတ်တုန်းကတော့ ဓားနဲ့ လှံနဲ့ လေးနဲ့ ဒီလက်နက်မျိုးတွေလောက်နဲ့ဘဲ စစ်တိုက်ကြပါတယ်၊ ယခုကာလလို လက်နက်ကောင်းကြီးတွေက မရှိသေးပါဘူး၊ ဒါကြောင့် လူအင်အားများတဲ့ဘက်က နိုင်ဘို့ရာ များပါတယ်၊ ဒါနဲ့ ဝိဒေဟတိုင်းရဲ့ မြို့တော်ဖြစ်တဲ့ မိထိလာမြို့ကို အက္ခောဘိဏီတပ်ကြီး (၁၈) တပ်နဲ့ လေးဘက်လေးတန်က ပတ်ပတ်လည် ဝိုင်းထားလိုက်တာ အကုန်လုံး ဘယ်မှမထွက်နိုင်ကြဘူး၊ ဒီလို ဝိုင်းထားပြီးတော့ ရာဇသံပေးလိုက်တယ်၊ ဟေ့....မင်းတို့ လက်နက်ချမှာလား မချဘူးလားလို့ ဒီလို မေးလိုက်တယ်၊ အဲဒီတော့ ဝိဒေဟပြည့်ရှင်မင်းကြီးက "ဘယ့်နှယ်လုပ်ကြမလဲ"လို့ မဟောသဓာကို မေးမြန်းတိုင်ပင်ပါတယ်။

## မဟောသဓာ ဉာဏ်ကြီးပုံ

တနေ့ကျယင် ကေဝဋ္ဋတို့လူစုက ဒီလိုလာပြီး ဝိုင်းလိမ့်မယ်ဆိုတာကို မဟောသဓာက စောစောကတည်းကဘဲ သိထားတယ်၊ ဒါကြောင့် မြို့အပြင်ဘက်က စစ်တပ်တွေ ဝိုင်းထားယင် အပြင်မထွက်ဘဲနဲ့ မြို့တွင်းမှာပင် စားသောက် သုံးဆောင်ရေး

ပြည့်စုံအောင်လို့ အကုန်လုံး စီမံထားတယ်၊ ရေမြောင်းတွေ ရေကန်တွေ အသင့်စီမံထားတယ်၊ မြို့တွင်းမှာပင် လယ်ယာ ကောက်ပဲတွေ စိုက်ပျိုးလုပ်ကိုင်နိုင်အောင်လို့ ရေကို လိုလို လောက်လောက်ရနိုင်အောင် စီမံထားပါတယ်၊ ပြီးတော့ ထင်းအစရှိတဲ့ စားနပ်ရိက္ခာ အသုံးအဆောင်တွေကိုလဲ အကုန် လုံး ပြည့်စုံအောင် လုပ်ထားတယ်၊ သူလျှိုတွေကိုလဲ ဟိုနိုင်ငံ ဒီနိုင်ငံတွေမှာ အကုန်လုံး လွှတ်ထားတယ်၊ ဒီလို လွှတ်ထားတဲ့ မဟောသဓာရဲ့ လူတွေကလဲ ကေဝဋ္ဋတို့အုပ်စုထဲမှာ ကိုယ့်လူ သူ့ဘက်သားအဖြစ်နဲ့ ပါနေတယ်၊ အဲဒီလူတွေက အစစ အရာရာမှာ လျှို့ဝှက်ချက်သတင်းတွေကို မဟောသဓာထံ ပို့ပေးတယ်၊ ပြီးတော့ အတွင်းမှာ အစားအစာပြည့်စုံကြောင်း သူတို့က ဝါဒဖြန့်ကြတယ်၊ အဲဒီလို အပြင်ကလဲ ဝါဒဖြန့် အတွင်းကလဲ စားပင် သောက်ပင်တွေ စပါးပင်တွေကို အပြင် လူတွေမြင်အောင် ထုတ်ပြပြီး ရေပေါကြောင်း သက်သေ အဖြစ်နဲ့ ကြာပန်းရိုးတံတွေနုတ်ပြီး အပြင်ဘက်ကို ပစ်လိုက် တယ်။ ဒီကြာပန်းကလဲ ဝါးလုံးထဲမှာ ထည့်စိုက်ထားတော့ ဝါးလုံးရှည်သလောက် ရှည်နေသတဲ့၊ ဒီအထဲမှာ အတောင် (၆၀)လောက်ရှည်တဲ့ ကြာပင်ကို ထုတ်ပြယင် အပြင်သူလျှို တွေက အတောင်ရှစ်ဆယ်ရှိတယ်လို့ ပို့ပြီးတော့လဲ ဝါဒဖြန့်ကြ သေးသတဲ့၊ ဒီတော့ ကေဝဋ္ဋတို့က ဒီလို ဝိုင်းထားရုံနဲ့တော့ မဖြစ်သေးဘူး၊ ဒီတော့ တနည်းနည်းနဲ့ လုပ်ဦးမှဘဲ ဆိုပြီး အကြံယူကြတယ်။

သူတို့အကြံကတော့ ဒီလိုတဲ့ ပညာရှိချင်း ပညာစစ် စကားစစ် ထိုးမယ်၊ စကားစစ်ထိုးလို့ နိုင်တဲ့ပုဂ္ဂိုလ်ကို ရှုံးတဲ့

ပုဂ္ဂိုလ်က အညှဲ့ခံရမယ်လို့ ဒီလို စကားစစ်ထိုးဘို့ စီမံကြသတဲ့၊ ဒီတော့ မဟာသမာက အဲဒါကို ကောင်းပြီလို့ လက်ခံလိုက်ပါတယ်၊ နောက်တနေ့နံနက် နေထွက်ချိန်မှာ လက်ဆောင်ပဏ္ဏာနှင့်တကွ ကျွန်ုပ်အနောက်တံခါးက ထွက်လာပြီး စကားပြောပါမည်၊ အသင်တို့ စောင့်သာ စောင့်မြော်ကြပါတော့လို့ ပြန်ကြားလိုက်ပါတယ်၊ ကေဝဋ္ဋတို့ လူစုက အကြီးအကျယ် တပ်ခင်းပြီး စောင့်နေကြတယ်၊ အနောက်တံခါးက စောင့်ရတယ်ဆိုတော့ သူတို့မျက်နှာတွေ နေပူခံရတာပေါ့၊ အိန္ဒိယနိုင်ငံမှာ နေကလဲ အလွန်ပူတယ်၊ သူတို့မှာ မဟာသမာလာနိုး လာနိုးနဲ့ နေဆီကို မြော်ကြည့်ရင်း စောင့်နေကြတယ်၊ နေက တော်တော်မြင့်လာပြီ၊ ဒါပေမဲ့ မလာသေးဘူး၊ ဘာကြောင့် မလာသေးတာလဲဆိုယင် သူတို့တတွေ နေပူပြီး ပင်ပန်းအောင်လို့ တမင်သက်သက် နေလှန်းထားတာတဲ့၊ ပညာရှိ နိုပ်စက်နည်းပေါ့၊ ဒီလို နေပူလှန်းထားတော့ ကေဝဋ္ဋတို့လူစုမှာ နေနဲ့ ရင်ဆိုင်ဖြစ်ပြီး ချွေးတလုံးလုံးနဲ့ ဒုက္ခတွေ ရောက်လို့ အရှေ့ဘက်ကိုသာ မြော်မြော်ပြီး ကြည့်နေကြရတယ်၊အင်မတန်ကြီး နေမြင့်လှမှ မဟာသမာတို့က လာကြတယ်၊ လာတဲ့အခါကျတော့ ကေဝဋ္ဋက "အဆွေတော် မဟာသမာသုခမိန်၊ ကျွန်ုပ်တို့နှစ်ဦးဟာ ပညာရှိသုခမိန်တွေဘဲ၊ ပညာရှိအချင်းချင်းဟာ အလေးပြုသင့်ပါတယ်၊ အသင် မဟာသမာတို့ကို အားကိုးပြီး ကျွန်ုပ်တို့ ဒီမှာ ရောက်နေကြတာဟာ ရက်အတန်ကြာလာခဲ့ပါပြီ၊ ယနေ့အထိ အဆွေတော်တို့ထံမှ လက်ဆောင် တခါမျှ မပေးခဲ့ဘူးပါကလား"လို့ မိတ်ဆက်စကား သွယ်ဝိုက်ပြီး ပြောပါတယ်၊ ဒီတော့ မဟာသမာက အဆွေတော်ပြောတဲ့အတိုင်း လက်ဆောင် မပေးရသေးတာက

တော့ အဆွေတော်တို့နှင့် ထိုက်တန်တဲ့ပစ္စည်းကို စဉ်းစားနေရတဲ့အတွက် ကြန့်ကြာနေခဲ့ရခြင်းဖြစ်ပါတယ်၊ ယခု ဟောဒီမှာ အဘိုးအတိုင်းမသိ ထိုက်တန်တဲ့ ပတ္တမြားရတနာကို လက်ဆောင်အဖြစ် ယူခဲ့ပါတယ်၊ အဲဒါကို အဆွေတော် လက်ခံယူပါလို့ဆိုပြီး ပတ္တမြားကို ပုဏ္ဏားကြီးဆီ လှမ်းပေးဟန် ပြုလိုက်တယ်။

## ကေဝဠ်ပုဏ္ဏားကြီးရဲ့ အတွေး

ဒီတော့ ပုဏ္ဏားကြီးရဲ့ စိတ်ထဲမှာ ဒီလို အတွေးအခေါ်တွေ ဖြစ်လာပါတယ်၊ အင်း – မဟောသဓာက အဖိုးတန်ပတ္တမြားကို လက်ဆောင်ပေးတယ်ဆိုတော့ သူက ငါ့ကို ပူဇော်တဲ့သဘောဘဲ၊ ပူဇော်လျှင် ရှိခိုးရာရောက်တယ်၊ အရှုံးပေးရာရောက်တယ်၊ ငါက အနိုင်ရတဲ့သဘောဘဲ–လို့ ဒီလို ကြံတွေးပြီးတော့ အားရပါးရ ဝမ်းပန်းတသာနဲ့ အဆောတလျှင် လက်ကို ဖြန့်ပြီး ခံလိုက်ပါတယ်၊ မဟောသဓာက ပတ္တမြားကို နောက်ဖက် လျှောကျသွားအောင် ပုဏ္ဏားကြီးရဲ့ လက်ဖျားပေါ်မှာ ချပေးလိုက်တယ်၊ ပတ္တမြားကလဲ လေးတဲ့အတွက် ပုဏ္ဏားကြီးရဲ့ လက်ဖျားမှ မဟောသဓာရဲ့ ခြေနှစ်ဖက်အကြားကို လျှောကျသွားတယ်၊ ဒီတော့ ကေဝဠ်ပုဏ္ဏားကြီးက အင်မတန် မက်မောနေတဲ့အတွက် လောဘတကြီးနဲ့ အတင်းရှေ့ကိုတိုးပြီး ကောက်ယူဘို့ အားထုတ်လိုက်တယ်၊ ဒီအခါမှာ မဟောသဓာက ပုဏ္ဏားကြီးရဲ့ လည်ဂုတ်ကို ကိုင်ပြီး ပုဏ္ဏားကြီးရဲ့ နဖူးကို မြေနှင့် ပွတ်တိုက်ရင်း "အရှင်ပုဏ္ဏားကြီး ကျွန်ုပ်က ငယ်ပါတယ်၊ အရှင်ပုဏ္ဏားက အသက်ကြီးပါတယ်၊ ကျွန်ုပ်ကို ရှိမခိုးပါနဲ့၊ အရှင်ပုဏ္ဏားကြီးက ရှိခိုးတာဟာ မသင့်

တော်ပါဘူးလို့ ဒီလို ကျယ်လောင်စွာ ဟစ်အော်ပြီး ပြောဆို ပါတယ်။

အမှန်ကတော့ ပုဏ္ဏားကြီးက ကန်တော့တာ မဟုတ်ရှာပါဘူး၊ လက်နှစ်ဖက်နဲ့ ရှေ့တိုးပြီး ပတ္တမြားကို ကောက်လိုက်တာပါဘဲ၊ ဒါပေမဲ့ ဘေးကအမြင်နဲ့ဆိုတော့ ကန်တော့တာနဲ့ တူနေပါတယ်။ ဒါကြောင့် မဟောသဓာက ပုဏ္ဏားကြီးရဲ့ လည်ဂုတ်ကို လက်တဖက်ကကိုင် အခြားတဖက်က ခါးပုံကိုကိုင်ပြီး ပုဏ္ဏားကြီးရဲ့ နဖူးနဲ့ မြေကြီးကို ပွတ်တိုက်ရင်း "ဆရာကြီး ထပါ ထပါ၊ ကျွန်ုပ်က အလွန်ငယ်ပါတယ် ဆရာကြီးရဲ့ မြေးလောက်ပဲ ရှိပါတယ်၊ ကျွန်ုပ်ကို ရှိမခိုးပါနဲ့" လို့ ကျယ်လောင်စွာ ပြောဆိုပြီး ပုဏ္ဏားကြီးကို ဆွဲရမ်းပြီး ပစ်လိုက်သတဲ့။

ဒီအခါမှာ ကေဝဋ္ဋရဲ့ အခြေအရံထဲက မဟောသဓာရဲ့ သူလျှိုရဲဘော်တွေက "ဒို့ ဆရာပုဏ္ဏားကြီးက စကားရှုံးလို့ မဟောသဓာကို ရှိခိုးနေပြီ၊ ဒို့ဆရာပုဏ္ဏားကြီးက မဟောသဓာကို ရှိခိုးနေပြီ" လို့ ကြွေးကြော်ကြတယ်၊ အဲဒီလို ကြွေးကြော်တဲ့ အသံတွေကို ကြားရတော့ ဗြဟ္မဒတ်မင်းကြီးရဲ့ (၁၀) အကြောဘိဏီတပ်ကြီးဟာ ဖရိုဖရဲဖြစ်ပြီး ခြေဦးတည့်ရာ ထွက်ပြေးကုန်ပါရော့တဲ့။ ဗြဟ္မဒတ်မင်းကြီးလဲ ရုတ်တရက်ဆိုတော့ ကြောက်လန့်ပြီး ထွက်ပြေးတယ်၊ ဆင်တပ် မြင်းတပ် ရထားတပ်တွေရော ဒီလို ထိန်းမနိုင် သိမ်းမရ ထွက်ပြေးကြတယ်ဆိုတော့ အချင်းချင်းတိုက်မိ နင်းမိပြီး သေကျေ ပျက်စီးတာတွေလဲ အတော်များပါလိမ့်မယ်၊ လူတွေဟာ ကြောက်မိပြီဆိုမှဖြင့် ဟန်ဆောင် ချုပ်တည်း မနေနိုင်ကြတော့ဘူး၊

အသက်လုပြီး ခြေဦးတည့်ရာ ပြေးတတ်ကြတာဘဲ၊ ဘာ ကြောင့် ဒီလောက် ကြောက်ကြရတာလဲဆိုယင် စစ်ပွဲဆိုတာ ဟာ ရှုံးပြီဆိုယင် အင်မတန် ကြောက်စရာကောင်းပါတယ်၊ ကမ္ဘာ့တရားဥပဒေတွေ မထွန်းကားသေးတဲ့ အဲဒီ ရှေးခေတ် တုန်းကဆိုယင် သာပြီး ကြောက်စရာကောင်းပါသေးတယ်။

## စစ်ရှုံးဘေးကို ကြောက်လို့ ပြေးကြတယ်

စစ်ရှုံးတဲ့ နိုင်ငံက ပစ္စည်းတွေကို စစ်နိုင်တဲ့သူတွေက သူတို့ အလိုရှိတိုင်း လုပ်တတ်ကြတယ်၊ သက်ရှိ သက်မဲ့ ပစ္စည်းတွေ ကို အကုန်လုံး သိမ်းယူတတ်ကြတယ်၊ မြို့တွေ ရွာတွေကိုလဲ မီးရှို့ဖျက်ဆီးပစ်တတ်ကြတယ်၊ လူတွေကိုလဲ ဖမ်းပြီးသတ်ချင် လဲ သတ်ပစ်တတ်ကြတယ်၊ သုံ့ပန်းအဖြစ်နဲ့ယင်လဲ ခေါ်ဆောင် သွားပြီး ကျွန်ပြုလုပ်ထားတတ်ကြတယ်၊ မူလက ကိုယ့်နိုင်ငံနဲ့ ကိုယ့်လူမျိုးနဲ့ ဂုဏ်ကျက်သရေ အဆင့်အတန်း အလွန်မြင့်နေ တဲ့ လူပေမဲ့ စစ်နိုင်တဲ့ လူတွေရဲ့ လက်အောက်မှာ ကျွန်သ ဘောက်တွေ ဖြစ်ပြီး သူတို့ ကျွေးသမျှကို စားလို့ သူတို့ ထား ရာမှာ နေကြရတယ်၊ သူတို့ ခိုင်းသမျှကိုလဲ မညည်းမညူဘဲ လုပ်ကိုင်နေကြရတယ်၊ ဒီလို ကျွန်ခံနေကြရတဲ့ အထဲမှာ သူတို့ က မယုံကြည်ယင် သတ်ချင်လဲ သတ်ပစ်တတ်ကြသေးတယ်၊ အင်မတန်ကို ကြောက်စရာ ကောင်းပါတယ်၊ ဒါကြောင့် ဗြဟ္မဒတ်မင်းနှင့်တကွ(၁၈)အက္ခောဘိဏီ တပ်စုက လူတွေဟာ စစ်ရှုံးပြီလို့ထင်တာနဲ့ စစ်ရှုံးဘေးဒဏ်ကို ကြောက်လို့ လန့်ပြီး ပြေးကြတာပါဘဲ။

ဒီလို ပြေးကုန်တော့ ကေဝဋ္ဋ ပုဏ္ဏားက ဗြဟ္မဒတ်မင်းကြီး နောက်ကို အမှီလိုက်ပြီးတော့ တားမြစ်တယ်၊ အရှင်မင်းကြီး

မပြေးပါနဲ့၊ စစ်မရှုံးသေးပါဘူး၊ ကျွန်ုပ်က ကန်တော့တယ် ဆိုတာလဲ မဟုတ်ပါဘူး၊ စကားစစ်တောင် မထိုးရသေးပါ ဘူး၊ မဟောသဓာက ပတ္တမြားပြပြီး ကျွန်ုပ်တို့ကို လှည့်စား ညစ်ပတ်တာပါ စသည်ဖြင့် အကြောင်းစုံကို ရှင်းပြပြီး ဗြဟ္မဒတ်မင်းကြီးကို တားမြစ်တယ်၊ ဒီတော့ ဗြဟ္မဒတ်မင်းကြီး ကလဲ ကေဝဋ္ဋ ပြောတဲ့အတိုင်း နားလည်ပြီး စစ်တပ်တွေကို ပြန်လည်စုရုံးပြီး တခါ ပြန်လာကြပြန်တယ်၊ အခိုင်အလုံ စစ် တပ်တွေ စွဲပြီး မိထိလာမြို့ကို အကြပ်ကိုင် ပိတ်ဆို့ နေကြပြန် သတဲ့။

## ဘေဒဉပါယ်လုပ်ရန် စေလွှတ်တယ်

ဒါပေမဲ့ မဟောသဓာ ပညာရှိက အနုကေဝဋ္ဋဆိုတဲ့ပုဏ္ဏား ကို ပြည်နှင်ဒဏ်ပေးယောင် ဟန်ဆောင်ပြီး ဘေဒဉပါယ်လုပ် ရန် စေလွှတ်လိုက်တယ်၊ အဲဒီ အနုကေဝဋ္ဋက ဗြဟ္မဒတ် မင်း အား သုပုရောဟိတ် ကေဝဋ္ဋနှင့်တကွ အခြားမင်းတွေအပေါ် မှာရော မိမိရဲ့ စစ်တပ်တွေ အပေါ်မှာရော မယုံသင်္ကာ ဖြစ် အောင် စိတ်ဝမ်းကွဲအောင် ပူးကပ်ပြီး ဆောင်ရွက်တယ်၊ တိုတို ပြောရမယ်ဆိုယင် ဗြဟ္မဒတ်မင်းကြီးဟာ စုံစမ်း ထောက်လှမ်း ကြည့်တဲ့အခါ ကေဝဋ္ဋထံမှာရော စစ်သူကြီးတွေ စစ်သူရဲတွေ ထံမှာရော မဟောသဓာရဲ့ အမှတ်အသားနဲ့ လက်နက်တွေ လက်ဆောင်ပစ္စည်းတွေကို မျက်မြင်တွေ့ရတဲ့အတွက် ဘယ်သူ့ ကိုမှ မယုံကြည်တော့ဘူး၊ မဟောသဓာရဲ့ ဘက်တော်သား တွေချည်းဘဲလို့ ထင်မြင်ပြီး အလွန်ကြောက်လာတယ်၊ ဒါနဲ့ တညသောအခါမှာ မဟောသဓာရဲ့ သူလျှို အနုကေဝဋ္ဋရဲ့ စီမံ ညွှန်ကြားချက်ဖြင့် ဗြဟ္မဒတ်မင်းကြီးဟာ မြင်းကိုစီးပြီး အနု

ကေဝင့်နှင့်အတူ သန်းခေါင်ယာမ် အချိန်မှာ တိတ်တဆိတ် ထွက်ပြေးပါတယ်၊ အဲဒီအခါမှာ မဟောသဓာရဲ့ သူလျှိုရဲဘော် တွေက ဗြဟ္မဒတ်မင်းကြီး တိတ်တဆိတ် ထွက်ပြေးကြောင်း အနှံ့ အပြား ကြွေးကြော်ကြပါတယ်၊ ဒီတော့ (၁၈)အက္ခော-ဘိဏီတပ်ကြီးဟာ အလန့်တကြား အိပ်ယာက ကတိုက် ကရိုက် ထပြီး ကိုယ်လွတ် လက်လွတ် အကုန်လုံး ထွက်ပြေး ကုန်ပါရောတဲ့၊ ယခုခေတ်အနေနဲ့ ကြည့်ယင် ဒါကို တချို့က ယုတ္တိမရှိဘူးလို့ ထင်ကောင်း ထင်ကြပေလိမ့်မယ်၊ ဒါပေမဲ့ မဟောသဓာရဲ့ ပညာအစွမ်းနဲ့ ဘုန်းကံကို ထောက်ဆ ကြည့် မယ်ဆိုယင်တော့ စဉ်းစားဉာဏ် အလွန် မတိုးတက်သေးတဲ့ အဲဒီခေတ်အခါက ဖြစ်ပုံဟာ ယုတ္တိရှိပါတယ်၊ မြန်မာ ရာဇဝင် ထဲမှာတောင်မှ ဒီလို အကြောက်လွန်ပြီး စစ်အရှုံးအနိုင်တွေ ရှိခဲ့ ဘူးသေးတာဘဲ။

## စစ်ပွဲမှ ကျန်တဲ့ အမွေ

အဲဒီ စစ်ပွဲကြီးမှ ကေဝင့်ပုဏ္ဏားကြီးမှာ အမွေ ကျန်ရစ် ထဲက ဘာလဲဆိုတော့ သူ့နဖူးမှာ အနာတရ ဖြစ်ပြီးတော့ အမာရွတ်ကြီး ထင်နေတာပါဘဲ၊ ဒါကြောင့် ကေဝင့်ပုဏ္ဏား ကြီးမှာ မှန်ကြည့်တိုင်း ကြည့်တိုင်း အဲဒီ အမာရွတ်ကို မြင် ပြီးတော့ နောက်ကြောင်းတွေက ပြန်ပြန်ပြီး ပေါ်လာသတဲ့၊ ယခင်က ကြုံတွေ့ခဲ့တဲ့ အဖြစ်အပျက် အကြောင်း အရာတွေ ဟာ စိတ်ထဲ အသစ်လိုဖြစ်ပြီး ပြန်ပေါ်လာတဲ့ သဘောပါဘဲ၊ အင်း-မဟောသဓာဟာ တော်တော်ဆိုးညစ်တဲ့ အကောင် ဘဲ၊ ငါ့ကို အများကြီး ဒုက္ခပေးခဲ့တယ်၊ အရှက်ကွဲအောင် လုပ်ခဲ့တယ်၊ ဒီအကောင်တော့ တနေ့ကျယင် သိစေမယ်-လို့

ဒီလို ကြုံးဝါးပြီး ဒေါသတွေ အပြင်းအထန် ဖြစ်နေသတဲ့၊ ဒါကြောင့် အမာရွတ် မြင်လေလေ မဟောသဓာကို မုန်း လေလေ ဆိုတဲ့ စကားပုံတောင် တွင်နေတာဘဲ။

အဲဒီလို အမာရွတ်ကိုကြည့်ပြီး ပြန်တွေးမိတိုင်း "အင်း- မဟောသဓာဟာ ငါ့ကို ပတ္တမြားနဲ့ ဖြားယောင်းပြီးတော့ ဒုက္ခပေးတယ်၊ သူ့ပတ္တမြားကိုလဲ ငါမရဘူး၊ နဖူးအမာရွတ် ထင်တာဘဲ ငါ့မှာ အဖတ်တင်တယ်၊ ငါ့ကို တပတ်ရိုက်ပြီး လိမ်တယ်၊ နှိပ်စက်တယ်၊ တယ် ဆိုးညစ်တဲ့ အကောင်ဘဲ ဒီအကောင်တော့ သိစေမယ်၊ သူ့ကို တနည်းနည်းနဲ့တော့ ငါချေပဦးမယ်၊ နှိပ်စက်ဦးမယ်" လို့ ဒီလိုချည်း စဉ်းစားရင်း အကြံထုတ်နေသတဲ့၊ အဲဒီလို အကြံထုတ်ပြီးတော့ ဗြဟ္မဒတ် မင်းရဲ့ သမီးတော်နဲ့ ဝိဒေဟမင်းကြီးအား လက်ထပ်မင်္ဂလာ ပြုမယ်ဆိုပြီး ဝိဒေဟမင်းကြီးကို ဆက်သွယ် ဘိတ်ကြားပါ တယ်၊ ယုံကြည်ပြီး အမှတ်တမဲ့ လာတဲ့အခါမှာ ဝိဒေဟ မင်းကြီးရော မဟောသဓာတို့ လူစုရော အလွယ်တကူနဲ့ဖမ်းပြီး သတ်ပစ်ဖို့ပါဘဲ၊ ဒါပေမဲ့ မဟောသဓာက သူတို့ရဲ့ အကြံတွေကို အကုန်သိပြီးတော့ အကာအကွယ် အလုံအလောက်နဲ့သွားပြီး ချုပ်ကိုင်လိုက်တဲ့အတွက် အဲဒီအကြံဟာလဲ အကုန်လုံး ပျက် သွားပါတယ်။

## ဒီမှာ ပြောလိုရင်းကတော့

ယခုဒီမှာ ပြောလိုရင်းကတော့ နောက်ကြောင်းကလေး တွေကို ပြန်တွေးပြီး ဒေါသဖြစ်ပုံကလေးပါဘဲ၊ အမာရွတ်ကို ကြည့်ကြည့်ပြီး ဒေါသထွက်နေပုံပါဘဲ၊ အဲဒါဟာ အလွန်

ထင်ရှားပါတယ်၊ ဟိုရှေးတုန်းက မဟောသဓာနဲ့ ပညာစကားစစ်ထိုးတို့ ချိန်းဆိုခဲ့တယ်၊ အဲဒီတုန်းက မဟောသဓာဟာ ငါ့ကို ပတ္တမြားပေးမည့်အယောင် ဟန်ဆောင်ပြီး ငါ့နဖူးကို မြေကြီးနဲ့ တိုက်ခဲ့တယ်၊ နှိပ်စက်ခဲ့တယ်၊ ဒါကြောင့် ဒီအမာရွတ်ကြီး ထင်ရတယ်၊ အရှက်တကွဲ ဖြစ်ရတယ် စသည်ဖြင့် အဲဒီနောက်ကြောင်းတွေဟာ တခုပြီးတခု ပုဏ္ဏားကြီးမှာ ထပ်တလဲလဲ ပေါ်နေတယ်၊ စိတ်ထဲမှာ ဓာတ်ပုံရိုက်ထားသလိုဘဲ ထင်ပေါ်နေပါတယ်၊ အကယ်၍သာ ပုဏ္ဏားကြီးမှာ အမာရွတ်ကလဲ မရှိလို့ ဟိုတုန်းက အကြောင်းအရာတွေကို အကုန်လုံး မေ့ကုန်မယ်ဆိုယင် မဟောသဓာ အပေါ်မှာ စိတ်ဆိုးစရာ မရှိနိုင်ပါဘူး၊ ဒါဟာ ဘာကြောင့်လဲ စဉ်းစားကြည့်ပါ၊ ငါဆိုတဲ့ ပုဂ္ဂိုလ်သတ္တဝါ၊ ငါ့နဖူးက အမာရွတ်ဆိုတဲ့ ပညတ်နဲ့ မဟောသဓာဆိုတဲ့ ပုဂ္ဂိုလ်သတ္တဝါ ပညတ်တွေ ရှိနေလို့ပါဘဲ၊ တရားသဘောအရဆိုယင်တော့ ငါဆိုတာလဲ မရှိဘူး၊ ငါ့ အမာရွတ်ဆိုတာလဲ မရှိဘူး၊ မဟောသဓာ ဆိုတာလဲ မရှိဘူး၊ မပြတ် ဖြစ်ပျက်နေတဲ့ ရုပ်တရား နာမ်တရားမျှသာ ရှိတယ်၊ အဲဒီလိုသာ အမှန်အတိုင်း သိနေမယ်ဆိုယင် ဘာမှ စိတ်ဆိုးစရာ မရှိတော့ဘူးပေါ့၊ အခုတော့ ကေဝဋ္ဋဆိုတဲ့ ငါကလဲ သူ့မှာ ရှိနေတယ်၊ အမာရွတ်ကလဲ ရှိနေတယ်၊ မဟောသဓာ ဆိုတာကလဲ ရှိနေတယ်၊ ဒါကြောင့် "သူက ငါ့ကို နှိပ်စက်ခဲ့တယ်၊ သူဟာ အခုလဲ မိထိလာမြို့မှာ ရှိနေတယ်" စသည်ဖြင့် စားမြုံ့ပြန်ပြန်ပြီး ဒေါသတွေ ဖြစ်နေတာပါဘဲ။

အဲဒီ ကေဝဠ်ရှဲ ဖြစ်ပုံလိုပါဘဲ စိတ်ထဲမှာ အာရုံတခုခု စွဲကျန်နေယင် အဲဒါကို ဆင်ခြင်ပြီး ပြန်တွေး နေတာဟာ လောဘ ဖြစ်ဘို့ ဒေါသ ဖြစ်ဘို့ မောဟ ဖြစ်ဘို့ မာန ဖြစ်ဘို့ ကိလေသာ ဖြစ်ဘို့ အရင်းခံ အကြောင်းပါဘဲ၊ အဲဒီလို စွဲလမ်းစရာ အာရုံတွေဟာ ဘယ်က ရလာသလဲဆိုယင် မြင်ရာ ကြားရာ တွေ့သိရာက ရလာတယ်၊ အဲဒါတွေကို မြင်စဉ် ကြားစဉ် တွေ့သိစဉ်မှာ မရှုမမှတ်နိုင်ယင် လောဘလဲ ဖြစ်နိုင်တယ်၊ ဒေါသ မောဟ မာန စသည်လဲ ဖြစ်နိုင်တယ်။

## စာရင်းဝင်တာ ကြောက်စရာဘဲ

အဲဒါဟာ အိတ်ထဲက ပစ္စည်းကလေးကို ထုတ်ထုတ်ပြီး ကြည့်နေတာနဲ့လဲ တူပါတယ်၊ မြင်ခဲ့ ကြားခဲ့တာတွေ သိခဲ့တာတွေကို ပြန်တွေးပြီး လောဘ ဒေါသ စသည်တွေ ထပ်ခါထပ်ခါ ဖြစ်နေတယ်၊ ဒါကြောင့် မြင်ခိုက် စသည်မှာ မရှုမမှတ်နိုင်တဲ့သူဟာ အဲဒီ မြင်စဉ် ကြားစဉ် တွေ့သိစဉ် အခါကာလကတည်းက သူ့မှာ လောဘဖြစ်နေတယ်၊ လောဘဖြစ်နေတဲ့ ပုဂ္ဂိုလ်လို့ ဆိုရတယ်၊ ဒေါသ မောဟ မာန ဖြစ်နေတဲ့ပုဂ္ဂိုလ်လို့လဲ ဆိုရတယ်၊ ကိလေသာ အကုသိုလ်ကံတွေ ဖြစ်နေတဲ့ ပုဂ္ဂိုလ်လို့လဲ ဆိုရတယ်၊ ဒီအထဲမှာ အကုသိုလ်ကံတွေ ဖြစ်နေတဲ့ ပုဂ္ဂိုလ်လို့ စာရင်းဝင်နေတဲ့အတွက် ငရဲသွားမည့် ပုဂ္ဂိုလ်လို့လဲ စာရင်းဝင်နေပါတယ်၊ တိရစ္ဆာန်ဖြစ်မည့်ပုဂ္ဂိုလ် ပြိတ္တာဖြစ်မည့် ပုဂ္ဂိုလ်လို့လဲ စာရင်းဝင်နေပါတယ်၊ အင်း....ဒီလိုဆိုတော့ ကြောက်စရာဘဲ။

## စာရင်းရှင်းအောင် လုပ်နည်း

ဆိုလိုတာကတော့ မြင်ခိုက် ကြားခိုက်စသည်မှာ မရှုမိယင် အဲဒီ မြင်ရာ ကြားရာ တွေ့သိရာက နေပြီးတော့ လောဘ ဒေါသ စသည် ဖြစ်နိုင်တယ်၊ အဲဒီ လောဘ ဒေါသ စသည်က အားကောင်းလာတဲ့အခါမှာ အကုသိုလ်ကံ ကုသိုလ်ကံ တခုခု ကို ပြုမိတယ်၊ ပြုမိတော့ အကုသိုလ်က အကျိုးပေးယင် အပါယ်ဘုံမှာ ဖြစ်ရမယ်၊ ဒီတော့ ငရဲကျဘို့ရာ တိရစ္ဆာန် ဖြစ်ဘို့ရာ ပြိတ္တာဖြစ်ဘို့ရာ စာရင်းဝင်နေပါတယ်။

ပြီးတော့ လောဘ ဒေါသကို အကြောင်းပြုပြီး ကုသိုလ်လဲ ဖြစ်နိုင်တယ်၊ ဘယ်လိုလဲဆိုယင် မြင်ရ ကြားရ တွေ့သိရတဲ့ အာရုံမျိုးကို လိုချင်တဲ့အတွက် ယခုဘဝမှာ မရနိုင်တောင်မှ နောက်ဘဝကျတော့ ရအောင်ဆိုပြီးတော့ ပေးလှူတယ် သီလစောင့်တယ်၊ ဒါဟာ လောဘအရင်းခံပြီး ကုသိုလ်ဖြစ်တာ ပါဘဲ၊ ဒေါသနဲ့စိတ်ဆိုးပြီးတော့ ကိုယ့်အလိုအတိုင်းဖြစ်အောင် တောင့်တပြီး ကုသိုလ်တွေကို ပြုလုပ်လို့ရှိယင် အဲဒါ ဒေါသ အရင်းခံပြီး ကုသိုလ်ဖြစ်တာပါဘဲ၊ ဒီလို ကုသိုလ်ဖြစ်ပြန်လို့ ရှိယင်လဲ အဲဒီ ကုသိုလ်က လူ့အဖြစ်ကို အကျိုးပေးမယ်၊ နတ် အဖြစ်ကို အကျိုးပေးမယ်၊ ဈာန်ကုသိုလ်ဖြစ်အောင် အား ထုတ်ယင် ဗြဟ္မာအဖြစ်ကိုလဲ အကျိုးပေးမယ်၊ ဒီလို ကောင်း ကျိုး မကောင်းကျိုးကိုပေးတဲ့ကံတွေဟာ လူတိုင်းလူတိုင်းမှာ ဖြစ်ပွါးနေပါတယ်၊ အဲဒါတွေဟာ ဘယ်က လာသလဲ ဆိုယင် မြင်စဉ် ကြားစဉ် တွေ့သိစဉ်ကထဲက စာရင်းဝင်လာခဲ့တာတွေ ပါဘဲ၊ အဲဒီလို စာရင်းမဝင်အောင်လို့ ကျင့်ရမှာ။

ဘယ်လိုလဲဆိုယင် မြင်တိုင်း ကြားတိုင်း တွေ့သိတိုင်း ဒွါရ ခြောက်ပါးက ဖြစ်ပေါ်တဲ့ ရုပ်နာမ်တွေကို မပြတ်ရှုနေရုံပါဘဲ၊ ဒီလို ရှုပြီးတော့ အနိစ္စ ဒုက္ခ အနတ္တဆိုတာကို သိရမယ်၊သိပုံက တော့ မြင်တဲ့အခါ ရှုမှတ်လိုက်ယင် မြင်ပြီး ပျောက်သွားတယ် လို့လဲ သိတယ်၊ဖြစ်ပြီးပျက်သွားတယ်လို့လဲ သိတယ်၊ဒါကြောင့် အနိစ္စ မမြဲဘူးလို့လဲ ထင်ရှားတယ်၊ ကြားတာကိုလဲ ရှုမှတ် လိုက်ယင် ကြားပြီးပျောက်သွားတယ်၊ဖြစ်ပြီးပျက်သွားတယ်၊ အနိစ္စတရားဘဲလို့ ဒီလို သိသွားဘယ်၊ တွေ့တာ သိတာကိုလဲ ရှုမှတ်လိုက်ယင် တွေ့သိပြီး ပျောက်သွားတယ်၊ ဖြစ်ပြီး ပျက် သွားတယ်၊ အနိစ္စတရားဘဲလို့ သိတယ်၊ ဒီလိုသိယင် အလယ် ပိုင်းမှာ လောဘရှိသူ ဒေါသရှိသူ မောဟရှိသူဆိုတဲ့ စာရင်း မဝင်တော့ဘူး၊လောဘရှိတဲ့ပုဂ္ဂိုလ် တပ်မက်နေတဲ့ပုဂ္ဂိုလ်လို့လဲ မခေါ်ရဘူး၊ ဒေါသ မောဟ ဖြစ်နေတဲ့ ပုဂ္ဂိုလ်လို့လဲ မခေါ် ရဘူး၊ မာနဖြစ်နေတဲ့ ပုဂ္ဂိုလ်လို့လဲ မခေါ်ရဘူး၊ ကိလေသာ ဖြစ်နေတဲ့ ပုဂ္ဂိုလ်လို့လဲ မခေါ်ရဘူး၊ အကုသိုလ် ဖြစ်နေတဲ့ ပုဂ္ဂိုလ်လို့လဲ မခေါ်ရဘူး၊ ကုသိုလ်ဖြစ်နေတဲ့ ပုဂ္ဂိုလ်လို့လဲ မခေါ်ရဘူး၊ အကုသိုလ်နှင့် ကုသိုလ်က အကျိုးပေးပြီးတော့ ဒုဂ္ဂတိ သုဂတိ ဘုံတွေမှာ ဖြစ်ရမည့်ပုဂ္ဂိုလ်လို့လဲ စာရင်းမဝင် တော့ဘူး၊ အဲဒီလို ပေါ်လာသမျှ အာရုံတိုင်းမှာ စာရင်း မဝင်အောင်လို့ ကျင့်ရမယ်၊ ဆိုလိုရင်းကတော့ မြင်တိုင်း ကြား တိုင်း တွေ့သိတိုင်း ထင်ရှား ပေါ်လာတဲ့ အာရုံ တိုင်းမှာ လောဘ ဒေါသ မောဟတွေ ဖြစ်ခွင့်မရအောင် မပြတ်ရှုမှတ် သွားဘို့ပါဘဲ၊ လောဘ ဒေါသ မောဟ မဖြစ်ယင် အကုသိုလ် ကံလဲ မဖြစ်နိုင်ဘူး၊ ဘဝ အကျိုးကိုပေးမဲ့ ကုသိုလ်ကံလဲမဖြစ် ဘူး၊ ကံမဖြစ်တော့ ကံကပစ်ချမည့် ဘဝအကျိုးလဲ ဖြစ်ခွင့်မရှိ

တော့ဘူး၊ ဒါကြောင့် အဲဒီလို မှတ်နေတဲ့ ပုဂ္ဂိုလ်မှာ မှတ်တိုင်း မှတ်တိုင်း စာရင်းတွေ ရှင်းပြီးသား ဖြစ်ဖြစ်သွားတယ်။

## ရဟန္တာဖြစ်မှ အကုန်စာရင်းရှင်းတယ်

ဒါပေမဲ့ ဒီစာရင်းတွေက ရဟန္တာ ဖြစ်တဲ့အခါကျမှဘဲ အကုန်လုံးရှင်းသွားပါတယ်၊ အနာဂါမ်မှာလဲ ကောင်းကောင်း မရှင်းသေးဘူး၊ ပုထုဇဉ်တွေမှာတော့ ဒီစာရင်းက အရှုပ်ဆုံး ပါဘဲ၊ နေရာတိုင်း နေရာတိုင်း သူ့မှာ စာရင်းတွေရှိနေတာဘဲ၊ ဘယ်လို စာရင်းတွေလဲဆိုယင် လူဖြစ်ဖို့ရာ နတ်ဖြစ်ဖို့ရာ ငရဲ တိရစ္ဆာန် ပြိတ္တာဖြစ်ဖို့ရာ စာရင်းတွေပါဘဲ၊ ပုထုဇဉ်မှာဒီစာရင်း တွေ အကုန်လုံးရှိနေတယ်၊ သောတာပန် ကျတော့ ပုထုဇဉ် လောက် စာရင်းမရှုပ်ဘူး၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အပါယ်မှာ ဖြစ်ဖို့ ဒီစာရင်းမရှိတော့ဘူး၊ လူဖြစ်ဖို့ နတ်ဖြစ်ဖို့ ဗြဟ္မာဖြစ်ဖို့ ဆိုတဲ့ စာရင်းတွေလောက်ပဲ ရှိတော့တယ်၊ ပြီးတော့ သကဒါဂါမ်မှာလဲ သောတာပန်လိုဘဲ စာရင်းရှိတယ်၊ အနာဂါမ် ကျတော့ စာရင်းက အတော်ရှင်းနေပါပြီ၊ လူဖြစ်ဖို့ နတ်ဖြစ်ဖို့ စာရင်းတောင်မရှိတော့ဘူး၊ ဗြဟ္မာဖြစ်ဖို့လောက်ပဲ စာရင်းက ရှိတော့တယ်၊ နောက်ဆုံးရဟန္တာ ဖြစ်သွားတဲ့ အခါကျတော့ ဘာစာရင်းမှ မရှိတော့ဘူး၊ အကုန်လုံး ရှင်းသွားတယ်၊ အဲဒါလို စာရင်းရှင်းသွားအောင် အားထုတ်ရမှာ၊ ဒီနေရာမှာ တော်တော်ကို နက်နက် နဲနဲ ဟောထားပါတယ်၊ ဒါပေမဲ့ ဗုဒ္ဓိစရိုက် ရှိတဲ့ ပညာရှိတွေကတော့ နားလည်နိုင်ပါတယ်။

ဆောင်ပုဒ်မှာ-မခေါ် ဝေါ်ရ လယ်ဌာန-တဲ့၊ အလယ်ဌာန မှာ မခေါ်ဝေါ်ရအောင် ကျင့်ရမယ်၊ အဲဒါကိုထပ်ပြီး ရှင်းလိုက်

ဦးမယ်၊ အလယ် ဌာန ဆိုတာ ဘာလဲ မြင်ခိုက် ကြားခိုက် တွေ့သိခိုက်မှာ ထင်ရှားပေါ်လာတဲ့ ရုပ်နာမ် တွေဘဲ၊ ယခု ယောဂီတွေ ရှုနေရတဲ့ ဟာတွေပါဘဲ၊ ယခု ယောဂီတွေဟာ သတိပဋ္ဌာန်နည်းအရဖြစ်ခိုက် ဖြစ်ခိုက်ကို ရှုနေရတယ်၊မြင်တိုင်း ကြားတိုင်းစသည်တွေ ရှုနေရတယ်၊ စိတ်ကူး စဉ်းစား ကြံစည် တာတွေ ရှုနေရတယ်၊ ညောင်းတာ ပူတာ နာတာ ကျင်တာ ကိုက်ခဲတာ ဒီလို ဝေဒနာတွေကို ရှုနေရတယ်၊ အဲဒီလို ရှုတိုင်း ရှုတိုင်း အလယ်ဌာနမှာ ကိလေသာမဖြစ်ရအောင်လို့ "ရာဂ ဒေါသ မောဟ ဖြစ်နေတယ်"ဆိုတဲ့ စာရင်းမဝင်ရအောင်လို့ သုဂတိ ဒုဂ္ဂတိဘုံတွေရောက်မည့်အနေအားဖြင့် စာရင်းမဝင်ရ အောင်လို့ သံသရာဘဝထဲဖြစ်မည့်အနေအားဖြင့် စာရင်းမဝင် ရအောင်လို့ ဒါတွေကို ရှုမှတ်ပြီး နေရတာတဲ့၊ အဲဒီလို ရှုမှတ်လို့ ရဟန္တာဖြစ်သွားတဲ့အခါကျတော့ ဒီစာရင်းတွေ အကုန်လုံး ရှင်းပြီးဖြစ်သွားတယ်၊ အဲဒီအတိုင်း ပြည့်စုံပြီးစာရင်းရှင်းသွား လို့ရှိယင် သန္တပုဂ္ဂိုလ်ပါဘဲ၊ အဲဒါ ငြိမ်းအေးတဲ့ပုဂ္ဂိုလ်ပါဘဲ။ ကဲ ဆောင်ပုဒ်ကလေး ဆိုကြဦးစို့—

မသေပျက်ခင်၊ တဏှာစင်၍၊ ရှေးတွင်မမှီ၊ နောက်ဆီ မမြော်၊ မခေါ်ဝေါ်ရ၊ လယ်ဌာန၊ သန္တပုဂ္ဂိုလ်မည်။

ဝီတတဏှော ပုရာဘေဒါ၊ ပုဗ္ဗမန္တ မနိဿိတော။
ဝေမဇ္ဈေ နုပသင်္ခေယျော၊ တဿ နတ္ထိ ပုရက္ခတံ။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ပုရာဘေဒါ၊ ခန္ဓာပျက်ကြွေ သည်မှ ရှေးဦးစွာ–ရှေးအဖို့၌ပင်လျှင်။ ဝါ၊ မသေခင် မျက် မှောက်ဘဝ၌ပင်လျှင်။ဝီတတဏှော၊ကင်းသောတဏှာရှိသည်။ ဝါ၊ တဏှာကင်းသည်။ ဟောတိ၊ ဖြစ်၏။ ပုဗ္ဗံ အန္တံ၊ ရှေးအဖို့

ရှေးအစွန်းကို။ အနိဿိတော စ၊ မမှီသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝေမဇ္ဈေ၊ အလယ်ပိုင်းဖြစ်သော ပစ္စုပ္ပန်ကာလတရားအစုဉ်း။ နှ ဥပသင်္ခေယျော စ၊ တပ်မက်သောပုဂ္ဂိုလ် စသည်ဖြင့် မခေါ်ဝေါ်အပ် မရေတွက်အပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ပုရက္ခတံ၊ ရှေးရှုပြုခြင်းသည်။ ဝါ၊ မြော်လင့်တောင့်တမှု တဏှာသည်။ နတ္ထိ၊ မရှိ။ တံ၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်ကို။ ဝေါ၊ စင်စစ်။ သန္တောတိ၊ ငြိမ်းအေးသော ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်ပါသတည်း။

အဲဒါ မြတ်စွာဘုရားက ဖြေတဲ့ ပဌမဆုံးဂါထာဘဲ၊ အဲဒီက နောက် အဖြေ ဂါထာတွေ ရှိပါသေးတယ်၊ သို့သော် အချိန်က လဲ တော်တော် ကြာသွားပြီ၊ ဒီကနေ့တော့ ဒီတွင်ဘဲ တရားသိမ်းကြစို့။ ဒီဂါထာတပုဒ်နဲ့ တရားကတော့ လုံလောက်နေပါပြီ၊ ဒါပေမယ်လို့ ဒီ သုတ်တရားကို ဟောစဉ်အခါတုန်းက တရားနာနေတဲ့ နတ် ဗြဟ္မာတွေထဲမှာ တချို့ကသာ ဒီ ပဌမဂါထာရဲ့ အဓိပ္ပါယ်ကို သဘောပေါက်တယ်၊ တချို့က သဘောမပေါက်ဘူး၊ ဒါကြောင့် အဲဒီ သဘောမပေါက်သေးတဲ့ ပုဂ္ဂိုလ်တွေအတွက် သဘောပေါက်ပြီး မဂ်ဖိုလ်တရားနှင့် ပြည့်စုံသွားအောင်လို့ မြတ်စွာဘုရားက ဆက်လက်ပြီးတော့ နောက်ထပ် တဆယ့်နှစ်ဂါထာကို ဟောတော်မူပြန်ပါတယ်၊ အဲဒီ ဂါထာတွေကိုတော့ လာမည့် သီတင်းကျမှ ဆက်လက်ပြီးတော့ ဟောရမယ်၊ ဒီကနေ့တော့ တရားသိမ်းကြဦးစို့။

ဤပုရာဘေဒသုတ် တရားတော်ကို ရိုသေစွာ နာခံမှတ်သားရသော ဓမ္မသဝနကုသိုလ်ကံ စေတနာ၏ အစွမ်း အာနုဘော်ကြောင့် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည်

မိမိတို့သန္တာန်၌ အနမတဂ္ဂ သံသရာဘဝအဆက်ဆက်က ပါလာခဲ့သော တဏှာတည်းဟူသော သမုဒယသစ္စာတရားကို မသေမီယခု မျက်မှောက် ဘဝမှာပင် ကင်းငြိမ်းနိုင်လောက်အောင် ပါရမီ အစွမ်းသတ္တိရှိသမျှ အားထုတ်နိုင်ကြ၍ ရှေးအဖို့ကို မှီတဲ့ တဏှာဒိဋ္ဌိလဲ ကင်းအောင်၊ နောင်အဖို့ကို မြော်လင့်တောင့်တတဲ့ တဏှာလဲ ကင်းအောင်၊ အလယ်ပိုင်း ပစ္စုပ္ပန် ရုပ်နာမ်နှင့် စပ်ပြီးတော့လဲ ရာဂ, ဒေါသ, မောဟ စသည် ကင်းလျက် စာရင်းရှင်းအောင် အားထုတ် ရှုမှတ်နိုင်ကြ၍ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန် ချမ်းသာမြတ်ကြီးကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု–သာဓု–သာဓု။

# ဒုတိယပိုင်း

ပြီးခဲ့တဲ့ သီတင်းနေ့က ပုရာဘေဒသုတ်ကို စပြီးတော့ ဟောခဲ့တယ်၊ အမေးတဂါထာနဲ့ အဖြေတဂါထာဘဲ ပြီးသေးတယ်၊ ဒီသုတ်မှာ အမေးတဂါထာနဲ့ အဖြေက (၁၃) ဂါထာရှိပါတယ်၊ အဲဒီအထဲမှာ မသေခင်က တဏှာကင်းစင်တယ် ဆိုယင် ရဟန္တာ ဖြစ်နေပါပြီ။

ပြီးတော့ အတိတ်လဲ မမှီ၊ အနာဂတ်လဲ မမြော်၊ အလယ်ပိုင်း ပစ္စုပ္ပန်မှာလဲ ကိလေသာရှုသူလို့ မခေါ် ထိုက်ဘူး ဆိုယင်လဲ ရဟန္တာ ဖြစ်နေပါပြီ။

ရဟန္တာ ဖြစ်ပြီးတဲ့နောက်မှာ ကျင့်စရာ မလိုပါဘူး။ ဒါကြောင့် အဲဒီ ပဌမ ဂါထာဖြင့်ဘဲ တရားက ပြည့်စုံနေပါပြီ။ ဒါပေမဲ့ အဲဒီအခါတုန်းက တချို့နတ်တွေ ဗြဟ္မာတွေက ဒါလောက်နဲ့ နားလည်မှာ မဟုတ်သေးလို့ မြတ်စွာဘုရားက အသေးစိတ်အနေနဲ့ ဆက်လက်ပြီးတော့ ရှင်းလင်း ဟောပြတော်မူပြန်ပါတယ်။

**အက္ကောဓနော အသန္တာသီ၊ အဝိကတ္ထီ အကုက္ကုစော၊**
**မန္တဘာဏီ အနုဒ္ဓတော၊ သ ဝေ ဝါစာယတော မုနိ။**

ယော၊ အကြင် ပုဂ္ဂိုလ်သည်။ အက္ကောဓနော စ၊ အမျက်ထွက်လေ့ မရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ (အမျက်ထွက်ခြင်းလဲ ကင်းရမယ်တဲ့။) အသန္တာသီ စ၊ ပူပန်စိုးရိမ်လေ့ မရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ (ပူပန်စိုးရိမ်ခြင်းလဲ

ကင်းရမယ်တဲ့။) အဝိကတ္ထီ စ၊ ကြွားဝါခြင်း မရှိသည်လည်း။ ဟောတိ၊ဖြစ်၏။(ဒါကတော့ ရှင်းနေပါပြီ။)အကုက္ကုစော စ၊ စက်ဆုပ်ရွံရှာဖွယ်ဖြစ်သော မကောင်းသော ကိုယ်နှုတ် စိတ် အမူအရာမရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ (မကောင်းတဲ့ မလိုလားအပ်တဲ့ စက်ဆုပ်ဖွယ် ရွံရှာဖွယ်ဖြစ်တဲ့ ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာ ကုက္ကုစ္စတွေ ကင်းရမယ်တဲ့။) မန္တဘာဏီ၊ ပညာဖြင့်ချင့်ချိန်၍ ပြောဆိုလေ့ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ အနုဒ္ဓတော၊ စိတ်ပျံ့လွင့်ခြင်း မရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ သ-သော မုနိ၊ ထိုကဲ့သို့သော ရဟန်းသည်။ ဝါစာယတော၊ နှုတ်စကားကို စောင့်စည်းသော ပုဂ္ဂိုလ်မည်သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်ကို။ ဥပသန္တောတိ၊ (ဥပသန္တ) ငြိမ်းအေးသောပုဂ္ဂိုလ်ဟူ၍။ ဗြူမိ၊ ငါဟော၏-တဲ့။

ဒါက ဥပသန္တ ပုဂ္ဂိုလ်ရဲ့ ဂုဏ်အင်္ဂါတွေဘဲ၊ ကဲ–မှတ်မိအောင် ဆောင်ပုဒ်ကလေးက ၄ပြီး ဆိုကြရမယ်။ ဒါပေမဲ့ အနက်အဓိပ္ပါယ် အတော်အတန် သိပြီး ဆိုနိုင်အောင် နည်းနည်းရှင်းပြဦးမယ်။

> အမျက်မပွါး၊ မပူကြွားနှင့်၊ မကြွားဝါခြင်း၊ ကုက္ကုစ်ကင်း၍-တဲ့။

ကုက္ကုစ္စဆိုတဲ့ပုဒ်ကို ဗမာလို တိုတိုကလေး ပြန်လို့မဖြစ်ဘူး။ ဒါကြောင့် သူ့ကိုတော့ ပါဠိအတိုင်းဘဲ ကုက္ကုစ်ကင်း၍လို့ စီထားတယ်၊ ပြီးတော့ ဆိုလျှင်း ချိန်ချင့်တဲ့၊ ပြောဆိုယင် ဉာဏ်ဖြင့် ချိန်ချင့်ပြီး ပြောရမယ်တဲ့၊ ဒါကြောင့် ဆိုလျှင်း

ချိန်ချင့်၊ မပွံ့လွင့် ခြောက်ဆင့် သူ့ဂုဏ်ရည်တဲ့၊ ကဲ–လိုက်ဆိုကြ—

အမျက်မပွါး၊ မပူပြောနှင့်၊ မကြွားဝါခြင်း၊ ကုက္ကုစ်ကင်း၍၊ ဆိုလျှင်း ချိန်ချင့်၊ မပွံ့လွင့်၊ ခြောက်ဆင့် သူ့ဂုဏ်ရည်။

အဲဒါဟာ သန္တပုဂ္ဂိုလ်ရဲ့ ဂုဏ်အင်္ဂါတွေဘဲ၊ ဒီလင်္ကာကလေးက ဆိုရတာ နဲနဲခက်တယ်၊ အပိုဒ်တွေက တပုဒ်နဲ့ တပုဒ် မစပ်တဲ့ ဂုဏ်တွေချည်းဘဲ၊ ဒါကြောင့် ဗမာလို ချောချောကလေးဆိုဘို့ရာ တော်တော်ကို မလွယ်ဘူး၊ ဒါပေမယ့်လို့ ပါဠိနဲ့ဆိုတော့ နားလည်မှာမဟုတ်လို့ မြန်မာနှင့်လင်္ကာကလေးကို ဆောင်ထားရအောင်လို့ သင့်တော်သလိုဘဲ စီထားရတယ်။

## အမျက် မထွက်ရဘူး

အက္ကောဓနော၊ အမျက် ထွက်လေ့ မရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ အမျက်ထွက်လေ့မရှိရဘူးတဲ့၊ လောကမှာ အနာဂါမ်ရဟန္တာ မဟုတ်သေးတဲ့ ပုဂ္ဂိုလ်တွေမှာ အမျက် ဒေါသဆိုတာ ဖြစ်ကြတာပါဘဲ၊ အလိုမရှိအပ်တဲ့ မုန်းစရာ အာရုံနဲ့ တွေ့တဲ့အခါ အမျက်ထွက်တတ်ကြတယ်၊ ပုထုဇဉ် ပုဂ္ဂိုလ်တွေဆိုတော့ အထူးပြောစရာမလိုပါဘူး၊ သောတာပန် သကဒါဂါမ်တွေမှာတောင် ဒေါသက ရှိသေးတာဘဲ၊ အနာဂါမ်ကျမှ ဒေါသကင်းတာ၊ သောတာပန် သကဒါဂါမ်တွေမှာလဲ အနိဋ္ဌာရုံနဲ့တွေ့ယင် ဒီဒေါသက ထွက်လာနိုင်သေးတာဘဲ၊ အနည်းနဲ့ အများလောက်သာ ကွာခြားပါတယ်။

ဒေါသဆိုတာ ကြမ်းတမ်းခြင်းသဘောရှိတယ်၊ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ မဟုတ်ဘူး၊ ဘာနဲ့တူသလဲလို့ ဆိုတော့ မြွေ ဟောက်နဲ့တူတယ်လို့ ဆိုထားတယ်၊ မြွေဟောက်ကို သွားပြီး တော့ တို့လိုက်ယင် တခါထဲ သူက ရှူးကနဲမှုတ်ပြီး ပါးပျဉ်းကြီး နဲ့ ထောင်ထလာတယ်၊ ဒေါသကလဲ အဲဒီမြွေဟောက်ကြီးလိုဘဲ သူ့ကို သွားမတို့လိုက်နဲ့၊ တို့လိုက်ယင် သူက ရှူးကနဲဆို ထိန်း မနိုင် သိမ်းမရ ထလာတတ်တယ်၊ ငါ့မထိနဲ့ မီးပွင့်သွားမယ် ဆိုတာလိုဘဲ သူကဘာမှ အထိအတို့ မခံဘူး၊တချို့များ စကား ကလေး တလုံးတောင် အပြောမခံဘူး၊ စကားတလုံးပြော လိုက်ယင်ကို တခါထဲ ထောင်ပြီး ထလာတော့ဘာဘဲ၊ မြွေ ဟောက်ကြီးလိုဘဲ သူက တရှူးရှူး တရှဲရှဲနဲ့ ဖြစ်လာတယ်၊ လောဘနှင့် ဒေါသဆိုတာ အပြိုင်ယှဉ်ဘက် တရားတွေဘဲ၊ ဒါပေမယ်လို့ လောဘက နူးနူးညံ့ညံ့ဆိုတော့ သိပ်မထင်ရှား ဘူး၊ ဒေါသကတော့ ကြမ်းတမ်းလို့ သူကပိုပြီး ထင်ရှားတယ်၊ ဒေါသက ပုဂ္ဂိုလ်ရဲ့ အခြေအနေကို အစီရင်ခံသလိုပါဘဲ။ အလို မရှိအပ်တဲ့ မကြိုက်တဲ့ အာရုံကလေးနဲ့ တွေ့လို့ရှိယင်ဖြင့် ဒီ ဒေါသက ဖြုံးကနဲ ထလာတယ်၊ ဒီလို ဖြုံးကနဲ ထလာတော့ "ဟာ ဒီလူကြီးက စိတ်ဆိုးတတ်တဲ့ လူကြီးဘဲ၊ ဒေါသ ထိန်း သိမ်းမှု မရှိတဲ့ ပုဂ္ဂိုလ်ဘဲ"လို့ ဖော်ပြသလိုဘဲ သူက အစီရင်ခံ ပါတယ်၊ ဒါကြောင့် ဒေါသကို ကြမ်းတမ်းတယ်လို့ ဆိုရတယ်၊ ပုဂ္ဂိုလ်ရဲ့ အခြေအနေကိုလဲ ထင်ထင်ရှားရှားကြီး ပြတတ်တယ် လို့ ဆိုရတယ်၊ အဲဒီ ကြမ်းတမ်းတဲ့ ဒေါသကင်းအောင် ကျင့် ဘို့ပါဘဲ။

## ကြားရာမှာ ဒေါသ ဖြစ်လွယ်တယ်

ဒီဒေါသက ဘယ်လိုအခါ ဖြစ်တတ်သလဲဆိုယင် မကောင်းတဲ့ အာရုံ မုန်းစရာအာရုံနဲ့ တွေ့တဲ့အခါ ဖြစ်တတ်တယ်၊ မကောင်းတဲ့ အာရုံကို တွေ့ယင် တွေ့တွေ့ခြင်း သူက ဖြစ်တော့တာဘဲ၊ ဒီဒေါသက အကြွေးမထားဘူး၊ မျက်စိထဲ အမြင်မတော်ဘူးထင်ယင်လဲ မြင်မြင်ခြင်း ဒေါသက ဖြစ်တာဘဲ၊ ကြားကြားခြင်းလဲ အကြားမတော်ဘူးထင်ယင် သူက ဖြစ်တော့တာဘဲ၊ အထူးအားဖြင့်တော့ ဒေါသက မြင်ရာမှာထက် ကြားရာမှာ ပိုပြီးတော့ ဖြစ်တတ်တယ်၊ မြင်ရုံနဲ့တော့ အမြင်ကပ်စရာတွေ ဖြစ်ပေမယ်လို့ သိပ်ပြီးတော့ ဒေါသ မဖြစ်လှဘူး၊ မြင်ရာမှာတော့ နဲနဲ သည်းခံနိုင်ပါသေးတယ်။ ချုပ်တည်းလို့ ရပါသေးတယ်၊ ကြားရာမှာတော့ ချုပ်တည်းလို့ တယ်မရတတ်ဘူး၊ တစုံတယောက်က ကဲ့ရဲ့တဲ့ စကားကလေး တလုံးလောက် ပြောလိုက်တယ် ဆိုလို့ရှိယင် တခါထဲ ဒေါသ ထွက်လာတော့တာဘဲ၊ စကားတခွန်းလောက် ဆဲဆိုလိုက်ယင်တော့ ဘယ်ပြောစရာရှိတော့မလဲ ဒေါသတွေက အလှိုင်းတကြီး ထွက်လာတတ်တယ်။

ဒါပေမယ်လို့ ပြောလိုက်တဲ့ စကားကလေးကတော့ အပြောခံရတဲ့သူရဲ့ ကိုယ်ပေါ်မှာ ထိခိုက်ပြီး ပွန်းပဲ့သွားစေတာမဟုတ်ပါဘူး၊ ပြောတဲ့ပုဂ္ဂိုလ်က သူ့ဟာသူ ပြောပြီး အသံကလေး မြည်လာရုံမျှပါဘဲ၊ ကိုယ်မှာလာပြီးတော့ တိုက်ခိုက်သွားတာလဲ မဟုတ်ပါဘူး၊ နာကျင် သွားစေတာလဲ မဟုတ်ပါဘူး၊ ကိုယ်ထဲမှာ ဘာမှ ဖြစ်မသွားပါဘူး၊ ဒါပေမယ်လို့ အဲဒီစကားကလေးကို မခံချိ မခံသာ အင်မတန် ဖြစ်တတ်

ပါတယ်၊ ဘယ်လောက်ထိအောင် မခံချိ မခံသာ ဖြစ်သတုံး ဆိုယင် တဦးနှင့်တဦး သတ်ဖြတ်သည်တိုင်အောင်လဲ ဖြစ်တတ် ပါတယ်၊ တယောက်နှင့်တယောက် စကားပြော မတည့်ရာက စပြီး လူတွေဟာ ရန်ဖြစ်ကြပြီး ရိုက်ကြ သတ်ကြနဲ့ ရာဇဝတ် မှုကြီးလဲ ဖြစ်တတ်ပါတယ်။

အဲဒါတွေဟာ ဘယ်က လာသလဲဆိုတော့ ကြားရတဲ့ အသံကလေးကစပြီး ဖြစ်လာတာဘဲ၊ တနိုင်ငံနဲ့ တနိုင်ငံ စစ်ကြီးတွေ ဖြစ်ကြတာ ကမ္ဘာစစ်ကြီးတွေ ဖြစ်ကြတာတွေလဲ ဒီလို အပြောအဆို နေရာမကျရာက စပြီး ဖြစ်လာတတ်ပါ တယ်၊ ဒါကြောင့် ဒီအသံဟာ တော်တော်ကို ဒုက္ခပေးတတ် ပါတယ်။

ပြီးတော့ မကောင်းတာကို နံရရာကလဲ စပြီး ဒေါသဖြစ် တတ်သေးတယ်၊ သူများအိမ်က ညှော်နံ့တို့ အမှိုက်မီးရှို့နံ့တို့ ဒီလို အနံ့တွေ နံရတဲ့အခါမျိုးမှာ ဖြစ်တတ်တာပါဘဲ၊ ဒါပေမဲ့ တယ်လဲ မများဘူး၊ တယ်လဲ မထင်ရှားတတ်ပါဘူး၊ စား သောက်ရာကလဲ မကောင်းတာ မကြိုက်တာတွေကို စားရတဲ့ အတွက် ဒေါသဖြစ်တတ်သေးတယ်၊ ဒါလဲ တယ်မများလှဘူး။ တယ်လဲ မထင်ရှားလှပါဘူး၊ သို့ပေမဲ့ ဇိဇာကြောင်တဲ့လူ ဆို ယင်တော့ သူစားချင်တဲ့အစာကို မစားရတဲ့အတွက် လင်နဲ့ မယား စကားများပြီး ရန်ဖြစ်ကြတာတွေလဲ ရှိတတ်ပါသေး တယ်၊ ဒါလဲ အလွန် နဲပါတယ်။

## အတွေ့အထိလဲ သည်းမခံနိုင်တတ်ဘူး

ပြီးတော့ အတွေ့အထိမှာလဲ သည်းမခံနိုင်တတ်ကြဘူး၊ မကောင်းတဲ့အတွေ့အထိနဲ့ တွေ့ထိရလို့ရှိယင် စိတ်ဆိုးတတ်ကြတယ်၊ ခြင်တို့ ပရွက်ဆိတ်တို့ အစရှိတဲ့ ဒီလို အကောင်ကလေးတွေက လာကိုက်ယင် စိတ်ဆိုးတတ်ကြတယ်၊ သွားရင်းလာရင်း ခလုတ်တိုက်မိတာတောင် တချို့က စိတ်ဆိုးတတ်ကြသေးတာဘဲ၊ ခလုတ်က သူ့နေမြဲနေရာမှာ တည်နေတာကို ကိုယ်က ဝင်တိုက်ပြီး စိတ်ဆိုးတာကတော့ တော်တော်ကို နေရာမကျတာဘဲ၊ ဥပမာ–လူတယောက်က လာတိုက်လို့ စိတ်ဆိုးတယ်ဆိုယင် တော်ပါသေးတယ်၊ ကိုယ့်ကို လာပြီး တမင်ရိုက်တယ်ဆိုယင်တော့ ဘယ်ပြောစရာ ရှိတော့မှာလဲ ပိုပြီး စိတ်ဆိုးတော့တာဘဲ၊ အဲဒါ ဒေါသတွေ ဖြစ်ပေါ်လာတတ်ပုံပါဘဲ။

ဒီဒေါသဟာ မူလဖြစ်ခါစတုန်းကတော့ သိပ်ပြီး မကြီးကျယ်သေးဘဲ စိတ်ထဲတွင်ဘဲ နောက်ကျုကျု ဖြစ်လာတတ်ပါတယ်၊ ကိုယ်မကြိုက်တဲ့စကားကို လူတယောက်က လာပြီး ပြောတယ်ဆိုယင် ကြားခါစမှာ သိပ်ပြီး မထိခိုက်သေးပေမဲ့ ထပ်ပြီး တွေးလိုက်တဲ့အခါမှာ စကားတခွန်းထဲပေမဲ့ နာကြည်းစရာဖြင့်ပြီးတော့ ဒေါသက တခါတည်း ထလာတတ်တယ်၊ နဲနဲ သည်းခံတတ်တဲ့ပုဂ္ဂိုလ်မှာ တခွန်းလောက်တော့ တယ်ကိစ္စမရှိသေးဘူး၊ စိတ်ထဲမှာ မကြည်မသာ ဖြစ်ရုံလောက်ဘဲ ရှိပါသေးတယ်၊ ဒါပေမဲ့ တခွန်းက နှစ်ခွန်း နှစ်ခွန်းက သုံးခွန်း ထပ်ပြီးကြားယင်တော့ စိတ်ထဲတွင် မကတော့ဘူး၊ မျက်နှာ အမူအရာကလေးတွေပါ ပြောင်းလဲသွားတတ်တယ်၊ မျက်နှာ

တမျိုး ဖြစ်လာတတ်တယ်၊ အောက်သိုးသိုးနဲ့ မျက်စိမျက်နှာ ထား မကြည်လင်တဲ့အနေနဲ့ ကြည့်ရှုတာကို ဘေးကပုဂ္ဂိုလ်က တောင် မြင်ယင် သိနိုင်ပါတယ်၊ အဲဒီတော့ ဒီလူ စိတ်ဆိုးနေပြီ လို့ဆိုတာကို အကဲခတ်တဲ့ ပုဂ္ဂိုလ်က သိသွားပါတယ်၊ အဲဒီ က နောက် ဒေါသက အားကောင်းလာယင် နှုတ်ခမ်းကလေး တွေက ရွရွ ရွရွနဲ့ ပြောမယ်လို့ ဆိုမယ်လို့ လှုပ်ရှားလာ တယ်၊ နောက်တော့ တကယ် ပြောဖြစ်လာတယ်၊ ဘာတွေ ပြောသလဲဆိုတော့ မတော်တဲ့ စကားတွေ ပြောလာတယ်၊ တော်တော်ကြာတော့ ကိုယ်အမူအရာတွေ လှုပ်ရှားလာတယ်၊ ပြောရုံနဲ့အားမရတော့ ရိုက်ဖို့ နှက်ဖို့ရာ အားထုတ် ပြုပြင် လာတယ်၊ နောက်ဆုံးကျတော့ ရိုက်နှက်ခြင်း သတ်ဖြတ်ခြင်း တွေထိအောင် ဖြစ်လာတတ်တယ်၊ ဘယ်ကျအောင် ပြုလုပ် တတ်သလဲဆိုယင် သူတပါးကို သတ်ဖြတ်ပြီးတော့ ကိုယ့်ကိုယ် လဲ သတ်သည် အထိတောင် ဖြစ်တတ်ပါတယ်တဲ့၊ ဒါက တော့ အလွန်ကြီးတဲ့ဒေါသ အကြီးဆုံး ဒေါသလို့ ဆိုရမှာ ပေါ့၊ ဒေါသဟာ မစောင့်ထိန်းနိုင်ယင် ဒီလို တဆင့်ထက် တဆင့် တိုးတက်ပြီးတော့ ကြီးပွါး လာပါတယ်။

## ဖားနှင့် တူတယ်

ဝမ္မိက သုတ်မှာတော့ ဒီဒေါသကို ဥဒ္ဒုမာယိက ဖားနှင့် တူတယ်လို့ ဟောထားပါတယ်။ အဲဒီဖားက လက်နဲ့ ဒုတ်နဲ့ တို့ပေးယင် တိုတိုင်း တိုတိုင်း ကြီးကြီး လာတယ်၊ ရွှေဘို နယ်မှာတော့ အဲဒီ ဖားကို ဖားအုံးလို့ ခေါ်တယ်၊ တချို့ကလဲ ဖားဂုံညှင်းလို့လဲ ခေါ်ကြတယ်၊ တချို့အရပ်က ဖားပြုတ်လို့ ခေါ်သတဲ့၊ ဖားပြုတ်ဆိုတာက အဆိပ်ရှိတယ်၊ ဒီဖားကတော့

အဆိပ်ရှိတဲ့ ဖားမျိုးမဟုတ်ပါဘူး၊ တို့တိုင်းကြီးတဲ့ ဖားလို့ ခေါ်ယင် အားလုံးဘဲ နားလည်နိုင်ပါတယ်၊ ဒီဖားက အမှိုက်တွေအကြား သစ်ပင်ခြေရင်းသစ်ရွက်ဟောင်းတွေအကြား စသည်မှာ နေတတ်ပါတယ်၊ မြေကြီးထဲမှာလဲ ဝပ်နေတတ်တယ်၊ ဒီဖားက သူ့ကို တို့ပေးလိုက်ယင် ကြီးကြီးလာတယ်၊ တဖြည်းဖြည်း တို့ရင်း ကြီးရင်း တို့ရင်း ကြီးရင်းနဲ့ ကြာတော့ မသွားနိုင်တော့ဘူး၊ ပက်လက်လန်နေလို့ရှိယင် ပြန်ပြီးမှောက်တောင်မမှောက်နိုင်တော့ဘူး၊ အဲဒီလို မပြေးနိုင် မသွားနိုင်တော့ ကျီးတွေ ငှက်တွေ ရန်သူတွေ လာပေမယ့်လို့ မပြေးနိုင်တော့ဘူး၊ ဒီတော့ ကျီးစာ ငှက်စာ ဖြစ်သွားတာပေါ့။

ဒေါသကလဲ အဲဒီဖားလိုပါဘဲတဲ့၊ မကောင်းတဲ့အာရုံတွေကို တွေ့ယင် မကြားချင်တဲ့ စကားတွေ ကြားရယင် ဒီဒေါသက ထလာတယ်၊ ထပ်ခါ ထပ်ခါ တိုက်ခိုက်မိယင် တဆင့်ထက် တဆင့် ကြီးကြီးလာတယ်၊ ဒါကြောင့် မပြောသင့်တဲ့ စကားကိုလဲ ပြောမိတတ်တယ်၊ မပြုသင့်တဲ့အမှုကိုလဲ ပြုမိတတ်တယ်၊ အလွန်အကျွံ ဖြစ်လာတဲ့ အခါမှာ သူတပါးကိုလဲ သတ်ပြီး မိမိကိုယ်ကိုတောင်သတ်သေသည်အထိ ဖြစ်လာတတ်ပါတယ်။

## ဆေးမရှိယင် ခံရတယ်, ဆေးရှိယင် သက်သာတယ်

ဒါကြောင့် ဒီဒေါသ ဖြစ်ပေါ်လာယင် ဖြစ်လာစကထဲက သူ့ကို ရှုမှတ်ပြီး ပယ်ရမယ်၊ ပယ်ဘို့ရာ ရှုမှတ်နည်း မရှိတဲ့ ပုဂ္ဂိုလ်တွေမှာတော့ ဘယ့်နှယ်မှမတတ်နိုင်ဘူး၊ ဒေါသဖြစ်လာလို့ရှိယင် ဒီအတိုင်းခံနေရတာဘဲ၊ ဆေးမရှိတဲ့လူမှာ အဖျားတက်လာယင် ကြိတ်မှိတ်ပြီး ခံနေရသလိုပေါ့၊ ဆေးရှိတဲ့

လူဆိုယင်တော့ ရောဂါဖြစ်လာယင် သင့်တော်တဲ့ ဆေးကို ချက်ခြင်းဘဲ သုံးဆောင်ပြီး သက်သာခွင့်ရသွားတယ်၊ ရောဂါ ပျောက်ငြိမ်းပြီးတော့ ကျန်းမာ ချမ်းသာ သွားနိုင်ပါတယ်၊ အဲဒီလိုဘဲ တရားလက်ကိုင် မရှိတဲ့ ပုဂ္ဂိုလ်တွေမှာ ဒီဒေါသ ဖြစ်လာယင် ဘာမှမဘတ်နိုင်ဘူး၊ ဒေါသဖြစ်တာ မကောင်း မှန်းသိပေမဲ့ မပယ်ဖျောက်နိုင်ဘူး၊ဒေါသကြောင့် စိတ်ဆင်းရဲ တာကို ခံနေရတာဘဲ။ တချို့ကတော့ သူများမှာ ဒေါသဖြစ် နေလို့ ဒေါသအလျောက် ပြုလုပ်ပြောဆိုနေတာကို မြင်ရယင် မကောင်းဘူး ဆိုတာ သိပါတယ်၊ ဒါပေမဲ့ မိမိကိုယ်တိုင်မှာ ဒေါသ ဖြစ်နေတဲ့ အခါကျတော့ မကောင်းဘူးလို့ မသိဘဲ ရှိနေဘတ်သေးတယ်၊ ဒေါသ ဖြစ်ပြီးနေရတာကိုက အရသာ ရှိသလိုလဲ ဖြစ်နေတတ်တယ်၊ "သူက တခွန်းပြောယင်, ငါက နှစ်ခွန်း ပြောမယ်" စသည်ဖြင့် အဲဒီ ဒေါသကို သာယာပြီး နေတတ်တယ်၊ဘေးက ပုဂ္ဂိုလ်တွေက "တော်ပါ တန်ပါ သည်းခံ ပါ" စသည်ဖြင့် စိတ်မဆိုးဘို့ ပြောဆိုလို့ရှိယင်လဲ အဲဒီ ဘေးက ပုဂ္ဂိုလ်တွေကိုတောင် စိတ်ဆိုးတတ်သေးတယ်၊ သူက ဒေါသ ငြိမ်းတာကို တယ်မကြိုက်ချင်ဘူး၊ ဒေါသဆိုတဲ့ တရားဟာ ဒီလိုဘဲ ဖြစ်တတ်ပါတယ်၊ တရား လက်ကိုင်ရှိတဲ့ ပုဂ္ဂိုလ်တွေမှာ ဆိုယင်တော့ ဒီဒေါသကလေး ဖြစ်လာလို့ရှိယင် ရှုမှတ်လိုက် ရုံပါဘဲ၊ ရှုမှတ်ပြီးတော့ ဖျောက်ပစ်ရမယ်။

## အာဃာတဝတ္ထု ၉-ပါး

အဲဒီ ဒေါသက အားကြီးလာလို့ ရှိဘင် အာဃာတ ဆိုတဲ့ ရန်ငြိုးတွေ ဖြစ်တတ်တယ်၊ အာဃာတဆိုတဲ့ ရန်ငြိုးတွေ

ဖြစ်ပုံက ပုဂ္ဂိုလ် သတ္တဝါနဲ့ စပ်ပြီးတော့ ကိုးမျိုး ရှိတယ်၊ အဲဒါကို အာဃာတ ဝတ္ထု ၉-ပါးလို့ ခေါ်တယ်။

လူတယောက်က လူတယောက် အပေါ်မှာ မကျေ မနပ် ဖြစ်ပြီး ရန်ငြိုးဖွဲ့တယ်၊ ဘယ်လို ဖွဲ့သလဲ ဆိုယင် ဒီလူဟာ ငါ့အကျိုးမဲ့တွေကို ပြုခဲ့လေပြီဆိုပြီး ရှေးက အကျိုးမဲ့ ပြုခဲ့တာ တွေကို ပြန်လည်စဉ်းစား တွေးတောပြီးတော့ ရန်ငြိုးဖွဲ့တယ်၊ တနေ့ကျယင် သူ့ကိုတော့ ငါတနည်းနည်းနဲ့ လက်စားချေ မယ်လို့ ဒီလို ငြိုးထားတဲ့ သဘောပါဘဲ၊ ပြီးတော့ နောက် တခုက ယခု လောလော ဆယ်ဆယ်မှာလဲ ဒီလူဟာ ငါ့ အကျိုးမဲ့ပြုနေတယ်ဆိုပြီးတော့ ပစ္စုပ္ပန်မှာ အကျိုးမဲ့ပြုတာ အကြောင်း ပြုပြီးတော့လဲ ရန်ငြိုးဖွဲ့တယ်၊ ပြီးတော့ ရှေ့ လျှောက်ပြီးတော့လဲ ငါ့အကျိုးမဲ့ကို ပြုသွားမှာဘဲလို့ တွေး ပြီးတော့လဲ ရန်ငြိုးဖွဲ့တယ်၊ ဒါက ကာလသုံးပါးနှင့် စပ်ပြီး ရန်ငြိုးဖွဲ့ပုံ သုံးပါးတဲ့။

ဒါဟာ လူအချင်းချင်းသာ မဟုတ်ဘူး၊ အခြား သတ္တဝါ တွေအပေါ်မှာလဲ ရန်ငြိုးဖြစ်နိုင်ပါတယ်၊ ခြင်တို့ ကြမ်းပိုးတို့ ပရွက်ဆိတ်တို့ကစပြီးတော့ ရန်ငြိုးဖြစ်နိုင်ပါတယ်၊ ဒီအကောင် တွေဟာ အယင်ကလဲ ငါ့ကို ဒုက္ခပေးခဲ့ပြီ၊ ယခုလဲ ဒုက္ခပေး တုန်းဘဲ နောင်လဲ ဒုက္ခပေးဦးမှာဆိုပြီး ရန်ငြိုးဖွဲ့တယ်၊ ဒီလို ရန်ငြိုးဖွဲ့ပြီး တရားသာ မစောင့်တဲ့ ပုဂ္ဂိုလ် ဆိုယင်တော့ ဒီ သတ္တဝါကလေးတွေကို သတ်ဖြတ်ပြီး ပစ်ကုန်မှာဘဲ၊ ရန်ငြိုး ဖွဲ့ထားပြီ ဆိုမှဖြင့် ကဦး တယောက် တကောင် တလေသာ မဟုတ်ဘူး တပြုံးလုံးကိုလဲ သတ်တတ်တယ်၊ ခွေးအပေါ်မှာ သာပြီး ရန်ငြိုးဖွဲ့တတ်သေးတယ်၊ ဒီခွေးဟာ အယင်ကလဲ ငါ့ကို

ကိုက်ဘူးတယ်၊ ဟောင်ဘူးတယ်၊ အခုလဲ ငါ့ကို ကိုက်ပြန်ပြီ ဟောင်ပြန်ပြီ နောင်လဲ ငါ့ကို ကိုက်ဦးမှာဘဲ ဟောင်ဦးမှာဘဲ လို့ ရန်ငြိုးဖွဲ့ပြီး နင်တော့ တနေ့ကျယင် သိရောပေါ့ဆိုပြီး ကြိမ်းဝါးတတ်တယ်၊ ဒီလို ရန်ငြိုးဖွဲ့တာတွေဟာ နေရာတကာ မှာ ရှိတတ်ပါတယ်။

ယခု ပြောခဲ့တာဟာ ငါ့အကျိုးမဲ့ကို အယင်ကလဲ သူပြုခဲ့ တယ်၊ ယခုလဲ ပြုနေတယ်၊ နောင်လဲ ပြုဦးမှာဘဲလို့ ကာလ သုံးပါးနဲ့ စပ်ပြီး ရန်ငြိုးဖွဲ့ပုံ သုံးပါးတဲ့၊ အဲဒါကိုတော့ နားလည် လောက်ပါပြီ။

ပြီးတော့ ကိုယ်ချစ်ခင် ကိုယ်ကြည်ညိုတဲ့ ပုဂ္ဂိုလ်နဲ့ စပ်ပြီး တော့လဲ ရန်ငြိုးဖွဲ့တာက သုံးပါးရှိတယ်၊ ဘယ်လိုလဲဆိုယင် ငါချစ်တဲ့သူရဲ့ အကျိုးမဲ့ကို အယင်ကလဲ သူပြုခဲ့တယ်၊ အခုလဲ ပြုတယ်၊ နောင်လဲ ပြုဦးမယ်ဆိုပြီး ရန်ငြိုးဖွဲ့တာ သုံးပါးဘဲ။ ပြီးတော့ ကိုယ်မုန်းတဲ့ ပုဂ္ဂိုလ်နဲ့ စပ်ပြီးတော့လဲ ငါမုန်းနေတဲ့ လူကို ဒီလူက အကျိုးပြု အကူအညီ ပေးခဲ့တယ်၊ အကူအညီ ပေးနေတယ်၊ အကူအညီ ပေးဦးမယ်လို့ ဒီလို ရန်ငြိုးဖွဲ့တာက သုံးပါး၊ ပေါင်းလိုက်ယင် အာဃာတဝတ္ထု ၉-ပါး ဖြစ်တယ်။ ပြီးတော့ ပုဂ္ဂိုလ် သတ္တဝါမဟုတ်တဲ့ ခလုတ်ဆူးငြောင့် နေပူ မိုးရွာမှစပြီး စိတ်မဆိုးသင့်တဲ့ အရာမှာ စိတ်ဆိုးတာကလဲ ရှိသေးတယ်၊ အဲဒါကိုတော့ အဋ္ဌာနကောပ-လို့ ခေါ်တယ်။

## စိတ်မဆိုးသင့်ရာ၌ စိတ်မဆိုးခြင်း

ဒီ အဋ္ဌာနကောပဆိုတဲ့ အာဃာတဝတ္ထုပါဆိုယင် အာ- ဃာတ ဝတ္ထု ၁၀-ပါး ဖြစ်တယ်၊ ဒီ အဋ္ဌာနကောပ ဖြစ်ပုံကို

နည်းနည်းချဲ့ပြီး ပြောဦးမယ်၊ ဘယ်လိုလဲဆိုယင် လူက အေးစေချင်တဲ့ အခါမှာ နေက ပူနေလို့ရှိယင် နေက ပူနေရ မလားဆိုပြီး နေပူတာကိုလဲ စိတ်ဆိုးတတ်တယ်၊ မိုးမရွာစေ ချင်တဲ့ အခါမှာ ရွာယင် အဲဒါကိုလဲ စိတ်ဆိုးတတ်တာဘဲ၊ လေမတိုက်စေချင်တဲ့ အခါမှာ တိုက်ယင်လဲ စိတ်ဆိုးတတ်တာ ဘဲ၊ ပြီးတော့ ကိုယ်ထဲမှာ ဖြစ်ပေါ်လာတဲ့ ရောဂါဝေဒနာ တွေ ဆိုတာလဲ ရှိတယ်၊ ဒီ ရောဂါဝေဒနာတွေကိုလဲ စိတ်ဆိုး နေတတ်တယ်၊ ရောဂါဝေဒနာတွေ မပျောက်နိုင်ယင် ပျောက်ခဲ တယ်ဆိုပြီးတော့လဲ စိတ်ဆိုးတတ်တယ်၊ ဒီလိုဟာတွေပေါ့ လေ၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်တဲ့ သဘာဝဓမ္မတွေ အကြောင်း အားလျော်စွာ ဖြစ်ပေါ်လာတဲ့ ဒုက္ခဝေဒနာတွေ, အဲဒါတွေ ကို သည်းမခံနိုင်လို့ စိတ်ဆိုးနေတာလဲ ရှိတယ်၊ ဒါတွေကို အဋ္ဌာနကောပ-လို့ ခေါ်တယ်၊ စိတ်ဆိုးသင့်တဲ့အရာ မဟုတ် တာကို စိတ်ဆိုးနေတာပေါ့၊ တချို့ ဒေါသကြီးတဲ့ ပုဂ္ဂိုလ်များ မှာ လမ်းသွားရင်း လာရင်းနဲ့တောင် ခလုတ်တိုက်မိလို့ရှိယင် အဲဒီခလုတ်နဲ့ စိတ်ဆိုးပြီး ရန်ဖြစ်တတ်သေးတယ်၊ ဒီငုတ်ဟာ ငါ့ကို နင် တိုက်ရမလားဆိုပြီး တချို့က ထပ်ပြီးတော့တောင် တိုက်လိုက်သေးတယ်၊ တချို့ကလဲ တခုခုကို ကိုင်ထားရာမှာ အဆင်မသင့်လို့ လွတ်ကျသွားပြီဆိုယင်ဖြင့် စိတ်ဆိုးပြီးတော့ ထပ်ပြီး ထုလိုက် ရိုက်လိုက်နဲ့ လုပ်တတ်သေးတယ်၊ ဒေါသကြီး တဲ့ ပုဂ္ဂိုလ်တွေဟာ အဆင်မသင့်လို့ မတော်တဆ ဖြစ်သွားတဲ့ ကိစ္စကလေးတွေကိုလဲ လိုက်ပြီး စိတ်ဆိုးနေတာဘဲ၊ တွေ့ကရ စိတ်ဆိုးတတ်တဲ့ ပုဂ္ဂိုလ်လို့ ဆိုရမှာပေါ့၊ ထစ်ကနဲရှိယင် စိတ် ဆိုးတော့တာဘဲ၊ အမျက်တွေ ပွါးတော့တာဘဲ၊ တချို့က ရှုမှတ်လို့ မကောင်းတာတောင် စိတ်ဆိုးနေတတ်သေးတယ်၊

အဲဒီလို အမျက်ဒေါသကလေးတွေကို မဖြစ်ရအောင် သည်းခံရမယ်၊ ဖြစ်ပေါ်လာယင်လဲ မပွါးရအောင်လို့ ရှုမှတ်ပြီး ပယ်ရမယ်။

မမြင်ချင်တာတွေ မြင်တဲ့အခါမှာ ရှုမှတ်ရမယ်၊ မရှုမှတ်မိလို့ ဒေါသတွေ ဖြစ်ပွါးလာယင်လဲ ဒီဒေါသကို ရှုမှတ်ပြီး ပယ်လိုက်ရမယ်၊ မကြားချင်တာတွေ မနံချင်တာတွေ မစားချင်တာတွေ မတွေ့ထိချင်တာတွေ အဲဒီလို အလိုမရှိအပ်တဲ့ အာရုံတွေ ဒွါရခြောက်ပါးက အသိစိတ်ထဲမှာကျရောက်လာလို့ရှိယင် အဲဒါတွေကို ရှုမှတ်ပြီး ပယ်ရမယ်၊ မရှုမှတ်မိလို့ ဒေါသဖြစ်ပေါ်လာယင်လဲ အဲဒီ ဒေါသကို ဖြစ်စကထဲက စပြီးတော့ စိတ်ထဲတွင် ငြိမ်းသွားအောင် ရှုမှတ်ရမယ်၊ ကိုယ်အမူအရာ နှုတ်အမူအရာတွေ မရောက်ရအောင်လို့ ဖြစ်လျှင်ဖြစ်ခြင်း ရှုမှတ်ပြီးတော့ ပယ်သွားရမယ်။အဲဒီလို ပယ်သွားနိုင်လို့ရှိယင် ဝိပဿနာဉာဏ်တွေ ရင့်ကျက်လာတဲ့အခါကျတော့ အရိယာမဂ်ဉာဏ်ရောက်သွားနိုင်တယ်၊ အရိယာမဂ်ဉာဏ် လေးပါးထဲက သောတာပတ္တိမဂ်ဉာဏ် ရောက်ရုံနဲ့တော့ ဒီဒေါသက အကုန်လုံးတော့ မကင်းသေးဘူး၊ ဒါပေမယ်လို့ အပါယ်ကျလောက်တဲ့ ဒေါသတွေတော့ ကင်းသွားပါတယ်။ ဒေါသအရင်းခံပြီးတော့ သူတပါးအသက်ကို သတ်ဖြတ်တယ်ဆိုတဲ့ အပါယ်လားကြောင်း မကောင်းမှုမျိုးကိုတော့ မပြုတော့ဘူး၊ သူ့အသက် သတ်နိုင်လောက်အောင် ပြင်းထန်တဲ့ ဒေါသ ကြီးကြီး ကျယ်ကျယ် မဖြစ်တော့ဘူးလို့ ဆိုလိုပါတယ်၊ ဒေါသကို လွန်လွန်ကျူးကျူး မကြီးပွါးရအောင် ထိန်းသိမ်းသွားနိုင်တယ်၊ ကိုယ်မကြိုက်တဲ့ အာရုံတွေနဲ့ တွေ့တဲ့အခါမှာ စိတ်တော့ ဆိုးဦးမှာဘဲ၊ ဒါပေမယ်

လို့ သတ်နိုင် ဖြတ်နိုင်လောက်အောင်တော့ ဒေါသ မကြီး တော့ဘူး၊ သူတပါး ဥစ္စာကို ခိုးယူဖျက်ဆီးနိုင်လောက်အောင် တော့ ဒေါသ မဖြစ်တော့ဘူး၊ သူတပါး အကျိုးမဲ့ဖြစ်စေဘို့ လိမ်ပြောနိုင်လောက်အောင်တော့ ဒေါသမဖြစ်တော့ဘူး၊ ဒီလို မဖြစ်ယင် သက်သာသွားတယ်လို့ ဆိုရတာပေါ့၊ အနာဂါမိ မဂ်ဖိုလ် ရောက်တဲ့ အခါကာလကျတော့ ဒီဒေါသတွေဟာ အကုန်လုံး ကင်းသွားတယ်၊ ဒါကြောင့် ရဟန္တာ ဖြစ်တဲ့အခါ ကျတော့ ဘယ်ပြောစရာ ရှိတော့မှာလဲ။ အဲဒီအခါကျတော့ ဒေါသတင်တောင် မကဘူး၊ တခြား ကိလေသာတွေပါ အကုန် လုံး ငြိမ်းသွားတယ်၊ ဒါကြောင့် အက္ကောခနော၊ အမျက် ထွက်လေ့ မရှိသည်။ ဟောတိ၊ ဖြစ်၏-တဲ့။ အဲဒီ အမျက်ထွက် လေ့ မရှိတဲ့ အနာဂါမ်ရဟန္တာပုဂ္ဂိုလ်မှာ ဒေါသကိလေသာနှင့် စပ်ပြီးတော့ ဆင်းရဲတွေ ငြိမ်းနေပါတယ်။ ဒါကြောင့် အဲဒီ ပုဂ္ဂိုလ်ဟာ ဥပသန္တပုဂ္ဂိုလ်ဘဲ-တဲ့။

## စိတ်အားငယ်ပြီး မပူပန် မစိုးရိမ်ရ

ပြီးတော့ အသန္တာသီ စ၊ ပူပန်စိုးရိမ်လေ့ မရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ လောကမှာ အများအားဖြင့် မိမိ အလိုရှိတဲ့ အတိုင်း မပြည့်စုံယင် အဲဒါကို အကြောင်းပြုပြီးတော့ စိုးရိမ် ပူပန်ပြီး စိတ်အားငယ်နေတတ်ကြတယ်၊ အဲဒီလို စိုးရိမ်ပူပန် ပြီး စိတ်အားငယ်နေတာကိုပင် ဒီဂါထာမှာ သန္တာသ-လို့ ဆို ပါတယ်။ ရဟန်းတော်များဆိုလို့ရှိလျှင် မိမိအား ကိုးကွယ် ဆည်းကပ်တဲ့ ဒကာ ဒကာမတွေ နည်းပါးယင် အဲဒါကို အကြောင်းပြုပြီးတော့ စိုးရိမ်ပူပန်ပြီး စိတ်အားငယ်နေတတ် ကြတယ်၊ စိတ်အားငယ်ပုံကတော့ ငါ့မှာ လှူဒါန်းထောက်ပံ့

မည့်သူ နည်းတယ်၊ နီးနီးကပ်ကပ် ပြုစု စောင့်ရှောက်မည့်သူ မရှိဘူး စသည်ဖြင့် ကြံတွေးပြီး စိတ်အားငယ်တတ်တယ်၊ ဂိုဏ်းဂဏ အပေါင်းအဖော်တွေကို မရလို့ရှိယင် အားကိုးစရာကင်းမဲ့နေလို့ရှိယင်လဲ စိတ်အား ငယ်တတ်တယ်။

အချုပ်အားဖြင့်တော့ လောကဓံရှစ်ပါးထဲက အနိဋ္ဌဖြစ်တဲ့ လောကဓံတွေနဲ့တွေ့ယင် စိတ်အားငယ်တတ်တယ်၊ လာဘ်လာဘတွေကို မရယင် ငါ့မှာ လိုချင်တာကို မရဘူး၊ မပြည့်စုံဘူးလို့ တွေးတောပြီး စိတ်အားငယ်နေတတ်တယ်၊ ပြီးတော့ အခြွေအရံမရှိယင် ငါ့မှာ သူများလို အခြွေအရံလဲ မပြည့်စုံဘူး၊ ရှိတဲ့အခြွေအရံတွေလဲ ပျက်စီးကုန်တယ်၊ နေမကောင်းထိုင်မသာရှိယင် အရေး အကြောင်း ကိစ္စတခုခုဖြစ်လာယင် အားကိုးစရာမရှိဘူးလို့တွေးပြီး စိတ်အား ငယ်နေတတ်တယ်၊ ပြီးတော့ လူဆိုတာ အချီးမွမ်းသာ ခံချင်တယ်၊ အကဲ့ရဲ့တော့ မခံချင်ဘူး၊ ဒါကြောင့် အချီးမွမ်းမခံရဘဲ သူများ အကဲ့ရဲ့ခံရလို့ရှိယင် စိတ်အား ငယ်နေတတ်တယ်၊ ပြီးတော့ ဆင်းရဲနဲ့ချမ်းသာ နှစ်မျိုးထဲမှာလဲ ချမ်းသာကိုသာ တွေ့ချင်ကြတယ်၊ ဆင်းရဲကိုတော့ မတွေ့ချင်ကြဘူး။ ဒါကြောင့် ကိုယ်အလိုရှိတဲ့အတိုင်း ကိုယ်ချမ်းသာ စိတ်ချမ်းသာနဲ့ မပြည့်စုံဘဲ ဆင်းရဲဒုက္ခတွေကိုသာ တွေ့နေရလို့ရှိယင် ငါ့မှာ ကံမကောင်းဘူး၊ အကျိုးပေးညံ့တယ် စသည်ဖြင့် တွေးပြီး စိတ်အား ငယ်နေတတ်တယ်။

ဒါတွေဟာ မိမိ အလိုရှိတိုင်း မပြည့်စုံတာ မဖြစ်တာကို အကြောင်းပြုပြီးတော့ စိတ်အားငယ်တာပါဘဲ။ အဲဒီစိတ်အားငယ်မှုတွေလဲ မရှိစေရဘူး၊ ကင်းစေ့မယ်တဲ့၊ ဆိုလိုရင်းက

တော့ ကိုယ်အလိုရှိအပ်တဲ့ အသုံးအဆောင် အခြွေအရံ အာရုံဝတ္ထုတွေ မပြည့်စုံခြင်းအကြောင်းပြုပြီးတော့ စိတ်အား ငယ်မနေရဘူးလို့ ဆိုလိုပါတယ်၊ တွေးတောဆင်ခြင်ပြီး အဲဒီစိတ်အားငယ်မှုကလေးများ ပေါ်လာလို့ရှိယင် ရှုမှတ်ပြီး ပယ်ရမယ်တဲ့၊ ဒီလို မရှုမှတ်နိုင်ဘဲ စိတ်အားငယ်နေရုံမျှနှင့် အဲဒါတွေက ရလာမှာ ပြည့်စုံလာမှာ မဟုတ်ဘူး၊ ဘာမှ စိတ်အားငယ်နေစရာ မဟုတ်ဘူး၊ တချို့များလေ သိပ်ပြီး စိတ်အားငယ်တတ်တယ်၊ အဲဒီ စိတ်အားငယ်တတ်တဲ့ ပုဂ္ဂိုလ်တွေကို ဘေးကနေပြီးတော့ စိတ်အားတက်ကြွလာအောင် အားပေးရမယ်၊ တချို့က နေမကောင်း ထိုင်မကောင်းဖြစ်တဲ့အခါတွေမှာ သိပ်ပြီး စိတ်အားငယ်တတ်တယ်၊ တချို့ကတော့လဲ စိတ်အား မငယ်တတ်ပါဘူး၊ ဟယ်–ဘာဘဲဖြစ်နေနေ မြစ်သလိုဘဲ နေရမှာဘဲ၊ သေချင်လဲ သေသွားပါစေဆိုပြီး စိတ်အားကို မလျှော့တဲ့ ပုဂ္ဂိုလ်လဲ ရှိတယ်၊ အမှန်ကတော့ ဘာဘဲ မပြည့်စုံသည်ဖြစ်စေ, ပြည့်စုံသည်ဖြစ်စေ, ရသည်ဖြစ်စေ, မရသည်ဖြစ်စေ, ရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ ဖြစ်ချင်သလို ဖြစ်ပေစေတော့လို့ စိတ်အားမငယ်ဘဲနဲ့ နေနိုင်ရမယ်တဲ့၊ အကယ်၍ စိတ်အားငယ်နေတာတွေ ပေါ်လာလို့ရှိယင် အဲဒါတွေကို ရှုမှတ်ပြီးတော့ ပယ်သွားဘို့ပါဘဲ။

ဒါကြောင့် ဆောင်ပုဒ်ကလေးက "အမျက်မပွါး၊ မပူငြား နှင့်"တဲ့၊ အမျက်ဒေါသ မထွက်စေရဘူး၊ ထွက်လာလို့ ရှိယင် ရှုမှတ်ပြီးတော့ ပယ်ရမယ်။နောက်ပြီးတော့ မပူရဘူးတဲ့၊ကိုယ်အလိုရှိတဲ့ အာရုံဝတ္ထုတွေ အသုံးအဆောင်တွေ အခြွေ အရံတွေ မရခြင်းကြောင့် စိတ်အားငယ်ပြီးနေခြင်းမျိုးကို မဖြစ်

စေရဘူးတဲ့၊ ဖြစ်လာလို့ရှိယင်လဲ ရှုမှတ်ပြီး ပယ်သွားရမယ်၊ ရဟန္တာဖြစ်တဲ့အခါကျတော့ ဒါတွေမရှိတော့ပါဘူး၊ ငြိမ်းသွားပါပြီ၊ အေးသွားပါပြီ၊ ဘယ်အချိန်ကစပြီး မရှိတာလဲဆိုတော့ အနာဂါမ်ဖြစ်တဲ့ အချိန်ကစပြီး မရှိဘဲ ကင်းလာခဲ့တယ်။

## ကြွားဝါခြင်းလဲ မရှိစေရ

အမျက်ထွက်တာ ထိတ်လန့်တာတွေ မရှိရုံတွင် မကဘူး၊ အဝိကတ္ထ-ကြွားဝါခြင်းလဲ မရှိစေရဘူးတဲ့။

ယခု ဟောထားတဲ့ ဒီဒေသနာတော်ဟာ အထူးအားဖြင့်တော့ ရဟန်းတော်တွေကို ရည်ရွယ်ပြီး ဟောတော်မူထားတာ ဖြစ်တယ်၊ ဒါကြောင့် ရဟန်းတော်တွေနဲ့ စပ်ပြီးတော့ ဖြစ်တတ်တဲ့ သဘာဝတွေကို အဋ္ဌကထာဆရာက ဖွင့်ပြပြီးထားပါတယ်၊ ရဟန်းတော်များမှာ ကြွားခြင်း ဝါခြင်းဆိုတာ မရှိစေရဘူး၊ ရှောင်ကြဉ်ရတယ်၊ ဒါပေမဲ့ တချို့က အဆွေအမျိုးနဲ့ စပ်ပြီးတော့လဲ ဆွေကြီး မျိုးကြီးထဲက ဖြစ်လေယောင် ဟန်ဆောင် ဝါကြွားပြီး မဟုတ်တာနဲ့ ပြောတတ်တယ်၊ အခြေအနေနဲ့ စပ်ပြီးတော့လဲ မိမိက သီလ မပြည့်စုံပါဘဲနဲ့ ပြည့်စုံလေဟန် ဝါကြွားပြောတတ်တယ်၊ ပြီးတော့ မိမိက ပရိယတ်ကျမ်းဂန်တွေ မကျွမ်းကျင် မတတ်မြောက်ပါဘဲနဲ့မသိပါဘဲနဲ့ တတ်ယောင် သိယောင် ဝါကြွားပြီးတော့ ပြောတတ်တယ်၊နောက်ပြီးတော့ ပဋိပတ်ဘက်ကလဲ ဓုတင်အစရှိတဲ့ ကျင့်ဝတ်တွေ မကျင့်ပါဘဲနဲ့ ကျင့်လေယောင် ဟန်ဆောင် ဝါကြွားပြီးတော့ ပြောတတ်တယ်၊ ဒီနည်းဖြင့် ဈာန်သမာပတ်တွေတိုင်အောင် ဝါကြွားပြီး ပြောတတ်တယ်၊ လောကုတ္တရာ

တရားတွေတော့ ဒီဒေသနာမှာ မပါဘူး၊ ဒါကြောင့် လောကီ တရားတွေ မိမိမှာ မပြည့်စုံဘဲနဲ့ ပြည့်စုံလေယောင် ဟန်ဆောင် ပြီး ဝါကြွား ပြောဆိုခြင်းမျိုးလဲ မရှိရဘူးတဲ့။

လူဆိုယင်လဲ လောကရေးရာတွေနဲ့ စီးပွါးရေး အခြေအနေ တွေနဲ့ ငပ်ပြီးတော့ ဝါကြွားခြင်းမျိုးမရှိရဘူးတဲ့။ ပြီးတော့ ဆွေမျိုး အခြံအရံပရိသတ်တွေနဲ့စပ်ပြီးတော့ ဝါကြွားခြင်းလဲ မရှိရဘူးတဲ့၊ ဒီလိုဝါကြွားခြင်းဆိုတာဟာ တချို့ကတော့ ဝါသ- နာရှိတယ်၊ ဝါကြွားတတ်တယ်၊ တချို့ကတော့ ပုထုဇဉ်ပေမဲ့ မကြွားမဝါတတ်ပါဘူး၊ ရိုးသားပါတယ်၊ အဲဒီလို ရိုးသားသူ ကတော့ တဲ့တဲ့ဘဲ၊ မရှိယင် မရှိဘူး၊ မဟုတ်ယင် မဟုတ်ဘူးဘဲ မတတ်ယင် မတတ်ဘူးဘဲ၊ဒီလို ဖြောင့်ဖြောင့် မတ်မတ်ပဲ ပြော တတ်တယ်၊ယနေ့ပုဂ္ဂိုလ်ကတော့သူတော်ကောင်းတရားပွဲများ နေတာဖြစ်တဲ့အတွက် အကယ်၍ ကြွားဝါချင်တဲ့ စိတ်ကလေး တွေ ဖြစ်လာယင်တောင် ရှုမှတ်ပြီးတော့ ပယ်ရမှာဘဲ၊ ဒီလို ကြွားဝါချင်တဲ့စိတ် မရှိဘဲနဲ့ ကင်းအောင်ကျင့်နေရမှာတဲ့၊ ဒီလို ကြွားဝါချင်မှုကတော့ သောတာပန်ဆိုယင်ကိုကင်းနေရမှာဘဲ။ ဒါကြောင့် ဒီကြွားဝါမှုတွေ ကင်းအောင် အားထုတ်ရမယ်၊ ရှုမှတ်ပြီးတော့ ပယ်ရမယ်တဲ့၊ကဲ ဆောင်ပုဒ်ကလေးဆိုရမယ်။

အမျက်မပွါး၊ မပူငြားနှင့်၊ မကြွားဝါခြင်း၊
ကုက္ကုစ်ကင်း၍၊ ဆိုလျှင်းချိန်ချင့်၊ မပျံ့လွင့်၊
ခြောက်ဆင့် သူ့ဂုဏ်ရည်။

အဲဒါ ခြောက်ခုရှိတယ်။

(၁) အမျက်မထွက်ခြင်း။

(၂) အလိုရှိတဲ့ အာရုံတွေနဲ့ မပြည့်စုံလို့ စိတ်အား ငယ်ပြီး မပူပန် မစိုးရိမ်ခြင်း။

(၃) ပြောဆိုတဲ့အခါ မကြွားဝါခြင်း။

(၄) ကုက္ကုစ္စ ကင်းခြင်း။

(၅) ပြောစရာရှိတဲ့အခါ ချင့်ချိန်ပြီးတော့ ပြောသင့် ပြောထိုက်တဲ့စကားကိုသာပြောခြင်း၊ပြီးတော့-

(၆) မပျံ့လွင့်ဘဲ သမာဓိရပြီး စိတ်တည်ငြိမ်စွာ နေခြင်း။

အားလုံးပေါင်း ဂုဏ်ခြောက်ခု။

## ကုက္ကုစ္စ ကင်းရမယ်

အဲဒီ ဂုဏ်ခြောက်ခုထဲက ယခု ကုက္ကုစ္စကို ပြောဘို့ရာ ရောက်လာပါပြီ၊ ဒီကုက္ကုစ္စကတော့ တော်တော် ကျယ်ကျယ် ပြန့်ပြန့် ပြောရမယ်၊ မှတ်စရာလဲ ကောင်းပါတယ်၊ လွယ်လွယ် ပြောရမယ်ဆိုယင်တော့ ကုက္ကုစ္စဆိုတာ သုံးမျိုးရှိပါတယ်။

၁။ ဟတ္ထကုက္ကုစ္စနဲ့ ပါဒကုက္ကုစ္စက တမျိုး။
၂။ ဝိနယကုက္ကုစ္စက တမျိုး။
၃။ ဝိပ္ပဋိသာရ ကုက္ကုစ္စက တမျိုး။

အဲဒီလို သုံးမျိုး ရှိပါတယ်၊ ကုက္ကုစ္စ ဆိုတာ မကောင်းသော ပြုမှု စက်ဆုပ်ဘွယ်ကောင်းတဲ့ ပြုမှုတဲ့၊မကောင်းသော အမူအရာ စက်ဆုပ်ဘွယ်ကောင်းသော အမူအရာတဲ့၊ ဘာ-

ကြောင့်တုံးဆိုလို့ရှိယင် အဲဒီ အမှုအရာကို ပြုတဲ့အတွက် ဘာ အကျိုးမှမရှိဘူး၊ အကျိုးမရှိတဲ့ အတွက် ဒီလို အမှုအရာမျိုး ဟာ စက်ဆုပ်ဖွယ် အမှုအရာ မကောင်းတဲ့ အမှုအရာသာ ဖြစ်တဲ့ အမှုလို့ ဆိုရတယ်။

## ၁–လက်ခြေ မငြိမ်တဲ့ ကုက္ကုစ္စ

ရှေးဦးစွာ ပြောရမှာက ဟတ္ထကုက္ကုစ္စနဲ့ ပါဒကုက္ကုစ္စတဲ့၊ အဲဒါ ကတော့ လက်ခြေ မငြိမ်တာပါဘဲ၊ လက်မငြိမ်တာက ဟတ္ထ ကုက္ကုစ္စတဲ့၊ ခြေမငြိမ်တာက ပါဒ ကုက္ကုစ္စတဲ့၊ သတိ သမာဓိ မရှိတဲ့ ပုဂ္ဂိုလ်တွေမှာ လက်ခြေက မငြိမ်ဘူး၊ ပါးစပ် ကလဲ ပြောချင်ရာပြောပြီး လက်တွေ ခြေတွေကလဲ လှုပ်ချင် တိုင်း လှုပ်နေတတ်တယ်၊ တချို့က တရား ဟောနေရင်းလဲ သူ့ လက်ခြေတွေက မငြိမ်ဘူး၊ အမျိုးမျိုး အထွေထွေ လှုပ် ရှားနေတတ်တယ်၊ ကိုယ့်လက် ကိုယ့်ခြေတွေထဲမှာ သတိကင်း လွတ်နေတဲ့သဘောပါဘဲ၊အဲဒီဟာကိုဟတ္ထကုက္ကုစ္စ ပါဒကုက္ကုစ္စ လို့ ခေါ်ပါတယ်၊ ဗမာလိုတော့ လက်မငြိမ်ခြင်း ခြေမငြိမ်ခြင်း လို့ ပြန်ရမှာဘဲ၊ လက်ခြေသာမဟုတ်ဘူး၊ ခေါင်း အမှုအရာ ကိုယ် အမှုအရာတွေ မငြိမ်တာလဲ ဒီကုက္ကုစ္စဘဲလို့ မှတ်ရမယ်၊ အဲဒါတွေကို ကင်းစေရမယ်၊ ဒါကတော့ ရဟန္တာပုဂ္ဂိုလ်ကျမှ လုံးဝကင်းမှာဘဲ၊ သို့သော်လဲ ဒိပြင်ပုဂ္ဂိုလ်တွေလဲ ဒီကုက္ကုစ္စ တွေ ကင်းအောင်လို့ဘဲ ကျင့်နေရပါတယ်၊ ဒါကြောင့် ကင်းတန်သမျှ ကင်းအောင် သတိပြုဘို့လိုပါတယ်၊ သတိရှိနေ တဲ့ ပုဂ္ဂိုလ်မှာ သတိမရှိသူတွေဆက်တော့ ငြိမ်သက်မှု ရှိရမှာ ပေါ့၊ အဲဒါ ကန္ဒရကသုတ်အရဖြင့် ထင်ရှားပါတယ်။

## ကန္ဒရက ကြည်ညိုပုံ

တချိန်တုန်းက ပေဿဆိုတဲ့ လူတယောက်နဲ့ ကန္ဒရကဆိုတဲ့ ပရိဗိုဇ်တယောက် (သာသနာပ ရသေ့ရဟန်းပေါ့လေ)၊ ဒီ ပုဂ္ဂိုလ်နှစ်ယောက်ဟာ မြတ်စွာဘုရားထံ ရောက်လာကြတယ်၊ အဲဒီအခါတုန်းက မြတ်စွာဘုရား၏ အနီးအပါးမှာ ဆည်းကပ်ပြီးနေတဲ့ ရဟန်း သံဃာတွေလဲ ရှိနေပါတယ်၊ ကန္ဒရက ပရိဗိုဇ်က အဲဒီ ရဟန်း သံဃာတော်တွေကို လျှောက်ပြီး ကြည့်တယ်၊ အဲဒီမှာ ရဟန်း သံဃာတော်တွေ အမြောက်အမြား ငြိမ်ပြီး ထိုင်နေတာကို တွေ့ရတယ်၊ ဘယ်ကိုယ်တော်မှ လက်လှုပ်ခြင်း ခြေလှုပ်ခြင်း ခေါင်းလှုပ်ခြင်းမရှိဘူး၊ စကားပြောခြင်း ချောင်းဟန့်ခြင်းလဲ မရှိဘူး၊ ငြိမ်ဝပ်တိတ်ဆိတ်ပြီးတော့ သိမ်မွေ့နေတာကို တွေ့ရတယ်။

တုဏှီဘူတံ တုဏှီဘူတံ–လို့ ပါဠိမှာ ပြဆိုထားပါတယ်၊ သံဃာတော်တွေက အများကြီးပေမယ်လို့ ဟိုဘက်ကို ကြည့်လိုက်လဲ တိတ်ဆိတ်လို့၊ ဒီဘက်ကိုကြည့်လိုက်လဲ တိတ်ဆိတ်လို့ ငြိမ်သက်သိမ်မွေ့နေတာကိုချည်း တွေ့ရတယ်၊ အဲဒီ တိတ်ဆိတ်နေတာကို မြင်ရတော့ သာသနာပ ပရိဗိုဇ်ပေမဲ့ ကြည်ညိုလာတယ်၊ မြတ်စွာဘုရားက ဒီတပည့် ရဟန်းတွေကို ဒီလို သိမ်မွေ့နေအောင်လို့ သွန်သင်ဆုံးမထားတာဟာ သိပ်ပြီး အံ့ဩစရာ ကောင်းတာဘဲ၊ တယ် ကြည်ညိုစရာ ကောင်းတာဘဲလို့ သူ့စိတ်ထဲမှာ သဒ္ဓါတရား ဖြစ်လာတယ်၊ သဒ္ဓါတရားဖြစ်ပြီးတော့ သူက မြတ်စွာဘုရားကို လျှောက်တယ်၊ အရှင်ဘုရား-တဲ့၊ ရှေးရှေးက ပွင့်ခဲ့တဲ့ သမ္မာသမ္ဗုဒ္ဓဘုရားတွေဟာလဲ တပည့်သားတွေကို ဆိတ်ငြိမ်အောင် သိမ်မွေ့အောင်လို့ ဆုံးမတာ

ဟာ ယခု အရှင်ဘုရား သွန်သင် ဆုံးမသလိုရှိမှာဘဲ-တဲ့၊ ရှေးဘုရားတွေရဲ့ ပရိသတ်ဟာလဲ ယခုတွေ့ရတဲ့ ဒီပရိသတ်မျိုး ဖြစ်မှာပါဘဲ-တဲ့၊ နောင်အခါ ကာလမှာ ပွင့်ထွန်း ပေါ်ပေါက်မည့် သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားတွေဟာလဲ တပည့်သားတွေကို သွန်သင် ဆုံးမတာဟာ ယခု အရှင်ဘုရား သွန်သင် ဆုံးမသလို ရှိမှာပါဘဲ၊ နောင် ဘုရားတွေရဲ့ ပရိသတ်ဟာလဲ ယခုတွေ့ရတဲ့ ပရိသတ်လို ရှိမှာပါဘဲ-တဲ့၊ သိမ်သိမ်မွေ့မွေ့နဲ့ တယ်ကြည်ညိုစရာ ကောင်းပါတယ်လို့ သူက လျှောက်တာကိုး။

ဒီလိုလျှောက်တော့ မြတ်စွာဘုရားက ပြန်ပြီး ဟောကြားတော်မူပါတယ်၊ ကန္ဒရက သင်သိတာက ဒီပရိသတ်တွေ ငြိမ်နေတာကိုသာ သိတယ်၊ ဘာကြောင့် ငြိမ်နေသလဲ ဆိုတာကို ငါပြောပြမယ်၊ ဒီပရိသတ်ထဲမှာ တရားကျင့်သုံးပြီး ကိလေသာအာသဝေါ ကုန်ခန်းလို့ သတိသမ္ပဇဉ်နဲ့ အကုန်လုံး ပြည့်စုံနေတဲ့ ရဟန္တာပုဂ္ဂိုလ်တွေ ရှိတယ်လို့လဲ မိန့်တော်မူပါတယ်၊ အဲဒီ ရဟန္တာ ပုဂ္ဂိုလ်တွေအတွက် ဆိုယင်တော့ ဘာမှ ပြောစရာ မလိုဘူး၊ ရဟန္တာတွေ ဆိုတော့ ဒွါရ ၆-ပါးကို အကုန်လုံး လိုက်ပြီးတော့ သတိက ထင်နေတယ်၊ ဘယ်မှာ မကြည်ညိုဘွယ် အမူအရာ ဖြစ်နိုင်တော့မှာလဲ၊ သိမ်သိမ်မွေ့မွေ့ချည်း ဖြစ်နေတာပေါ့။ ပြီးတော့ သေက္ခခေါ်တဲ့ ကျင့်တုန်း ကျင့်ဆဲ ပုဂ္ဂိုလ်တွေလဲ ရှိတယ်လို့လဲ မိန့်တော်မူပါတယ်၊ သေက္ခပုဂ္ဂိုလ်ဆိုတာ အနာဂါမ် သကဒါဂါမ် သောတာပန် ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်၊ အဲဒီ ပုဂ္ဂိုလ်တွေကို သေက္ခလို့ ခေါ်တယ်၊ ကျင့်ဆဲ ပုဂ္ဂိုလ်တွေပေါ့၊ ဘာတွေ ကျင့်နေသလဲ ဆိုတော့ သတိပဋ္ဌာန် တရားလေးပါးကို ကျင့်နေ ကြပါတယ်တဲ့၊

ဒါကြောင့်“စတူသု သတိပဋ္ဌာနေသု သုပ္ပတိဋ္ဌိတစိတ္တာ” လို့ ဖော်ပြထားပါတယ်။

စတူသု သတိပဋ္ဌာနေသု၊ လေးပါးသော သတိပဋ္ဌာန်တို့၌။ သုပ္ပဘိဋ္ဌိတစိတ္တာ၊ ကောင်းစွာတည်တံ့သော စိတ်ရှိကုန်သည် ဖြစ်၍။ ဝိဟရန္တိ၊ နေကုန်၏-တဲ့။ အဲဒီ ပုဂ္ဂိုလ်တွေဟာ သတိပဋ္ဌာန် လေးပါးမှာ စိတ်တည်တံ့ပြီးတော့ နေကြပါတယ်တဲ့။

သတိပဋ္ဌာန် လေးပါးဆိုတာ ဒီက ယောဂီတွေ သိကြပြီး သားပါဘဲ၊ ဒါပေမဲ့ ရှင်းသည်ထက် ရှင်းအောင် ပြောဦးမယ်၊ အဲဒီ သတိပဋ္ဌာန် လေးပါးထဲမှ တချို့က ကာယာနုပဿနာ သတိပဋ္ဌာန်ကို အရင်းခံပြုပြီး နှလုံးသွင်းနေကြတယ်၊ တချို့က ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ တချို့က စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ တချို့က ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဒီတရားတွေကို အရင်းခံပြုပြီး နှလုံးသွင်းနေကြတယ်တဲ့။ ဟုတ်တယ်၊ သတိပဋ္ဌာန်တရား နှလုံးသွင်းနေလို့ရှိယင် ငြိမ်သက်နေတော့တာဘဲ၊ သတိမရှိဘဲ ပြုပြင်တာမှသူ့မှာ မရှိဘဲဟာကိုး၊ဒါကြောင့် ပြုပြင်တဲ့အခါလဲ သတိနဲ့ပြုပြင်တော့ သိမ်သိမ်မွေ့မွေ့ဘဲ ဖြစ်နေတယ်၊ ကိုးယိုးကားယား မဟုတ်ဘူး၊အမြင် မတော်အောင် မရှိဘူး၊ ဘာကြောင့်လဲဆိုတော့ အမြဲတမ်း သတိက လိုက်ပြီးတော့ ရှုမှတ်နေလို့ပါဘဲ၊ ဒါကြောင့် အဲဒီ ပရိသတ်ဟာ လွန်စွာငြိမ် သက် နေတယ်လို့ မြတ်စွာဘုရားက မိန့်တော်မူတယ်။

## ကောသလမင်း လျှောက်ပုံ

ပသေနဒီ ကောသလ မင်းကြီးက မြတ်စွာဘုရားကို လျှောက်ထားတာ တခုလဲရှိတယ်၊ ဘယ်လိုလျှောက်ထားသလဲ

ဆိုတော့–တပည့်တော်တို့ဟာ အာဏာပိုင် မင်းတွေပါ ဘုရား၊ လူတို့ရဲ့ပစ္စည်းဥစ္စာတွေကိုလဲ သိမ်းပြီးတော့ ဒဏ်ထားနိုင်ပါတယ်၊ သတ်ပစ်မယ်ဆိုယင်လဲ သတ်ပစ်နိုင်ပါတယ်၊ တိုင်းပြည်နိုင်ငံမှလဲ နှင်ထုတ်နိုင်ပါတယ်၊ ဒီလို အာဏာတွေ ရှိပါတယ်ဘုရား၊ အဲဒီလို လျှောက်ထားတယ်၊ ဟုတ်တယ်၊ အာဏာပိုင်မင်းတွေဆိုတာ သူတို့လုပ်ချင်တာကို လုပ်နိုင်တယ်၊ ယခုခေတ်ကာလလို ဥပဒေတွေနဲ့ ရုံးတင်ပြီး အမှုကိုစစ်ဆေး၊ ရှေ့နေတွေနဲ့ လျှောက်လဲ ပြောဆိုပြီး ပြစ်မှုထင်ရှားယင် အပြစ်ပေး၊ မထင်ရှားယင် လွှတ်ပစ်၊ ဒီလို မဟုတ်ဘူး၊ ယခု ကာလမှာ ဥပဒေ အရ ဆိုတော့ မသေချာယင်လဲ လွှတ်ပစ်တယ်၊ ဟိုတုန်းက အာဏာပိုင် ဘုရင်တွေကတော့ ယခုလို မဟုတ်ဘူး၊ သူတို့ရဲ့ နှုတ်ထဲမှာ အာဏာက ရှိနေတယ်၊ သတ်လိုက်ဆိုလို့ရှိယင်လဲ သတ်လိုက်ရတော့တာဘဲ၊ ဘာမှလျှောက်လဲလို့ မရဘူး၊ ကိစ္စ ပြီးတော့တာဘဲ၊ ဒီလူကို တိုင်းပြည်မှ နှင်ထုတ်လိုက် ဆိုလို့ရှိယင်လဲ နှင်ထုတ်လိုက်ရတော့တာဘဲ၊ဘာမှမကန့်ကွက်နိုင်ဘူး၊အမိန့် အာဏာအတိုင်းဘဲတည်ရတယ်၊ဒီလောက်အာဏာရှိနေပါတယ်တဲ့။ ဒီလို အာဏာရှိပြီး သက်ဦး ဆံပိုင်ဖြစ်နေပေမယ်လို့ တခါတရံမှာ မင်းကြီး စကားပြောနေတုန်းမှူးကြီး မတ်ကြီးတွေက ထထပြီး စကားပြောလို့ တော်တော်ကို တောင်းပန် ယူရပါတယ်တဲ့၊ ဒါလဲ အခါခပ်သိမ်းတော့မဟုတ်ပါဘူး၊ တခါတရံ ဖြစ်မှာပေါ့၊ တခါတရံမှာ ဘေးကပုဂ္ဂိုလ်တွေက အားမရတာနှင့် ဝင်ပြီးပြောတာ ဖြစ်ပါလိမ့်မယ်၊ အဲဒီလို မရှိမသေနဲ့ ဝင်ဝင်ပြီး ပြောတာလဲ ရှိပါတယ်တဲ့။

မြတ်စွာဘုရား၏ တပည့်သား ပရိသတ်တွေဟာ အလွန်ဘဲ သိမ်မွေ့ပါတယ်၊ မြတ်စွာဘုရားဟာ တပည့် ပရိသတ်တွေ အပေါ်မှာ မင်းမျှားလို အာဏာနဲ့ ဆုံးမတာလဲ မဟုတ်ဘူး၊ ဒုတ်နဲ့ ဓါးနဲ့ လက်နက်နဲ့ ဆုံးမတာလဲ မဟုတ်ဘူး၊ ဘာမှ ခြိမ်း ခြောက်ခြင်း မရှိဘဲနဲ့ သက်သက် အဆုံးအမ ဩဝါဒ ပေး ထားရုံမျှဘဲ ရှိပါတယ်၊ ဒီလို ဩဝါဒ အဆုံးအမ ပေးထား ရုံမျှ ဖြစ်ပေမယ်လို့ မြတ်စွာဘုရားရဲ့ တပည့်ပရိသတ်တွေ ဟာ အလွန်သိမ်မွေ့ ပါတယ်တဲ့၊ တခါက မြတ်စွာဘုရား တရား ဟောနေစဉ်မှာ တရားနာနေတဲ့ ပရိသတ်ဟာ ဆိတ်ငြိမ်ပြီး တော့ အားလုံး ရိုရိုသေသေနဲ့ တရားနာနေကြတယ်၊ အဲဒီ အထဲမှာ ရဟန်းတပါးက ချောင်းဟန့်လိုက်တယ်တဲ့၊ ဒါလဲဘဲ သူ့မှာ အလွန်မနေသာလို့ ဖြစ်မှာပေါ့၊ အောင့်တော့အောင့် ထားရှာမှာပါဘဲ၊ နေမဖြစ်လို့ အဲဒီလို ချောင်းဟန့်လိုက်တော့ အနီးအပါးရှိ ရဟန်းတော်တပါးက ဒူးနဲ့ အသာကလေးတော့ ပြီးတော့ အရှင်ဘုရား တိတ်တိတ်ကလေးတရားနာပါ၊ အသံ ပြုယင် အန္တရာယ်တွေ ဖြစ်ကုန်ပါလိမ့်မယ်၊ ယခု မြတ်စွာဘုရား က တရားဟောနေတယ်၊တရားနာတဲ့ ပုဂ္ဂိုလ်တွေမှာအန္တရာယ် ဖြစ်ကုန်ပါလိမ့်မယ်လို့ ဘေးက ပုဂ္ဂိုလ်က သတိပေးပါတယ်တဲ့၊ အဲဒီလိုလဲ တွေ့ကြုံရပါတယ်တဲ့၊ မြတ်စွာဘုရား၏ တပည့်သား ပရိသတ်တွေဟာ ဟတ္ထကုက္ကုစ္စ-လက်၏ လှုပ်ရှားခြင်း, မငြိမ် သက်ခြင်း၊ ပါဒကုက္ကုစ္စ ခြေ၏ လှုပ်ရှားခြင်း,မငြိမ်သက်ခြင်း၊ ပါးစပ်က တောင်တောင် မြောက်မြောက်တွေ ပြောဆိုနေ ခြင်း၊ချောင်းဟန့်နေခြင်းစသည်ဖြင့် ဒီလိုဟာတွေမသိမ်မွေ့တဲ့ အမူအရာတွေ ကင်းနေကြပါပေတယ်လို့ ပသေနဒီကောသလ မင်းကြီးက လျှောက်ထားတယ်။

အဲဒီလိုဘဲ မြတ်စွာဘုရားသာသနာတော်မှာ သတိသမ္ပဇဉ် တရားတွေနဲ့ ကျင့်နေလို့ရှိယင် ဒီလို သိမ်မွေ့ရမှာဘဲ၊ဒီလိုသိမ်မွေ့ အောင် ကျင့်ရမယ်၊ အားထုတ်ရမယ်။ ဒါပေမဲ့ တချို့ပုဂ္ဂိုလ် တွေက အဲဒီလို သိမ်သိမ်မွေ့မွေ့ မနေနိုင်တော့ တခြားပုဂ္ဂိုလ် တွေ သိမ်သိမ်မွေ့မွေ့နဲ့ နေထိုင်တာကို ကဲ့ရဲ့ ပြောဆိုတတ်ကြ သေးတယ်၊ ဘယ်လိုလဲဆိုတော့ ဟောဒီ ပုဂ္ဂိုလ်ဟာ တရား ဟောတဲ့ အခါကျယင် သိမ်သိမ် မွေ့မွေ့နဲ့ ဟန်ဆောင်ပြီး ဟောနေတယ်၊ ငါတို့ကတော့ ဟန်မဆောင်ပါဘူးဆိုပြီးတော့ ဒူးထောင်ပြီး ဟောလိုဟော ပြောလိုပြော, ကိုးယိုးကားယား လုပ်ပြီး ဟောလိုဟော ပြောလိုပြော လုပ်နေတယ်၊ ဒီလိုလုပ် ပြီး ဟောတာကိုလဲ တချို့ပရိသတ်က ကြိုက်နေတာလဲရှိတယ်၊ လောကမှာ လူတွေဆိုတာ အမျိုးမျိုးရှိတယ်၊ အမှန်ကတော့ ဒီ ဟတ္ထကုက္ကုစ္စ ပါဒကုက္ကုစ္စတွေဆိုတဲ့ လက်မငြိမ် ခြေမငြိမ် ခေါင်းမငြိမ် ကိုယ်မငြိမ် နှုတ်ကလဲ တောင်တောင် မြောက် မြောက်တွေ လျှောက်ပြီးတော့ ပြောတယ် ဆိုတာတွေဟာ သတိသမ္ပဇဉ်မရှိတဲ့ သဘောတွေဘဲ၊သတိသမ္ပဇဉ်ရှိယင် ဒါမျိုး တွေဟာ ကင်းရမှာဘဲ၊ လုံးလုံးမကင်းတောင် နည်းရမယ်၊ နည်းအောင်လို့လဲ ကျင့်ရမယ်၊ ဒါကြောင့် အကုက္ကုစော ဟတ္ထကုက္ကုစ္စ ပါဒကုက္ကုစ္စတွေ ကင်းပါစေတဲ့။

## ၂–ဝိနယ ကုက္ကုစ္စ

နောက် ကုက္ကုစ္စတခုကတော့ ဝိနယ ကုက္ကုစ္စတဲ့၊ ဝိနည်းနဲ့ စပ်ပြီးတော့ အပ်စပ်တဲ့ အရာဝတ္ထုကို အပ်စပ်တာမှ ဟုတ်ရဲ့ လားလို့ ယုံမှားဖြစ်တယ်၊ မအပ်စပ်တာကို အပ်စပ်တာလေ လားလို့ ယုံမှားဖြစ်တယ်၊ အချိန်ကာလ ဟုတ်လျက်သားနဲ့

အချိန်ကာလ ဟုတ်မှဟုတ်ရဲ့လေလားလို့ ယုံမှားဖြစ်တယ်၊ ဤသို့ စသည်ဖြင့်ပေါ့လေ၊ အပ်လေသလား မအပ်လေသလား, လုပ်ကောင်းလေသလားမလုပ်ကောင်းလေသလား, သုံးဆောင်ကောင်းလေသလား မသုံးဆောင်ကောင်းလေသလားလို့ ဒီလို ယုံမှားမှု ကုက္ကုစ္စ ဖြစ်နေတယ်၊ ဒါလောက် ကုက္ကုစ္စဖြစ်ရုံတော့ အပြစ်မရှိသေးဘူး၊ ဒါမျိုးကတော့ ဝိနည်းနဲ့စပ်ပြီးတော့ ဖြင်ရမှာဘဲ။ ဒီလိုကုက္ကုစ္စဖြစ်တာဟာ ရဟန်းတော်များရဲ့ ဂုဏ်တခုဘဲ၊ တချို့ကတော့ ဘာမှမဆင်ခြင်ဘူး၊ ကုက္ကုစ္စမဖြစ်ဘူး၊ ဒီလို သံသယ ကုက္ကုစ္စ မဖြစ်တော့ လုပ်ချင်ရာတွေ လုပ်တယ်၊ ဒါကြောင့် အဲဒီလိုပုဂ္ဂိုလ်မှာ ဘာမှုလဲမစင်ကြယ်ဘူး၊ သုံးဆောင်ကောင်း မသုံးဆောင်ကောင်းလဲ မဆင်ခြင်ဘူး၊ အကုန်လုံး တွေ့ကရ လျှောက်ပြီးတော့ သုံးဆောင်နေတာဘဲ၊ ဝိနည်းကို ဂရုမစိုက်ဘူးလို့ ဆိုရမှာပေါ့၊ ဒီလို ဂရုမစိုက်ပြန်တော့လဲ ကဲ့ရဲ့စရာတမျိုးဘဲ။ ယခုပြောခဲ့တဲ့ ဝိနယ ကုက္ကုစ္စကတော့ ကင်းရမှာ မဟုတ်ပါဘူး၊ ဒီကုက္ကုစ္စကတော့ ဖြစ်သင့်တဲ့နေရာမှာ ဖြစ်ရမှာဘဲ၊ အပ်သလား မအပ်သလားဆိုတာတော့ ဆင်ခြင်ရမှာဘဲ၊ ဒါပေမဲ့ စိတ်ထဲမှာ ယုံမှားသံသယ ရှိလျက်သားနဲ့ အဲဒီ ယုံမှားရှိတဲ့ ပစ္စည်းကို သုံးဆောင်ယင်တော့ အာပတ်သင့်တယ်၊ အဲဒီလို ကုက္ကုစ္စကြောင့် အာပတ်သင့်မှုမျိုးကတော့ ကင်းရမယ်၊ ယုံးမှားကုက္ကုစ္စ ရှိနေတာကို မသုံးဆောင်ဘဲ မပြုဘဲ ရှောင်ရမယ်၊ ဒါပါဘဲ။

## ၃–နောင်တတဖန် ပူပန်တဲ့ ကုက္ကုစ္စ

နောက်ကုက္ကုစ္စတခုကတော့ ဝိပ္ပဋိသာရ ကုက္ကုစ္စတဲ့၊ နှလုံးမသာယာမှုဖြစ်တဲ့ကုက္ကုစ္စပေါ့၊ ဒီလိုနှလုံးမသာယာမှု ကုက္ကုစ္စ

ကလဲ နှစ်မျိုးရှိတယ်၊ ပြုမှားမိတာကြောင့်လဲဖြစ်တယ်၊ မပြုမိတာကြောင့်လဲ ဖြစ်တယ်၊ပြုမှားမိတယ်ဆိုတာကတော့ ဒုစရိုက်အမှုတွေပေါ့၊မတော်တဲ့ ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက် အဲဒီ ဒုစရိုက်မှုတွေကို ပြုမှားမိလို့ရှိယင် ဒီပြုမှားမိတာကို ပြန်လည် စဉ်းစားပြီးတော့ "ဪ-ဖြစ်မှဖြစ်ရခလေခြင်း ပြုမှုပြုမိလေခြင်း"လို့ ပြန်ပြီးတော့ စိတ်နှလုံး မသာမယာ ပူပန်နေတတ်တယ်၊ ငါဟာ ဒီလိုအမှုတွေကို ပြုမိတယ်၊ ဒီလိုအပြောမျိုးတွေကို ပြောမိတယ်လို့ ကြံတွေးပြီး မိမိပြုခဲ့တဲ့ အပြုအမူ အပြောအဆိုတွေ ပြန်လည် စဉ်းစားပြီးတော့ စိတ်ထဲမှာ တအုံနွေးနွေးနဲ့ နှလုံးမသာယာ ပူပန်ပြီးနေတတ်တယ်၊ အဲဒါက ဝိပ္ပဋိသာရ ကုက္ကုစ္စခေါ်တယ်၊ အဲဒီလို ကုက္ကုစ္စကတော့ ကင်းရမှာပေါ့၊ ဒါကတော့ မတော်မသင့်တဲ့ အမှုတွေ ပြုမိတာ မရှိတဲ့အတွက် ကင်းနေတာလဲရှိတယ်၊ ဒီလိုကင်းနေယင်လဲ ကောင်းတာပါဘဲ၊ဒါပေမယ်လို့ အဲဒီနည်းနဲ့တော့ လုံးလုံးကင်းဘို့ရာခဲယဉ်းပါတယ်၊ အမေမွေးလာကထဲက ယခုရောက်နေတဲ့ အသက်အရွယ်ထိအောင် ဘာမှ အမှားအယွင်းမပြုခဲ့ဘူး၊ စင်းလုံးချော စင်ကြယ်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ကတော့ အင်မတန်ကို ရှားပါးလိမ့်မယ်၊ ဒီ ပူပန်မှုကလေးတွေကသာ ဖြစ်, မဖြစ် ထူးခြားကြမယ်၊ အနဲနဲ့အများ မှားမှုကတော့ ရှိကြမှာဘဲ၊ ဒါခကြောင့် ဒီ ပူပန်မှုကလေးတွေက ပေါ်ချင်လဲ ပေါ်လာမယ်၊ ဒီလိုပေါ်လာတဲ့ အခါမှာ ရှုမှတ်ပြီး ပယ်ရမယ်၊ ဒီ ပြုမှားမှုတွေဟာ ရှေးကဖြစ်ပြီးသားတွေဘဲ၊ ယခုမှ ပြန်ပြီးတွေးပူနေလို့ အကျိုးမရှိတော့ဘူး၊ ဒါကြောင့် နောင်အခါမှာ ဒါမျိုးတွေကို မလုပ်တော့ဘူးလို့ နှလုံးသွင်းဆင်ခြင်ပြီးတော့ယင်လဲ

ပယ်ရမယ်၊ ပေါ်လာသမျှကို ရှုမှတ်ပြီးတော့ယင်လဲ ပယ်ရမယ်၊ အဲဒီလို ပယ်နိုင်ယင်တော့ အကောင်းဆုံးဘဲ။

ပြုသင့်တဲ့ အမှုတွေကတော့ ကုသိုလ်ကောင်းမှုတွေဘဲ၊ ဒါနသီလစသော ကောင်းတဲ့ အမှုအကျင့်တွေပါဘဲ၊ ပြုသင့်ပြုထိုက်တဲ့ အဲဒီ ကုသိုလ်ကောင်းမှုတွေကို မပြုမိတဲ့အတွက်လဲ ပူပန်တတ်တယ်၊ ငါ့မှာ ဒါနမှုလဲ မပြုရဘူး၊ သီလမှုလဲ မပြုရဘူး စသည်ဖြင့် အဲဒီလို ပူပန်တတ်တယ်၊ ဒီလို ပူပန်မှုတွေလဲ ကင်းရမယ်၊ ပြုသင့်တဲ့ ဒါနမှု သီလမှုတွေကို ကိုယ့်အင်အားနဲ့ကိုယ် တတ်နိုင်သလောက် ပြုရမယ်၊ ဘုရားရှိခိုးချိန်တန်ယင် ရှိခိုးလို့၊ ဆရာသမားတွေ အရိုအသေ ပြုချိန်တန်ယင် အရိုအသေပြုလို့၊ အဲဒီလို ပြုသင့်ပြုထိုက်တာတွေကို မိမိစွမ်းအားရှိသလောက်ပြုထားလို့ရှိယင် ပူပန်စရာမရှိပါဘူး၊ ဒီလို မပူပန်ရအောင်လို့ ပြုသင့်ပြုထိုက်တာတွေကို အကုန်လုံးပြုသွားရမယ်လို့ ဆိုပါတယ်၊ အကယ်၍ မပြုမိဘဲ လိုနေတာလစ်လပ်နေတာရှိယင် နောက်ကြောင်းပြန်တွေးပြီး စိတ်မအေးပဲ စိတ်ပူပန်မှုတွေ တရံတခါ ဝင်လာလိမ့်မယ်၊ "ငါဟာ ဟိုတုန်းက ဒီကုသိုလ်ကလေး ပြုမယ်လို့ ကြံစည်ထားတာဘဲ မပြုလိုက်မိဘူး၊ ငါ့ဆရာကြီးနဲ့တွေ့တုန်းက အရိုအသေပေးရမည့်ကိစ္စကို မပေးလိုက်မိဘူး" စသည်ဖြင့် ပူပန်မှုကလေးတွေက ဝင်လာတတ်ဘယ်၊ ဒီလို ဝင်လာလို့ရှိယင် ရှုမှတ်ပြီး ပယ်ရမယ်၊ နောင်အခါမှာဆိုယင် ဒီသို့မချွတ်ယွင်းစေရဘူး၊ ပြုသင့်ပြုထိုက်တာကို အပြည့်အစုံ ပြုမယ်လို့ နှလုံးသွင်းပြီးတော့လဲ ပယ်လိုက်ပါတဲ့။

## အရေးကြီးတဲ့ ကုက္ကုစ္စ

ဒီ ကုက္ကုစ္စတွေထဲမှာ အထူးအားဖြင့် အရေးကြီးတာက တော့ ငါဟာ သီလတွေ ပြည့်ပြည့်စုံစုံ မကျင့်ရသေးဘူးဆိုပြီး တော့ ပူပန်တတ်တယ်၊ သမာဓိလုပ်ငန်းတွေကိုမကျင့်ရသေးဘူး ဆိုပြီးတော့လဲ ပူပန်တတ်တယ်၊ ပညာလုပ်ငန်းတွေကို မကျင့်ရ သေးဘူးဆိုပြီးတော့လဲ ပူပန်တတ်တယ်၊ အရိယာ မဂ်ဖိုလ် တရားတွေကို မရသေးဘူး၊ မရောက်သေးဘူး၊ မပြည့်စုံသေးဘူး ဆိုပြီးတော့လဲ ပူပန်တတ်တယ်၊ ငါ့မှာ ဘဝသံသရာထဲ ထောက် ရာ တည်ရာ မပြည့်စုံသေးဘူး ဆိုပြီးတော့လဲ ပူပန်တတ်တယ်၊ အေး-ဒီ ပူပန်မှုတွေက အရေးကြီးတယ်၊ ဒီ ပူပန်မှုတွေ မဖြစ် ရအောင်လို့ဘဲ ယခု ကျင့်နေရတာ မဟုတ်လား၊ ယခု တရား အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီ ပူပန်မှုတွေ ငြိမ်းအောင်လို့ အားထုတ်နေကြရတာဘဲ၊ ကိုယ်က ပြည့်ပြည့်စုံစုံ တရားတွေ အားထုတ်ထားယင်တော့ ပူပန်စရာ ဘယ်ရှိတော့မလဲ၊မပူပန်ရ တော့ဘူးပေါ့၊စိတ်အေးလက်အေးဖြစ်ပြီး ဝမ်းသာအားရဘို့ဘဲ ရှိနေပါတယ်၊အရေးကြီးတာက တခြားအခါထက် သေခါနီးမှာ သာပြီး အရေးကြီးတယ်၊ သေခါနီးကျလို့ရှိယင် ပြန်စဉ်းစား လိမ့်မယ်၊ ဘယ်လိုလဲဆိုတော့ ငါ့မှာ ဘဝ၏ထောက်ရာတည်ရာ ကလေးများ ပြည့်စုံပြီလားလို့ ပြန်လှည့် ကြည့်လိုက်တဲ့အခါ မပြည့်စုံသေးလို့ရှိယင်ဖြင့် ပူပန်တော့မှာဘဲ၊ အဲဒီလို မပူပန်ရ အောင်လို့ စောစောကထဲက အားထုတ် ထားရတာပါဘဲ။

## ဂိလာနရဟန်းငယ် ဝတ္ထု

မြတ်စွာဘုရားလက်ထက်တော် ကာလတုန်းက ဂိလာန ရဟန်းတော်တပါး ရှိတယ်တဲ့၊ ဒီလို ရဟန်းတော်တွေ တပါး တော့ မကပါဘူး၊ တော်တော်များများဘဲ ရှိပါတယ်၊ ဒါပေမဲ့ အမှတ်ရလွယ်အောင်လို့ တပါးဘဲပြောရတယ်၊ ဒီရဟန်းတော် တပါးဟာ မကျန်းမမာ ဖြစ်တာနဲ့ မြတ်စွာဘုရားထံ သွားပြီး တော့ အလျှောက်ခိုင်းတယ်၊ မြတ်စွာဘုရား ရဟန်းငယ်တပါး မကျန်းမမာ အသဲအသန် ဖြစ်နေပါတယ်ဘုရား၊ အညတရ မထင်ရှားတဲ့ ပုဂ္ဂိုလ်လဲ ဖြစ်ပါတယ်ဘုရား၊ အဲဒီပုဂ္ဂိုလ် ကလေးထံ ကြွရောက်ပြီးတော့ တရား ချီးမြှင့်တော်မူပါလို့ အလျှောက်ခိုင်းလိုက်ဘယ်။

ခိုင်းလိုက်တဲ့ အတိုင်း ရဟန်းတပါးက သွားပြီးလျှောက် တော့ မြတ်စွာဘုရားက ရဟန်းငယ်တပါး မကျန်းမမာ ဖြစ် နေတယ်ဆိုတာ ကြားရတာနဲ့ သနားတာက တကြောင်း၊ပြီး တော့ မထင်မရှား အညာတရဆိုတော့ ပြုစုမည့်သူ မရှိပေဘူးလို့ နှလုံးသွင်းပြီး ချီးမြှောက်လိုတာကတကြောင်း ဒီအကြောင်း နှစ်ပါးကြောင့် ချီးမြှောက်မယ်ဆိုပြီး ဘုရားကိုယ်တိုင် ကြွ တော်မူတယ်။

ကြွလာလို့ ရောက်တဲ့အခါမှာ မေးတော်မူတယ်၊ချစ်သား သင့်ရောဂါ ဝေဒနာ ဘယ့်နှယ်နေသလဲ၊ ယခု ငါဘုရား ကြွလာတုန်း ဆုတ်ယုတ်ရဲ့လား, သက်သာရဲ့လား ဘယ့်နှယ်နေ သတုန်းလို့ မေးတော်မူပါတယ်၊ ဒီတော့ ရဟန်းတော်ကလေး မှာ အားကိုးထားတဲ့ ဘုရားကိုယ်တော်တိုင် ကြွပြီး ဒီလို မေး တော်မူတယ်ဆိုတော့ အားတက်ရှာမှာပေါ့လေ၊ ဒါပေမယ်လို့

ရောဂါက မသက်သာဘူး၊ ဒါကြောင့် မြတ်စွာဘုရား တပည့်တော်ရဲ့ရောဂါဟာ မဆုတ်ယုတ်ပါဘူး၊ တိုးတက် နေပါတယ်ဘုရားလို့ လျှောက်ထားတယ်။ ဒီလို ရောဂါတိုးနေတာကိုသိပြီးဖြစ်ပေမဲ့ မကျန်းမမာတဲ့ ပုဂ္ဂိုလ်ကို စပြီးမေးလို့ရှိယင် ဒီလိုမေးရမှာဘဲ၊ဒါပေမဲ့ လိုရင်းကတော့ မြတ်စွာဘုရားကြွလာတာဟာ တရားဟောဘို့ပါဘဲ၊ ဒါကြောင့် မြတ်စွာဘုရားက ဆက်လက်ပြီး မေးတော်မူပြန်တယ်၊ ချစ်သား ဘယ့်နှယ်လဲ သင်ရဲ့စိတ်ထဲမှာ စိတ်နှလုံးပူပန်မှု ကုက္ကုစ္စများ ရှိသေးသလားလို့ မေးတော်မူတော့ "မှန်လှပါ မြတ်စွာဘုရား တပည့်တော်မှာ စိတ်နှလုံး ပူပန်မှုတွေ အများကြီး ရှိနေပါတယ်ဘုရား" လို့ ဒီလို လျှောက်တယ်။

အနုပ္ပကံ ကုက္ကုစ္စံ အနုပ္ပကော ဝိပ္ပဋိသာရော–စိတ်နှလုံးပူပန်မှုတွေ အများကြီးဖြစ်နေပါတယ်ဘုရားလို့ လျှောက်ထားတော့ မြတ်စွာဘုရားက ချစ်သား သင့်မှာသီလနှင့်စပ်ပြီးတော့ စိတ်ပူပန်ရသလားလို့မေးတော်မူပါတယ်၊သီလနှင့်စပ်ပြီးတော့ ဘာမှ စွဲလန်းစရာ ပူပန်စရာ မရှိပါဘုရားလို့ လျှောက်တယ်။ ရဟန်းတော်များမှာ အရေးကြီးတာက သီလနှင့်စပ်ပြီးတော့ ပူပန်မှုဖြစ်တတ်တယ်၊ ငါသီလ မစင်ကြယ်ဘူး၊ဘယ်အာပတ်က သင့်နေတယ် စသည်ဖြင့် စိတ်ပူပန်မှုဖြစ်တတ်တယ်၊ ရဟန်းမှာ အဲဒါက အရေးကြီးပါဘယ်၊ လူမှာတော့အလွယ်သားဘဲ၊လူမှာ ငါးပါးသီလ ပျက်နေတယ်လို့ဆိုယင် ဒီငါးပါးသီလ ဆောက်တည်လိုက်ရုံနဲ့ စင်ကြယ်သွားတာဘဲ၊ ဒါကြောင့် လူမှာတော့ ဘာမှမခက်ပါဘူး၊ ရဟန်းမှာတော့ နဲနဲခက်တယ်၊ တချို့အာပတ်တွေက ဒေသနာကြားရုံနဲ့လဲ မပြီးသေးဘူး၊ ပစ္စည်း

တွေ့စွန့်ရ, ပရိဝတ်မာနတ်ကို ဆောက်တည်ရနဲ့ တော်တော်ကို ကြပ်နေပါတယ်၊ ဒါကြောင့် သီလနှင့်စပ်ပြီးတော့ ပူပန်တတ်တယ်၊ အဲဒါကြောင့် မြတ်စွာဘုရားက သီလနှင့်မျှားစပ်ပြီး ပူပန်မှုရှိသလားလို့ မေးတော့ ရဟန်းငယ်က သီလနှင့်စပ်ပြီး ပူပန်မှုမရှိပါဘူးတဲ့။

## မြတ်ဗုဒ္ဓသာသနာ၏ ရည်မှန်းချက်

ဒီတော့ သီလစင်ကြယ်နေလို့ရှိယင် သင်ရဟန်းမှာ ဘာပူစရာ ရှိသေးသလဲလို့ မြတ်စွာဘုရားက ထပ်ပြီး မေးတော်မူပြန်တယ်၊ သူ့အမူကလေးပေါ်လာအောင်လို့ မေးတာပါဘဲ၊ ဒီတော့ ရဟန်းငယ်က လျှောက်တယ်၊ အရှင်ဘုရားတပည့်တော် သိနားလည်ထားတာကတော့ မြတ်စွာဘုရား၏သာသနာတော်မှာ မြတ်စွာဘုရား ဟောကြားထားတဲ့ တရားဟာ သီလစင်ကြယ်ဘို့ရာလောက် ကျင့်ရတဲ့ တရားမဟုတ်ဘူးလို့ နားလည်ထားပါတယ်၊ ဘုရားသာသနာဟာ သီလစင်ကြယ်ဘို့လောက်အတွက် ကျင့်ရတာမဟုတ်ဘူးလို့ တပည့်တော် နားလည်ထားပါတယ်လို့ လျှောက်ထားပါတယ်။

ချစ်သား သီလစင်ကြယ်ဘို့ရာလောက် မဟုတ်ယင် ဘယ်အတွက်လို့ သင်နားလည်ထားသလဲလို့ မေးတော်မူတော့ "ရာဂ ဝိရာဂတ္ထံ-တပ်မက်သော ရာဂကင်းရန်အလို့ငှါ တပ်မက်သော ရာဂကင်းသော နိဗ္ဗာန်အလို့ငှါ။ အနုပါဒါပရိနိဗ္ဗာနတ္ထံ-အစွဲအလမ်းမရှိ ဆင်းရဲခပ်သိမ်း ငြိမ်းရန်အလို့ငှါ ကျင့်ရမယ်လို့ ရှင်တော်ဘုရား ဟောကြားထားပါတယ်၊ ဒီအတိုင်း တပည့်တော် နားလည်ထားပါတယ်၊ နားလည်သည့်အတိုင်း

ရာဂ-တပ်မက်ခြင်းကင်းအောင်, တပ်မက်ခြင်းကင်းတဲ့ နိဗ္ဗာန်ကို ရောက်အောင်, စွဲလမ်းမှု ကိလေသာဟေ့ အကုန်လုံးကင်းငြိမ်းပြီးတော့ ဆင်းရဲတွေ အကုန်လုံး ငြိမ်းတဲ့နိဗ္ဗာန်ကို ရောက်အောင်လို့ တပည့်တော် အားထုတ်နေပါတယ်၊ သို့သော်လဲ အဲဒီနိဗ္ဗာန်ကို တပည့်တော်မရောက်သေးပါဘူးဘုရား၊ ဒါကြောင့် တပည့်တော်မှာ စိတ်ပူပန်ခြင်းတွေ အများကြီးဖြစ်နေပါတယ်ဘုရား''လို့ လျှောက်ထားတယ်။

## သေခါနီးမှာ ထောက်တည်ရာရှိဘို့ အရေးကြီးတယ်

ဟုတ်တယ် ရဟန်းတော်ကလေး လျှောက်တာ တော်တော် သဘာဝကျတယ်၊ အဲဒါကြောင့် စုတေခါနီး သေခါနီးကျလို့ ရှိယင် အရေးအကြောင်းက ရှိလာတော့ ထောက်တည်ရာရှိဘို့ရာက အရေးကြီးတယ်၊ တခြားအရေးကြီးတာထက် ဒီထောက်တည်ရာရဘို့က သေခါနီးမှာ ပိုပြီး အရေးကြီးတယ်၊ ထောက်တည်ရာမရှိသေးယင် စိတ်နှလုံး ပူပန်စရာတွေဖြစ်လာတတ်တယ်၊ ''ငါ့သီလ စင်ကြယ်နေတာဘဲ၊ ငါဟာ ဒီဘဝက သေပြီးယင် နောက်ဘဝ နတ်ပြည်ရောက်မှာဘဲ''လို့ နတ်ပြည်လောက်အာရုံပြုနေတဲ့ပုဂ္ဂိုလ်မှာတော့ သီလစင်ကြယ်ယင် ပူပန်စရာမရှိဘူးပေါ့၊ နောက်ဘဝမှာ ကောင်းစားမှာဘဲဆိုပြီး စိတ်ချနေမှာပေါ့၊ ဒီရဟန်းတော်ကလေးမှာတော့ သူက နတ်ပြည်လောက်ရည်ရွယ်တာ မဟုတ်ဘဲကိုး၊ နိဗ္ဗာန် မဂ်ဖိုလ်ကို ရည်ရွယ်ပြီးထားတော့ သူရည်ရွယ်တဲ့ နိဗ္ဗာန်မဂ်ဖိုလ်ကို မရသေးလို့ သူ့မှာ စိတ်ပူပန်မှုတွေ ဖြစ်နေရှာတယ်၊ အဲဒါဟာ ကုက္ကုစ္စဘဲ၊ ဒီကုက္ကုစ္စမျိုးတွေ ကင်းသွားအောင် ကျင့်ရမှာဘဲ။ အဲဒီလို ရဟန်းငယ်က လျှောက်တော့ ကုက္ကုစ္စတွေ ကင်းသွားအောင်

လို့ မြတ်စွာဘုရားက တရားဟောတော်မူတယ်၊ ချစ်သား ရဟန်း သင်ကောင်းစွာ နားထောင်-တဲ့။

စက္ခုံ နိစ္စံ ဝါ အနိစ္စံ ဝါ၊မျက်စိဆိုတာ မြဲသလား မမြဲဘူး လား စသည်ဖြင့် ဒီကစပြီးတော့ ဟောတော်မူပါတယ်၊မျက်စိ ရုပ်ဟာ မြဲသလား မမြဲဘူးလားလို့ မေးတော်မူပါတယ်၊ မမြဲ ပါဘုရားလို့ ဖြေတယ်၊ ဒီလိုမေးခွန်းဟာ မေးသူရဲ့အာဘော် ကို လိုက်ပြီးတော့ သင့်တော်သလို ဖြေမယ်ဆိုယင်တော့ လွယ် လွယ်ပါဘဲ၊ မေးတဲ့ပုဂ္ဂိုလ်က ဘာအလိုရှိလို့ မေးတယ်ဆိုတာ သိနေတော့ ယခုကာလတရားပွဲတွေမှာ တရားနာ ပရိသတ်က တရားဟောတဲ့ ပုဂ္ဂိုလ်၏ အရိပ်အခြေကြည့်ပြီးတော့ ဒီအမေး မျိုးကို ဖြေနေကြတယ်၊ ယခုမြတ်စွာဘုရား မေးတာကတော့ သေသေချာချာသိပြီးမှဖြေဘို့မေးပါတယ်၊ဒါကြောင့်ဒီအမေး ကို ဖြေဘို့မလွယ်လှဘူး၊ မျက်စိဟာ မြဲသလား မမြဲဘူးလား ဆိုတော့ သူ့ဉာဏ်ထဲမှာကို မမြဲတာ တွေ့နေမှ ဖြေလို့ဖြစ်မှာ၊ အကြမ်းအားဖြင့်တော့ သေတဲ့ အခါကာလကျယင် ဒီမျက်စိ ရုပ်ဟာ ပျက်စီးသွားတယ်၊ဒီလိုသဘောကျပြီးမမြဲဘူးလို့ ဖြေ မယ်ဆိုလို့ရှိယင် ဖြစ်နိုင်ပါတယ်၊ ပြီးတော့ ဒီမျက်စိဟာ တစုံ တရာနဲ့ထိခိုက်မိလို့ရှိယင် ပျက်စီးသွားနိုင်တယ်၊ရောဂါဝေဒနာ ဖြစ်လို့ ဖြစ်စေ, ဒဏ်ရာရလို့ဖြစ်စေ ပျက်စီး သွားနိုင်တယ်၊ ဒါကြောင့် မျက်စိဟာ မမြဲဘူးလို့ ဒီလို ဖြေမယ် ဆိုယင်လဲ ဖြစ်နိုင်ပါတယ်၊ဒီလို ဖြေတာက အကြမ်းဖျင်းဘဲ၊ ဒီလောက်နဲ့ တော့ ဘာဝနာဉာဏ် ဖြစ်မှာမဟုတ်ဘူး။

ဘာဝနာဉာဏ်ဖြစ်ဘို့ ဆိုတာကတော့ ဝိပဿနာဉာဏ်နဲ့ ရှုပြီး နေမှ ဖြစ်တယ်၊ ဒွါရခြောက်ပါးက ဖြစ်ခိုက် ရုပ်နာမ်ကို

ရှုရာမှာ မျက်စိက မြင်တိုင်း မြင်တိုင်း မြင်တယ် မြင်တယ်စသည်ဖြင့် ရှုတော့ အဲဒီမြင်ခိုက်မှာ ထင်ရှားတဲ့ မျက်စိရုပ်ရော မြင်ရတဲ့အဆင်း ရုပ်ရော မြင်သိတဲ့စိတ် ရှုမှတ်တဲ့ စိတ်ရော ဒါကလေးတွေဟာ မှတ်တိုင်း မှတ်တိုင်း ပျောက်ပျောက် သွားတာကိုတွေ့ရတယ်၊ အဲဒီလို ပျောက်ပျောက် သွားတာကလေးတွေကိုသိထားမှ ဒီအမေးကို သေသေချာချာ ဖြေနိုင်မှာ၊ ဒီရဟန်းတော်ကတော့ တရား အားထုတ် နေတဲ့ ရဟန်းတော်မို့မြတ်စွာဘုရားရဲ့ အမေးကို ဖြေနိုင်တယ်၊ဒါကြောင့် မျက်စိဟာမြဲသလား မမြဲဘူးလားလို့ မေးတော့ မမြဲပါဘုရားတဲ့၊ ဘာဖြစ်လို့ မမြဲတာလဲဆိုတော့ မြင်တိုင်း မြင်တိုင်း မြင်ပြီးရင်းပျောက်သွားရင်း မြင်ပြီးရင်း ပျောက်သွားရင်း ဒီလို သူကတွေ့နေလို့ပါဘဲ၊ အဆင်းကကော မြဲသလား မမြဲဘူးလားလို့မေးတော့ အဆင်းကလဲ မြင်ပြီးရင်း ပျောက်သွားရင်း မြင်ပြီးရင်း ပျောက်သွားရင်းမို့ မမြဲပါဘုရားလို့ ဖြေတယ်၊ မြင်သိတာကလေးကောလို့ ဆိုတော့ စက္ခုဝိညာဏ်ဆိုတဲ့ မြင်သိတာကလေးကလဲ မြင်ပြီးယင် ပျောက်သွားလို့ မမြဲပါ ဘုရားလို့ဖြေတယ်၊မြင်တွေ့ဘာကလေးကကောလို့ ဆိုတော့ ဒီမြင်တွေ့တာကလေးကလဲ တွေ့ပြီးယင် ပျောက်သွားလို့ မမြဲပါဘုရားလို့ ဖြေတယ်၊ မြင်တွေ့ပြီး ကောင်းတာ မကောင်းတာကောလို့ မေးတော့ အဲဒါလဲ ကောင်းပြီး, မကောင်းပြီးပျောက်သွားလို့ မမြဲပါဘုရားလို့ ဖြေတယ်၊ ဒီတရားတွေဟာအကုန်လုံး မမြဲတဲ့တရားတွေချည်းဘဲ၊ အဲဒါဟာ မြင်ရာတခုထဲက မမြဲတာတွေကို ပြောနေတာဘဲ။

ကြားရာကနေပြီးတော့လဲ နားရယ်, ကြားတဲ့ အသံရယ် ကြားသိတဲ့ စိတ်ရယ်, နားထဲမှာ အသံကို တွေ့တာရယ် ကောင်းမကောင်းတဲ့ အသံကလေးတွေ ကြားပြီးတော့ အဲဒီ ကောင်း မကောင်းတဲ့ အာရုံကို ခံစားမှုကလေးတွေရယ် ဒါ ကလေးတွေလဲ ကြားပြီးရင်း ပျောက်သွားရင်း ကြားပြီးရင်း ပျောက်သွားရင်းမို့ မမြဲတဲ့ တရားတွေချည်းဘဲ။

ထို့အတူ နံခိုက်မှာရော စားခိုက်မှာရော တွေ့ထိခိုက်မှာရော မမြဲတာချည်းဘဲ၊ အင်း–တွေ့ထိခိုက်မှာတော့ ရှုရတာက အ များဆုံးဘဲ၊ တွေ့ထိခိုက်မှာ ကိုယ်ထဲမှာ ကာယပသာဒလို့ ခေါ် တဲ့ တွေ့ထိရာ ဌာန ကိုယ်ရုပ်ရော, တွေ့ထိရတဲ့အကောင်း အဆိုး အတွေ့အထိရော, တွေ့ပြီးတော့ သိနေတာကလေးတွေရော, အဲဒီ တွေ့ထိရာမှာ ကောင်းတဲ့ဝေဒနာ, ဆိုးတဲ့ဝေဒနာတွေရော ဒါတွေ အကုန်လုံး ထိပြီး ပျောက်သွားတာချည်းဘဲ၊ မှတ် တိုင်း မှတ်တိုင်း ထိတာလေးတွေဟာ ထိပြီးရင်း ပျောက် သွားရင်း ထိပြီးရင်း ပျောက်သွားရင်းနဲ့ ပျောက်သွားတာ ချည်းဘဲ။

ကွေးတယ် ဆန့်တယ်ဆိုတာလဲ အတွေ့အထိတွေပါဘဲ၊ကွေး တယ်လို့မှတ်လိုက်ရင်း ပျောက်သွားရင်း ဆန့်တယ်လို့မှတ်လိုက် ရင်း ပျောက်သွားရင်းနဲ့ ဖြစ်ပြီး ပျောက်ပျောက် သွားတာက လေးတွေချည်းဘဲ၊ ပြီးတော့ ကိုယ်ထဲက ညောင်းတာ ပူတာ နာတာ ကိုက်ဘာ ခဲတာ ဒါကလေးတွေကလဲ မှတ်ရင်း မှတ် ရင်း ပျောက်ပျောက် သွားတာချည်းဘဲ၊ ညောင်းတယ်မှတ် လိုက်ယင် ပျောက်သွားတာဘဲ၊ ပူတယ် နာတယ် ကျင်တယ် ကိုက်တယ် ခဲတယ်–ဒါကလေးတွေလဲ ဖြစ်တိုင်း ဖြစ်တိုင်းမှတ်၊

မှတ်တိုင်း မှတ်တိုင်း ပျောက်သွားတာချည်းဘဲ၊ ဒီတရားတွေ ဟာ ကိုယ်နှင့် တွေ့ထိတဲ့အခါကာလမှာ ထင်ရှားတဲ့ တရား တွေဘဲ၊ တွေ့ထိပြီးတော့ ပျောက်သွားလိုက် တွေ့ထိပြီးတော့ ပျောက်သွားလိုက် ဖြစ်နေတယ်၊ ဒါတွေကို ယောဂီက ကိုယ် တိုင်တွေ့ရတယ်။

စိတ်ကူးစဉ်းစား ကြံစည်တဲ့ အခါမှာလဲ စိတ်ရော့ စိတ်ကူး ထဲမှာ ပေါ်လာတဲ့အာရုံရော့ အာရုံကိုသိတဲ့စိတ်ရော့ တွေ့ထိတဲ့ ဖဿရော အကုန်လုံး ပျောက်ပျောက် သွားကြတယ်၊ စိတ်ကူး စဉ်းစား ကြံစည်ပြီးတော့ ဝမ်းသာနေတာလဲ ရှိတယ်၊ နှလုံး မသာယာ ဖြစ်နေတာလဲ ရှိတယ်၊ သာမန် လျစ်လျူ ခံစားမှုက လဲရှိတယ်၊အဲဒီ ဝေဒနာတွေဟာလဲ မြဲသလားဆိုတော့ မမြဲဘူး တဲ့၊ ဘာကြောင့်တုန်း ဆိုတော့ ဖြစ်ပြီး ပျောက်သွားလို့ပဲဘဲ။

ယခု တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေမှာလဲ ဒွါရ ၆-ပါး က ပေါ်တိုင်း ပေါ်တိုင်းကို မှတ်၊ မှတ်တိုင်း မှတ်တိုင်း ပေါ် ပြီးယင် ပျောက်သွားတာချည်းဘဲ၊ ဘာမှ တည်တံ့နေတာ မရှိ ဘူး၊ ဒါတွေကို ယောဂီက ကိုယ်တိုင်တွေ့နေရတယ်၊ ဒါကြောင့် ဒီလို ပေါ်ပြီး ပျောက်သွားလို့ မမြဲတဲ့ တရားတွေတဲ့၊ မမြဲတဲ့ အတွက် ဒါတွေဟာ ဆင်းရဲတရားတွေဘဲတဲ့၊ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူး၊ သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပျက်နေတဲ့ တရားတွေ ချည်းဘဲ၊ ဒါကြောင့် ဒီတရားတွေကို အနိစ္စ—မမြဲတဲ့ တရား၊ ဒုက္ခ ဆင်းရဲတဲ့တရား၊ အနတ္တ အစိုးမရတဲ့ တရားတွေလို့ ရှုရမယ်တဲ့။

ဒုက္ခ ဆင်းရဲ ဆိုပေမယ်လို့ အခံခက်နေတာ ရယ်လို့တော့ မဟုတ်ပါဘူး၊ နှစ်သက်သာယာဘွယ် အားကိုးဘွယ် မဟုတ်တဲ့

တရားလို့ ဆိုလိုပါတယ်၊ ဒီတရားတွေက ဖြစ်ပြီးတော့ ချက်ခြင်းဘဲ ပျောက်ပျောက်သွားကြတယ်၊ ဘယ်မှာ အားကိုးရာရမလဲ၊ အမှန်အားဖြင့် သူတို့ပျက်သွားတိုင်း သေနိုင်တဲ့အချိန်ချည်းဘဲ၊ ရုပ်နာမ်အသစ် မဖြစ်ပေါ်လာယင် သေဘို့ချည်းဘဲ၊ ဒါကြောင့် ကြောက်စရာ အင်မတန် ကောင်းပါတယ်၊ ဒီလိုကြောက်စရာ ကောင်းတဲ့အတွက် ဒုက္ခ ဆင်းရဲလို့ ဆိုပါတယ်၊

ပြီးတော့ သူ့သဘောအတိုင်း ဖြစ်ပျက်နေလို့ အစိုးမရတဲ့တရားတဲ့၊ အစိုးမရတဲ့အရာဟာ ကိုယ်ပိုင် အတ္တ ဘယ်ဟုတ်နိုင်မလဲ၊ အနတ္တသာ ဟုတ်တယ်၊ ဒါကြောင့် မြတ်စွာဘုရားက အဲဒီ တရားတွေကို အနိစ္စ ဒုက္ခ အနတ္တလို့ ရှုဘို့ရာ ရဟန်းငယ်အား ,ဟောပါတယ်။

ဒီလို အနိစ္စ ဒုက္ခ အနတ္တလို့ ရှုမြင်တော့ အဲဒီ တရားတွေရဲ့အပေါ်မှာ နိဗ္ဗိန္ဒတိ—ငြီးငွေ့တယ်။

ငြီးငွေ့တော့ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ ငြီးငွေ့တဲ့ တရားတွေအပေါ်မှာ တပ်မက် တွယ်တာခြင်း ကင်းသွားတယ်။

အဲဒီတော့ **ဝိရာဂါ ဝိမုစ္စတိ** တဲ့— တပ်မက် တွယ်တာခြင်း ကင်းသွားလို့ရှိယင် လွတ်မြောက်သွားတယ်။

အဲဒီလို လွတ်မြောက် သွားယင် **ခီဏာ ဇာတိ ဝုသိတံ ဗြဟ္မစရိယံ** စသည်နှင့်အညီ ဘဝသစ် ဖြစ်ရခြင်း ကုန်သွားပြီ၊ အကျင့် လမ်းဆုံးပြီ ဆိုတာကိုလဲ ကိုယ်ပိုင် ဉာဏ်ဖြင့် သိနိုင်တယ်လို့ မြတ်စွာဘုရားက အရဟတ္တမဂ်ဖိုလ် တိုင်အောင် အဲဒီရဟန်းငယ်ကို ဟောတော်မူပါတယ်။

ဒီတရားတော်ကို နာနေရင်း ဂိလာန ရဟန်းတော်ကလေးလဲ ရဟန္တာဖြစ်သွားပါတယ်။ ဒီတော့ ခုတင်က ပြောခဲ့တဲ့ ဝိပ္ပဋိ-သာရ ကုက္ကုစ္စ ဆိုတဲ့ နှလုံးမသာမှုတွေလဲ အကုန်လုံး - ကင်းသွားတာပေါ့၊ ဒီလို အကုန်လုံး ကင်းသွားဘို့ဟာ အလွန်အရေးကြီးပါတယ်၊ ဒါကြောင့် တရားအားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်တွေဟာ စောစောပိုင်းက တရားမပြည့်စုံသေးပေမယ်လို့ အားတော့ မငယ်ကြနဲ့၊ ဒီ ဂိလာန ရဟန်းငယ်ကလေးလို သေခါနီးမှာ မိမိ အားထုတ်နေကျ အတိုင်း နှလုံးသွင်းအားထုတ်ပြီးတော့ တရားထူးတွေကို ရသွားနိုင်ပါတယ်၊ အခုဒီ ရဟန်းငယ်မှာ အောက်ခဂ် အောက်ဖိုလ်လောက် မဟုတ်ဘဲ အရဟတ္တမဂ်ဖိုလ်အထိ ရောက်သွားတယ်၊ ဒါလဲ အားတက်စရာ တခုဘဲ။ ပြီးတော့ သေခါနီး ကာလမှာ ဝိပ္ပဋိသာရ ကုက္ကုစ္စဆိုတဲ့ နှလုံးမသာမှု စိတ်ပူပန်မှုတွေ မဖြစ်ရအောင်လို့ မအို မနာ မသေမီ စောစောကတည်းက တရားအားထုတ်ထားဘို့လဲ အလွန်အရေးကြီးပါတယ်၊ ကုက္ကုစ္စဆိုတာ အနာဂါမ် ဖြစ်ကတည်းက ကင်းသွားပါတယ်၊ ရဟန္တာမှာတော့ အထူးပြောစရာ မလိုတော့ပါဘူး၊ အဲဒီလို ကုက္ကုစ္စ ကင်းနေတဲ့ ပုဂ္ဂိုလ်ဟာ ငြိမ်းအေးတဲ့ သန္တ ပုဂ္ဂိုလ်မည်ပါတယ်တဲ့။

## စကားကိုလဲ ချင့်ချိန်ပြောရမယ်

ပြီးတော့ ဆိုလျှင်း ချိန်ချင့်တဲ့ ပြောဆိုယင်လဲ ချင့်ချိန်ပြီး ပြောသင့်တဲ့ စကားကိုသာ ပြောရမယ်၊ ဒါကြောင့် မန္တ-ဘာဏီ-လို့ ဟောတော်မူပါတယ်၊ မန္တာယ- ဉာဏ်ပညာဖြင့်၊ ပရိဂ္ဂဟေတွာ - သိမ်းဆည်း ဆင်ခြင်ပြီးတော့၊ ဘာဏီ-ပြောလေ့ရှိရမယ်တဲ့။

ပြောသင့်တဲ့ စကား မပြောသင့်တဲ့ စကားကို ဉာဏ်နဲ့ ဆင်ခြင်ပြီး ပြောသင့်တဲ့ စကားကိုသာ ပြောရမယ်၊ ဒါကလဲ အကြာကြီး ဆင်ခြင် နေရတာ မဟုတ်ပါဘူး၊ ပြောရင်း နားထောင်ရင်းဘဲ ဘာ ပြောသင့်တယ် ဆိုတာ ပေါ်နေပါ တယ်၊ ဒီလို ပေါ်နေတော့ မပြောသင့်တာကို မပြောဘဲ ပြောသင့်တာကို ပြောသွားရုံပါဘဲ၊ အဲဒီလိုပြောယင် ချင့်ချိန် ပြီး ပြောသည် မည်ပါတယ်၊ ဒီလို ချင့်ချိန်ပြီး ပြောယင် ဒုစရိုက် စကားတွေဆိုတာ မဖြစ်နိုင်တော့ဘူး၊ မုသာဝါဒဆိုတဲ့ လိမ်လည်ပြောမှုလဲ မဖြစ်နိုင်တော့ဘူး၊ ပိသုဏာဝါစာ ဆိုတဲ့ ဂုံးတိုက်ပြောမှုလဲ မဖြစ်နိုင်တော့ဘူး၊ ဖရုသဝါစာ ဆိုတဲ့ ကြမ်းတမ်းသော ဆဲဆိုမှုလဲ မဖြစ်နိုင်တော့ဘူး၊ အင်း ဒီကြမ်း တမ်းတဲ့ ပြောဆိုမှုကတော့ သတိပြုဘို့ အရေးကြီးတာဘဲ၊ ဘာကြောင့်လဲဆိုတော့ ကိုယ်မကြိုက်တဲ့ စကားကို ကြားရလို့ ရှိယင် ရုတ်တရက် ဒေါသက ဖြစ်ပေါ်လာပြီး လွတ်ကနဲ စကားကြမ်းတွေက ထွက်သွားတတ်တယ်၊ အဲဒီလို လွတ်ကနဲ ထွက်မသွားရအောင် စောင့်စည်းဘို့ရာ အလွန် အရေးကြီး ပါတယ်။

ပြီးတော့ ချင့်ချိန်ဆင်ခြင်ပြီး ပြောတဲ့သူမှာ သမ္ဖပ္ပလာပ ဆိုတဲ့ အပြိန်အဖျင်း အကျိုးမဲ့ စကားတွေလဲ မပြောဖြစ်ပဲ ကင်းနေတတ်ပါတယ်၊ ဒါပေမဲ့ အဲဒီလို အပြောမျိုးမှာ ဝါသနာ ပါနေတဲ့သူမှာတော့ ဒီအကျိုးမဲ့ စကားတွေကို ရှောင်ဘို့ရာ တယ်မလွယ်ဘဲ ရှိကောင်းရှိလိမ့်မယ်၊ ဝါသနာ မပါတဲ့သူတွေ မှာတော့ ဒီစကားမျိုးကို ပြောဖြစ်ခဲပါဘယ်၊ အဲဒီ မပြော သင့်တဲ့ စကားတွေကို မပြောဘဲနဲ့ ပြောသင့်တဲ့ စကား

ကိုသာ ပြောရမယ်တဲ့၊ ဘယ်လို စကားတွေလဲဆိုယင် ကထာ-ဝတ္ထုဆယ်ပါးထဲက တရားစကားတွေပါဘဲ။

(၁) အလိုနည်းခြင်းနှင့်စပ်ပြီးတော့ အားပေးတဲ့စကား။

(၂) ရောင့်ရဲလွယ်ခြင်းနှင့် စပ်ပြီးတော့ အားပေးတဲ့ စကား။

(၃) တဦးတည်း ဆိတ်ဆိတ် ငြိမ်ငြိမ် နေခြင်း, ကိလေသာ ကင်းဆိတ်အောင် တရားအားထုတ် နေခြင်းနှင့် စပ်ပြီးတော့ အားပေးတဲ့စကား။

(၄) တပည့် ဒကာ ဒကာမတို့နှင့် အတွယ် အတာမရှိဘဲ ကင်းရှင်းစွာ နေထိုင်မှုနှင့်စပ်ပြီးတော့ အားပေးတဲ့ စကား။

(၅) မနစ်မဆုတ် ပြင်းပြင်း ထန်ထန် အားထုတ်မှုနှင့် စပ်ပြီးတော့ အားပေးတဲ့စကား။

(၆-မှ ၁၀) သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိ ဉာဏ-ဒဿန ဆိုတဲ့ ဂုဏ်အင်္ဂါ ငါးပါးနှင့်စပ်ပြီးတော့ အားပေးတဲ့ စကားငါးပါး၊ ဒီကထာဝတ္ထု ဆယ်ပါးထဲက တရားစကားတွေကို ပြောရမယ်တဲ့၊ အဲဒါက ရဟန်းတော်များ အတွက် ဖြစ်ပါတယ်။

လူများအတွက်ဆိုယင်တော့ စီးပွါးရေး တွေနှင့်လဲ မလွဲ မကင်းသာတော့ အဲဒီ စီးပွါးရေးလဲ ပြောသင့်တဲ့အခါ ပြောရမှာဘဲ၊ ဒီလို ပြောတဲ့ အခါမှာ အကျိုးစီးပွါး ဖြစ်စေနိုင်တဲ့ သူတပါးရဲ့ အကျိုးမဲ့မဟုတ်တဲ့ စကားမျိုးတွေ ပြောရမှာပေါ့။

## စိတ်မပျံ့လွင့်စေရ

ပြီးတော့ စိတ်မပျံ့လွင့်စေရဘူးတဲ့၊ အဲဒါကတော့ သမာဓိ ရှိနေမှ ဖြစ်မယ်၊ ဒါကြောင့် သမာဓိရှိအောင် တရားအား ထုတ်ရမယ်၊ တရားအားထုတ်နေမှဘဲ မပျံ့လွင့်ဘဲ စိတ်တည် ကြည်မှု ဖြစ်မယ်၊ တရား အားမထုတ်ဘဲ အလွတ်နေတဲ့ အခါ မှာ စိတ်မပျံ့ လွင့်အောင် သတိနဲ့ဆင်ခြင်ပြီး နေရလိမ့်မယ်၊ တောင်တောင် မြောက်မြောက် စိတ်တွေ မရောက်အောင် သတိကလေးနဲ့ ထိန်းသိမ်းရမှာဘဲ၊ ရဟန္တာ ပုဂ္ဂိုလ်များ ကျတော့ ဘယ်ကိုမှ မပျံ့လွင့်တော့ဘူး၊ အမြဲတမ်း သမာဓိ ရပြီးတော့ နေတယ်၊ အဲဒီလို သမာဓိရှိနေတဲ့ ပုဂ္ဂိုလ်ကို ငြိမ်း အေးတဲ့ ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်၊ အခု ပြောခဲ့တာတွေဟာ ငြိမ်းအေးသော ဥပသန္တပုဂ္ဂိုလ်ရဲ့ ဂုဏ်တွေပါဘဲ၊ ကဲ ခုတင်က ဆိုခဲ့တဲ့ ဆောင်ပုဒ်ကလေး ထပ်ပြီး ဆိုကြဦးစို့။

အမျက်မပွါး၊ မပူငြား နဲ့၊ မကြွားဝါခြင်း၊
ကုက္ကုစ္စ ကင်း၍၊ ဆိုလျှင်းချိန်ချင့်၊ မပျံ့လွင့်၊
ခြောက်ဆင့် သူ့ဂုဏ်ရည်တဲ့။

ဒီဂါထာရဲ့ အဓိပ္ပါယ်ကတော့ ပြီးသွားပါပြီ၊ နောက်ဂါထာ တခုနဲ့လဲ ငြိမ်းအေးသော-ဥပသန္တ ပုဂ္ဂိုလ်ရဲ့ ဂုဏ်အင်္ဂါတွေကို ထပ်ပြီးတော့ ဟောပြန်တယ်။

**နိရာသတ္တိ အနာဂတေ၊ အတီတံ နာနုသောစတိ။**
**ဝိဝေကဒဿီ ဖဿေသု၊ ဒိဋ္ဌီသု စ န နီယတိ။**

ဒီ ဂါထာ ကတော့ “ဝီတတဏှော ပုရာဘေဒါ” အစရှိတဲ့ ဂါထာနဲ့ အဓိပ္ပါယ် ခပ်ဘူတူ ဖြစ်နေလို့ ပဋ္ဌမဟောစဉ်တုန်းက

ချန်ထားခဲ့ပါတယ်၊ ယခု စာစောင် စာအုပ်ထဲမှာတော့ ချန်ထားယင် လိုနေဘတ်လို့ အပြစ်တင်ဖွယ် ဖြစ်နေမှာကြောင့် ထပ်ပြီး အကျဉ်းချုပ် ဖြည့်စွက် ဖော်ပြ လိုက်ရပါတယ်။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ အနာဂတေ၊ မလာရောက်သေး မတွေ့သေး မဖြစ်သေးသော အနာဂတ်၌။ နိရာသတ္တိ၊ မည်သို့ ဖြစ်ပါစေဟု ကပ်ငြိတွယ်တာ သာယာ မြော်လင့်ခြင်း မရှိသည်။ ဟောတိ၊ ဖြစ်၏။ (အနာဂတ် နောင်ရေးနဲ့စပ်ပြီး မြော်တွေး တောင့်တခြင်း မရှိစေရဘူးတဲ့။ မြော်တွေး တောင့်တလျှင် အဲဒါကို ရှုမှတ်ပြီး ပယ်ရမယ်)။

အတီတံ၊ လွန်ခဲ့ပြီးသော အတိတ် တရားကို။ နာနုသောစတိ၊ မစိုးရိမ် မပူဆွေး မတမ်းတ၊ (ကိုယ်တွင်းသန္တာန်က မျက်စိ နားအစရှိတဲ့ ကိုယ်အင်္ဂါ၊ အစိတ် အပိုင်းဘဲ ဖြစ်ဖြစ်၊ ကိုယ်ပက ပစ္စည်းဥစ္စာ အသုံးအဆောင်ဘဲဖြစ်ဖြစ်၊ ချစ်ခင်တဲ့ ဆွေမျိုး မိတ်ဆွေအပေါင်းအဖော်ဘဲ ဖြစ်ဖြစ်၊ ပျက်စီးဆုံးရှုံးသွားယင် အဲဒါနဲ့ စပ်ပြီးတော့ စိုးရိမ်ပူဆွေး လွမ်းဆွတ်တမ်းတပြီး နေတတ်ကြတယ်၊ အဲဒီလို စိုးရိမ်ပူဆွေး တမ်းတမှုလဲ မရှိစေရဘူးတဲ့။ ဖြစ်ပေါ်လာလျှင်လဲ အဲဒါကို ရှုမှတ်ပြီး ပယ်ရမယ်)။

ဝဿေသု၊ အတွေ့ ဟူသမျှတို့၌။ ဝိဝေကဒဿီ၊ နိစ္စ သုခ အတ္တမှ ကင်းဆိတ်ခြင်း, အချင်းချင်းမှ ကင်းဆိတ်ခြင်းကို ရှုမြင်လေ့ရှိသည်၊ ဟောတိ၊ ဖြစ်၏။(မြင်ပြီးတွေ့တာ, ကြားပြီးတွေ့တာ, နံ စား ထိပြီး တွေ့တာ, ကြံစည်ပြီး တွေ့တာ အဲဒီလို အထင် အရှား စိတ်နဲ့ တွေ့သိတာတွေကို ရှုမှတ်ပြီးတော့ " ချက်ခြင်း ပျောက်ပျောက်သွားလို့ မမြဲဘူး" ဆိုတာ

ကို သိရမယ်၊ "ဖြစ်ခြင်း ပျက်ခြင်းက မပြတ်နှိပ်စက်နေလို့ နှစ်သက်ဖွယ် အားကိုးဖွယ် မရှိဘူး၊ ဆင်းရဲဘဲ" ဆိုတာလဲ သိရမယ်၊ "သူ့ သဘော အတိုင်း ဖြစ်ပြီး ပျက်သွားလို့အစိုးရတဲ့ အတ္တကောင် မဟုတ်ဘူး၊ သဘောတရားမျှဘဲ" ဆိုတာလဲ သိရမယ်၊ ဒီလိုသိပြီးတော့ ဖဿလို့ ခေါ်တဲ့ တွေ့ထိမှုတွေဟာ မြဲတဲ့ သဘောတွေနဲ့လဲ မရောဘူး မစပ်ဆိုင်ဘူး၊ ချမ်းသာတဲ့ သဘော, အတ္တကောင်အဖြစ် ဆိုတာတွေနဲ့လဲ မရောဘူး၊ အဲဒါတွေနဲ့လဲ ဘာမျှ မစပ်ဆိုင်ဘူး ဆိုတာကိုလဲ သိရမယ်တဲ့၊ ပြီးတော့ အရင်က မြင် ကြား နံ စား ထိသိပြီး တွေ့ခဲ့တာတွေနဲ့ ယခု လောလောဆယ်ဆယ် ထင်ရှား တွေ့သိတာတွေဟာလဲ တခြားစီဘဲ၊ နောက်မှ တွေ့သိမည့် ဖဿတွေလဲ တခြားစီဘဲလို့ ဒီလိုသိမြင် သဘောကျရမယ်တဲ့။ ဒါကတော့ ဖြစ်တိုင်း ဖြစ်တိုင်းကို မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာ မှတ်ရင်း ပျောက်ရင်း မှတ်ရင်း ပျောက်ရင်းနဲ့ မပြတ်တွေ့နေရတဲ့အတွက် အင်မတန်ဘဲ ထင်ရှားနေပါတယ်)။

ဒိဋ္ဌိသု စ၊ မှားသောအယူတို့၌လည်း။ န နီယတိ၊ မဆွဲဆောင်အပ်။ ဝါ၊ အဆွဲအဆောင်မခံရ။ (ဒါကတော့ မိစ္ဆာ-ဒိဋ္ဌိဟူသမျှတွေ ကင်းအောင် အားထုတ်ရမယ်လို့ ဆိုလိုပါတယ်။) တံ၊ ထိုသို့သော ပုဂ္ဂိုလ်ကို။ ဥပသန္တောတိ၊ ငြိမ်းအေးသော ပုဂ္ဂိုလ်ဟူ၍။ ဗြူမိ၊ ငါဘုရား ဟောဆို၏တဲ့။

အနာဂတ်ကို မမြော်ခြင်း, အတိတ်ကို မပူဆွေး မတမ်းတခြင်း, မြင်တွေ့မှုစသော ဖဿတို့ကို ခွဲခြမ်း၍သိခြင်း၊ ဒိဋ္ဌိတို့၌ ဆွဲဆောင်မခံရခြင်းဆိုတဲ့ ဒီဂုဏ်အင်္ဂါ လေးပါးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို (ဥပသန္တ) ငြိမ်းအေးတဲ့ပုဂ္ဂိုလ်လို့ မြတ်စွာ

ဘုရားက ပညတ်ဟောကြားတယ်၊ အသိအမှတ်ပြုတယ်လို့ ဆိုလိုပါတယ်။ (ဒီဂါထာရဲ့ အနက် အဓိပ္ပါယ်က မဟာစည် ဆရာတော်ဘုရားကြီးကိုယ်တိုင် နောက်ထပ် ဖြည့်စွက်ချက် ဖြစ်ပါတယ်။)

ဒီဂါထာကို ဟောပြီးတဲ့နောက် မြတ်စွာဘုရားက ဒီလိုလဲ ထပ်ပြီး ဖြေဆို ဟောကြားတော်မူပြန်ပါတယ်။

**ပတိလီနော အကုဟကော၊ အပ္ပိဟာလု အမစ္ဆရီ။ အပ္ပဂဗ္ဘော အဇေဂုစ္ဆော၊ ပေသုဏေယျေ စ နော ယုတော တဲ့။**

ယော၊ အကြင် ပုဂ္ဂိုလ်သည်။ ပတိလီနော စ၊ တွန့်ဆုတ် သည်လည်း။ ဟောတိ၊ ဖြစ်၏။ (တွန့်ဆုတ်တယ်တဲ့၊ တွန့်ဆုတ် တယ်ဆိုတာ ကောင်းတာလဲ ရှိတယ်၊ မကောင်းတာလဲ ရှိတယ်၊ ယခု ဒီနေရာမှာတော့ ကောင်းတဲ့ တွန့်ဆုတ်ခြင်းဘဲ။) အကုဟကော စ၊ ဟန်ဆောင်မပြသည်လည်း။ ဟောတိ၊ ဖြစ် ၏။ အပ္ပိဟာလု စ၊ မတောင့်တ မ သာ ယာ သည် လည်း ဟောတိ၊ ဖြစ်၏။ အမစ္ဆရီ စ၊ ဝန်တိုခြင်း မရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ အပ္ပဂဗ္ဘော စ၊ မကြမ်းကြုတ်သည်ရင်း။ အဇေဂုစ္ဆော စ၊ စက်ဆုပ်ဖွယ် မရှိသည်ရင်း။ ဟောတိ၊ ဖြစ်၏။ ပေသုဏေယျေ၊ ဂုံးတိုက်စကား၌။ နော ယုတော စ၊ မယှဉ် သည်လည်း။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုကဲ့သို့သောပုဂ္ဂိုလ်ကို။ ဥပသန္တောတိ၊ ငြိမ်းအေးသော ပုဂ္ဂိုလ်ဟူ၍။ ဗြူမိ၊ ဟော ဆို၏။

## ကိလေသာဖြစ်ရေးမှာ တွန့်ဆုတ်ရမယ်

အဲဒါက(ဥပသန္တ)ငြိမ်းအေးတဲ့ပုဂ္ဂိုလ်ရဲ့ ဂုဏ်အင်္ဂါတွေဘဲ၊ တွန့်ဆုတ် ရမယ်တဲ့၊ တွန့်ဆုတ်တယ် ဆိုတာကလဲ သူတော်ကောင်း တရားတွေနဲ့စပ်ပြီး တွန့်ဆုတ် နေတယ်ဆိုယင်တော့ မကောင်းဘူး၊ ဒီလို တွန့်ဆုတ်တာမျိုးကို ထိနမိဒ္ဓလို့ ခေါ်ပါတယ်၊ ယခု ပြောနေတဲ့ တွန့်ဆုတ်တာကတော့ အဲဒီလို ထိနမိဒ္ဓ ကိလေသာတွေနဲ့ တွန့်ဆုတ်နေတာ မဟုတ်ဘူး၊ ရာဂစသည် ဖြစ်စရာကောင်းတဲ့ နေရာတွေမှာ ရာဂစသည် မဖြစ်ဘဲနဲ့ တွန့်ဆုတ်နေတယ်၊ အဲဒါမျိုးကို ပြောတာပါ၊ ပကတိပုဂ္ဂိုလ်တွေမှာတော့ ရာဂဖြစ်စရာရှိတဲ့အခါကျယင် စိုစိုပျိုပျိုနဲ့ ထက်ထက် သန်သန်ကြီး ဖြစ်သွားတယ်၊တရားနှလုံးသွင်း အားထုတ်တဲ့ပုဂ္ဂိုလ်တွေမှာတော့ တရား အဆင့်အတန်း တိုးတက်ယင် တိုးတက်သလောက် အဲဒီလို ရာဂဖြစ်ဖွယ်နေရာမှာ ညှိုးသွားတယ်၊ ရာဂဖြစ်ပေမယ်လို့ သန်သန်စွမ်းစွမ်းကြီး ထက်ထက်မြက်မြက်ကြီး မဖြစ်တော့ဘူး၊ ခပ်လျော့လျော့ဘဲ ဖြစ်တော့တယ်၊ ဥပမာအားဖြင့် ကလေးသူငယ်တွေကို မိဘများက သွန်သင်ဆုံးမ မထားလို့ရှိယင် အဲဒီသူငယ်တွေမှာ စောင့်စည်းမှု ဘာမှ ရှိမှာမဟုတ်ဘူး၊ ပြောချင်တာတွေပြော လုပ်ချင်တာတွေ လုပ်နေကြမှာဘဲ၊ မိဘတွေက ဒီစကားမျိုး မပြောရဘူး၊ ဒီလိုဟာမျိုး မလုပ်ရဘူးလို့ ဆုံးမ ထားလို့ရှိယင်· အဲဒါကို သိထားတဲ့ အချိန်ကစပြီးတော့ ထိန်းသိမ်းမှုကလေး ရှိလာတယ်၊ မဆုံးမခင်ကလောက်တော့ ကြမ်းကြမ်းတမ်းတမ်းတွေ မပြောတော့ဘူး၊ တမျိုးပြောင်းလာတယ်၊ အဲ ယခု သူတော်ကောင်းတရားတွေအရာမှာလဲ ဒီလိုပါဘဲ။

သူတော်ကောင်းတရားကို မပွါးများ အားမထုတ်ဘဲနေတဲ့ ပုဂ္ဂိုလ်တွေမှာ ရာဂ ဒေါသ မောဟတွေဆိုတာက သူတို့ ဖြစ်ချင်တိုင်း ဖြစ်နေကြတာဘဲ၊ ဖြစ်တဲ့အခါမှာလဲ အားကောင်းကောင်းကြီး ဖြစ်နေကြတယ်၊ ဘာမှ အထိန်းအသိမ်းမရှိဘူး၊ သူတော်ကောင်းတရားတွေ ပွါးများ အားထုတ်နေတဲ့ ပုဂ္ဂိုလ်မှာတော့ အထိန်းအသိမ်းတွေက ရှိလာကြတယ်၊ အထိန်းအသိမ်းကရှိလာတော့ ရာဂ ဒေါသ မောဟတွေဟာ ပြည့်ပြည့်ဝဝကြီး မဟုတ်တော့ဘူး၊ ပြင်းပြင်းပြပြကြီး မဟုတ်တော့ဘူး၊ ဟိရိဩတ္တပ္ပဆိုတဲ့ အရှက်အကြောက်တရားက ကပ်လာတယ်၊ အဲဒီလို ရာဂ ဒေါသ မောဟဖြစ်စရာတွေနဲ့ စပ်ပြီးတော့ သန်သန်စွမ်းစွမ်း မဟုတ်ဘဲနဲ့ တွန့်ဆုတ်နေရမယ်-ထဲ့၊ ဘယ်လောက် တွန့်ဆုတ်နေရမှာလဲ ဆိုလို့ရှိယင် စွမ်းနိုင်ယင်တော့ အကုန်လုံး တွန့်ဆုတ်ရမှာဘဲ၊ ရာဂ ဒေါသ မောဟတွေဟာ လုံးလုံး မလှုပ်နိုင်တဲ့ အခြေအနေထိအောင် တွန့်ဆုတ်ပြီးတော့ သွားရမှာဘဲ၊ ဒီလို ဆိုလိုပါတယ်၊ ဒီ ရာဂ ဒေါသ မောဟတွေ မတွန့်ဆုတ်ဘဲနဲ့ အင်အား ကောင်းပြီး သာသာယာယာ လန်းလန်းဆန်းဆန်း သန်သန်စွမ်းစွမ်းကြီး ဖြစ်ပြီးနေလို့ရှိယင် ငြိမ်းအေးတယ်လို့ ဘယ်မှာ ဆိုနိုင်မှာလဲ။

လောကမှာ ဒီ ရာဂ ဒေါသ မောဟတွေကြောင့် လူစွမ်းကောင်းတွေ ပေါ်ပေါက်လာကြတယ်၊ ရာဂ ဒေါသ မောဟတွေ အားကြီးပြီးတော့ လောကဘက်မှာ ကြီးကြီးကျယ်ကျယ် ဆောင်ရွက်နိုင်တဲ့ ပုဂ္ဂိုလ်တွေကို လူစွမ်းကောင်းတွေလို့ ခေါ်ရတာဘဲ။ သူတို့ကို စွမ်းပါပေတယ်၊ တော်ပါပေတယ်လို့ ချီးမွမ်းရတာဘဲ၊ တရားဘက်ကတော့ အဲဒီလို လူစွမ်းကောင်း

တွေ့ကို မချိုးမွမ်းပြန်ဘူး၊ ရာဂ ဒေါသ မောဟတွေနဲ့စပ်ရာမှာ မလုပ်ဝံ့တဲ့ ပုဂ္ဂိုလ်တွေမှ လူစွမ်းကောင်းလို့ ခေါ်ပြန်တယ်၊ အဲဒီလိုပုဂ္ဂိုလ်တွေကို လောကဘက်ကနေကြည့်ယင်တော့ဖြင့် လူညံ့တွေလို့ မြင်မှာပေါ့၊ ဒါကြောင့် လောကဘက်ကကြည့်တဲ့အနေမျိုးနဲ့ မြင်ပုံကို ရည်ရွယ်ပြီးတော့ ပတိလီနော၊ တွန့်ဆုတ်နေတယ်-တဲ့။ ယခုအားထုတ်နေတဲ့ပုဂ္ဂိုလ်တွေမှာဆိုလို့ရှိယင် တရားအားမထုတ်ခင်ကတော့ လောကရေးရာတွေမှာ အလုပ်လုပ်ရတာ စိတ်ထဲကကို ထက်ထက်သန်သန် ပျော်ပျော်ပါးပါး ရွှင်ရွှင်ပျပျနှင့် အင်မတန်ကို အားတက်သရော ရှိကြတယ်၊ တရားအားထုတ်ပြီးတဲ့ အခါကျတော့ အဲဒါတွေကို တယ်ပြီး မလုပ် ချင်တော့ဘူး၊ တချို့များ ကျတော့ လုံးလုံးတောင် မလုပ်ချင်တော့ဘူး၊ လျော့သွားတယ်၊ အင်း - အရဟတ္တမဂ် အရဟတ္တဖိုလ် ရောက်လို့ ရှိယင်တော့ ဒီလောကဘက်က ကိလေသာတွေနဲ့ ပြုလုပ်တဲ့ အမှုတွေဟာ အကုန်လုံး ကင်းသွားမယ်၊ တွန့်ဆုတ်ပြီး တခါထဲ ငြိမ်းသွားမယ်၊ အဲဒါကို ရည်ရွယ်ပြီးတော့ ပတိလီနော၊ တွန့်ဆုတ်နေတယ်တဲ့၊ ဒီလို လောက ဘက်က တွန့်ဆုတ် နေတာလဲ သန္တ ပုဂ္ဂိုလ်ရဲ့ ဂုဏ်တခုဘဲ။

ဒါကြောင့် ယခု တရားနာနေတဲ့ ပုဂ္ဂိုလ်တွေ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေမှာလဲ ကိုယ့်ကိုယ်ကို ဆင်ခြင်ကြည့်ရမယ်၊ ငါ့မှာ ရာဂ ဒေါသ မောဟ ကိလေသာဘက်က နေပြီး ဘယ်လောက်များ တွန့်ဆုတ်မှု ရှိနေပြီလဲ၊ အရင်ကလိုဘဲလား၊ လျော့ကျနေသလား၊ ဘယ့်နှယ်နေတုံးလို့ အဲဒါကို စဉ်းစားကြည့်ရမယ်၊ အင်း – မလျော့သေးဘူး၊ အရင်ကလိုဘဲ

ဆိုယင်ဖြင့် နေရာမကျသေးဘူး၊ မပြည့်စုံသေးဘူးလို့ ဆိုရမှာပေါ့၊ ထပ်ပြီးတော့ တရားအားထုတ်အုံးမှ ဖြစ်မယ်။ တရားအဆင့်အတန်းတွေ မြင့်လာလို့ရှိယင်တော့ မြင့်လာသလောက်ဘဲ ရာဂ ဒေါသ မောဟတွေက နဲနဲပြီး နိမ့်ကျသွားပါတယ်၊ အဲဒါကို တွန့်ဆုတ်ပြီး နေတယ်လို့ ဆိုရတယ်။ ဒါကြောင့် ဆောင်ပုဒ်မှာ "တွန့်ဆုတ်သယောင်၊ ဟန်ဆောင်မပြ"လို့ ဆိုထားပါတယ်။

## အံ့သြဘွယ်ဖြစ်အောင် ဟန်မဆောင်ရ

ပြီးတော့ အကုဟကော-တဲ့၊ အံ့သြဘွယ် ဟန်ဆောင်ပြခြင်းလဲ မရှိရဘူးတဲ့၊ ဒီနေရာမှာတော့ ရဟန်းတွေကို ရည်ရွယ်ပြီး ဖွင့်ပြထားပါတယ်၊ ဟန်ဆောင်တယ်ဆိုတာ သူများတွေက အထင်ကြီးအောင် ကြည်ညိုဘွယ် ဖြစ်အောင်လို့ တကယ်မဟုတ်ဘဲနဲ့ ဟုတ်သလို ထင်အောင် သရုပ်ဆောင် ပြတာဘဲ၊ ဒီလို ဟန်ဆောင်မှုကလဲ သုံးမျိုးရှိတယ်။

၁။ ပစ္စည်း သုံးဆောင်မှုနှင့် စပ်ပြီးတော့ ဟန်ဆောင်ပြတာက တမျိုး။

၂။ တရားထူး ဂုဏ်ထူးနှင့် စပ်ပြီးတော့ ဟန်ဆောင်ပြတာက တမျိုး။

၃။ ဣရိယာပုထ်နှင့် စပ်ပြီးတော့ ဟန်ဆောင် ပြောပြတာက တမျိုး။

အဲဒီလို သုံးမျိုးရှိတယ်။

## ၁-ပစ္စည်းသုံးဆောင်မှု၌ ဟန်ဆောင်ခြင်း

ပစ္စည်း သုံးဆောင်မှုနှင့် စပ်ပြီး ဟန်ဆောင် တာကတော့ ဒကာ ဒကာမတွေက လှူဒါန်းတဲ့အခါ ဟန်ဆောင်တဲ့ပုဂ္ဂိုလ်က ဘယ်နှယ် ပြောသတုံး ဆိုတော့ " ဒကာကြီး ဒကာမကြီး ဒီလောက် ကောင်းမွန်တဲ့ ပစ္စည်းတွေကို မလှူပါနဲ့၊ ငါတို့မှာ သင်္ကန်းဆိုယင် ပံ့သကူ သင်္ကန်းနဲ့ တော်တာဘဲ၊ကျောင်းဆို လို့ ရှိယင်လဲ သစ်ပင်အောက် နေတာက ကောင်းတာဘဲ၊ဆွမ်း ဆိုလို့ရှိယင်လဲ ဆွမ်းခံပြီး စားတာက အကောင်းဆုံးဘဲ။ ဆေး ပစ္စည်းဆိုလို့ ရှိယင်လဲ နွားကျင်ငယ်ရေ သောက်ယင် ရောဂါ တော့ ပျောက်နိုင်တာဘဲ၊ဒီလို အကောင်းကြီးတွေမလိုပါဘူး၊ အဖိုးတန်ပစ္စည်းတွေ မလိုပါဘူး ဆိုပြီးတော့ လှူတဲ့ ပစ္စည်းကို လက်မခံဘဲ နေသတဲ့၊ အဲဒါ ဟန်ဆောင်ပြီးတော့ ပြောတာဘဲ၊ ပစ္စည်းတွေကိုတော့ သူကသဘောကျ နှစ်သက်နေလျက်ပါဘဲ၊ လိုချင်လျက်ပါဘဲ၊ အဟုတ်တကယ်ကို မလိုချင်လို့ ပြောတာ ကတော့ အပြစ်မရှိပါဘူး၊အခုပြောနေတာမျိုးကတော့ လိုချင် လျက်သားနဲ့ မလိုချင်ယောင် ဟန်ဆောင်ပြီး ပြောတာကိုသာ ဆိုလိုပါတယ်၊ အဲဒီလို ဟန်ဆောင်ပြောတော့ ဒကာ ဒကာမ တွေမှာ တယ် လောဘနဲတဲ့ ပုဂ္ဂိုလ်ဘဲလို့ ထင်ပြီး ကြည်ညိုမှု သဒ္ဓါတရားတွေ တိုးတက် လာတယ်၊ သဒ္ဓါတရား တိုးတက် လာတော့ ပိုပြီးတော့ အများကြီး လှူကြတယ်၊အဲဒီလိုအများ ကြီး ပိုလှူတော့ ဟန်ဆောင်တဲ့ရဟန်းက မလွှဲမကင်းသာတဲ့ အနေနဲ့ ညည်းညူပြီး လက်ခံသတဲ့။ " အင်း – ဒါလောက် လှူတာတွေကို လက်မခံလို့ရှိယင်တော့ ဒီဒကာဒကာမတွေမှာ ကုသိုလ်ရရှာကြမှာ မဟုတ်တော့ဘူး" ဆိုပြီးတော့ အားနာ

လို့ သနားလို့ လက်ခံတဲ့ အနေမျိုးပေါ့လေ၊ လှူတိုင်း လှူတိုင်း အကုန်လုံး လက်ခံပြီး နေတော့တာဘဲတဲ့၊အဲဒီလို ဟန်ဆောင်တဲ့ ဟန်ဆောင်နည်းက တမျိုး၊ ဒါကတော့ ရဟန်းတွေနဲ့သာ ဆိုင်တယ်၊ဒီလို ဟန်ဆောင်မှုတွေ သူတပါး အထင်အမြင်ကြီးအောင် လုပ်မှုတွေ မရှိရဘူးတဲ့၊ အဲဒါတွေ ကင်းရမယ်လို့ ဆိုလိုပါတယ်။

## ၂-တရားထူး ဂုဏ်ထူးနှင့်စပ်၍ ဟန်ဆောင်ခြင်း

တရားထူး ဂုဏ်ထူးနှင့်စပ်ပြီး ဟန်ဆောင်ပြောပြပုံကတော့ ဒီလိုတဲ့-ကိုယ်က သူများနဲ့မတူတဲ့ သင်္ကန်း၊ သပိတ်၊ ကျောင်း အစရှိတဲ့ပစ္စည်းတွေကို ဝတ်ရုံသုံးဆောင်ပြီးတော့ ဒီလိုသင်္ကန်း မျိုးကို သုံးဆောင်နိုင်တဲ့ ရဟန်းဟာ ရဟန္တာဘဲ၊ အရိယာဘဲ၊ ဒီလို သပိတ်၊ ဒီလိုကျောင်း၊ ဒီလို အသုံး အဆောင်ကို သုံးဆောင်တဲ့ ရဟန်းဟာ ရဟန္တာဘဲ၊ အရိယာဘဲ စသည်ဖြင့် မိမိကိုယ်ကို အရိယာဘဲ ရဟန္တာဘဲလို့ ဒကာ ဒကာမတွေ ထင်မြင်လာအောင် သွယ်ဝိုက်ပြီး ပြောသတဲ့၊ ဒီလို အပြောမျိုးလဲ မပြောရဘူးတဲ့၊ဒါကတော့ အများအားဖြင့် ရဟန်းတော်တွေနဲ့သာဆိုင်တယ်၊ ဒါပေမဲ့ ယခုကာလမှာတော့ လူဝတ်ကြောင်ထဲကလဲ အနာဂါမ်လို့ ဝန်ခံတာလဲရှိတယ်၊ ရဟန္တာလို့ ဝန်ခံနေတာလဲရှိတယ်၊ တချို့က ဘုရားလို့တောင် ဝန်ခံလိုက်သေးတယ်၊ အနာဂါမ် ရဟန္တာလို့ ဝန်ခံပြီးတော့ သူတို့မှာ သားမယားတွေကလဲ ရှိနေတဲ့အတွက် မယုံကြည်တဲ့သူတွေက ကာမဂုဏ် အာရုံတွေနဲ့ မကင်းပါဘဲ ကလားလို့ စောဒနာကြတော့ မသာယာယင် ပြီးတာပါဘဲလို့ ဖြေရှင်းပြန်သတဲ့၊ အံ့ဩစရာပါဘဲ၊ အဲဒါထက် အဲဒီ လူတွေကို ဘုရား ရဟန္တာ အနေနဲ့

ယုံကြည်ပြီး ကိုးကွယ်နေကြတဲ့ လူတွေက သာပြီး အံ့ဩစရာ ကောင်းတယ်၊ ဒါတွေကတော့ သတိပြုပြီး စဉ်းစားဆင်ခြင် ဘို့ပါဘဲ။

## ၃- ဣရိယာပုထ်နှင့် စပ်၍ ဟန်ဆောင်ခြင်း

ဣရိယာပုတ်နဲ့စပ်ပြီး ဟန်ဆောင်ပုံကတော့ ကိုယ်က တရား အားမထုတ်ပါဘဲနဲ့ အားထုတ်နေလေယောင်၊ သမာဓိ မရှိဘဲနဲ့ သမာဓိ ရှိလေယောင် ဟန်ဆောင်ပြီး နေထိုင် သွားလာနေ တာပါဘဲ၊ ရိုးရိုးထိုင်နေရင်းထဲက သူများမြင်တဲ့ အခါ တရား အားထုတ်နေယောင် ဟန်ဆောင်ပြီး ငြိမ်ငြိမ်ကလေး ထိုင်နေ တယ်၊ ရိုးရိုးကလေး လမ်းလျှောက်နေရင်းက သူများမြင်တဲ့ အခါ တရားနဲ့ လျှောက်နေသလို ဟန်ဆောင်ပြီး ဖြေးဖြေး ကလေး သွားနေတယ်၊ ဒီနည်းဖြင့် ကိုယ်အမူ အရာတွေကို ပြုပြင်ရာမှာ သူများ အထင်ကြီးအောင် ဟန်ဆောင်ပြီး ဣရိယာပုထ်တွေကို ပြုပြင်နေတယ်၊ ဒီလို ဟန်ဆောင်မှုမျိုးလဲ မရှိစေရဘူး၊ ကင်းရမယ်တဲ့။ ကျမ်းဂန်ထဲမှာတော့ ဒီ ဟန် ဆောင်မှု သုံးမျိုးနဲ့ စပ်ပြီး အကျယ်ကြီးပြထားပါတယ်၊ ယခု ဟောနေတဲ့ တရားထဲမှာတော့ အတော်အတန် နားလည်ရုံ အကျဉ်းလောက်သာ ပြောနိုင်ပါတယ်။

## အားကျပြီး မတောင့်တရ

ပြီးတော့ အပိဟာလု-မတောင့်တရဘူးတဲ့၊ တောင့်တတယ် ဆိုတာ သူများတွေမှာ အဝတ်အစား အဆင်တန်းဆာ အစရှိ တဲ့ ပစ္စည်းကောင်းတွေ ရှိတယ်ဆိုယင် မိမိ ကိုယ်တိုင်ကလဲ အဲဒါမျိုးတွေကို လိုချင် လာတယ်၊ အဲဒါ တောင့်တ တာဘဲ၊

ဒီတောင့်တာက အမျိုးမျိုး ရှိတယ်၊ မြင်ရာကနေပြီး မြင်တဲ့ အာရုံဝတ္ထုတွေကို လိုချင်နေတယ်၊ ပြည့်စုံ ချင်နေတယ်၊ ဒါ-တောင့်တတာဘဲ၊ထို့ အတူ ကြားရာ,နံရာ, စားရာ, တွေ့ထိရာ, စိတ်ကူး ကြံစည်ရာ, စဉ်းစားရာကနေပြီး သူများ ပြည့်စုံသလို ပြည့်စုံဘို့ရာ လိုလားတယ်၊ ဒါလဲ တောင့်တတာဘဲ၊ အဲဒီလို တောင့်တမှုမျိုးတွေ ကင်းရမယ်တဲ့။

နတ်ပြည်နဲ့ စပ်တဲ့စာအုပ်ကို ဖတ်ရလို့ ဖြစ်စေ, သူများက ပြောလို့ဖြစ်စေ, နတ်ပြည် လောကတွေမှာ ချမ်းသာပုံတွေ ကြားသိရတဲ့အတွက် နတ်စည်းစိမ်တွေနဲ့ ပြည့်စုံချင်ပြီးတော့ နတ်ပြည်ကို ရောက်ချင်တာလဲ တောင့်တတာဘဲ၊ဒီတောင့်တမှု မျိုးလဲ မရှိရဘူးတဲ့၊ ဒီလိုတောင့်တမှုမျိုး ရှိလာယင် ဘာလုပ် ရမလဲဆိုတော့ ရှုမှတ်ပြီး ပယ်ရမယ်။

## ကောင်းတဲ့ တောင့်တမှု

ဒီတောင့်တမှုတွေထဲမှာ ကောင်းတာလဲရှိသေးတယ်၊ဘယ် လိုဟာတုံးဆိုတော့ အရိယာ မဂ်ဖိုလ် တရားတွေကို တောင့်တ တာပါဘဲ၊ အဲဒါကတော့ အလွန် ကောင်းတဲ့ တောင့်တခြင်း ဘဲ၊ အဲဒီ တောင့်တမှုမျိုးကတော့ ရှိရမှာပါဘဲ၊ တရားအား ထုတ် ကျင့်ကြံနေတဲ့ ပုဂ္ဂိုလ်တွေဟာ မိမိသန္တာန်မှာ ဝိပဿနာ ဉာဏ်ထူးတွေ ဖြစ်စေချင်တယ်၊ မဂ်ဖိုလ်တရားတွေ ရောက်ချင် တယ် ရချင်တယ်၊ ဒီလို တောင့်တ တာကတော့ အလွန် ကောင်းတဲ့ တောင့်တခြင်းမျိုးဘဲ၊ ဒါပေမဲ့ ဒီတောင့်တခြင်း မျိုးကလဲ လွန်လွန်ကဲကဲကြီး ဖြစ်လို့ရှိယင်တော့ နေရာမကျ ဘူး၊ ဒါကြောင့် လွန်လွန်ကဲကဲကြီး ဖြစ်လာယင်တော့ သူ့ကို

ရှုမှတ်ပြီးပယ်ရမယ်၊ မပယ်နိုင်ဘဲနဲ့ အဲဒါကိုချည်းသာ မပြတ် တောင့်တနေယင်တော့ သမာဓိဉာဏ်တွေက မတိုးတက်ဘဲ ရပ်တန့်နေတတ်တယ်၊ဒါကြောင့် ရှုမှတ်ပြီး ပယ်ဘို့ဟာ အလွန် အရေးကြီးပါတယ်၊ အချို့ ယောဂီတွေမှာ သမာဓိဉာဏ်တွေ ကောင်းလျက်သားနဲ့ အဲဒီတောင့်တမှုတွေက များပြီး ဖြစ်ချင် လွန်းအားကြီးနေတာနဲ့ တရားက မတက်ဘူး၊ တရားအား ထုတ်ရာမှာ လိုချင်လွန်း အားကြီးပြီး သိပ်တောင့်တနေယင်လဲ အားထုတ်လို့ အဆင်မပြေဘူး၊ လုံးလုံးမလိုချင်ယင်လဲ နေရာ မကျဘူး၊ အခက်သားဘဲ၊ စိတ်ထားတတ်ဘို့ အရေးကြီး ပါတယ်။

အဘိနတံ စိတ္တံ ရာဂါနုပတိတံ-လို့ ဟောတော်မူတယ်၊ အဘိနတံ၊ အလွန်ညွတ်သော။ ဝါ၊ ညွတ်လွန်းသော။ စိတ္တံ၊ စိတ်သည်။ ရာဂါနုပတိတံ၊ ရာဂအစဉ်လိုက်နေပါတယ်တဲ့၊ မဂ် ဖိုလ် တရားထူးတွေကို လိုချင်လွန်းအားကြီးနေလို့ရှိယင် အဲဒါ ဟာနောက်က ရာဂ ပါနေတာဘဲတဲ့၊ အဲဒါကို ကုသိုလ် ဆန္ဒ လို့ ထင်စရာကြီးပေါ့လေ၊ ငါတောင့်တ တာဟာ ကောင်းတဲ့ ဝိပဿနာမဂ်ဖိုလ်တရားတွေကို မျှော်လင့်တောင့်တတာ ဖြစ်တဲ့ အတွက် ကုသိုလ်ဆန္ဒဘဲလို့ ထင်စရာကြီးပေါ့၊ အေး-ဒါပေ မယ့်လို့ အဲဒါဟာ ရာဂါနုပတိတံ၊ ရာဂက နောက်လိုက် ပါနေ တယ်တဲ့၊ ပြီးတော့ အဲဒီ အလွန်အကဲ တောင့်တမှုဟာ သမာ- ဓိဿ ပရိပန္ထော၊ သမာဓိ၏ ဘေးရန်ပါဘဲတဲ့။

တံ သမ္ဘဇာနော ဟုတွာ ရာဂံ ပဇဟတိ။ တံ၊ ထိုတောင့်တ လွန်း အားကြီးသောစိတ်ကို။ သမ္ဘဇာနော၊ တောင့်တတယ်

ဟု သိသည်။ ဟုတ္တာ၊ ဖြစ်၍။ ပဇာဟတိ၊ ပယ်၏။ မှတ်သိပြီး ပယ်လိုက်ပါတဲ့။

အဲဒီလို တောင့်တလွန်း အားကြီးနေလို့ ရှိယင်တော့ သမာဓိဉာဏ်တရားက မတက်တော့ဘူး၊ ဒါကြောင့် ရှုမှတ်ပြီး ပယ်ရမယ်တဲ့။ ကမ္မဋ္ဌာန်းဆရာတွေက ပြုပြင်ပေးတယ်ဆိုတာ ဒီလိုဟာတွေကို ပြုပြင်ပေးရတာပါဘဲ၊ တရားအမှတ်ကလေး တော်တော် ကောင်းလာလို့ရှိယင် ဒီတောင့်တမှုတွေက ပေါ် လာတာဘဲ၊ အားထုတ်တဲ့ ပုဂ္ဂိုလ်က တရားကို မြန်မြန်ကြီး ပြည့်စုံစေချင်တယ်၊ဒီလို ပြည့်စုံချင်အားကြီးတော့ တောင့်တ မှုတွေ စိတ်ညွတ်မှုတွေ လွန်ကဲနေတယ်၊ အဲဒါကြောင့် သမာဓိ ဉာဏ်တရားက မတိုးတက်ဘဲနဲ့ ဖြစ်နေတတ်တယ်။

## ကိုယ့်အလုပ် ကိုယ်လုပ်ပါ

ဒါကြောင့် အဲဒါတွေကို မေ့မေ့ပျောက်ပျောက် ထားပြီး တော့ "သမာဓိဉာဏ် တရားတွေ ဖြစ်ချင်လဲဖြစ်, မဖြစ်ချင်လဲ နေပါစေ၊ သူ့သဘောနဲ့သူဘဲ၊ သမာဓိဉာဏ်တရားထူးတွေ ဖြစ်အောင် တိုးတက်အောင် ငါလုပ်လို့ ဖြစ်တာမဟုတ်ဘူး၊ ဘယ်သူမှလဲ လုပ်လို့ ဖြစ်တာမဟုတ်ဘူး၊ သူ့ဟာသူအကြောင်း ညီညွတ်တဲ့ အခါကျတော့ ဖြစ်မှာဘဲ၊ ကိုယ့်အလုပ်ကတော့ ဒွါရခြောက်ပါးမှာ ကျရောက်လာတဲ့ အာရုံတွေကို မပြတ်ရှု မှတ်နေဘို့ဟာ ကိုယ့်အလုပ်ဘဲ၊ ဒါကြောင့် အဲဒီအာရုံကလေး တွေကိုသာ မပြတ် ရှုမှတ်သွားမယ်" လို့ စိတ်ထဲမှာ ဒီလိုအေး အေး ဆေးဆေး ထားပြီး မှတ်သွားရတယ်၊ ဒီလိုမှတ်သွားလို့ ရှိယင် မကြာခင်မှာပင် တရားတွေ တိုးတက်လာတတ်ပါ

တယ်၊ ဒါပေမယ်လို့ စိတ်ပျက်တဲ့ အနေမျိုးနဲ့ လုံးလုံးလျား လျား မတောင့်တဘဲ နေလို့ကော့လဲ မဖြစ်ဘူး။

အဲဒီလို စိတ်ပျက်တဲ့အနေမျိုးနဲ့ မြော်လင့်တောင့်တခြင်း လုံးဝမရှိပြန်တော့ ဘာဖြစ်တုန်းဆိုယင် အပနတံ စိတ္တံ ဗျာပါ-ဒါနုပဘိတံ–တဲ့၊ အဓိပ္ပါယ်ကတော့ ဖဲလွန်းတဲ့စိတ် ဆိုတာ တရားနဲ့ လူနဲ့ မကပ်ဘဲနဲ့ ကွဲကွာနေတဲ့စိတ်ဖြစ်တယ်၊ ဒီလိုဖဲခွါ လွန်းတဲ့အခါကျတော့ တရားကို ကျောပေးထားလိုက်တာလို ဖြစ်သွားတယ်။ အဲဒီတော့ ဗျာပါဒဆိုတဲ့ စိတ်ပျက်မှုတွေ ပါဝင်နေတယ်တဲ့၊ ဒါတွေကိုလဲ ရှုမှတ်ပြီး ပယ်သွားရမှာဘဲ၊ ဒါကြောင့် တရားနဲ့စပ်ပြီးတော့ တောင့်တမှု အတော်အသင့် တော့ရှိရမှာဘဲ၊ သို့ပေမဲ့ များများကြီး တောင့်တနေယင် ဒီ တောင့်တမှုကလေးကို ရှုမှတ်ပြီးတော့ပယ်ရမယ်၊ ဒီလိုဖြစ်ပေါ် လာတဲ့ တောင့်တမှုကလေးတွေကို ရှုမှတ်ပြီး ပယ်သွားမယ် ဆိုယင် တရားတွေက တိုးတက်ပြီး လာတတ်ပါတယ်။

ဒါကြောင့် ဆောင်ပုဒ်က "တွန့်ဆုတ်သယောင်၊ ဟန် ဆောင်မပြ၊ မတောင့်တလျှင်း၊ ဝန်တိုကင်း၍"တဲ့။

ဝန်တိုခြင်းလဲ ကင်းရမယ်၊ ဝန်တိုခြင်းဆိုတာ မစ္ဆရိယဘဲ၊ မစ္ဆရိယဆိုတာ ကိုယ့်မှာပြည့်စုံတဲ့ ဥစ္စာတွေ ကိုယ့်မှာရှိနေတာ တွေကိုသူများနှင့်မဆက်ဆံစေချင်တာရယ်၊ ကိုယ်ကောင်းစား တာလို သူများမကောင်းစားစေချင်တာရယ်၊ ကိုယ်ပြည့်စုံတာ လို သူများမပြည့်စုံစေချင်တာရယ်၊ အဲဒါတွေကို မစ္ဆရိယလို့ ခေါ်တယ်၊ အဲဒီ မစ္ဆရိယတရားကတော့ သောတာပတ္တိမဂ် ရောက်လို့ရှိယင် ကင်းသွားတယ်လို့ အဋ္ဌကထာမှာ ဆိုထားပါ

တယ်၊ ဒါကြောင့် အဲဒီ သောတာပတ္တိမဂ် ရောက်အောင် အားထုတ်သွားဘို့ပါဘဲ။

## ကြမ်းတမ်းတာတွေကို ပယ်ရမယ်

ဆောင်ပုဒ်က "ဝန်တိုကင်း၍၊ ကြမ်းခြင်းရှိဖွယ်၊ အလျှင်းပယ်လျက်"-တဲ့၊ အပ္ပဂဗ္ဘော၊ ကြမ်းတမ်းခြင်းလဲ မရှိရဘူးတဲ့၊ ကြမ်းတမ်းခြင်းဆိုတာ တနေ့တုန်းက တရားထဲလဲ ပါသွားပါပြီ၊ ဒါပေမဲ့ ဒီအထဲမှာလဲ ပါလာပြန်တယ်၊ ကြမ်းတမ်းခြင်းဆိုတာ ကိုယ်၏ကြမ်းတမ်းခြင်း, နှုတ်၏ကြမ်းတမ်းခြင်း, စိတ်၏ကြမ်းတမ်းခြင်းလို့ သုံးမျိုးရှိပါတယ်။

ကိုယ်၏ ကြမ်းတမ်းခြင်းဆိုတာကို ရဟန်းတော်များနှင့် စပ်ပြီးတော့ ဒီလို ဖွင့်ပြထားပါတယ်၊ သံဃာတော်အများ ရဟန်းတော်အများနဲ့ တွေ့ဆုံ ဆက်ဆံတဲ့အခါမှာ အရိုအသေကင်းမဲ့တာတွေကို ကိုယ်၏ ကြမ်းတမ်းခြင်းတွေလို့ ပြထားပါတယ်၊ အရိုအသေကင်းမဲ့ပြီးတော့ ရိုသေရမည့် ပုဂ္ဂိုလ်တွေကို မရိုသေဘဲနဲ့ တိုက်ခိုက်သွားတယ်၊ ရှေ့တဲ့တဲ့က ရပ်ပြီးတော့ နေတယ်၊ ထိုင်နေတယ်၊ ကျော်တက်ပြီး သွားတယ် စသည်ဖြင့် ပေါ့လေ။

အဲဒီလို ကိုယ်အမူအရာအားဖြင့် မရိုမသေပြုတာတွေကို ကိုယ်ကြမ်းတမ်းခြင်းတွေတဲ့၊ မထေရ်ကြီးနေမည့်နေရာတွေမှာ ကိုယ်ကတက်ပြီးနေတယ်၊ ရဟန်းငယ်တွေကိုလဲ အနေအထိုင်ကြပ်အောင်လို့ ကိုယ်က တိုးဝှေ့ပြီး ထိုင်နေတယ်၊ ဒါတွေဟာ ကိုယ်ဖြင့် ကြမ်းတမ်းခြင်းတွေဘဲတဲ့။ ကိုယ် အမူအရာတွေမှာ ကြည်ညိုဖွယ် မရှိတာတွေပေါ့၊ စားရာ သောက်ရာတွေမှာ

သူများတွေ စက်ဆုပ်ရွံရှာဖွယ်ဖြစ်တဲ့ ကိုယ် အမူအရာတွေ ဆိုတာလဲရှိတယ်၊ တံတွေး ထွေးလိုက် နှပ်ညှစ်လိုက် ချွဲသလိပ် ဟက်လိုက်နဲ့ ဒီလိုဟာတွေဟာ စက်ဆုပ်စရာတွေဘဲ၊ ဗမာပြည်က ပုဂ္ဂိုလ်တွေမှာတော့ ဒါမျိုးတွေက အလေ့အထလို ဖြစ်နေတော့ ရိုးနေပါတယ်၊ ကိစ္စမရှိဘူးလို့ ဆိုရမှာပေါ့၊ ဒါပေမဲ့ နိုင်ငံခြားက ပုဂ္ဂိုလ်တွေမှာတော့ အဲဒါတွေက အလွန်ရွံစရာကောင်းသတဲ့၊ ရွံလဲရွံစရာတွေပါဘဲ၊ စားရာ သောက်ရာတွေမှာ မဆင်မခြင်ဘဲ ပြုလုပ်တဲ့ ဒီလို ရွံဖွယ် အမူအရာတွေဟာ ကြမ်းတမ်းတဲ့ ကိုယ် အမူအရာတွေလို့ ဆိုရမှာဘဲ။

နှုတ်ကြမ်းတမ်းတာတွေကတော့ အများကြီးပါဘဲ၊ ရိုသေရမည့် ပုဂ္ဂိုလ်ကို မရိုမသေနဲ့ ပြောဆိုတာတွေဟာ ယဉ်ကျေးမှုမဖြစ်တာ ကြမ်းတမ်းတာတွေဘဲ၊ သံဃာတွေ စုဝေးပြီးနေတဲ့ နေရာဆိုလို့ရှိယင် မထေရ်ကြီးက ခွင့်ပြုမှ ပြောရ ဟောရတယ်၊ အခွင့်မပြုဘဲ ဝင်ပြီး ပြောဆိုယင် ဒါလဲ မယဉ်ကျေးဘူးလို့ ဆိုရမှာပေါ့၊ ဒီလို အခွင့်မရဘဲ ပြောဆိုတာတွေဟာ မရိုသေရာရောက်တယ်၊ ယဉ်ကျေးမှု နည်းပါးတယ်လို့ ဆိုရမယ်၊ အေး-ဒါတွေကလဲ ကင်းရမယ်၊ ပြီးတော့ မပြောသင့်တာတွေကို ပရိသတ်ထဲမှာ ပြောဆိုမှုတွေကလဲ ရှိသေးတယ်၊ အဲဒီလို မသင့်မတော်တဲ့ အပြောအဆို မျိုးတွေကလဲ ကင်းရမယ်တဲ့။

စိတ်ဖြင့် ကြမ်းတမ်းမှုတွေကတော့ ဘယ်လိုလဲ ဆိုယင် စိတ်ကို ထိန်းသိမ်းမှုမရှိဘဲ မတော်ရာတွေကို လျှောက်ပြီး ကြံစည်နေတာပါဘဲ၊ ကိုယ်နဲ့ သူများနဲ့ , နိူင်းစာကြည့်ယင် မတန်မရာတွေ လျှောက်ပြီး ကြံတာမျိုးပါဘဲ၊ ကိုယ်က အမျိုး

အားဖြင့် ဖြစ်စေ၊ စည်းစိမ် အခြေအနေ အားဖြင့် ဖြစ်စေ၊ အဆင့်အတန်းမမြင့်ပါဘဲနဲ့ အဆင့်အတန်းမြင့်တဲ့ ပုဂ္ဂိုလ်တွေနဲ့ တန်းတူထားပြီးတော့ စဉ်းစား ကြံစည်နေတတ်တယ်၊ ဒါက တော့ လောကရေးရာဘက်က ပြောတာပါ။ တရားရေးရာ ဘက်က ဆိုယင်လဲ ကိုယ့်သီလက မစင်ကြယ်ပါဘဲနဲ့ သီလ စင်ကြယ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ တန်းတူထားပြီး စိတ်ကူးနေတယ်၊ သူနဲ့ ကိုယ်ဟာ အတူတူဘဲလို့ အောက်မေ့နေတယ်၊ ကိုယ်က ခုတင်ကျင့်ဝတ်တွေကို မကျင့်နိုင်ပါဘဲနဲ့ ကျင့်နိုင်တဲ့ ပုဂ္ဂိုလ် တွေနဲ့ အတူတူဘဲလို့ ထင်တယ်၊ ကိုယ်က ပရိယတ်ကျမ်းဂန် တွေကို မတတ်ပါဘဲနဲ့ တတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ အတူတူဘဲလို့ စိတ်က ထင်ထားတယ်၊ တချို့က အဋ္ဌကထာ ဋီကာတွေကို မကြည့်နိုင်ဘဲနဲ့တောင် အဲဒီကျမ်းဆရာတွေကို သူတို့နဲ့ တန်းတူ အောက်မေ့တယ်၊ မရှိမသေလဲ ပြောတတ်သေးတယ်။ ကိုယ်က ပဋိပတ်အကျင့်ကို ကောင်းကောင်း မကျင့်ပါဘဲနဲ့ ကောင်း ကောင်းကျင့်တဲ့ ပုဂ္ဂိုလ်တွေနဲ့ အတူတူဘဲလို့ ထင်ထားတယ်၊ ဒါမျိုးတွေကတော့ ယခုနေ အခါမှာ တော်တော် အဖြစ်များ နေကြပါတယ်၊ အဲဒါတွေဟာ စိတ်နှလုံးကြမ်းတမ်းမှုတွေပါဘဲ။

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ကတော့ ဒီလို စိတ်ကြမ်းတွေ ဖြစ်လာယင် ရှုမှတ်ပြီး ပယ်ရတယ်၊ ဒါပေမဲ့ သီလ သမာဓိ ပညာ အကျင့်တွေကို အချိုးကျကျ ကျင့်ထားယင်တော့ ဒီလို စိတ်ကြမ်းတွေက ဖြစ်စရာမရှိပါဘူး၊ ကိုယ်က သီလ စသည်နှင့် တကယ်ပြည့်စုံနေလို့ရှိယင် ပြီးတာပါဘဲ၊ ဒါကြောင့် ဒီလို တကယ်ကျင့် နေတဲ့ပုဂ္ဂိုလ်မှာ အပြစ် ကင်းနေတတ် ပါတယ်၊ တော်တော်ကို နေရာကျပါတယ်၊ မပြတ်ရှုမှတ်ပြီး

ကျင့်နေတာနဲ့ ဒီလို မတော်တဲ့ ကြမ်းတမ်းတဲ့ စိတ်ကူး ကြံစည်မှုတွေဖြစ်ဖို့ ဝေးကွာနေပါတယ်။ တရံတခါ မတော်တဆ ဖြစ်ပေါ်လာယင်လဲ အဲဒီလို စိတ်ကြမ်းတွေ စက်ဆုပ်ဖွယ်တွေကို ရှုမှတ်ပြီး ပယ်သွားရုံပါဘဲ။

## စက်ဆုပ်ဖွယ်တွေလဲ ပယ်ရမယ်

ဒါကြောင့် ဆောင်ပုဒ်ထဲမှာ "ကြမ်းတမ်းရွံဘွယ်၊အလျှင်းပယ်လျက်"လို့ ဆိုထားတယ်။ ကြမ်းတမ်းခြင်းရယ်, စက်ဆုပ်ရွံရှာဘွယ်ရယ် ဒါတွေကင်းစေရမယ်လို့ ဆိုလိုပါတယ်၊ ဒီအထဲမှာ စက်ဆုပ်ရွံရှာဘွယ်ဆိုတာက ဘာတုံးလို့ ဆိုယင် သီလ မစင်ကြယ်မှုတွေပါဘဲ၊ သီလ မစင်ကြယ်တဲ့သူဟာ သီလကို ရိုသေလေးစားတဲ့ ပုဂ္ဂိုလ်တွေရဲ့ စက်ဆုပ်ရွံရှာဘွယ် ဖြစ်နေတယ်၊ ဘယ်လိုလဲဆိုယင် လူတယောက်မှာ အညစ်အကြေးတွေ လူးပေနေလို့ရှိယင် အဲဒီလူကို အခြားလူတွေက ရွံကြစက်ဆုပ်ကြတယ်၊ အဲဒီလူနဲ့ ရောနှောပြီး မနေချင်ကြဘူး၊ အဲဒီလိုပါဘဲ သီလ မစင်ကြယ်တဲ့ပုဂ္ဂိုလ်ကို သီလ စင်ကြယ်တဲ့ ပုဂ္ဂိုလ်တွေက မပေါင်းချင်ကြဘူး၊ ရွံကြ စက်ဆုပ်ကြတယ်၊ အတူတူမနေချင်ကြဘူး၊ နေချင်စရာလဲ မကောင်းဘူး၊ သီလ မစင်ကြယ်တဲ့သူနဲ့ ရောနှောနေယင် အဲဒီပုဂ္ဂိုလ်လို အတူတူပါဘဲလို့ အချားက ထင်ကြလိမ့်မယ်၊ ပြောဆို ကြလိမ့်မယ်၊ ဒါကြောင့် သီလစင်ကြယ်တဲ့ ပုဂ္ဂိုလ်တွေက မစင်ကြယ်တဲ့သူနဲ့ ရောနှောပြီး မနေချင်ကြဘူး၊ အဲဒါ သီလမစင်ကြယ်တာကို စက်ဆုပ်လို့ပါဘဲ၊ လူကို မုန်းလို့တော့ မဟုတ်ပါဘူး၊ ဒါကြောင့် စက်ဆုပ်ဖွယ် ဖြစ်တဲ့ သီလ မစင်ကြယ်မှုတွေ ကင်းစေ ရမယ်တဲ့။

သီလဆိုတာ မတော်မသင့်တဲ့ ကိုယ်အမူအရာတွေ နှုတ်အမူအရာတွေကို မပြုမိအောင် မပြောမိအောင် စောင့်ရှောက်ကြဉ်ရှောင်ရတာပါဘဲ၊ ဒါကြောင့် မတော်မသင့်တဲ့ ပြုမှုပြောမှုတွေ ကင်းအောင် ကျင့်သွားရမယ်။

မြတ်စွာဘုရား၏ သာသနာတော်ဟာ စင်ကြယ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ နေရာဌာန ဖြစ်ပါတယ်၊ ဒါကြောင့် ဒီလိုလဲ နှလုံးသွင်းသင့်ပါတယ်၊ ဒီသာသနာတော်ဟာ အရှင်သာရိပုတြာ အရှင်မဟာမောဂ္ဂလ္လာန် အရှင်မဟာကဿပ အစရှိသော စင်ကြယ်တဲ့ ပုဂ္ဂိုလ်မြတ်တို့၏ နေရာဌာနဘဲ၊ဒီလိုနေရာဌာနမှာ နေတဲ့ပုဂ္ဂိုလ်ဟာ အဲဒီ စင်ကြယ်တဲ့ ပုဂ္ဂိုလ်တွေလိုဘဲ စင်ကြယ်အောင် ကျင့်သင့်တယ်၊ ငါလဲ စင်ကြယ်အောင် ကျင့်မယ်လို့ နှလုံးသွင်းပြီးတော့ စင်ကြယ်အောင် ကျင့်သွားရမယ်၊ သီလ အကျင့်တွေကို စင်ကြယ်အောင် ကျင့်သွားယင်တော့ စက်ဆုပ် ရွံရှာဘွယ်တွေ ကင်းသွားမှာပါဘဲ၊ ဒါကတော့ ဘာဝနာအလုပ် မဟုတ်သေးပါဘူး၊ ဘာဝနာရဲ့ အခြေခံ သီလ အကျင့်ဘဲ ရှိပါသေးတယ်၊ ယခု ကမ္မဋ္ဌာန်း ဌာန မျိုးမှာ ရောက်နေတဲ့ ပုဂ္ဂိုလ်ဆိုယင်တော့ သီလ တင်တောင် မကသေးဘူး၊ သမာဓိ ပညာတွေ ပါတောင် ပြည့်စုံအောင် ပြည့်ကျင့်နေရပါတယ်၊ ဒီတော့ ကိုယ်အမူအရာ နှုတ်အမူအရာတွေမှာ မကြည်ညိုဘွယ်ဆိုတာ မရှိနိုင်တော့ဘူး၊ကြည်ညိုဘွယ်တွေချည်း ဖြစ်နေပါတယ်၊ ဒီလို ပညာရှိ သူတော်ကောင်းတွေရဲ့ ကဲ့ရဲ့ဖွယ် စက်ဆုပ်ဖွယ်တွေ လုံးဝကင်းပြီး ကြည်ညိုဘွယ်တွေနဲ့ ပြည့်စုံအောင် ကျင့်သွားဘို့ လိုပါတယ်၊ အဲဒီလို ကျင့်

ပြီး စက်ဆုပ်ဖွယ် ကင်းနေလို့ ရှိယင် ငြိမ်သက် သိမ်မွေ့တဲ့ ငြိမ်းအေးတဲ့ သန္တပုဂ္ဂိုလ်လို့ ဆိုရပါတယ်။

ဆောင်ပုဒ်ထဲမှာ "ကြမ်းတမ်း ရှိဘွယ်၊ အလျှင်းပယ်လျက်၊ ချစ်ပြယ်စကား၊ မပြောကြား"တဲ့။

ပါဠိ ဂါထာမှာ ပေသုဏေယျေ စ နော ယုတော-တဲ့။ ပေသုဏေယျေ စ၊ ဂုံးတိုက်စကား၌လဲ၊ နော ယုတော၊ မယှဉ်သည်။ ဟောတိ၊ ဖြစ်၏တဲ့။ ဂုံးတိုက်စကားဆိုတာ ပိယသုညချစ်သူနှစ်ဦးတို့ အချစ်ပျက်အောင် ပြောတဲ့စကားဘဲ၊ ပုဂ္ဂိုလ်နှစ်ဦးဟာ မူလက တဦးနှင့်တဦး သင့်မျှနေကြတယ်၊ အချင်းချင်း ချစ်ခင်ကြည်ညို လေးစားမှု ရှိနေကြတယ်၊ အဲဒီလို ချစ်ခင် ကြည်ညိုနေကြရာမှာ တဦးနှင့်တဦး ချစ်ခင်မှု ပျက်အောင် ကြည်ညို လေးစားမှု ပျက်အောင် ကြားဝင်ပြီး မပြောရဘူး၊ အဲဒီလို ပြောချင်တဲ့ စိတ်များ ပေါ်လာခဲ့လို့ ရှိယင် မသင့်တော်ဘူးလို့ ဆင်ခြင်ပြီးတော့လဲ ပယ်ရမယ်၊ ရှုမှတ်ပြီးတော့ယင်လဲ ပယ်ရမယ်။

ဆောင်ပုဒ်

> တွန့်ဆုတ်သယောင်၊ ဟန်ဆောင်မပြ၊ မတောင့်တလျှင်း၊ ဝန်တိုကင်း၍၊ ကြမ်းခြင်းရှိဘွယ်၊ အလျှင်းပယ်လျက်၊ ချစ်ပြယ်စကား၊ မပြောကြား၊ ခုနစ်ပါးသူ့ဂုဏ်ရည်။

ဒီဆောင်ပုဒ်အရ နိဂုံးချုပ်အနေနဲ့ နည်းနည်း ထပ်ပြီး ပြောဦးမယ်၊ တွန့်ဆုတ်သယောင်-ဆိုတာ လောကရေးရာတွေနဲ့ စပ်ပြီးတော့ တက်တက်ကြွကြွ ထက်ထက်သန်သန် မရှိ

ဘဲ တွန့်ဆုတ်နေသလို၊ အားလျော့နေသလို ဖြစ်နေရမယ်၊ ရာဂဖြစ်စရာ အာရုံတွေနဲ့စပ်ပြီးတော့ ရာဂစိတ် မဖြစ်ဘဲ တွန့်ဆုတ်နေသလို၊ အစွမ်းသတ္တိညံ့နေသလို ဖြစ်နေရမယ်၊ ဒေါသဖြစ်စရာအာရုံတွေနဲ့ စပ်ပြီးတော့လဲ စိတ်မဆိုးဘဲ အစွမ်းအစမရှိသလို တွန့်ဆုတ်နေရမယ်၊ မာနဖြစ်စရာအာရုံတွေနဲ့ စပ်ပြီးတော့လဲ တက်ကြွ ဆောင်လွှားခြင်းမရှိဘဲ တွန့်ဆုတ် နေရမယ်၊ အဲဒီလိုဘဲ နေရာတကာမှာ ကိလေသာ ဖြစ်စရာ အာရုံတွေနဲ့စပ်ပြီး ကိလေသာမဖြစ်ဘဲ ကိလေသာဖြင့် စိတ်တက်ကြွခြင်း၊ ထက်သန်ခြင်းမရှိဘဲ စိတ်ကလေး ငြိမ်ဝပ်နေအောင် ကျင့်ရမယ်၊ ဒါပါဘဲ။

ပြီးတော့ ဟန်ဆောင်မပြ-ဆိုတာက ကိုယ့်မှာမရှိတဲ့ ဂုဏ်နဲ့ ဟန်ဆောင်မပြရဘူး၊ ရှိတဲ့ဂုဏ်ထက် ပိုလွန်ပြီးတော့လဲ ဟန်မဆောင်ရဘူး၊ အထူးအားဖြင့်တော့ ဒီအပိုဒ်က ရဟန်းသူမြတ်အနေနဲ့ အကြည်ညိုခံတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဆိုင်ပါတယ်၊ ဒါကြောင့် ရဟန်းတော်များမှာ သီလ၊ သမာဓိ၊ ပညာနဲ့ စပ်ပြီးတော့ ကိုယ့်မှာ ရှိတာထက် ပိုပြီး သူများ အထင်ကြီးအောင် ကြည်ညိုအောင် ဟန်ဆောင် ကြွားဝါပြီး ပြခြင်း၊ ပြောခြင်း မရှိစေရဘူး၊ ဒကာ ဒကာမတွေ ကြည်ညိုအောင် ဟန်ဆောင် ပန်ဆောင်အလုပ်ကို မလုပ်ရဘူး။ ဒါကြောင့် တကယ် အလိုနည်းတဲ့ ရဟန်းတော်ကောင်းတွေဟာ ပဋိပတ်ဘက်ကဆိုလျှင် မိမိမှာ ရှိနေတဲ့ ဂုဏ်တွေတောင် သူတပါး မသိအောင် လျှို့ဝှက်ထားလေ့ ရှိပါတယ်၊ ရဟန္တာဖြစ်နေပေမယ်လို့ စောစောပိုင်းက ပြောကြားခြင်းမရှိဘဲ ပရိနိဗ္ဗာန်

စံခါနီးကျမှ သီတင်းသုံးဘော်များအား ပြောသွားတတ်ကြပါတယ်။

ပြီးတော့ မတောင့်တလျှင်း-ဆိုတာက လောကီအာရုံကာမဂုဏ် စည်းစိမ် ချမ်းသာတွေနဲ့စပ်ပြီး သူများမှာ ပြည့်စုံသလို မိမိမှာလဲ ပြည့်စုံရအောင် ကောင်းစား ချမ်းသာရအောင်လို့ သူများကို အားကျပြီး တောင့်တမှု မရှိစေရဘူးလို့ ဆိုလိုပါတယ်၊ ပြီးတော့ တရားအားထုတ်နေဆဲ ပုဂ္ဂိုလ်မှာ တရားထူးကို ရဘို့ရာ လွန်လွန်ကဲကဲ လိုချင် တောင့်တခြင်းမျိုးလဲ မရှိစေရဘူးလို့ ဒီလိုလဲ ဆိုလိုပါတယ်။ ဘာကြောင့်လဲဆိုယင် တရား အားထုတ်နေဆဲမှာ တရားထူးရဘို့ လွန်လွန်ကဲကဲ တောင့်တနေလျှင် သမာဓိ ပညာတွေ မတိုးတက်ဘဲ ရှိနေတတ်ပါတယ်၊ ဒါကြောင့်ပါဘဲ။ ပြီးတော့ ဝန်တိုခြင်း ကင်းတယ်ဆိုတာကတော့ ထင်ရှားနေပါပြီ။

"ကြမ်းတမ်းရှုံ့ဖွယ်၊ အလျှင်းပယ်လျက်" ဆိုတာကတော့ ကိုယ် နှုတ် စိတ်ကြမ်းတွေကိုလဲ ပယ်ရမယ်၊ သီလ မစင်ကြယ်ခြင်းဆိုတဲ့ ရှုံ့ရှာစက်ဆုပ်ဖွယ်လဲ ကင်းစေရမယ်လို့ ဆိုလိုပါတယ်၊ ပြီးတော့ ချစ်ပြယ်စကား မပြောကြား-တဲ့၊ နှစ်ဦးနှစ်ဖက်သော သူတို့အား အချင်းချင်း ချစ်ခင် ကြည်ညို လေးစားမှုယုံကြည်မှု ပျက်ပြားအောင် ပြောဆိုတဲ့ ဂုံးတိုက်စကားကို မပြောကြားရဘူးတဲ့၊ ဒါတွေက ရှေ့ပိုင်းက အကျယ်ရှင်းပြခဲ့လို့ ထင်ရှားနေပါပြီ၊ အဲဒါတွေဟာ ခုနစ်ပါး ရှိပါတယ်၊ ဒါကြောင့် ဆောင်ပုဒ်အဆုံးမှာ "ခုနစ်ပါး သူ့ဂုဏ်ရည်" လို့ ဆိုထားပါတယ်၊ ငြိမ်းအေးတဲ့ ဥပသန္တပုဂ္ဂိုလ်ရဲ့ ဂုဏ်အင်္ဂါ ခုနစ်ပါးလို့ ဆိုလိုပါတယ်။ နောက်လဲ အဖြေဂါထာတွေက ၉-ပုဒ်

တောင်ရှိပါသေးတယ်၊ အဲဒါတွေကိုတော့ နောက်သီတင်းနေ့ ကျမှ ဆက်ပြီး ဟောရမယ်၊ ဒီကနေ့တော့ ၄-နာရီလဲ တီး သွားပြီ၊ ဒီတွင်ဘဲ ရပ်ပြီး တရားပွဲ သိမ်းကြဦးစို့။

ဤပုရာဘေဒသုတ် တရားတော်ကြီးကို ရိုသေစွာနာခံမှတ် သားကြရသော ဓမ္မသဝန ကုသိုလ်ကံ စေတနာတို့၏ အစွမ်း အာနုဘော်ကြောင့် ဘေးအန္တရာယ် ခပ်သိမ်းတို့မှ ကင်းငြိမ်း လွတ်မြောက်ကြ၍ ဤပုရာဘေဒသုတ်တရားတော်ကြီး၌ ပြဆို ထားသော (မသေပျက်ခင် တဏှာစင်ခြင်း အစရှိသော) ကောင်းမြတ်သော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံအောင်လဲ ကျင့်ကြံ အားထုတ်နိုင်ကြ၍ မိမိတို့ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ် ဉာဏ်တို့ဖြင့် နိဗ္ဗာန် ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေ။

သာဓု – သာဓု – သာဓု။

ဒုတိယပိုင်း ပြီးပြီ။

# တတိယပိုင်း

မဟာသမယ သုတ်ကို မြတ်စွာဘုရား ဟောတော်မူစဉ် အခါတုန်းက နတ်ဗြဟ္မာ ပရိသတ်တွေကို မဂ်ဖိုလ်တရားတွေ ရဘို့ ဟောထားတဲ့သုတ် တရားတော် (၆)ပုဒ်သဲက ပုရာဘေဒ သုတ်ကို ထုတ်ပြီး ဟောလာတာဟာ နှစ်သီတင်း ရှိသွားပြီ၊ ဒီကနေ့တော့ အဲဒီသုတ်ကို အပြီးတိုင်ဟောပြီး အဆုံးသတ် ရမယ်၊ အယင် ၂-သီတင်းက ဟောခဲ့တာဟာ အဖြေဂါထာ နံပါတ်(၄)အထိ ပြီးခဲ့ပါပြီ၊ ဒီကနေ့ အဖြေနံပါတ် (၅)ဂါထာ က စပြီး ဟောရမယ်။

**သာတိယေသု အနဿာဝီ၊အတိမာနေ စ နော ယုတော။**
**သဏှော စ ပဋိဘာနဝါ၊ န သဒ္ဓေါ န ဝိရဇ္ဇတိ။**

ယော၊ အကြင် ပုဂ္ဂိုလ်သည်။ သာတိယေသု၊ သာယာ ဘွယ်အာရုံကာမဂုဏ် ဝတ္ထုတို့၌။ အနဿာဝီ၊ ယိုထွက်စီးသွား ခြင်းမရှိသည်။ ဟောတိ၊ ဖြစ်၏။ (သာယာဘွယ်အာရုံ ကာမ ဂုဏ်ဝတ္ထုတွေနဲ့ စပ်ပြီးတော့ အဲဒီအာရုံတွေဆီကို ယိုထွက်ခြင်း စီးဆင်းသွားခြင်း မရှိစေရဘူးတဲ့၊ ဒါကဂုဏ်ပုဒ်တခုဘဲ။)အတိ မာနေ စ၊ အလွန်မာန်ထောင်လွှားလျက် သူတပါးကို အထင် သေးခြင်း မထီမဲ့မြင် ပြုခြင်း၌လဲ။ နော ယုတော၊ မယှဉ်သည်။ ဟောတိ၊ ဖြစ်၏။ (ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးပြီး သူတပါး ကိုအထင်အမြင်သေးခြင်း မရှိမသေပြုခြင်းလဲ မရှိစေရဘူးတဲ့၊ ဒါကလဲ ဂုဏ်ပုဒ်တခုဘဲ။) သဏှော စ၊ နူးညံ့သိမ်မွေ့သည် လည်း။ ဟောတိ၊ ဖြစ်၏။ (ကိုယ်နှုတ်နှလုံး သုံးပါးလုံး နူးညံ့

သိမ်မွေ့ရမယ်–တဲ့၊ ဒါကလဲ ဂုဏ်ပုဒ်တခုဘဲ။) ပဍ္ဍိတာနဝါ စ၊ ထင်မြင်သော ဉာဏ်ပညာရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ (ပရိယတ် ပဋိပတ်နှင့် ပြဿနာအရာမှာ ထင်မြင်သဘော ပေါက်လွယ်တဲ့ ဉာဏ်ပညာနဲ့ ပြည့်စုံရမယ်တဲ့။ ဒါကလဲ ဂုဏ်ပုဒ်တခုဘဲ။) သဒ္ဓေါ စ၊ သူတပါးကိုပုံ၍ ယုံကြည်သည်လည်း။ န ဟောတိ၊ မဖြစ်။ (သူတပါးကိုချည်းပုံပြီး ယုံကြည်သူလဲ မဖြစ်စေရဘူး–တဲ့၊ ဒါကလဲ ဂုဏ်ပုဒ်တခုဘဲ။) ဒီသုတ်က ဗုဒ္ဓိစရိုက် ပညာအားကြီးတဲ့ ပုဂ္ဂိုလ်တွေအတွက် ဟောထားတဲ့ သုတ်ဖြစ်တဲ့အတွက် ဒီသုတ်ထဲမှာ နက်နဲပြီး အသိခက်တဲ့ အသုံးအနှုန်းစကားလုံး အထူးအဆန်းကလေးတွေကလဲ ပါဝင်နေတယ်။ န သဒ္ဓေါ၊ မယုံကြည်ရဘူးလို့ ဆိုတော့ ယုံကြည်တဲ့ သဒ္ဓါတရားကို ပယ်မြစ်တာလိုလို ဖြစ်နေပါတယ်၊ ဒီစကားက ပဟေဠိသဘော ရှိတဲ့အတွက် လိမ်တိမ်တိမ် ဖြစ်နေပါတယ်၊ အဲဒါကို တော်တော်ကြာမှဘဲ အကျယ်ရှင်းပြီး ပြောရမယ်။ န ဝိရဇ္ဇတိ၊ တပ်မက်ကင်းဆဲလဲမဟုတ်။ (ဒီစကားကလဲ ခုတင်က တလိမ်ပေါ် နှစ်လိမ်ထပ်လာသလိုဘဲ တပ်မက်မှု မကင်းဘူး ဆိုယင် တပ်မက်နေတယ်လို့ ယူရမလိုလို ဖြစ်နေပါတယ်၊ ဒါပေမဲ့ အဲဒီလိုတော့ ဆိုလိုတာမဟုတ်ပါဘူး၊ တပ်မက်မှုကင်းဆဲ မဟုတ်ဘူးဆိုတာ တပ်မက်မှုကင်းပြီး ဖြစ်နေပြီ၊ ဒီလို တပ်မက်မှု လုံးဝကင်းပြီးဖြစ်သဖြင့် တပ်မက်မှု ကင်းအောင်ကျင့်စရာမရှိတော့ဘူးလို့ ဆိုလိုပါတယ်၊ ဒါကလဲ ဂုဏ်ပုဒ်တခုဘဲ။) တံ၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်ကို။ ဥပသန္တောတိ၊ ငြိမ်းအေးသော ပုဂ္ဂိုလ်ဟူ၍။ အဟံ၊ ငါသည်။ ဗြူမိ၊ ဟောဆို၏–တဲ့။

အဲဒီ ဂဏ်အင်္ဂါတွေနဲ့ ပြည့်စုံတဲ့သူကို ဥပသန္တ ပုဂ္ဂိုလ်လို့ ဆိုပါတယ်၊ အသိအမှတ်ပြုပါတယ်–တဲ့။ အလွန်မှတ်သားစရာ ကောင်းပါတယ်၊ ဒီဂါထာထဲမှာ ဘာဝနာ လုပ်ငန်းတွေလဲ ပါသွားတယ်၊ အဲဒါတွေကို အလွယ်တကူနဲ့ အမျှားနားလည် အောင်လို့ ဇမာလို ဆောင်ပုဒ်ကလေး စီထားပါတယ်၊ ဆောင်ပုဒ်က အဟောင်းနဲ့အသစ် နှစ်မျိုးတောင်ဖြစ်နေတယ်။

ဆောင်ပုဒ်အဟောင်းက- သာယာဘွယ်တွင်၊မစီးဝင်တည့်၊ အထင် မသေး၊ သိမ်မွေ့ရေးနှင့်၊ ကြံတွေးရှုပြား၊ ထင်ဉာဏ် သွား၍၊ သူတပါးမယုံ၊ တပ်မက်ကုန် သူ့ဂုဏ်ပင်ဖြစ်သည်–တဲ့၊ ဒါက အဟောင်း။

အသစ်ကတော့– သာယာဘွယ်အတွင်း၊ မစီးဆင်းတည့်၊ မာန်ကင်းသိမ်မွေ့၊ ထင်ဉာဏ်တွေ့လျက်၊ ယုံလေ့ကင်းကာ၊ တပ်မက်ကွာ၊ ခြောက်ဖြာသူ့ဂုဏ်ရည်–တဲ့။

ဒါက အသစ်၊ ယခု အဲဒီဆောင်ပုဒ်ကို လိုက်ဆိုကြရမယ်။

> သာယာဘွယ်အတွင်း၊ မစီးဆင်းတည့်၊ မာန်ကင်း
> သိမ်မွေ့၊ ထင်ဉာဏ်တွေ့လျက်။ ယုံလေ့ကင်းကာ၊
> တပ်မက်ကွာ ခြောက်ဖြာသူ့ဂုဏ်ရည်။

အဲဒီဆောင်ပုဒ်ကို တပိုဒ်ချင်း ရှင်းပြသွားမယ်၊ (သာယာဘွယ်အတွင်း၊ မစီးဆင်းတည့်-တဲ့) သာတိယေသု အနဿာဝီ- သာယာဘွယ် အာရုံတွေထဲ စီးဆင်းသွားခြင်း မရှိစေရဘူးတဲ့၊ စီးဆင်းသွားတယ်ဆိုတာ အဲဒီ သာယာဘွယ် အာရုံတွေကို သာယာတပ်မက်ပြီး စွဲလမ်းညွတ်ကိုင်း နေတာကို ဆိုပါတယ်။

(မာန်ကင်း သိမ်မွေ့–တဲ့) မိမိကိုယ်ကို အထင်ကြီးတဲ့ မာန်မာနနဲ့ သူတပါးကို အောက်တန်းစား ထားပြီး အထင်သေးတဲ့မာန်မာနမျိုး မရှိစေရဘူးတဲ့၊ ပြီးတော့ ကြမ်းတမ်းတဲ့ ကိုယ်အမူအရာ နှုတ်အမူအရာတွေကို ပယ်ရှားပြီး နူးညံ့သိမ်မွေ့တဲ့ ကိုယ်နှုတ် စိတ်အမူအရာတွေနှင့် ပြည့်စုံရမယ်၊ အစစအရာရာမှာ တည်ငြိမ်တဲ့ ဣန္ဒြေနဲ့ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ ရှိနေရမယ်တဲ့။

(ထင်ဉာဏ်တွေ့လျက် ယုံလေ့ကင်းကာ တပ်မက်ကွာ·တဲ့၊) ပရိယတ်, ပဋိပတ်အရာ, အမေးပြဿနာ အရာတွေမှာ ဉာဏ်ထင်မြင်လွယ် သဘောပေါက်လွယ်တာရယ်၊ သူတပါးကို ချည်း ပုံပြီး မယုံဘဲ ကိုယ်တိုင်သိတာရယ်၊ တပ်မက်မှုက ကင်းပြီး ဖြစ်နေတာရယ်၊ ဒီက ဂုဏ်သုံးပုဒ်၊ ခုတင်က ပြောခဲ့တဲ့ ဂုဏ်က သုံးပုဒ်-ပေါင်း ဒီဂါထာမှာ ဂုဏ်ခြောက်ပုဒ် ပါဝင်နေပါတယ်။ ဒါကြောင့် ခြောက်ဖြာ သူ့ဂုဏ်ရည်လို့ ဆိုသားပါတယ်။

## သာယာဘွယ်အတွင်း စီးဆင်းပုံ

အခု အကျယ်ရှင်းပြမယ်၊ သာယာဘွယ်အတွင်း မစီးဆင်းစေရဘူးဆိုရာမှာ သာယာဘွယ်ဆိုတာဟာ ယခုလူတွေအများအလိုရှိ နှစ်သက်သဘောကျနေတဲ့ ဥစ္စာတွေပါဘဲ၊ မျက်စိနဲ့ ကြည့်လို့ မြင်လို့ ကောင်းတာတွေ၊နားနဲ့ နားထောင်လို့ ကြားလို့ ကောင်းတာတွေ၊ နှာခေါင်းနဲ့ နမ်းရှူ ရလို့ ကောင်းတာတွေ၊ လျှာနဲ့ စားသောက်ရလို့ အရသာခံလို့ ကောင်းတာတွေ၊ ကိုယ်နဲ့ တွေ့ထိလို့ ကောင်းတာတွေ၊ စိတ်ကူးနဲ့ ကြံစည် စဉ်းစားပြီးတော့ ဝမ်းမြောက် ဝမ်းသာပြီး

ကောင်းနေတာတွေ၊ ဒီလို ကောင်းတယ်လို့ ထင်ရတဲ့ ဥစ္စာတွေဟာ သာယာဘွယ်တွေပါဘဲ၊ ဒီသာယာတွယ် အာရုံတွေဟာ နှစ်သက်သာယာပြီး ကိလေသာ ရေယဉ်တွေ စီးဆင်းသွားစရာတွေပါဘဲ၊ ဒါကြောင့် ကိလေသာ မကင်းသေးတဲ့ သူတွေက ဒါတွေကို သာယာနှစ်သက် စွဲမက်ပြီးနေကြတာဘဲ၊ အဲဒီ သာယာဘွယ် အာရုံ ကာမဂုဏ်တွေဆီကို စိတ်ကလေး မသွားစေနဲ့တဲ့၊ သွားလျှင် သွားတိုင်း သွားတိုင်း ရှုမှတ်ပြီး ပယ်ရမယ်။

စိတ်ကို မနိုင်နင်းသေးတဲ့ သူတွေမှာ မျက်စိကနေပြီးတော့လဲ မြင်ရတဲ့ အဆင်းအာရုံဆီကို ကိလေသာ ရေအယဉ်တွေက ဒလဟော စီးဆင်းပြီးသွားနေတယ်၊ နားကလဲ ကြားရတဲ့ အသံ အာရုံဆီကို စီးဆင်းသွားတယ်၊ နှာခေါင်းကလဲ အနံ့ဆီကို စီးဆင်းသွားတယ်၊လျှာကလဲ အရသာဆီကို စီးဆင်းသွားတယ်၊ ကိုယ်ကလဲ အတွေ့အထိဆီကို စီးဆင်းသွားတယ်၊ စိတ်နှလုံးကလဲ စိတ်ကူးထဲ ပေါ်လာတဲ့ အာရုံဆီကို ဒလဟော စီးဆင်းသွားတယ်၊ ဥပမာ–မိုးရွာတဲ့အခါမှာ မြင့်မောက်ရာ တောင်ကုန်းပေါ်က ရေတွေဟာ နိမ့်ရာအရပ်ကို ဒလဟော စီးဆင်းသွားကြသလိုပါဘဲ၊ဒီလို စီးသွားတတ်တဲ့ သဘောတွေကို အဘိဓမ္မာ ဒေသနာတော်မှာ အာသဝတရားလို့ ဟောထားပါတယ်၊ အဲဒီ အာသဝတရားက ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝလို့ လေးပါးရှိပါတယ်၊ အဲဒီ လေးပါးထဲက ဒီဂါထာမှာတော့ သာယာဘွယ် အာရုံဆီကို စီးသွားတတ်တဲ့ ကာမာသဝနဲ့ ဘဝါသဝကိုသာ ဆိုလိုပါတယ်၊ တရားကိုယ်အားဖြင့်တော့ တဏှာရာဂဆိုတဲ့ လောဘတရားပါဘဲ။

## ဘဝဂ်တိုင်အောင် စီးသွားပုံ

ဒီတဏှာ ရာဂဆိုတဲ့ အာသဝတရားက ဘုံအားဖြင့် ဘဝဂ် တိုင်အောင်၊ ဓမ္မ-တရား သဘောအားဖြင့် ဂေါတြဘူတိုင် အောင် စီးသွားတတ်တယ်၊

ဘဝဂ်ဆိုတာ ဘဝဂ္ဂဆိုတဲ့ ပါဠိမှ ဂ-ငယ်တလုံး ဖြုတ်ပယ် ပြီး မြန်မာစကား လုပ်ထားတဲ့ ပါဠိပျက်စကားဘဲ၊ အနက် အဓိပ္ပါယ်အားဖြင့်တော့ ဘဝဂ္ဂ-ဘဝဂ်ဆိုတာ ဘုံဘဝထဲမှာ အမြင့်ဆုံး အမြတ်ဆုံး ဘုံဘဝလို့ ဆိုလိုပါတယ်၊ အဲဒီအမြင့် အမြတ်ဆုံး ဘုံဘဝကို သဘောပေါက်အောင် အလတ်စားနဲ့ အနိမ့်ဆုံး ဘုံဘဝတွေကိုလဲ သိထားဘို့လိုပါတယ်၊ ဘုံ (၃၁) မှာ အနိမ့်ဆုံးဘုံတွေက ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ဆိုတဲ့ အပါယ်လေးဘုံဘဲ၊ ဒီအထဲမှာ အနိမ့်တကာ့ အနိမ့်ဆုံး ကတော့ ငရဲဘုံဘဲ၊ အဲဒီ ငရဲဘုံတွေထဲမှာလဲ အဝီစိဆိုတာဟာ အောက်အကျဆုံးဘဲ၊ ဒါကြောင့် ကုသိုလ်ကောင်းမှု အဖို့ကို အမျှဝေတဲ့အခါမှာ အထက်ဘဝဂ် အောက် အဝီစိလို့ ဆိုကြ တာဘဲ။

အဲဒီ အပါယ်လေးဘုံက အထက်တက်လာတော့ လူ့ဘုံဘဲ၊ လူ့ဘုံအထက်မှာ စတုမဟာရာဇ် တာဝတိံသာ ယာမာ တုသိ- တာ နိမ္မာနရတိ ပရနိမ္မိတဝသဝတ္တီ-ဆိုတဲ့ ကာမာဝစရ နတ်ပြည် ခြောက်ထပ် အစဉ်အတိုင်း တည်ရှိနေတယ်၊ ဒီနတ်ပြည် ခြောက်ထပ်မှာတော့ လူ့ဘုံလိုပါဘဲ ယောကျ်ား မိန်းမ အစုံ အလင် ရှိတယ်၊ ဒါကြောင့် ကာမဂုဏ် အာရုံတွေလဲ အပြည့် အစုံရှိတယ်။

အဲဒီအထက်မှာ ပဌမစျာန်သုံးဘုံတဲ့၊ သုံးဘုံဆိုပေမဲ့ အဆင့်ကတော့ တဆင့်တည်း တပြင်တည်းပါဘဲ၊ အယုတ်အလတ် အမြတ် ဗြဟ္မာသုံးမျိုးတို့ရဲ့ နေရာဖြစ်လို့ သုံးဘုံလို့ ပြောရပါတယ်။ အဲဒီအထက်မှာလဲ ဒုတိယစျာန်သုံးဘုံတဲ့၊ ဒါလဲ တဆင့်တည်းပါဘဲ၊ ဗြဟ္မာက သုံးမျိုးကွဲနေလို့ သုံးဘုံလို့ ပြောရပါတယ်။ အဲဒီအထက်မှာလဲ တတိယ စျာန်သုံးဘုံတဲ့၊ ဒါလဲ တဆင့်ထဲဘဲ၊ ဗြဟ္မာက သုံးမျိုးကွဲနေလို့ သုံးဘုံလို့ ပြောရတာဘဲ။

အဲဒီအထက် စတုတ္ထစျာန်ဘုံထဲက အောက်ဆုံးအဆင့်မှာ ဝေဟပ္ဖိုလ်နဲ့ အသညသတ်ဆိုတဲ့ ဗြဟ္မာနှစ်မျိုးရှိတယ်၊ ဒါကြောင့် အဲဒါကိုလဲ နှစ်ဘုံလို့ဘဲ ခေါ်ရတယ်၊ အဲဒီ နှစ်မျိုးထဲမှာ ဝေဟပ္ဖိုလ်ဆိုတဲ့ ဗြဟ္မာတွေကတော့ တခြားဗြဟ္မာတွေလိုဘဲ ရုပ်ရော နာမ်ရော နှစ်မျိုးလုံး အပြည့်အစုံရှိပါတယ်၊ ဒါကြောင့် အဲဒီ ဝေဟပ္ဖိုလ်ဗြဟ္မာရယ် အောက်သုံးဘုံက ဗြဟ္မာကိုးမျိုးရယ် ဒီဗြဟ္မာ ဆယ်မျိုးကတော့ အောက်နတ်ဘုံနဲ့ လူ့ဘုံကိုလာပြီး တရားလဲ နာနိုင်တယ်၊ ဟောလဲ ဟောပြောနိုင်တယ်၊ သူတို့မှာ ထူးတာကတော့ လူများလို ယောကျ်ားအင်္ဂါ မိန်းမအင်္ဂါတွေဆိုတာ မရှိဘူး၊ နှာခေါင်းပုံသဏ္ဌာန်ရှိပေမယ့် အနံ့ကို နမ်းရှူပြီး သိတဲ့ ဃာနပသာဒရုပ်ဆိုတာ မရှိဘူး၊ လျှာပုံသဏ္ဌာန်ရှိလို့ စကားပြောနိုင်ပေမယ့် အရသာကို သိတဲ့ ဇိဝှါပသာဒ ရုပ်ကတော့ မရှိဘူး၊ ကိုယ်ကြီးက ရှိနေပေမယ်လို့ အတွေ့အထိကိုသိတဲ့ ကာယပသာဒ ရုပ်ကတော့ မရှိဘူး၊ အနံ့အရသာ အတွေ့ဆိုတဲ့ ယုတ်ညံ့တဲ့ ကာမဂုဏ် အာရုံတွေကို ခံစားရုံလောက်သာ အသုံးကျတဲ့

ယုတ်ညံ့တဲ့အစိတ်အပိုင်းတွေမရှိဘူး၊ တော်တော်နေရာကျတာဘဲ၊ကုသိုလ်တရားကို ပွါးစေနိုင်တဲ့ မျက်စိနဲ့နားကတော့ရှိတယ်၊ ဒါကြောင့် ဘုရားကိုလဲ ဖူးနိုင်တယ်၊ တရားကိုလဲ နာနိုင်တယ်၊ စိတ်နှလုံးကလဲ ရှိနေတဲ့အတွက် တရားကိုလဲ ကျင့်သုံးနိုင်တယ်၊ ဒါကြောင့် ဒီဗြဟ္မာတွေဟာ မြတ်စွာဘုရား ဟောတဲ့တရားကို နာရတဲ့အခါ အများအားဖြင့် တရားထူးတွေကို ရသွားကြပါတယ်၊ အင်မတန်ကို နေရာကျပါတယ်။

အသညသတ် ဆိုတဲ့ ဗြဟ္မာတွေကတော့ သိတတ်တဲ့စိတ်နာမ် တရားမရှိဘူး၊ ရုပ်ချည်းသက်သက် ရှိတယ်၊ လူတွေက ထုလုပ်ထားတဲ့ သစ်သားရုပ်, ကျောက်ရုပ်ကြီးတွေလို နေမှာပေါ့၊ အဲ့-သူတို့မှာတော့ စိတ်နာမ်တရား မရှိတဲ့အတွက် ဘာကိုမျှမသိနိုင်ဘူး၊ ဘယ်ကိုမှလဲ မသွားနိုင်ဘူး၊ မလှုပ်ရှားနိုင်ဘူး၊ တကယ့် အရုပ်ကြီးတွေလိုပါဘဲ၊ ဘုရားပွင့်တာလဲ သူတို့မသိကြဘူး၊ တရားလဲ မနာနိုင်ကြဘူး၊ ကမ္ဘာပေါင်း ငါးရာအသက်တမ်း ကုန်တဲ့အခါ အဲဒီဘုံက စုတေပြီးတော့ မူလဌာနဖြစ်တဲ့ လူ့ပြည် နတ်ပြည်ကို ပြန်ရောက်လာရတယ်၊ အတိုးအမြတ်ရယ်လို့ ဘာမျှ မရှိဘူး၊ ဒါကြောင့် အဲဒီ အသညသတ်ဘုံကို ရပ်ပြစ် ရှစ်ပါးထဲမှာ ထည့်ထားပါတယ်။

အဲဒီ ဝေဟပ္ဖိုလ် အသညသတ်က အထက်မှာတော့ အနာဂါမ်နဲ့ ရဟန္တာတို့သာရှိတဲ့ သုဒ္ဓါဝါသ ဘုံတွေဆိုတာ အစဉ်အတိုင်း ငါးဆင့်ရှိတယ်၊ အမည်အားဖြင့်တော့ အဝိဟာ, အတပ္ပါ, သုဒဿာ, သုဒဿီ, အကနိဋ္ဌ-တဲ့ ဒီငါးဘုံကတော့ အောက် ကာမဘုံ လည်စေတတ်တဲ့ သံယောဇဉ် ကိလေသာတွေ ကင်းပြီး သန့်ရှင်းစင်ကြယ်တဲ့ အနာဂါမ်နဲ့ ရဟန္တာမြတ်

တွေသာ နေရတဲ့ ဘုံတွေဖြစ်တဲ့အတွက် သုဒ္ဓါဝါသ ဘုံတွေလို့ ခေါ်ပါတယ်။

အဲဒီ သုဒ္ဓါဝါသ ဘုံတွေရဲ့ အထက်မှာတော့ အရူပဘုံတွေ ဆိုတာ ရှိတယ်၊ အာကာသာနဉ္စာယတနဘုံ, ဝိညာဏဉ္စာယတနဘုံ, အာကိဉ္စညာယတနဘုံ, နေဝသညာနာသညာယတနဘုံ-လို့ ဒီလို လေးဆင့်ရှိတယ်၊ ဒီ အရူပ ဘုံတွေမှာတော့ စိတ် နာမ် သက်သက်သာရှိတယ်၊ ရုပ်မရှိဘူး၊ ရုပ်မရှိတဲ့ အတွက် သူတို့ကို မမြင်နိုင်ဘူး၊ သူတို့ကလဲ မမြင်နိုင်, မကြားနိုင်ဘူး၊ ဘုရားထံလဲ မလာနိုင်ဘူး၊ တရားကိုလဲ မနာနိုင်ဘူး၊ ဒါကြောင့် အဲဒီဘုံ ရောက်နေတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ အဲဒီ ဘုံတွေက အသက်တမ်းကုန်လို့ စုတေလျှင် မူလရင်းဖြစ်တဲ့ လူ့ဘုံ နတ်ဘုံကို ပြန်ရောက် လာရတာဘဲ၊ ဘာမျှ အတိုးအမြတ် မရှိဘူး၊ ဒါကြောင့် ပုထုဇဉ်တွေအတွက်ဆိုလျှင် အဲဒီ အရူပဘုံတွေလဲ ရပ်ပြစ်ရှစ်ပါးထဲ ပါဝင်နေတယ်။

သို့သော် အရိယာပုဂ္ဂိုလ်တွေအတွက် ဆိုယင်တော့ အဲဒီ ဘုံတွေမှာလဲ တိုးတက်မှု ရှိပါတယ်၊ အဲဒီဘုံတွေမှာ သောတာပန်, သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ်တွေ ရောက်သွားမယ်ဆိုယင် မိမိတို့ သိပြီးဖြစ်တဲ့-တရားနည်းလမ်းအတိုင်း မိမိတို့ စိတ်ကိုဘဲ ရှုမှတ်ပြီးတော့ အရဟတ္တဖိုလ် တိုင်အောင် ရောက်ပြီး အဲဒီ ဘုံတွေမှာဘဲ ပရိနိဗ္ဗာန် စံဝင်သွားနိုင်ပါတယ်၊ အဲဒီ အရူပ လေးဘုံထဲမှာ နေဝသညာနာသညာယတနဘုံဆိုတာ အမြင့်ဆုံး အမြတ်ဆုံးဘဲ၊ ဒါကြောင့် အဲဒီ နေဝသညာ နာသညာယတနဘုံကို ဘဝဂ္ဂ-ဘဝဂ်လို့ ခေါ်တယ်။

မူလက ပြောခဲ့တဲ့ ကာမာသဝ, ဘဝါသဝဆိုတဲ့ တဏှာအာသဝတရားဟာ ယခု ပြောခဲ့တဲ့ ဘုံသုံးဆဲ့တစ်မှာ အောက်ဆုံး ငရဲဘုံကစပြီး အထက်ဆုံး ဘဝဂ်ခေါ်တဲ့ ဒီနေဝသညာနာ-သညာယတနဘုံတိုင်အောင် သာယာတပ်မက်သောအားဖြင့် စီးသွားတတ်တယ်၊ ဒီလို ဘုံအားဖြင့် ဘဝဂ်တိုင်အောင် စီးသွားတတ်လို့ အာသဝ ခေါ်တယ်၊ အနုဿာဝီ လို့ဆိုတဲ့ ဒီဂါထာအရဆိုယင်တော့ အဿာဝ-လို့ခေါ်ရမှာပေါ့၊ဒါကြောင့် အဲဒီ အဿာဝ-လို့ ခေါ်ဆိုရတဲ့ စီးသွားတတ်တဲ့ တဏှာ ရာဂကင်းစေရမယ်လို့ ဆိုလိုပါတယ်၊ သုံးဆဲ့တစ်ဘုံမှာ ဘယ်ဘုံ, ဘယ်ဘဝ, ဘယ်အဖြစ်မျိုးကိုမှ သာယာတပ်မက်ပြီး စီးသွားခြင်း မရှိရအောင် အားထုတ်ဘို့ပါဘဲ။

## ငရဲ သာယာသေးသလား

ဒီနေရာမှာ မေးစရာက ရှိပါတယ်၊ ဒီ ဘုံ(၃၁)ထဲမှာ ငရဲဆိုတာ အင်မတန် မကောင်းတဲ့ဘုံ ဖြစ်ပါတယ်၊ ပြိတ္တာ, အသူရကာယ်, တိရစ္ဆာန်ဆိုတဲ့ ဘုံတွေဟာလဲ မကောင်းကြပါဘူး၊ ဒါကြောင့် အဲဒီ မကောင်းတဲ့ ဘုံဘဝမျိုးတွေကို တပ်မက်သာယာတဲ့ တဏှာ ဖြစ်နိုင်ပါမည်လားလို့ မေးစရာရှိပါဘယ်။ အဖြေကတော့ လွယ်ပါတယ်၊ ငရဲကို ငရဲမှန်းသိပြီး မကောင်းဘူးလို့ ထင်တဲ့လူအဖို့မှာ ငရဲကို မတပ်မက်နိုင်တာ မှန်ပါတယ်၊ ငရဲမှန်း မသိဘဲသူကတော့ ကောင်းတယ်ထင်ပြီး အဲဒါကို လိုချင် တပ်မက်ပါတယ်၊ အဲဒါဟာ အများကြားဘူးနေကြတဲ့ မိတ္တဝိန္ဒကအကြောင်းအရာနှင့် ထောက်ဆကြည့်ယင် ထင်ရှားနေပါတယ်။

## မိတ္တဝိန္ဒကဝတ္ထု

မိတ္တဝိန္ဒကဆိုတဲ့လူဟာ သူ့အမေစကားကို နားမထောင်ဘဲ အမေကို မရှိမသေ ပြောဆိုပြစ်မှားပြီးတော့ အိမ်က ထွက်သွားပြီး ရောက်တတ်ရာရာကို လျှောက်သွားနေတယ်၊ ယခုကာလ လေလွင့်နေတဲ့ အိမ်ပြေးသူငယ်တွေလို နေမှာပေါ့၊ အဲဒီလို ရောက်တတ်ရာရာကို သွားနေရင်း ပင်လယ် သင်္ဘောဆိပ်ရောက်တော့ ပင်လယ်ကူးသင်္ဘောနဲ့ လိုက်သွားတယ်။ ပင်လယ်ထဲမှာ သင်္ဘောက လိုရာမသွားဘဲ ဒုက္ခရောက်နေတော့ သူ့ယုတ်မာပါလာလို့ ဒုက္ခရောက်ရတယ်လို့ ယူဆပြီး ကံဆိုး မဲချကြတယ်၊ အဲဒီအခါ မိတ္တဝိန္ဒကကို ကံဆိုးမဲက ကျတာနဲ့ သူ့ကို ဝါးစီးဖောင်ကလေးနဲ့ ပင်လယ်ထဲကို မျှောလိုက်ကြတယ်။ အဲဒီလို မျှောလိုက်တာနဲ့တပြိုင်နက် သင်္ဘောကလဲ အလျင်အမြန် ထွက်သွားပါရောတဲ့၊ မိတ္တဝိန္ဒကမှာ ရေ လေ အဆင်သင့်ရာ မျှောနေရင်း ရှေးက ဥပုသ်စောင့်ခဲ့ဘူးတဲ့ ကုသိုလ်ကံကြောင့် ဝေမာနိကပြိတ္တာမ လေးယောက်ရဲ့ ဗိမာန်တခုကို ရောက်သွားတယ်၊ ပြိတ္တာဆိုပေမဲ့ ကုသိုလ်နဲ့အကုသိုလ် ရောပြီး အကျိုးပေးတဲ့ဌာနဖြစ်တဲ့အတွက် (၇) ရက်အတွင်းမှာ နတ်လိုဘဲ ချမ်းသာတွေကို ခံစားရပြီးတော့ နောက် (၇) ရက်အတွင်း ငရဲဆင်းရဲမျိုးကို ခံစားနေရတဲ့ ဘုံဖြစ်ပါတယ်၊ အဲဒီရောက်သွားတော့ ဗိမာန်ရှင်မတွေက မိတ္တဝိန္ဒကကို ကောင်းမွန်စွာ ကျွေးမွေး ပြုစုကြတယ်၊ (၇) ရက်စေ့တဲ့အခါကျတော့ အဲဒီ နတ်ပြိတ္တာမတွေက သူ့ကို အဲဒီ ဗိမာန်မှာဘဲ စောင့်နေရစ်ပါ၊ (၇) ရက်ကြာယင် ပြန်လာပါမယ်လို့ မှာထားပြီး ငရဲခံရန် သွားကြရှာတယ်၊ မိတ္တဝိန္ဒက-က

မှာခဲ့တဲ့အတိုင်း စောင့်မနေဘူး၊ သူ့ဝါးဖောင်ကလေးနဲ့ ဆက်ပြီး ခရီးထွက်ပြန်သတဲ့၊ သူ့မှာ ဉပုသ်စောင့်ဘူးတဲ့ ကံက ထောက်မတဲ့အတွက် ဝေမာနိကနတ်ပြိတ္တာမ ရှစ်ယောက်ရှိတဲ့ ဗိမာန်တခုကို ရောက်သွားပြန်တယ်၊ အဲဒီမှာလဲ (၇) ရက်သာနေပြီး နည်းတူဘဲ ဝါးဖောင်နဲ့ ခရီးထွက်ပြန်တယ်၊ ဉပုသ်စောင့်ဘူးတဲ့ ကံကြောင့် ဝေမာနိက ပြိတ္တာမ (၁၆)ယောက်ရှိတဲ့ဗိမာန်၊ (၃၂) ယောက်ရှိတဲ့ ဗိမာန်တွေကို အစဉ်အတိုင်း ရောက်သွားတယ်၊ အဲဒီဗိမာန်တွေမှာလဲ (၇) ရက်စီသာ နေပြီး နောက်ဆုံး ခရီးထွက်လိုက်တဲ့အခါ အမိကိုပြစ်မှားခဲ့တဲ့ အကုသိုလ်ကံကြောင့် ပင်လယ်ထဲမှာ ငရဲကျွန်းကလေးတခုကို ရောက်သွားတယ်၊ အဲဒီမှာ လျှောက်သွားနေရင်း လည်ဂုတ်ပေါ်မှာ သင်ဓုန်းစက်လည်ပြီး အလှီးခံနေရတဲ့ ငရဲသားကို တွေ့ရတယ်၊ အဲဒီ ငရဲသားမှာ သင်ဓုန်းစက်က လှီးနေလို့ သွေးတွေကလဲ နီနီရဲရဲပန်းပြီး ဖြာထွက်နေတယ်၊ နာကျင်ရှာလွန်းလို့ တအော်အော် တကြော်ကြော်နဲ့ ဆူညံနေအောင်လဲ ငိုကြွေးနေရရှာတယ်။

## ငရဲပန်း ရွှေပန်းထင်တယ်

အဲဒီ ငရဲခံနေရတာကို တွေ့ရတော့ မိတ္တဝိန္ဒကမှာ အထင်အမြင် တမျိုးပေါက်လာတယ်၊ ဒီလူနှယ်နော် အင်မတန် လှပတဲ့ ပန်းကြီးကို ပန်ထားပြီးတော့ ဘာကြောင့် အသံကုန်ဟစ်အော်ပြီး ငိုနေပါလိမ့်မလဲ၊ ဒီပန်းပွင့်ကြီးကို ငါပန်ရလျှင် သိပ်ကောင်းမှာဘဲလို့ သူကြံစည် စဉ်းစားမိသတဲ့၊ အဲဒါကို အကြောင်းပြုပြီး ရှေးပညာရှိတွေက "ငရဲပန်း ရွှေပန်းထင်တယ်"လို့ စကားပုံလုပ်ထားခဲ့ကြတယ်၊ မိတ်ဆွေ ခင်ဗျားဂုတ်

ပေါ်က ပန်းပွင့်ကြီးကို ကျွန်တော့ ပေးပါလို့ တောင်းသတဲ့၊ ဒီတော့ ငရဲသားက မိတ်ဆွေ ကျွန်တော့ဂုတ်ပေါ်က ဥစ္စာဟာ ရွှေပန်းမဟုတ်ဘူး၊ သင်ဓုန်းစက်ကြီးပါဗျာ၊ ကျွန်တော့ လည်ဂုတ်ပေါ် လှည့်ပြီးလှီးနေတာဟာ ဘယ်လိုတိမ်းလို့ရှောင် လို့မှမရဘူး၊ အင်မတန်ကြောက်စရာကောင်းတဲ့ သင်ဓုန်းစက် ကြီးပါ၊အလွန်ဆင်းရဲလှပါတယ်၊ ဒီလောက်ကြီးမားတဲ့ ဆင်းရဲကို ခင်ဗျားမလိုချင်ပါနဲ့လို့ အမှန်အတိုင်း ပြောပြပြီး တောင်း ပန်ရှာတယ်၊ ဒါပေမဲ့ မိတ္တဝိန္ဒက-က မယုံဘူး၊ ဒါကြောင့် ပြန် လည်ချေပပြီး ပြောပြန်တယ်၊ မိတ်ဆွေရယ် ပန်းပွင့်ကြီးကို ကျွန်တော် မျက်စိနဲ့ မြင်နေရတာဘဲ၊ ပြောင်လိမ်မနေပါနဲ့၊ မပေးချင်လို့ သင်ဓုန်းစက်လို့ ပြောနေတာပါ၊ ဒီပန်းပွင့်ကြီး ခင်ဗျား ပန်နေတာ ကြာလှပါရော့မယ်၊ ကျွန်တော့ကို ပေး ပါတော့လို့ ထပ်ပြီး တောင်းပြန်တယ်။

ဒီတော့ ငရဲသားက စဉ်းစားတယ်၊အင်း ဒီလူဟာ ငါလိုဘဲ အကုသိုလ်ကံ ကြီးမားတဲ့ လူနဲ့တူတယ်၊ ငါလဲ ဒီငရဲက လွတ် ချိန်တန်နေပုံပေါ်တယ်–လို့ စဉ်းစားပြီးတော့ “ကဲ-မိတ်ဆွေ သင်လိုချင်တဲ့ ပန်းပွင့်ကြီးကို ယူပေတော့”လို့ဆိုပြီး သင်ဓုန်း စက်ကြီးကို မိတ္တဝိန္ဒကအပေါ် ပစ်ပေးလိုက်ပါရောတဲ့၊ ဒီတော့ သင်ဓုန်းစက်က မိတ္တဝိန္ဒကရဲ့ ဂုတ်ပေါ် ရောက် ရောက်ချင်း လည်ပြီး လှီးတော့ဒါဘဲ၊ အဲဒီတော့မှ မိတ္တဝိန္ဒက-က ရွှေပန်း မဟုတ်မှန်း သင်ဓုန်းစက်မှန်း သိသတဲ့၊ သိပေမယ်လို့ အဲဒီ သင်ဓုန်းစက်မှ လွတ်အောင်တော့ မတတ်နိုင်တော့ဘူး၊ သူ့ အကုသိုလ်ကံ မကုန်မချင်း အဲဒီ သင်ဓုန်းစက်နဲ့ အလှီးခံနေ ရတော့တာဘဲ၊ အဲဒါကို ထောက်ဆကြည့်ယင် အကုသိုလ်ကံ

ရှိတဲ့ သူတွေမှာ ငရဲကိုလဲ ငရဲမှန်း မသိတာနဲ့ ကောင်းတယ် ထင်ပြီး တပ်မက်သာယာ တတ်တယ်ဆိုတာ ထင်ရှားပါတယ်။ နောက်ပြီးတော့ ငရဲဘုံကိုငရဲမှန်းသိပေမဲ့ ကိုယ်ကိုယ်တိုင်က ငရဲရောက်ပြီး ငရဲသားဖြစ်နေတဲ့အခါကျတော့ ကိုယ့်ဘဝကိုယ် သာယာနေသေးတယ်၊ ငရဲ ဆင်းရဲကို အလိုမရှိပေမဲ့ ကိုယ့်ကိုယ်ကိုတော့ ချမ်းချမ်းသာသာနဲ့ ရှိနေစေချင်တာဘဲ၊ အဲဒါဟာ ငရဲခန္ဓာကို သာယာနေတာပါဘဲ၊ ဒါကြောင့် ငရဲကိုလဲ ဒီတဏှာက သာယာတပ်မက်ပြီး ငရဲခန္ဓာတွေဆီကိုလဲ စီးသွားတယ်ဆိုတာ ထင်ရှားပါတယ်။

## ပြိတ္တာဘုံကိုလဲ သာယာပါတယ်

နောက်ပြီးတော့ ပြိတ္တာဆိုတာလဲ အချို့က ငရဲလောက်နီးပါးဘဲ ဆင်းရဲပါတယ်၊ အဲဒီ ပြိတ္တာဘုံမှာလဲ ကိုယ်ကိုယ်တိုင်က ပြိတ္တာဖြစ်နေတဲ့အခါ ကိုယ့်ဘဝနဲ့ ကိုယ်တော့ သာယာနေပါတယ်၊ သူတို့မှာ ဘဝတူအချင်းချင်း အိမ်ထောင်ပြုမှုတောင် ရှိနေသေးတယ်လို့ဆိုတော့ ဘဝတူ အချင်းချင်း သာယာတပ်မက်နေတယ်ဆိုတာ အထူး ပြောစရာမလိုပါဘူး။ နောက်ပြီးတော့ အဲဒီ ပြိတ္တာတွေထဲမှာ နေ့ခံ့ ညစံ၊ ခုနစ်ရက်ခံ ခုနစ်ရက်စံ စသည်ဖြင့် အကုသိုလ်နဲ့ ကုသိုလ်ရောပြီး အကျိုးပေးနေတဲ့ ဝေမာနိက ပြိတ္တာတွေ ဆိုတာကလဲ ရှိသေးတယ်၊ အဲဒါတွေကတော့ ကုသိုလ်က အကျိုးပေးတဲ့အလှည့်မှာ နတ်လိုဘဲ ချမ်းသာနေကြတယ်၊ ဒါကြောင့် အဲဒါမျိုးတွေကိုတော့ တွေ့ရတဲ့လူကတောင် သာယာ တပ်မက်နေတတ်ကြပါသေးတယ်၊ အသူရကာယ်ဆိုတာကတော့ ပြိတ္တာနဲ့ ခပ်တူတူဘဲ။

## တိရစ္ဆာန်အဖြစ်ကိုလဲ သာယာတယ်

တိရစ္ဆာန်ထဲမှာလဲ တန်ခိုးဣဒ္ဓိနဲ့ ပြည့်စုံတဲ့ နဂါးတွေဆိုတာ ရှိတယ်၊ ဘုရားလက်ထက်တော်က ဧရကပတ္တ နဂါးမင်းကြီးရဲ့ သမီးက လူယောင်ဖန်ဆင်းပြီး ပဟေဠိ သီချင်းဆိုပြီး ကသတဲ့၊ ဒီပဟေဠိသီချင်းကို ဖြေနိုင်လျှင် နဂါးမကလေးကို ရမယ်လို့ နဂါးမင်းကြီးက ကျေညာတဲ့အတွက် နဂါးမကလေးကို လိုချင်လို့ သွားလိုက်ကြတဲ့လူတွေဟာ တိုးလို့တောင် မပေါက်နိုင်အောင် များတယ်ဆိုဘဲ။

ပြီးတော့ ဘူရိဒတ်ဇာတ်တော်မှာ လူမင်းသားနဲ့ နဂါးမ၊ နဂါးမင်းနဲ့ လူမင်းသမီးတို့ အိမ်ထောင်ပြုပြီး သားသမီးရတာတွေကိုလဲ ပြဆိုထားတာ ရှိတယ်။

စမ္ပေယျဇာတ်တော်မှာတော့ ဘုရားအလောင်းတော်ကတောင် နဂါးအဖြစ် တောင့်တမိလို့ နဂါးဖြစ်သွားတယ်ဆိုတာကို ပြဆိုထားတယ်။

ဝိဓူရဇာတ်တော်မှာတော့ ပုဏ္ဏကဆိုတဲ့နတ်ဘီလူးက နဂါးမကို ချစ်ကြိုက်ပြီး အဲဒီ နဂါးမနဲ့ သူ့အဖေအမေတို့၏ စကားအရ ဝိဓူရပညာရှိကို နဂါးပြည် ဆောင်ယူသွားတယ်ဆိုတာကို ပြဆိုထားတယ်။

ဒီတော့ တိရစ္ဆာန်ဘုံကို တဏှာက သာယာ တပ်မက်နိုင်တယ်ဆိုတာကိုတော့ ပြောဘို့ လိုမယ်မထင်ပါဘူး၊ ယခုခေတ်လူတွေလဲ ခွေးကလေးကိုချစ်လို့ ယုယုယယနဲ့ မွေးထားကြတယ်၊ ဒိပြင် တိရစ္ဆာန် သတ္တဝါတွေကိုလဲ မွေးမြူ ပြုစုထားကြတယ်၊ အဲဒါတွေဟာလဲ သာယာ တပ်မက်မှုတွေပါဘဲ။

အထူးအားဖြင့်တော့ ကံမကောင်း အကြောင်း မသင့်လို့ မိမိ ကိုယ်တိုင်က ခွေးဘဝဖြစ်စေ၊ ဝက်ဘဝ ကြက်ဘဝဖြစ်စေ၊ ကျွဲ, နွား, ဆင်, မြင်းဘဝ ဖြစ်စေ ရောက်သွားယင် အဲဒီ ရောက်ရာဘဝမှာ ကိုယ့်ကိုယ်နဲ့ကိုယ်လဲ သာယာတပ်မက်တော့တာဘဲ၊ ဘဝတူ အပေါင်းအဖော်တွေကိုလဲ သာယာ တပ်မက်တော့တာဘဲ၊ အဲဒါကို စမ္မေယျဇာတ်တော် စသည်ကို ထောက်ဆပြီး သိနိုင်ပါတယ်၊ ဘုရားအလောင်းတော်ဟာ သူ့ခမည်းတော် ရသေ့ကြီးထံကို လူယောင်ဖန်ဆင်းပြီး အခမ်းအနားနဲ့ လာရောက်ပူဇော်တဲ့ စမ္မေယျနဂါးမင်းကြီးရဲ့ အခြေအနေကို မြင်ရလို့ အဲဒီ နဂါးမင်းကြီးအဖြစ်ကို စိတ်ညွှတ် တောင့်တမိတယ်၊ ဒါကြောင့် အဲဒီ ဘဝက သေတဲ့အခါ စမ္မေယျ နဂါးမင်းကြီး ဖြစ်သွားတယ်၊ အဲဒီအခါမှာ မြွေရဲ့ ကိုယ်ကြီးနဲ့ ဖြစ်နေရတာကို တွေ့ရတော့ အလွန်ဘဲ စိတ်နှလုံးမသာ ဖြစ်သတဲ့၊ ဒါပေမဲ့ အလုပ် အကျွေး နဂါးမကလေးတွေက ကချေသည် လူမိန်းမကလေးတွေ အသွင်နဲ့ ဖန်ဆင်းပြီး တီးမှုတ် ကခုန် ဖြေဖျော်ကြတော့ အဲဒါတွေ သဘောကျပြီး စိတ်နှလုံးမသာယာမှုတွေ ပြေပျောက်ပြီး နှစ်သက် သာယာမှုတွေ ရောက်လာသတဲ့၊ ဒါကြောင့် ကိုယ့်ဘဝနဲ့ကိုယ်တော့ သာယာတပ်မက်ကြတာချည်းပါဘဲ။

လူ့ဘဝ, နတ်ဘဝတွေ သာယာပုံကတော့ ပြောစရာမလိုပါဘူး၊ ဗြဟ္မာဘဝတွေလဲ သာယာကြတာဘဲ၊ တချို့ဘာသာဝင်တွေက အဲဒီဗြဟ္မာဘုံတွေကို မအို မနာ မသေတဲ့ ကောင်းကင်ဘုံတွေ ထင်မှတ်ပြီး သာယာ တောင့်တ နေကြပါတယ်၊ မြတ်စွာဘုရား လက်ထက်တော်က ဗက ဆိုတဲ့ ဗြဟ္မာကြီးက

သူ့ဘဝသူ့ဘုံကို မအို၊ မနာ၊ မသေဘဲ အမြဲတည်နေတဲ့ ဘုံလို့ ထင်ပြီး မြတ်စွာဘုရားကိုတောင် သူက ဝမ်းမြောက် ဝမ်းသာနဲ့ ဘိတ်မန္တက ပြုလိုက်သေးတယ်၊ အဲဒီလို မထင်တောင်မှ အသက်ရှည်ပြီး ချမ်းသာစွာနေရလို့ မိမိတို့ ဘုံဘဝကိုတော့ သာယာနေကြပါတယ်။ ဗြဟ္မာကြီးတဦးကတော့ လူ့ပြည် နတ်ပြည်က လူတွေ နတ်တွေ ခဏခဏဖြစ်လိုက်၊ သေလိုက်နဲ့ အသက်တိုနေတာကို မြင်ရတဲ့အတွက် သူတို့ရဲ့ ဗြဟ္မာဘုံကို ရောက်ပြီး အသက်ရှည်ရှည် နေရအောင် အားထုတ်သင့်တဲ့ အကြောင်းကို "ရင်ဝမှာ လှံစူးနေယင် အဲဒီလှံကို နုတ်ဖို့အရေး တကြီး ကြောင့်ကြစိုက်သင့်သလို၊ ခေါင်းမီးလောင်ယင် အဲဒီမီးကို ငြိမ်းသတ်ဖို့ အရေးတကြီး ကြောင့်ကြ စိုက်သင့်သလို ကာမရာဂကို ပယ်နိုင်တဲ့ ဈာန်ကိုရအောင် အရေးတကြီး ကြောင့်ကြစိုက်သင့် အားထုတ်သင့်တဲ့အကြောင်း" ဟော ပြောနေပါသတဲ့။

ဒါပေမဲ့ သုဒ္ဓါဝါသ ဘုံမှာတော့ စင်ကြယ်တဲ့ ပုဂ္ဂိုလ်တွေ သာရှိလို့ သာယာမှု ရှိပါဦးမည်လားလို့ မေးစရာ ရှိပါသေးတယ်၊ အဲဒီဘုံမှာလဲ အနာဂါမ် ပုဂ္ဂိုလ်တွေက ဘဝရာဂမကင်းသေးလို့ သူတို့ဘဝနဲ့သူတို့ သာယာနေကြသေးတာပါဘဲ။

## အရူပဘုံကို နိဗ္ဗာန်ထင်တယ်

ပြီးတော့ အရူပ ဘုံတွေမှာလဲ ပုထုဇဉ်တွေ သောတာပန် သကဒါဂါမ် အနာဂါမ်တွေက သာယာနေကြတာပါဘဲ၊ တချို့ကလဲ ရုပ်မရှိဘဲ စိတ်နာမ် သက်သက်သာရှိတဲ့ အဲဒီအရူပဘုံတွေကို နိဗ္ဗာန်လို့ယူဆပြီး အလိုရှိတောင့်တနေကြတယ်။

## အာဠာရနဲ့ ဥဒက

ဘုန်းကြီးတို့ ဘုရားအလောင်းတော် တောထွက်သွားခါစက အာဠာရနဲ့ ဥဒကဆိုတဲ့ ရသေ့ကြီးများထံသွားပြီး ဈာန်လမ်းနည်းနိသျကို ခံယူခဲ့တယ်၊ အဲဒီအာဠာရ,ဥဒကရသေ့ကြီးတွေဟာ အာကိဉ္စညာယတန ဘုံနဲ့ နေဝသညာနာသညာယတနဘုံကို နိဗ္ဗာန်လို့ထင်ပြီး အဲဒီဘုံတွေကိုရောက်ဖို့ ကိုယ်တိုင်လဲ အားထုတ်ကြတယ်၊ သူတပါးကိုလဲ ဟောပြော ညွှန်ပြပေးကြတယ်။ ဘုရားအလောင်းတော်ကတော့ အဲဒီ ဈာန်တွေလဲ နိဗ္ဗာန်ရောက်ကြောင်း မဟုတ်ဘူးဆိုတာကို သိတယ်၊ အဲဒီ ဘုံတွေလဲ နိဗ္ဗာန်မဟုတ်ဘူးဆိုတာကို သိတယ်၊ဒါကြောင့် သူတို့ ပေးတဲ့နည်းအတိုင်း အားထုတ်ပြီး ရလာတဲ့ အဲဒီ အာကိဉ္စညာဈာန် နေဝသညာဈာန်တွေကို စွန့်လွှတ်ပြီးတော့ နိဗ္ဗာန်ရောက်ကြောင်းတရား အစစ်ကိုရှာပြီး ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပါတယ်၊ ဘုရားဖြစ်ပြီးတဲ့နောက် တရားဟောမယ်လို့ကြည့်လိုက်တဲ့အခါမှာ အဲဒီအာဠာရနဲ့ ဥဒကရသေ့ကြီးတွေဟာ နိဗ္ဗာန်လို့သူတို့ထင်တဲ့ အဲဒီ အာကိဉ္စညာဘုံ နေဝသညာဘုံတွေကို ရောက်နေတာတွေ့ရတယ်၊ အဲဒီ ဘုံတွေက ရုပ်မရှိတဲ့ အတွက် တရားကိုလဲ မနာနိုင်ဘူး ၊ အဲဒီ ဘုံတွေကလဲ အလွန် အသက်ရှည်တယ်၊ အာကိဉ္စညာဘုံက ကမ္ဘာပေါင်း ခြောက်သောင်း၊နေဝသညာဘုံက ကမ္ဘာပေါင်း ရှစ်သောင်း လေးထောင် အသက်ရှည်တယ်၊ အဲဒီ အသက်တမ်းကုန်တဲ့အခါ အဲဒီဘုံတွေက စုတေပြီး လူ့ဘုံကို ပြန်ရောက်လာကြမယ်၊ အဲဒီအခါကျတော့ ဘုရားသာသနာတော်ကလဲ ရှိမှာမဟုတ်

ဘူး၊ ဒီတော့ သူတို့မှာ မင်္ဂဖိုလ်နိဗ္ဗာန်နဲ့ အလွန်ဘဲ ဝေးနေကြပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက အာဠာရနဲ့ ဥဒက-ဟာ မဟာဇာနိယော-အများကြီး ဆုံးရှုံးသွားရှာတယ်လို့ သူတို့ အတွက် ညည်းညူတော်မူပါတယ်၊ အဲ ယခုပြောခဲ့တဲ့အတိုင်း ဘုံအားဖြင့် အောက်ဆုံးငရဲဘုံမှ အထက်ဆုံးဘဝဂ်ခေါ်တဲ့ နေဝသညာ ဘုံအထိ တဏှာက တပ်မက်သာယာပြီး စီးသွားတတ်ပါတယ်တဲ့၊ အဲဒီလို စီးသွားမှုတွေ ကင်းအောင် အားထုတ်ဖို့ပါဘဲ။

## ဂေါတြဘူတိုင်အောင် စီးသွားတတ်တယ်

ဒီတဏှာက ဓမ္မအားဖြင့်ဘော့ ဂေါတြဘူ တိုင်အောင် စီးသွားတတ်တယ်၊ ဓမ္မနယ်ပယ်က ကြည့်မယ်ဆိုယင် ကာမာဝစရ တရားဟူသမျှကို အကုန်လုံးလိုက်ပြီး သာယာ တပ်မက်တယ်၊ ရူပါဝစရ အရူပါဝစရဆိုတဲ့ မဟဂ္ဂုတ် ဈာန်တရားတွေကိုလဲ အကုန်လုံးလိုက်ပြီး သာယာ တပ်မက်တယ်၊ အရိယာမင်္ဂရဲ့ ရှေ့နားက ကပ်ပြီးဖြစ်တဲ့ ဂေါတြဘူဆိုတဲ့ တရားအထိ လိုက်ပြီး သာယာ တပ်မက်တယ်လို့ ဆိုလိုပါတယ်၊ မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်း, သိတိုင်း ကောင်းတယ်လို့ ထင်ရတဲ့ ကာမာဝစရ တရားတွေကို သူက အကုန်လုံး လိုက်ပြီး သာယာ တပ်မက်တယ်၊ ရူပါဝစရ အရူပါဝစရ ဈာန်တရားကို ရအောင် အားထုတ်တဲ့ သူမှာ မရခင်ကတည်းက သာယာ တောင့်တလာခဲ့တယ်၊ ရတဲ့အခါမှာလဲ အဲဒီ ဈာန်ကို သာယာ တပ်မက်နေတယ်။

ဝိပဿနာတရား အားထုတ်တဲ့ သူမှာလဲ သမာဓိ ကောင်းကောင်းမဖြစ်သေးယင် ကောင်းကောင်းဖြစ်ချင်တယ်၊ သမာဓိဖြစ်လို့ စိတ်ကလေး ငြိမ်ပြီး တည်နေတော့ အဲဒီ ဝိပဿနာသမာဓိကို သာယာပြန်တယ်၊ ရှုမှတ်လို့ မကောင်းသေးယင် ရှုမှတ်ကောင်းဘို့ရာ တောင့်တတယ်၊ ရှုမှတ်လို့ ကောင်းလာပြန်တော့ အဲဒီ အမှတ်ကောင်းတာကို သာယာ နှစ်သက်ပြန်တယ်၊ ရုပ်နာမ် မကွဲသေးတဲ့သူက ရုပ်နှင့်နာမ်ကို ကွဲကွဲပြားပြား ပိုင်းခြားပြီး သိချင်တယ်၊ အဲဒီလို သိလာပြန်တော့ အဲဒီအသိကလေးကို သဘောကျ နှစ်သက်နေပြန်တယ်၊ အဖြစ်အပျက် အနိစ္စ သဘော စသည်ကိုလဲ သိချင်တယ်၊ သိလာပြန်တော့ မှတ်ရင်း သိရင်းနဲ့ အဲဒီ အသိကလေးတွေကို သဘောကျနေပြန်တယ်။ ဥဒယဗ္ဗယဉာဏ်ဆီမှာဆိုယင် အရောင် အလင်းတွေလဲ တွေ့ရပြီး ပီတိ ပဿဒ္ဓိ သုခ သဒ္ဓါတွေနဲ့ လျှင်လျှင်မြန်မြန် သိနေတဲ့ အဲဒီ ဝိပဿနာဉာဏ်ကို အလွန်ဘဲ နှစ်သက် သဘောကျနေတတ်ပါတယ်။

အတိုချုံး ပြောကြစို့၊ သင်္ခါရုပေက္ခာ ရောက်တဲ့အခါကျတော့ အထူးကြောင့်ကြမစိုက်ရဘဲနဲ့ ရှုမှတ်စရာ အာရုံကလေးတွေကလဲ သူ့အလိုလို တခုပြီးတခု ပေါ်နေတယ်၊ ပေါ်သမျှကို အထူးကြောင့်ကြ မစိုက်ရဘဲနဲ့ အမှတ်အသိကလဲ သက်သက်သာသာကလေးနဲ့ သူ့အလိုလို သိသိနေတယ်၊ အချိန်အားဖြင့် တနာရီ နှစ်နာရီ စသည် အရှိန်မပျက်ဘဲ ကောင်းမြဲကောင်း နေတယ်၊ အဲဒီလို အမှတ်ကောင်း နေတာကိုလဲ သဘောကျ နှစ်သက်နေတယ်။ အဲဒီ သင်္ခါရုပေက္ခာဉာဏ်က ရင့်သန် အားပြည့်တဲ့အခါမှာ အမှတ်အသိတွေက ပြေးလာ

သလိုဘဲ အထူး လျှင်မြန်ပြီး တမျိုး ကောင်းလာပြန်တယ်၊ အဲဒါကတော့ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတဲ့၊ အဲဒါကိုလဲ သာယာသဘောကျတတ်တာဘဲ၊ အဲဒီလို အလျှင်အမြန် သိရင်းသိရင်းနဲ့ ရုပ်နာမ် သင်္ခါရ အလုံးစုံချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ဆီကို ညွတ်ကိုင်းတဲ့ စိတ်ကလေးဖြစ်ပြီး အဲဒီ နိဗ္ဗာန်အာရုံထဲသို့ ကျရောက်သွားတဲ့ မဂ်စိတ် ဖိုလ်စိတ်တွေ ဖြစ်သွားတယ်၊ အဲဒီလို ဖြစ်ပြီးတဲ့နောက်မှာ အဲဒီလို ဖြစ်ပျက်ခဲ့ပုံတွေကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာတွေ ဆိုတာ ဖြစ်ပါတယ်။

အဲဒီလို ဖြစ်သွားတာတွေထဲမှာ နိဗ္ဗာန်ဆီကို ညွတ်ကိုင်းတဲ့ သဘောက ဂေါတြဘူစိတ်ဘဲ၊ ပစ္စဝေက္ခဏာနဲ့ ဆင်ခြင်ပြီးတဲ့ အခါမှာ အဲဒီ ဂေါတြဘူစိတ်ကိုလဲ သာယာနှစ်သက်မှု ဖြစ်နိုင်တယ်၊ အဲဒီကနောက် သင်္ခါရချုပ်ငြိမ်းတဲ့ နိဗ္ဗာန်နဲ့၊ အဲဒီ ချုပ်ငြိမ်းရာ ရောက်သွားတဲ့ မဂ်စိတ် ဖိုလ်စိတ် ဆိုတာတွေကတော့ သာယာဘွယ် အနေအားဖြင့် မထင်ရှားဘူး၊ ချုပ်ငြိမ်းတဲ့ သဘောအနေ့, ချုပ်ငြိမ်းရာရောက်သွားတဲ့ သဘောအနေလောက်သာ ထင်ရှားတယ်၊ ဒါကြောင့် အဲဒီ မဂ်ဖိုလ် နိဗ္ဗာန် တရားတွေကိုတော့ သာယာနှစ်သက်မှုက မဖြစ်နိုင်ဘူး၊ သူတို့ရဲ့ ရှေ့နားက ဂေါတြဘူအထိသာ သာယာနှစ်သက်မှု ဖြစ်နိုင်ပါတယ်၊ ဒါကြောင့် သာယာနှစ်သက်တဲ့ တဏှာကို ဓမ္မသဘောအားဖြင့် ဂေါတြဘူတိုင်အောင် စီးသွားတယ်လို့ ဆိုတာပါဘဲ။

## သေ‌ဌေးစိတ် ပေါက်နေတာနဲ့ တူတယ်

တချို့လူတွေကတော့ သူ့ဘိုမှာဖြင့် အားကိုးစရာ အားထုတ်ထားတဲ့ ကိုယ်တွေ့ လက်ကိုင်တရားရယ်လို့ ဘာမျှမရှိပါဘဲနဲ့

အထင်ကြီးပြီး ဒီလို ပြောတတ်ကြတယ်၊ လောကီတရားတွေဆို ယင် ဘာကိုမှ မသာယာနဲ့၊ဘယ်ဟာကိုမှ မတောင့်တနဲ့လို့ ဒီလို ပြောတတ်ကြတယ်။ ဒီစကားထဲမှာ မသာယာနဲ့ မတောင့်တနဲ့ ဆိုတာဟာ သင့်လျော်တဲ့နေရာမှာ ထိုက်တန်တဲ့ ပုဂ္ဂိုလ်က ပြောဆိုယင်တော့ သင့်လျော်တဲ့ စကားပါဘဲ၊ ဒါပေမယ့် အဲဒီ လိုပြောနေတဲ့ ပုဂ္ဂိုလ်မှာ လူ့ဘုံ နတ်ဘုံ သုဂတိဘုံတွေ ဖြစ်ဖို့ ရာလောက်တောင် ခိုင်ခိုင်လုံလုံ မရှိပါဘဲနဲ့ ပြောနေတယ် ဆို ယင်တော့ နေရာမကျလှဘူး၊ ပြီးတော့ မိမိလက်ရှိ ကာမဂုဏ် အာရုံချမ်းသာ အသေးအနုပ်ကလေးတွေကိုတောင် တွယ်တာ မက်မောနေလျက်နဲ့ ပြောနေတယ်ဆိုယင်လဲ မတော်လှဘူး။

ပြီးတော့ တချို့က ဒွါရခြောက်ပါးက ဖြစ်ပေါ်လာသမျှကို မပြတ်လိုက်ပြီးတော့ ရှုမှတ်နေတာကို သမထ အလုပ်တွေပါလို့ ကဲ့ရဲ့ရှုတ်ချပြီး ပြောတတ်ကြသေးတယ်။

အဲဒီလို ပြောတာကတော့ သမထမှန်း ဝိပဿနာမှန်း မသိ လို့ပြောတာလဲ ရှိပါတယ်၊ ပြီးတော့ သမထဘာဝနာ ဆိုတာ မြတ်စွာဘုရား အစရှိတဲ့ ပုဂ္ဂိုလ်မြတ်တွေရဲ့ အခြေခံ ဘာဝနာ အလုပ်ကြီး ဖြစ်တယ် ဆိုတာ နားမလည်လို့ ရောယောင်ပြီး ပြောတာလဲ ရှိပါတယ်၊ အဲဒီလို ပြောတဲ့ပုဂ္ဂိုလ်တွေဟာ သူတို့ မှာ ဘာမျှ အခြေခံမရှိဘဲနဲ့ အထင်ကြီးပြီး ပြောနေကြတာ ပါဘဲ၊ဘာနဲ့တူသလဲဆိုယင် အရင်းအနှီး ဥစ္စာမရှိဘဲနဲ့ သေဌေး စိတ်ပေါ်နေတာနဲ့ တူပါတယ်၊ ကိုယ့်မှာ အခြေခံ ဥစ္စာက ဘာမျှမရှိပါဘဲနဲ့ ဒီလုပ်ငန်းကတော့ သေးလွန်းပါတယ်၊ ငွေဝင် နည်းလွန်းပါတယ်-စသည်ဖြင့် ဟိုလုပ်ငန်း ဒီလုပ်ငန်းတွေကို ကဲ့ရဲ့ရှုတ်ချပြီး သေဌေးစိတ်ပေါက်နေတာနဲ့ တူပါတယ်။

## ဘယ်ကုသိုလ်ဘဲဖြစ်ဖြစ် ပွါးသင့်တာချည်းပါဘဲ

အမှန်ကတော့ နိဗ္ဗာန်ရောက်ကြောင်းတရားဆိုယင် ဘယ်ကုသိုလ်တရားဘဲဖြစ်ဖြစ် ပြုသင့် ပွါးများသင့်တဲ့ တရားချည်းပါဘဲ၊ ဒွါရခြောက်ပါးက ဖြစ်ပေါ် တိုင်းကို လိုက်ပြီး ရှုမှတ်နေတာကို သမထဘာဝနာချယ်လို့ ဘယ်ကျမ်းဂန်မှာမှ မဆိုပါဘူး၊ ဝိပဿနာဖြစ်တယ်လို့သာ အဆိုရှိပါတယ်။

နောက်ပြီးတော့ မသာယာပါနဲ့ မတောင့်တပါနဲ့လို့ ဆိုတာက အပြောလွယ်သလောက် လက်တွေ့ကျတော့ မလွယ်ပါဘူး၊ အလွန်ခက်ပါတယ်။ ဘာကြောင့်လဲဆိုယင် တဏှာဆိုတဲ့ သာယာတောင့်တတတ်တဲ့ ဒီအာသဝေရးက ဘုံအားဖြင့် ဘဝဂ်, ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင်, လိုက်ပြီး စီးသွားတတ် သာယာတတ်တဲ့အတွက်ကြောင့်ပါဘဲ၊ဒါကြောင့် ဈာန်သမာပတ်ရအောင် အားထုတ်တဲ့သူမှာ မရမီကဘဲ ရချင်တဲ့ တဏှာတွေက ဖြစ်လာနိုင်တယ်၊ ရပြန်တော့လဲ အဲဒီ ရလာတဲ့ဈာန်ကို သာယာပြန်တယ်၊ ဝိပဿနာ ရှုတဲ့သူမှာလဲ အားထုတ်ခါစမှာ စိတ်က မငြိမ်သက်သေးဘူး၊ နီဝရဏ စိတ်တွေနဲ့ ရောနေတယ်၊ မစင်ကြယ်သေးဘူး၊ ဒါကြောင့် စိတ်စင်ကြယ်မှု သမာဓိဖြစ်မှုကို ရချင်တယ်၊ စိတ်တွေ မပျံ့လွင့်ဘဲ ငြိမ်ငြိမ်သက်သက်နဲ့ အမှတ်ကောင်း နေစေချင်တယ်၊ အဲဒီလို ငြိမ်ငြိမ်သက်သက်နဲ့ မှတ်ကောင်းလာပြန်တော့ အဲဒီ မှတ်လို့ ကောင်းတာကလေးကို သာယာပြန်တယ်။

အဲဒီအခါမှာ စိတ်ကလေးဟာ ဘယ်ကိုမှ မပျံ့လွင့် မပြေးသွားတော့ဘဲ မှတ်သင့်တဲ့ အာရုံကလေးတွေရဲ့အပေါ်မှာသာ ကျလျက် ကျလျက်ဖြင့်ပြီး တည်ငြိမ်နေတယ်၊ မှတ်စရာ အာရုံ

တွေက ပြောင်းလဲနေပေမယ်လို့ မှတ်စိတ်ကလေးရဲ့ တည်ငြိမ်ပုံကတော့ မပြောင်းလဲဘူး၊ တသမတ်တည်းဖြစ်ပြီး တည်ငြိမ်နေတယ်၊ အဲဒါကို ဝိပဿနာ **ခဏိကသမာဓိ**လို့ ခေါ်ပါတယ်၊ သမထဘာဝနာအလုပ်က ရလာတဲ့ **ဥပစာရသမာဓိ**နဲ့ တူညီနေပါတယ်၊ ဒါကြောင့် အဲဒါကို **စိတ္တဝိသုဒ္ဓိ**လို့ဆိုရတယ်၊ ဒီလို စိတ်စင်ကြယ်ပြီး အမှတ်ကောင်းလာတော့ ရုပ်နာမ်တွေကို ပိုင်းပိုင်းခြားခြားသိလာတယ်၊ မှတ်ရတဲ့ အာရုံရုပ်က တခြား၊ မှတ်သိတဲ့စိတ်က တခြား စသည်ဖြင့် ရုပ်နဲ့နာမ် တခြားစီ ကွဲပြားပြီး သိလာတယ်၊ အဲဒါဟာ **နာမရူပပရိစ္ဆေဒဉာဏ်**ဘဲ၊ အဲဒီလို သိတာကိုလဲ သာယာပြန်တာဘဲ။

အဲဒီကနောက် ဆက်ပြီး ရှုမှတ်သွားပြန်တော့ အကြောင်းတရားနဲ့ အကျိုးတရားမျှဘဲဆိုတာကိုလဲ ရှုမှတ်နေရင်း သိလာတယ်၊ ဖြစ်ပြီးချင်း ပျက်သွားရင်း ဖြစ်ပြီးရင်း ပျက်သွားရင်းနဲ့ အနိစ္စ–မမြဲတာတွေချည်းဘဲ၊ ဒုက္ခ–နှစ်သက်စရာ အားကိုးစရာမရှိတဲ့ ဆင်းရဲတွေချည်းဘဲ၊ အနတ္တ–အသက်ကောင် သတ္တဝါကောင်မဟုတ်တဲ့ သဘောတရားမျှချည်းဘဲ ဆိုတာတွေကိုလဲ ရှုမှတ်နေရင်း သဘောကျပြီး သိလာတယ်၊ အရောင်အလင်းတွေကိုလဲ တွေ့ရတယ်၊ ကိုယ်ထဲ စိတ်ထဲမှာ ပီတိ ပဿဒ္ဓိတွေ ချမ်းသာမှု ဝမ်းသာမှုတွေ ဖြစ်လာတာကိုလဲ တွေ့ရတယ်၊ အဲဒါတွေကိုလဲ သဘောကျ သာယာပြန်တာဘဲ၊ အဲဒါကိုလဲ ရှုမှတ်ပြီး ပယ်ရတယ်။

အဲဒါကို ပယ်ပြီး ဆက်လက် ရှုမှတ်သွားယင် မှတ်တိုင်း မှတ်တိုင်း ကုန်ကုန် ပျောက်ပျောက် နေတာကိုချည်း တွေ့ရတယ်၊ အဲဒါက ဘင်ဉာဏ်တဲ့၊ အတိုချုံးပြောရမယ်၊ အဲဒီက

ဆက်အားထုတ်သွားယင် ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်း တက်ပြီး သင်္ခါရုပေက္ခာဉာဏ် ရောက်သွားတယ်ဆိုကြပါစို့၊ ဒီ ဉာဏ်ဖြစ်ပုံကိုတော့ နောက်နားကျမှ ကျယ်ကျယ် ပြန့်ပြန့် ပြောရမယ်။

အဲဒီ သင်္ခါရုပေက္ခာဉာဏ်ရောက်တော့ ဘာမှ ကြောင့်ကြ မစိုက်ရတော့ဘဲနဲ့ အမှတ် အသိကလေးတွေဟာ သိမ်သိမ် မွေ့မွေ့နဲ့ အဆင်သင့် သူ့ဟာသူ မပြတ်ဖြစ်နေတယ်၊ အဲဒါကိုလဲ သဘောကျပြန်တာဘဲ။

## ဂေါတြဘူကို သာယာနိုင်သေးတယ်

အဲဒီ သဘောကျတာကို ရှုမှတ်ပယ်ပြီးတော့ မှတ်မြဲမပြတ် မှတ်သွားယင် အရိယာ မဂ်ဉာဏ် ဖြစ်နိုင်လောက်တဲ့ အခါကျ တော့ အမှတ် အသိကလေးတွေဟာ သူ့အလိုလိုဘဲ အထူး သွက်လက် လျင်မြန်လာတယ်၊ ဒီလို အလျင်အမြန် သိနေရင်း ထဲက သင်္ခါရ ချုပ်ငြိမ်းတဲ့ သဘောဆီကို ညွတ်သွားတယ်၊ အဲဒါက ဂေါတြဘူစိတ်တဲ့၊ အဲဒီလို ညွတ်ပြီးတော့ အဲဒီ သင်္ခါရ ချုပ်ငြိမ်းတဲ့သဘောထဲကို ကျရောက်သွားတယ်၊ အဲဒါကတော့ မဂ်ဖိုလ်တဲ့၊ အဲဒီ ဂေါတြဘူမဂ်ဖိုလ်ဖြစ်နေတဲ့ အချိန်မှာတော့ သာယာတဲ့ တဏှာဖြစ်ဖို့ အခွင့်မရဘူး၊ ချုပ်ငြိမ်းတဲ့ သဘော ထဲ ကျရောက်သွားတဲ့ မဂ်ဖိုလ်ဖြစ်ပုံကလဲ သာယာဘွယ်အနေ နဲ့ မထင်ဘူး၊ ဒါကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ တရားတွေကို တော့ သာယာတပ်မက်မှု မဖြစ်နိုင်ဘူး၊ ဒါပေမဲ့ ပြန်လည် စဉ်းစားမိတဲ့အခါမှာ ရှေ့ပိုင်းက အထူး သွက်လက်ပြီး တက် လာတဲ့ ဝုဋ္ဌာနဂါမိနီ ဝိပဿနာနဲ့ ချုပ်ငြိမ်းရာဆီကို ညွတ်သွား

တဲ့ ဂေါတြဘူစိတ်ကိုတော့ သာယာတပ်မက်မှု ဖြစ်မယ်ဆိုယင် ဖြစ်နိုင်သေးတယ်၊ အဲဒီ ဉာဏ်တွေ မဖြစ်မီကလဲ မြော်လင့် တောင့်တမှု ဖြစ်နိုင်တယ်၊ ဒါကြောင့် ဒီ သာယာ တပ်မက်မှု တဏှာကို ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် စီးသွားတတ် တယ်လို့ ဆိုထားတာတဲ့။

ယခုပြောခဲ့တဲ့အတိုင်း ဘုံအားဖြင့် ဘဝဂ်, ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် အရိယာမဂ်နားအထိ လိုက်ပြီး ဖြစ်နိုင် တဲ့ ဒီအာသဝ ကိလေသာတွေဟာ အတော်ကို အစွမ်းကောင်း တဲ့ တရားဆိုးတွေဘဲ။ အဲ ယခုပြောခဲ့တာတွေဟာ သာယာ ဘွယ် အာရုံတွေဆီကို အာသဝတဏှာက နှစ်သက်သာယာပြီး စီးဆင်းသွားပုံပါဘဲ။

အဲဒီလို စီးဆင်းသွားတတ်တဲ့ တဏှာကို မစီးဆင်းစေရ, မဖြစ်စေရဘူး၊ စီးဆင်းခွင့် ဖြစ်ခွင့်မရအောင် ပေါ်လာသမျှ အာရုံတွေကို မပြတ်ရှုမှတ်နေရမယ်၊ အမှန်ကတော့ မပြတ် ရှုမှတ်နေမယ်ဆိုယင် မြင်ရာကလဲ ဖြစ်ပြီး ပျောက်သွားလို့ မမြဲ ဘူး၊ အနိစ္စ, ဒုက္ခ, အနတ္တဘဲဆိုတာ သိရတယ်၊ ကြားရာ နံရာ စားသိရာ တွေ့ထိရာ ကြံသိရာတွေကလဲ ဖြစ်ပြီးပျောက်သွားလို့ မမြဲဘူး၊ အနိစ္စ,ဒုက္ခ,အနတ္တဘဲဆိုတာ သိရတယ်၊ ဒါကြောင့် ဘယ်မှာမှ သာယာစရာမရှိဘူး၊ မရှုနိုင် မမှတ်နိုင် မသိနိုင်ကြ လို့သာ ဒီအာရုံခြောက်ပါးတွေကို သာယာဘွယ်လို့ ထင်နေကြ တာဘဲ၊ သာယာဘွယ် ထင်မှတော့ အဲဒီ အာရုံတွေနောက် လိုက်ပြီးတော့ ကြောင့်ကြစိုက်ပြီး ဒုက္ခ ရောက်ကုန်ကြရတော့ တာဘဲ။

## (၇) နှစ် (၇) လ ကိုယ်ဝန်ဆောင်ရတယ်

မြတ်စွာဘုရားလက်ထက်တော် အခါတုန်းက ကောလိယ မင်းမျိုးထဲက သုပ္ပဝါသာဆိုတဲ့ အမျိုးသမီးတယောက်ရှိတယ်၊ အဲဒီသုပ္ပဝါသာမှာ ရှေးအကုသိုလ်ကံက အကျိုးပေးပြီး ဝဋ္ဋ လိုက်လာလို့ ကိုယ်ဝန် ပဋိသန္ဓေကို လွယ်ရတာဟာ သူများလို ကိုးလ ဆယ်လ မဟုတ်ပဲ၊ (၇)နှစ်နဲ့ (၇)လတောင်ကြာသတဲ့။ နောက်–မီးဖွားတဲ့အခါ ကျတော့လဲ (၇) ရက် ပတ်လုံး ဒုက္ခ ကြီးစွာ ခံစားပြီးတော့ ဖွားရသတဲ့၊ ဖွားမြင်လာတဲ့ သား ကလေးကတော့ သာမညပုဂ္ဂိုလ်မဟုတ်ပါဘူး၊ အရှင်သီဝလိလို့ ထင်ရှားမည့် အလောင်းလျာကလေး ဖြစ်ပါတယ်။

သူတို့သားအမိနှစ်ဦးဟာ ရှေးဘဝတခုတုန်းက ဗာရာဏသီ မင်း၏ မိဖုရားကြီးနဲ့ သားတော်ဖြစ်ခဲ့ကြဘူးပါတယ်၊ အဲဒီ တုန်းက ကောသလမင်းက ဗာရာဏသီပြည်ကို တိုက်ခိုက် သိမ်း ယူတယ်၊ ဗာရာဏသီမင်းကို ကွပ်မျက်သတ်ပစ်တယ်၊ မိဖုရား ကြီးကိုတော့ မိဖုရားကြီး အဖြစ်နဲ့ဘဲ သိမ်းပိုက်ထားတယ်၊ မင်းသားကလေးကတော့ ထွက်ပြေးတိမ်းရှောင်နေရင်း စစ် သည်အင်အားစုပြီး ခမည်းတော်၏ အမွေဖြစ်တဲ့ ဗာရာဏသီ ပြည်ကို ပြန်လည်သိမ်းပိုက်ရန် ချီတက်လာတယ်၊ မယ်တော် က အကြံဉာဏ်ပေးတဲ့အတိုင်း မြို့ကို ဝန်းရံ ပိတ်ဆို့ပြီးတော့ ကောသလမင်းကို အညံ့ခံမလား၊ သို့မဟုတ် စစ်တိုက်မလားလို့ ရာဇသံ ပေးလိုက်တယ်၊ ဒါပေမဲ့ မင်းက အရှုံးလဲ မပေးဘူး၊ ထွက်ပြီးတော့လဲ စစ်မတိုက်ဘူး၊ မြို့သူမြို့သားတွေမှာလဲ လိုတဲ့ ပစ္စည်းတွေကို လစ်လပ်နေတဲ့ တံခါးငယ်များမှ သယ်ယူခွင့် ရနေတဲ့အတွက် နေသာ ထိုင်သာ ရှိနေကြတယ်၊ အဲဒါဟာ

(၇)နှစ်(၇)လတောင် ကြာသွားသတဲ့။ ဒီအခါမှာ မယ်တော်၏ နောက်ထပ် ညွှန်ကြားချက် အရဖြင့် တံခါးငယ်ကလေးတွေပါ တင်းတင်း ကြပ်ကြပ် ပိတ်ဆို့ ထားလိုက်တယ်။ အဲဒီလို ပိတ် ထားလို့ (၇) ရက်ကြာတော့ တိုင်းသူ ပြည်သားတွေက မခံ မရပ်နိုင်တာနဲ့ ကောသလမင်းကို သတ်ပြီး အဲဒီ မင်းသားကို မင်းမြှောက်ကြတယ်။ အဲဒီလို မြို့ကို ပိတ်ဆို့ခဲ့တဲ့ အကုသိုလ်ကံ ကြောင့် အရှင်သီဝလိအလောင်းဟာ အဝီစိငရဲမှာ ကျရောက် ပြီးတော့ (မြေကြီး တယူဇနာလောက် တက်လာသည်တိုင် အောင်) + နှစ်ပေါင်း မရေမတွက်နိုင်အောင် ကြာမြင့်စွာ ဒုက္ခခံခဲ့ရတယ်၊ ယခုနောက်ဆုံးဘဝမှာလဲ (၇) နှစ် (၇) လ တိုင်အောင် ပဋိသန္ဓေနေရတယ်၊ ခုနစ်ရက်တိုင်တိုင်ကြပ်တည်း စွာ ပိတ်ဆို့ခဲ့တဲ့ အကုသိုလ်ကံကြောင့် ဖွားတဲ့အခါ (၇) ရက် ပတ်လုံး ဒုက္ခကြီးစွာ ခံရပါတယ်ဘဲ့၊ အကုသိုလ်ဟာ အင်မတန် ကြောက်စရာကောင်းပါတယ်။

အဲဒီလို ဖွားမြင်ပြီးတဲ့နောက် ဝိဇာယနမင်္ဂလာ အထိမ်း အမှတ်နဲ့ ဘုရားအမှူးရှိသော သံဃာတော်ကို ဆွမ်းကျွေးပါ တယ်၊ အဲဒီ အခါမှာ အရှင်သာရိပုတ္တရာ မထေရ်က သီဝလိ သူငယ်ကလေးကို အနီးအပါး ခေါ်ပြီး စကားပြောပါတယ်၊ ဒီကလေးကလဲ မွေးခါစဆိုပေမဲ့ သူ့အသက်က (၇)နှစ်တောင် ရှိနေပြီ၊ဒါကြောင့် သူများပြောတာကိုလဲ သူက နားလည် တယ်၊ ပြောလဲ ပြောတတ်တယ်၊ သွားလဲ သွားနိုင်တယ်၊ အရှင်သာရိပုတ္တရာပြောပုံကတော့ "ဘယ့်နှယ်လဲကွဲ့ လူကလေး မင့်မှာ အမိဝမ်းထဲ ပဋိသန္ဓေနေရတာဟာ မဆင်းရဲဘူးလား၊

---

+ ဓမ္မပဒအဋ္ဌကထာ ပဌမတွဲ စာမျက်နှာ ၄၀၂။

ကြောက်စရာ မကောင်းဘူးလား ”လို့ သူနဲ့ ထိုက်တန်တဲ့ အကြောင်းအရာကိုဘဲ မေးပါတယ်၊ ဒီတော့သူငယ်က“ဆင်းရဲ ပါတယ်ဘုရား၊အင်မတန်ကို ကြောက်စရာကောင်းပါတယ်”လို့ ပြန်လျှောက်သတဲ့၊ အဲဒါကို ကြားရတော့ မိခင်ဖြစ်တဲ့ သူ့ရဲ့ စိတ်ထဲမှာ အလွန် သဘောကျပြီး အားရ ကျေနပ်နေတယ်၊ အင်း-ငါ့သားဟာ အင်မတန် ထူးတဲ့ သားရတနာဘဲ၊ ကြည့် စမ်း-အရှင်သာရိပုတ္တရာကိုယ်တော်ကြီးနဲ့တောင် တရားစကား ပြောနိုင်တယ် ဖြေနိုင်တယ်၊ ပုဂ္ဂိုလ်ထူးကလေးဘဲ-လို့ ဒီလို စဉ်းစားပြီး အားရကျေနပ်နေသတဲ့၊ အဲဒီ အခါမှာ မြတ်စွာ ဘုရားက“ချစ်သမီး သုပ္ပဝါသာ ဒီလို သားမျိုးများ နောက် ထပ်ရမယ်ဆိုယင် လိုချင်ပါသေးသလား” လို့ မေးတော်မူပါ တယ်၊ ဒီတော့ သုပ္ပဝါသာက မှန်လှပါဘုရား ဒီလို သား မျိုးကို ရဦးမယ်ဆိုယင် ခုနစ်ယောက်လောက်တောင် လိုချင် ပါသေးတယ်ဘုရားလို့ ပြန်ပြီးလျှောက်သတဲ့။ အဲဒီ အခါမှာ မြတ်စွာဘုရားက ဒီတရား ဂါထာကို ဥဒါန်း ကျူးတော်မူ ပါတယ်။

အသာတံ သာတရူပေန၊ ပိယရူပေန အပ္ပိယံ။
ဒုက္ခံ သုခဿ ရူပေန၊ ပမတ္တ မတိဝတ္တတိ။

လို့ ဥဒါန်းကျူးတော်မူပါတယ်။

အသာတံ၊ သာယာဘွယ် မဟုတ်သော အရာဝတ္ထုသည်။ သာတရူပေန၊ သာယာဘွယ် အယောင် ဟန်ဆောင်သဖြင့်။ ပမတ္တံ၊ မေ့လျော့နေသော ပုဂ္ဂိုလ်ကို။ အတိဝတ္တတိ၊ လွှမ်းမိုး နှိပ်စက်လေတော့၏။

## သာယာဘွယ်ယောင် ဟန်ဆောင်ပြီး နှိပ်စက်တယ်

ဒီနေရာမှာ မေ့လျော့တယ် ဆိုတာက ဘာကိုမှ မသိဘဲ ဖြစ်နေတာမျိုးကို ဆိုတာမဟုတ်ပါဘူး၊ ယခု ယောဂီတွေ မှတ်သိနေတဲ့ သတိသမ္ပဇဉ်မျိုးမရှိဘဲ ကင်းနေတာ, မြော်မြင်ဆင်ခြင်မှု သတိသမ္ပဇဉ်မရှိဘဲ ကင်းနေတာကိုဘဲ မေ့လျော့ နေတယ်လို့ ဆိုလိုပါတယ်။ အဲဒီလို မေ့လျော့နေတဲ့သူကိုဘာမှသာယာဘွယ် မဟုတ်ဘာကလေးတွေက သာယာဘွယ်လိုလို ဘာလိုလိုနဲ့ ဟန်ဆောင်ပြီးတော့ လွှမ်းမိုးနှိပ်စက်တတ်တယ်တဲ့၊ ရိုးရိုးသားသားနဲ့ အမှတ်တမဲ့ နေတဲ့သူကို လူလိမ်က လူရိုးလူကောင်းယောင် ဟန်ဆောင်ပြီး လိမ်သွားသလိုဘဲ၊ သာယာဘွယ် မဟုတ်တာကလေးတွေက သာယာဘွယ်ယောင် ဟန်ဆောင်ပြီး လွှမ်းမိုးနှိပ်စက်သွားတတ်ပါသယ်တဲ့၊ ရိပ်မိကြရဲ့လား။

ယခု သုပ္ပဝါသာဆိုတဲ့ အမျိုးသမီးဟာ သားတယောက်အတွက်နဲ့ ၇-နှစ် ၇-လတိုင်တိုင် ကိုယ်ဝန်ကိုလွယ်ပြီး ဒုက္ခကြီးစွာ ရောက်ခဲ့ရတယ်၊ မွေးဖွားတဲ့အခါမှာလဲ ၇ ရက်တိုင်တိုင် အတိဒုက္ခရောက်ခဲ့ရတယ်၊ ဒါလောက်တောင် ဒုက္ခခံရတဲ့ သားမျိုးကို နောက်ထပ်လဲ ၇-ယောက်လောက်တောင် လိုချင်သေးတယ်ဆိုတော့ သာယာဘွယ် မဟုတ်တာကို သူ့စိတ်ထဲမှာ သူမရိပ်မိလို့ သာယာနေတာပေါ့၊ ဒါဟာ သာယာဘွယ်မဟုတ်တာက သာယာဘွယ် အယောင် ဟန်ဆောင်ပြီး လိမ်လည် နှိပ်စက်တာပါဘဲ ဘယ်လိုလူကို နှိပ်စက်တတ်သလဲ ဆိုတော့ ပမတ္တံ၊ မေ့လျော့နေတဲ့သူကို နှိပ်စက်တတ်ပါတယ်တဲ့၊ အမှန်အတိုင်း ဆင်ခြင်မှု သတိကင်းပြီး မေ့လျော့နေတဲ့သူကို

နှိပ်စက်တတ်ပါတယ်တဲ့၊ ဘယ်လို နှလုံးသွင်း ဆင်ခြင်ရမလဲ ဆိုယင် ဆင်းရဲတရားဟူသမျှတွေကို ဒါက ဆင်းရဲဘဲလို့လဲ နှလုံးသွင်း ဆင်ခြင်ရမယ်၊ အဲဒီ ဆင်းရဲတွေ ဖြစ်ပေါ်လာခြင်းရဲ့ အကြောင်းကိုလဲ ဒါက ဆင်းရဲဖြစ်ကြောင်းဘဲလို့လဲ နှလုံးသွင်း ဆင်ခြင်ရမယ်။

လောကဘက်ကနေပြီး ပြောရမယ်ဆိုယင် စားသောက်နေထိုင်ရေး စသည်အတွက် ကြံစည်မှု ကြောင့်ကြစိုက်မှု မရှိဘဲ အမူမဲ့ အမှတ်မဲ့-နေတဲ့သူဟာ မေ့လျော့နေတဲ့သူဘဲ၊ လောကရေးရာနဲ့စပ်ပြီး မြော်တွေး ဆင်ခြင်မှု မရှိတဲ့သူဟာ မေ့လျော့နေတဲ့သူဘဲ၊ အဲဒီလိုလူကို လူလယ်တွေက ဘာမှမဟုတ်တာကလေးတွေနဲ့ ဘမ်းပြုပြီး လိမ်သွားတတ်တယ်၊ သံသရာဘက်က ပြောရမယ်ဆိုယင်တော့ နောင် ဘဝသံသရာရေးအတွက် ကုသိုလ် အကုသိုလ်ဆိုတာကို မစဉ်းစားဘဲ ယခုဘဝ ကောင်းစားရေးလောက်သာ အားထုတ်နေတဲ့ သူဟာ မေ့လျော့နေတဲ့သူဘဲ၊ အဲဒီလိုလူကိုလဲ တဘဝစာ ကာမဂုဏ်အာရုံကလေးတွေက အင်မတန် အဖိုးတန်ကြီးအနေနဲ့ ဟန်ဆောင်ပြီး လိမ်သွားတတ်တယ်၊ ဘယ်အခါကျမှ အလိမ်ခံရမှန်း သိသလဲဆိုယင် သေခါနီးကျမှလဲ သိတတ်တယ်၊ တချို့ကတော့ သေပြီးလို့ နောက်ဘဝရောက်မှလဲ သိတတ်တယ်။

## သေပြီး ပြိတ္တာဖြစ်နေမှ ကံ ကံ၏အကျိုးကို သိတယ်

ဓမ္မာသောကမင်းကြီးလက်ထက်က သုရဋ္ဌတိုင်းမှာ နန္ဒကဆိုတဲ့ လူကြီးတယောက် ရှိခဲ့တယ်၊ သူက ကုသိုလ်ကံ မရှိ, အကုသိုလ်ကံ မရှိ, ကံ၏အကျိုး မရှိ, နောင်ဘဝ မရှိ-ဆိုတဲ့

အယူကို သဘောကျနေတယ်၊ ဒါကြောင့် မျက်မှောက် ဘ၀ အတွက်လောက်သာ သူက အားထုတ်တယ်၊ သေတဲ့အခါကျ တော့ ဝိဥ္စာဏတော့ကြီးထဲမှာ ပြိတ္တာ ဖြစ်နေတယ်၊ ဒီတော့မှ ကံ ကံ၏အကျိုး ရှိတယ်, နောင်ဘ၀ ရှိတယ်ဆိုတာ ကိုယ်တိုင် တွေ့သိပြီးတော့ သာယာဘွယ် မဟုတ်တာတွေရဲ့ အလိမ်ခံရ မှန်း သိတယ်၊ အဲဒီအခါမှာ သူ့သမီး ဥတ္တရာက သောက်ရေနှင့် မုံ့ကို သံဃာတော်အား လှူပြီး အမျှပေးဝေတယ်၊ အဲဒါကို သာဓုခေါ်ပြီး သူမှာ နတ်၌ဖြစ်သော စားသောက်ဖွယ်တွေ မုံ့တွေကို အလိုရှိတဲ့အတိုင်း အများကြီး ရရှိသွားတယ်၊ ဒီတော့ သူဟာ ရှေးဘ၀က အယူမှားခဲ့မှန်း သာပြီး သိလာ တယ်၊ အလိမ်ခံရတာ သိတဲ့သဘောပါဘဲ။

## မမေ့ဘို့ အရေးကြီးပါတယ်

ဒါကြောင့် သံသရာရေးနဲ့ စပ်ပြီးတော့လဲ မမေ့ဘို့ အရေး ကြီးပါတယ်၊ ဘယ်လိုလဲဆိုယင် နောင် ဘ၀သံသရာတလျှောက် မှာ ဆင်းရဲဒုက္ခ နည်းတန်သမျှ နည်းပြီး ချမ်းသာနဲ့ ပြည့်စုံ သွားရအောင် မကောင်းမှု အကုသိုလ်မှ ကြဉ်ရှောင်ရမယ်၊ ကောင်းမှု ကုသိုလ်တွေ တတ်နိုင်သမျှ ပြုလုပ်ရမယ်၊ ဒါပါဘဲ။ ဒီလို ပြုလုပ်သွားယင် သံသရာရေးနဲ့ စပ်ပြီး မမေ့တဲ့သူလို့ ဆိုထိုက်ပါတယ်။

အထူးအားဖြင့် သာပြီးအရေးကြီးတာကတော့ သံသရာ က လွတ်မြောက်ရေးအတွက် မမေ့ဘို့ပါဘဲ၊ အဲဒါက ဘယ်လိုလဲ ဆိုယင် မိမိသန္တာန်မှာ မပြတ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရား တွေကို ရှုမှတ်ပြီး သတိရနေရမယ်၊ ဒါပါဘဲ၊ အဲဒီလို မရှုနိုင်

မမှတ်နိုင်ယင် အဲဒီ မပြတ်ဖြစ်နေတဲ့ ရုပ်နာမ် တွေကိုဘဲ အကောင်းထင်နေတတ်တယ်၊ အဲဒီလို အကောင်းထင်တော့ အဲဒါတွေကိုဘဲ သာယာနေတယ်၊ မြင်ရာကလဲ သာယာတယ်၊ ကြားရာ နံရာ စားရာ တွေ့ထိရာ ကြံသိရာတွေကလဲ သာယာတယ်၊ အကုန်လုံး နေရာတကာမှာဘဲ သာယာနေတယ်၊ အဲဒီလို သာယာနေတော့ အဲဒီ သာယာတဲ့ အာရုံတွေအတွက် မျက်မှောက်မှာလဲ ဒုက္ခရောက်ရတယ်၊ကံမကောင်းအကြောင်း မညီညွတ်တဲ့အခါမှာ အပါယ်ငရဲရောက်ပြီးတော့လဲ ဒုက္ခရောက်ရတယ်၊ အဲဒါဟာ သာယာဘွယ်မဟုတ်တာတွေက နှိပ်စက်သွားတာပါဘဲ၊ မပြတ်ရှုမှတ်ပြီး သတိရလျှင်တော့ အဲဒီ ရုပ်နာမ်တွေကို အနိစ္စ ဒုက္ခ အနတ္တ မျှဘဲ ဆိုတာ အမှန်အတိုင်း သိတယ်၊ ဒီလိုသိတော့ အဲဒီ အာရုံတွေအတွက် မျက်မှောက်မှာလဲ ဒုက္ခမရောက်ရဘူး၊ အပါယ် သံသရာလဲ မကျရဘူး၊ အကြောင်းညီညွတ်ယင် ဒီလို အမှတ်ရနေရင်းနဲ့ အရိယာမဂ်ဖိုလ် တရားထူးကိုလဲ ရသွားနိုင်တယ်၊ ဒီလိုရသွားယင် အောက်ထစ်ဆုံးအားဖြင့် အပါယ်သံသရာမှ လုံးဝ လွတ်မြောက်သွားပါတယ်။ ဒါကြောင့် သာယာဘွယ်မဟုတ်တာကလေးတွေက မနှိပ်စက်နိုင်အောင် မမေ့ မလျော့ဘို့ အရေးကြီးပါတယ်၊ ပြီးတော့ ပိယရူပေန အပ္ပိယံ–တဲ့။

အပ္ပိယံ၊ ချစ်ဘွယ်မဟုတ်သောအာရုံတွေသည်။ ပိယရူပေန၊ ချစ်ဘွယ်အယောင် ဟန်ဆောင်သဖြင့်။ ပမတ္တံ၊ မေ့လျော့နေသော သူကို။ အတိဝတ္တတိ၊ လွှမ်းမိုးနှိပ်စက်လေတော့၏။

## ဝိပဿနာအမြင်နဲ့ဆိုလျှင် ဒုက္ခသစ္စာ

တကယ်ချစ်စရာမဟုတ်ပါဘဲနဲ့ ချစ်စရာလိုလိုဟန်ဆောင်ပြီး နှိပ်စက်တတ်ပါတယ်တဲ့၊ ဘယ်လိုဟာတွေလဲဆိုယင် ယခုလူတွေ မြင်ရ ကြားရ နံရ စားရ ထိရ သိရတာတွေပါဘဲ၊ အဲဒါတွေ ဟာ ပကတိအမြင်နဲ့ ဆိုယင်တော့ ငါလိုလို သူလိုလို မိန်းမ လိုလို ယောကျ်ားလိုလိုနဲ့ ချစ်စရာအနေအားဖြင့်ဘဲ မြင်နေကြ ပါတယ်၊ ဒါကြောင့် အဲဒီ ချစ်စရာ ထင်ရတာတွေနောက် လိုက်ပြီး နေကြရတယ်၊ ဝိပဿနာ ဉာဏ်မျက်စိနဲ့ ကြည့်ရှုမယ် ဆိုယင်တော့ ဒါတွေက ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ် သဘောတရားတွေဘဲ၊ အနိစ္စ ဒုက္ခ အနတ္တ တရားမျှဘဲ၊ ရွံဘွယ် မုန်းဘွယ်တွေဘဲ ဆိုတာကို မြင်ပါတယ်၊ အဲဒီလို အမြင်မှန် ရယင်တော့ အဲဒီ အာရုံတွေက မနှိပ်စက် နိုင်တော့ပါဘူး၊ ပြီးတော့ ဒုက္ခံ သုခသ ရူပေန–တဲ့။

ဒုက္ခံ၊ဆင်းရဲအစစ်ဖြစ်သော တရားအပေါင်းသည်။သုခဿ ရူပေန၊ ချမ်းသာ၏အသွင်အယောင် ဟန်ဆောင်သဖြင့်။ ပမတ္တံ၊ မေ့လျော့နေသောသူကို၊ အတိဝတ္တတိ၊ လွှမ်းမိုးနှိပ်စက် လေတော့၏။

ယခုလူတွေ တွေ့ကြုံနေရတဲ့ အရာဝတ္ထု ဟူသမျှ တွေဟာ အရိယာအမြင် ဝိပဿနာ အမြင်နဲ့ ဆိုယင် ဒုက္ခသစ္စာလို့ခေါ် တဲ့ ဆင်းရဲတွေချည်းဘဲ၊ မျက်စိက မြင်တိုင်း, မြင်တိုင်း ဖြစ် ပျက်နေတဲ့ ဆင်းရဲ ဒုက္ခတွေချည်းဘဲ၊ ထို့အတူ ကြားတိုင်း, နံတိုင်း, စားသိတိုင်း, တွေ့ထိတိုင်း, ကြံသိတိုင်း ဖြစ်ပျက်နေတဲ့ ဆင်းရဲတွေချည်းဘဲ၊ ဒါပေမဲ့ မရှုနိုင်, မမှတ်နိုင်ဘဲ မေ့လျော့ နေကြတဲ့ သူတွေမှာတော့ ဝိပဿနာဉာဏ် အမြင်က မရှိတဲ့

အတွက် ဒီဒုက္ခသစ္စာဆင်းရဲတွေကိုဘဲ ချမ်းသာတွေ့အကောင်းတွေအနေနဲ့ ထင်မြင်နေကြပါတယ်၊ ဒီလို ထင်မြင်နေကြတဲ့အတွက် တနေ့သော် ချမ်းသာနိုးနိုး၊ တနေ့သော် ချမ်းသာနိုးနိုးနဲ့ ဒီဆင်းရဲတရားတွေကို လက်မလွှတ်နိုင်ဘဲ လိုက်နေကြရတယ်၊ ဒါဟာ ဆင်းရဲစင်စစ်က ချမ်းသာယောင်ဆောင်ပြီး နှိပ်စက်နေတာပါဘဲ၊ ဒါကြောင့် ဒီဆင်းရဲတရားတွေကို ဖြစ်တိုင်း၊ ပျက်တိုင်း မမေ့မလျော့ မပြတ် ရှုမှတ်နိုင်ဘို့ အရေးကြီးပါတယ်၊ ဒီလို ရှုမှတ်ပြီး မမေ့တဲ့သူကိုတော့ ဒီဆင်းရဲတရားတွေက မလိမ်နိုင် မနှိပ်စက်နိုင်တော့ဘူး၊ ဘယ်လိုအခြေအနေရောက်မှ လုံးဝ မနှိပ်စက်နိုင်သလဲဆိုယင် ရဟန္တာအဖြစ်ရောက်မှဘဲ မေ့လျော့မှု လုံးဝကင်းပြီးတော့ အဲဒီ ဘာမဟုတ်ညာမဟုတ်တာတွေက တမျိုးတမည် ဟန်ဆောင်ပြီး မနှိပ်စက်နိုင်တဲ့အဖြစ်မျိုး ရောက်ပါတယ်၊ ဒါပေမဲ့ ဝိပဿနာရှုဆဲပုထုဇဉ်ပုဂ္ဂိုလ်မှာလဲ သူရှုမှတ် နိုင်သလောက်မှာ မမေ့မလျော့တဲ့အတွက် အတော်အတန်တော့ သက်သာရာ ရပါတယ်၊ မူရင်းဒေသနာတော်ကို ပြန်ကောက်ကြဦးစို့။

အဲဒီ ဥဒါန်း ဒေသနာမှာ သာယာဘွယ် မဟုတ်တာက သာယာဘွယ်အယောင် ဟန်ဆောင်ပြီး နှိပ်စက်တယ်ဆိုတာနဲ့ ဒီ ပုရာဘေဒသုတ်မှာ သာတိယေသု- သာယာဘွယ်တွေဆိုတာဟာ သဘောအားဖြင့် အတူတူပါဘဲ၊ ဒါကြောင့် သာယာဘွယ် အာရုံတွေဆီကို သာယာပြီး မစီးသွားဘို့ အထူးသတိပြုရမယ်၊ ဝိပဿနာကို အားမထုတ်နိုင်တဲ့သူတွေမှာလဲ သာယာဘွယ်အာရုံတွေနဲ့စပ်ပြီး တပ်မက်သာယာမှုဖြစ်လာယင် အလွန်အကျွံကြီး မဖြစ်ရအောင် သတိပြုဘို့ပါဘဲ၊ ဝိပဿနာရှုနေတဲ့

ပုဂ္ဂိုလ်မှာတော့ ဒွါရ ခြောက်ပါးက ပေါ်လာသမျှ တွေကို သာယာတပ်မက်ပြီး စီးသွားမှု မဖြစ်ရအောင် မပြတ်ရှုမှတ် နေရတယ်၊ တရံတခါ သာယာတပ်မက်မှုဖြစ်လာယင်လဲ အဲဒါ ကို ရှုမှတ်ပြီး ပယ်ရတယ်၊ ဘယ်ထိအောင် ပယ်ရမှာလဲလို့ ဆိုယင် သာယာမှုက ဓမ္မအားဖြင့် ဂေါတြဘူ တိုင်အောင် စီး သွားတတ်တယ်လို့ ဆိုတော့ အရိယာ မဂ်ဉာဏ်ကို မရောက် မချင်း ဖြစ်ပေါ်လာသမျှ သာယာမှုတွေ ရှုမှတ်ပြီး ပယ်သွား ဘို့ပါဘဲ၊ ဒီလို ပယ်သွားယင် နောက်ဆုံးကျတော့ အရိယာ မဂ်ဉာဏ်ကိုရောက်သွားပါလိမ့်မယ်၊ဒါကြောင့် ဆောင်ပုဒ်က –

> သာယာဘွယ်တွင်း၊ မစီးဆင်းတည့်၊ မာန်ကင်းသိမ်မွေ့၊
> ထင်ဉာဏ်တွေ့လျက်၊ ယုံလေ့ကင်းကာ၊ တပ်မက်ကွာ၊
> ခြောက်ဖြာ သူ့ဂုဏ်ရည်-တဲ့။

ဒီဆောင်ပုဒ်အတိုင်း ကိလေသာငြိမ်းလို့ ဥပသန္တ မည်တဲ့ ပုဂ္ဂိုလ်ရဲ့ ဂုဏ်အင်္ဂါ ခြောက်ပါး ရှိတယ်၊ အဲဒီ ခြောက်ပါး ထဲက သာယာဘွယ်အတွင်း မစီးဆင်းရဘူးဆိုတဲ့ ပဌမဂုဏ်ပုဒ် ကိုတော့ နားလည် လောက်ပါပြီ၊ နောက်တခုက အတိမာနေ စ နော ယုတော-တဲ့။

## သူတပါးကို အထင်မသေးနှင့်

အတိမာနေ စ၊ အလွန်မာန်ထောင်လွှားလျက် သူတပါးကို အထင်သေးခြင်း, မထီမဲ့မြင် ပြုခြင်း၌လဲ။နော ယုတော၊မယှဉ် သည်။ ဟောတိ၊ ဖြစ်၏။

ကိုယ့်ကိုယ်ကို အထင်ကြီးပြီး သူတပါး အထင်သေးခြင်း, မထီမဲ့မြင် ပြုခြင်း မရှိစေရဘူးတဲ့၊လောကဘက်ကလဲ အထင်

မသေးရဘူး, တရားဘက်ကလဲ အထင်မသေးရဘူး၊ လောက ဘက်က အထင် သေးတာကတော့ အမျိုးနဲ့ စပ်ပြီးတော့လဲ အထင်သေးတတ်တယ်၊ ပစ္စည်းဥစ္စာ, ပညာဂုဏ်သိမ်ရှိနဲ့ စပ်ပြီး တော့လဲ အထင် သေးတတ်တယ်၊ ဘာနဲ့မှ အထင် အမြင် မသေးရဘူးတဲ့၊ ဘာကြောင့်လဲဆိုယင် ကိုယ်က အထင်အမြင် သေးထားပေမဲ့ တော်တော်ကြာတော့ ကိုယ်ထင်တဲ့အတိုင်း မဟုတ်ဘဲ အထင်ကြီးစရာ ပုဂ္ဂိုလ်လဲဖြစ်နေတတ်တယ်၊အဲဒီလို အထင်မသေးသင့်တဲ့ ပုဂ္ဂိုလ်ကို အထင် သေးနေယင် ဒုက္ခ ရောက်တတ်တယ်။ ဒုက္ခရောက်ဘူးတဲ့ ပုံဝတ္ထုတခုကို ပြောရ ဦးမယ်။

မြတ်စွာဘုရား လက်ထက်တော်ကာလက ရဟန်း သံဃာ တော် ငါးရာကို ပသေနဒီ ကောသလ မင်းကြီးက ပင့်ပြီး နေ့စဉ် ဆွမ်းကပ်တယ်၊ အရှင် အာနန္ဒာက ခေါင်းဆောင် ပြီးတော့ နေ့စဉ် ကြွရောက်ပြီး ဆွမ်းဘုဉ် ပေးတယ်၊ မင်းကြီး က (၇)ရက်ပတ်လုံး သူကိုယ်တိုင်ဦးဆောင်ပြီးဆွမ်းကပ်တယ်၊ နောက်ရက်တွေမှာတော့ သူကိုယ်တိုင်ကလဲ မကပ်နိုင်ဘူး၊မည် သူကိုမျှလဲ တာဝန် လွဲအပ်ပေးမထားဘူး၊ မင်းအိမ်ဆိုတော့ အခွင့် ပေးမထားယင် မည်သူမျှ ဝင်ပြီး မလုပ်ဝံ့ဘူး၊ ဒါ့ကြောင့် ရှစ်ရက်မြောက် နေ့မှာ သံဃာများထိုင်ဘို့ နေရာ ခင်းပြီးသား တောင်မရှိဘူးတဲ့၊ ဒါကြောင့် ရဟန်းတော် ခပ်များများက ငါတို့ ထိုင်စရာတောင်မရှိဘူးဆိုပြီး တခြားထွက်သွားကြတယ်၊ နောက်တနေ့လဲ ထို့အတူဘဲ၊နေရာမရှိတာနဲ့ သံဃာတော်တော် များများက ထွက်သွားကုန်တယ်၊တတိယနေ့ကျတော့ သံဃာ တော်တွေ ထွက်သွားလိုက်ကြတာ အရှင် အာနန္ဒာတပါးဘဲ

ကျန်တော့သတဲ့၊ အရှင် အာနန္ဒာကတော့ ဒါယကာတို့၏ သဒ္ဓါတရားကို ငဲ့ပြီး ဖြစ်သလိုနဲ့ သည်းခံပြီးနေတယ်၊ ဒီအခါမှာ မင်းကြီးက လာပြီးကြည့်တော့ အရှင်အာနန္ဒာ တပါးတည်းနဲ့ ဆွမ်းတွေ ဟင်းတွေ အကုန်လုံး လိုလိုပင် ပိုနေတာကို တွေ့ရတော့ စိတ်မချမ်းမသာ ဖြစ်ပြီး မြတ်စွာဘုရားထံ သွားလျှောက်တယ်၊ မြတ်စွာဘုရား တပည့်တော်အိမ်ကို သံဃာတော်ငါးရာကြွဘို့ ပင့်ထားပါတယ်၊ အရှင်အာနန္ဒာ တပါးတည်းသာ ကြွလာပါတယ်၊ ရဟန်းတော်တွေက တပည့်တော်အိမ်ကို ဘာ့ကြောင့် အသိအမှတ် မပြုကြပါသလဲဘုရားလို့ လျှောက်တယ်။

## ချဉ်းကပ်သင့်တဲ့ ဒကာ၏ ဂုဏ် ၉-ပါး

ဒီတော့ မြတ်စွာဘုရားက မင်းကြီး ငါ၏တပည့် ရဟန်းတော်တို့ဟာ သင် မင်းကြီးနဲ့ အကျွမ်းမဝင်ကြတဲ့အတွက် မလာကြတာ ဖြစ်ပါလိမ့်မည်လို့ မိန့်တော်မူပြီးတော့ ဂုဏ် ၉-ပါးနဲ့ မပြည့်စုံတဲ့အိမ်ကို ရဟန်းတော်များ မချဉ်းကပ်သင့်ကြောင်း၊ ပြည့်စုံတဲ့အိမ်ကို ချဉ်းကပ်သင့်ကြောင်းများကို ဟောကြားတော်မူပါတယ်။

အဲဒီ ဂုဏ် ၉-ပါးက ဘယ်ဟာတွေလဲဆိုယင်—

(၁) အမြတ်တနိုး နေရာမှ ထ၍ ကြိုခြင်း၊

(၂) အမြတ်တနိုး ရှိခိုးခြင်း၊

(၃) အမြတ်တနိုး နေရာပေးခြင်း၊

(၄) ရှိတာကို မလျှို့ဝှက်ခြင်း၊

(၅) များများရှိလျှင် များများလှူခြင်း၊
(၆) ကောင်းတာရှိလျှင် ကောင်းတာကို လှူခြင်း၊
(၇) ရှိရှိသေသေ လှူခြင်း၊
(၈) တရားနာဘို့ ချဉ်းကပ် ထိုင်နေခြင်း၊
(၉) ဟောတဲ့တရားကို လိုလိုချင်ချင် နာယူခြင်း-ဆိုတဲ့ ဒီအင်္ဂါ ကိုးပါးဘဲ ဖြစ်တယ်။

နောက်ပြီးတော့ မြတ်စွာဘုရားက အကျွမ်းမဝင်တဲ့ ဗာရာဏသီမင်းထံမှာ ဆွမ်းဘောဇဉ် ဆေးပစ္စည်း အကောင်းအမွန်တွေ သုံးဆောင်ရသော်လဲ ကျန်းမာရေး မပြည့်စုံဘဲ သေလုနီးပါးဖြစ်ပြီးတော့ အကျွမ်းဝင်တဲ့ တပည့် ပရိသတ်တွေထံရောက်တဲ့အခါ သစ်သီး သစ်ဥမျှနဲ့ ရက်အနည်းငယ် အတွင်း ကျန်းမာသွားဘူးသော ကေသဝရသေ့ရဲ့ ဝတ္ထုကိုလဲ ဟောပြလိုက်ပါတယ်။

## သာကီဝင်တို့၏ မာန

ဒီတော့ မင်းကြီးရဲ့စိတ်ထဲမှာ ငါဟာ ရဟန်းသံဃာတော်တွေနဲ့ အကျွမ်းဝင်အောင် လုပ်သင့်တယ်၊ ဆွေမျိုး တော်အောင် လုပ်မှဘဲလို့ အကြံအစည်ဖြစ်လာတယ်၊ ဒါကြောင့် သာကီဝင်မင်းတို့ထံမှ သမီးတော်တပါး ဆက်သရန် တောင်းလိုက်ပါတယ်၊ သာကီဝင်မင်းတို့၏နေရာ သက္ကတိုင်း ဆိုတာက ကောသလပြည်နယ်ထဲမှာ အပါအဝင် ဖြစ်နေပါတယ်၊ ဗမာပြည်ထဲမှာ ပါဝင်နေတဲ့ ရှမ်းစော်ဘွား နယ်ကလေးတနယ်လို နေမှာပေါ့၊ ဒါကြောင့် ကောသလမင်းကြီးက တောင်းတဲ့

အတိုင်း သမီးတော်တပါးကို ပေးဆက်မှဘဲ ဖြစ်မယ်၊ မပေး မဆက်ဘဲနေယင် ဒုက္ခရောက်စရာအကြောင်း ရှိနေတယ်၊ သာကီဝင်တွေကလဲ မာန ကြီးကြတယ်၊ ကမ္ဘာပေါ်မှာ သူတို့ အမျိုးလောက် မြင့်မြတ်တာ မရှိဘူး၊ သူတို့အမျိုးထဲက အမျိုးသမီးတယောက်ဟာ တခြား အမျိုးနှင့် မဆက်ဆံသင့်ဘူးလို့ အယူရှိကြတယ်၊ ဒါကြောင့် သာကီဝင်မင်းမျိုးတွေက အရေးပေါ် အစည်းအဝေးလုပ်ပြီး တိုင်ပင်ကြတယ်။

အဲဒီလို စည်းဝေး တိုင်ပင်ကြတဲ့အခါမှာ မဟာနာမ်မင်းကြီးက သူ့မှာ ကိုယ်လုပ်တော် ကျွန်မနှင့် ရထားတဲ့ သမီး တယောက် ရှိကြောင်း, အဲဒီ သမီးကို ပေးဆက်သင့်ကြောင်းကို ပြောပါတယ်၊ ကျွန်မ ဆိုပေမယ်လို့ ကျွန်မ အစစ်တော့ မဟုတ်ပါဘူး၊ ရှေးက အာဏာပိုင်မင်းတွေက တိုင်းသူ ပြည်သားတွေအားလုံးကို ကျွန်လို့ဘဲ ခေါ်ဝေါ် သုံးစွဲအသိအမှတ် ပြုကြပါတယ်၊ ဒါကြောင့် တိုင်းပြည်သူထဲက ပါဘဲ၊ သေဌေးသမီး ကုန်သည်သမီး တမျိုးမျိုးဖြစ်မှာပါဘဲ၊ အဲဒီ သာကီဝင် မင်းမျိုးထဲက မဟုတ်တဲ့ တိုင်းပြည်သူ ကိုယ်လုပ်တော်နှင့် ရထားတဲ့ သူ့သမီး တယောက်ရှိတဲ့ အကြောင်း၊ အဲဒီသမီးကို ပေးသင့်တဲ့အကြောင်း ပြောပါတယ်၊ အဲဒါကို အားလုံးက သဘောတူကြတာနဲ့ အဲဒီ အရပ်သူနဲ့ ရထားတဲ့သမီးတော်ကို ပေးဆက် လိုက်ကြပါတယ်၊ သာကီဝင် မင်းသမီး အစစ်ကို တောင်းရာမှာ အမိဘက်က အမျိုးမစစ်တဲ့ မင်းသမီးကို ပေး လိုက်တယ်ဆိုတော့ လိမ်ညာပြီး ပေးရာရောက်ပါတယ်၊ လိမ် တယ်ဆိုတာ အလိမ်ခံရမှန်း မသိယင်တော့ သိပ်သဘောကျ

နေတတ်တယ်၊ သိတဲ့ အခါကျတော့ လိမ်တဲ့သူကို အလွန် စိတ်ဆိုးတတ်တယ်။

အဲဒီလို ပေးဆက်လိုက်တဲ့အခါမှာ ကောသလမင်းကြီးရဲ့ သံတမန်တွေက အဲဒီ မဟာနာမ်မင်းရဲ့ ကပြားသမီးကို ယူဆောင်ပြီး သူတို့ အရှင်မင်းကြီးထံ ဆက်သကြပါတယ်၊ မင်းကြီးကလဲ သာကီဝင် မင်းသမီး အစစ်ပဲလို့ ယုံကြည်ပြီး အင်မတန်နှစ်သက် သဘောကျတာနဲ့ မိဖုရားကြီးအဖြစ် တင်မြှောက်ထားပါတယ်၊ သူ့အမည်က ဝါသဘခတ္တိယာ-တဲ့၊ နောက်တချိန်ကျတော့ အဲဒီ ဝါသဘခတ္တိယာမှာ သားရတနာတပါးဖွားမြင်ပါတယ်၊ အဲဒီ မင်းသားကလေးကတော့ ဝိဋူဍူဘ-လို့ ခေါ် တွင်ပါတယ်၊ မင်းကြီးက ဝိဋူဍူဘကို အင်မတန် မြတ်နိုးတာနဲ့ ငယ်ရွယ်စဉ်ကပဲ စစ်သေနာပတိ ရာထူးကို ပေးထားတယ်။

ဝိဋူဍူဘက (၇) နှစ် အရွယ်ရှိတဲ့ အခါမှာ သူ့အမေကို မေးတယ်၊ မေမေ သူများတွေမှာတော့ အမေဘက်က အဖွားတို့ အရီး အဒေါ်တို့ထံမှ ဆင်ရုပ် မြင်းရုပ် စသည် ကစားစရာ လက်ဆောင်တွေ ရကြတယ်၊ မေမေ့ သားမှာတော့ မေမေ့ဘက်က ဆွေမျိုးများထံမှ လက်ဆောင်ဆိုယင် ဘာမျှမရဘူး၊ မေမေမှာ အမေမရှိဘူးလားလို့ ဒီလို မေးသတဲ့၊ ဒီတော့ မိခင်ဖြစ်သူက အမှန်အတိုင်း ပြောလိုက်ယင် လိမ်လည်မှု ပေါ်ပြီး ဒုက္ခရောက်နိုင်တယ်ဆိုတာကို သိတဲ့အတွက် ပရိယာယ်နဲ့ကြံပြီး ပြောရတယ်၊ ငါ့သားရယ် မေမေရဲ့ အမိ အဘ ဆွေတော်မျိုးတော်တွေဟာ သာကီဝင်မင်းမျိုးတွေဘဲ၊ ကပိလဝတ်ပြည်မှာ ရှိကြပါတယ်၊ ကပိလဝတ်ပြည်က မဟာနာမ် မင်းဆိုတာ

မေမေ့ ဘခင်ဘဲ၊ သားတို့ရဲ့အဘိုးဘဲ အရပ်ကဝေးနေလို့ သူတို့ဆီက လက်ဆောင် မပေးမပို့နိုင်တာပါလို့ ပြောရသတဲ့။

နောက်(၁၆)နှစ်အရွယ်ရောက်တဲ့ အခါကျတော့ ဝိဋဋူဘက ဘိုးတော် မဟာနာမ်မင်းနှင့်တကွ မယ်တော်ဘက်က ဆွေတော် မျိုးတော်တွေကို ဖူးမြင်ချင်တာနဲ့သွားဘို့အခွင့်တောင်းတယ်၊ မယ်တော်က မသွားဘို့ အတန်တန် ပြောပြီး တားမြစ်တယ်၊ နောက်ဆုံးကျတော့ တားမြစ်လို့မရတာနဲ့ ခွင့်ပြုလိုက်ရတယ်၊ ဝါသဘခတ္တိယာက စာစာကြိုတင်ပြီး သတင်းပေးပို့ထားတယ်၊ ဝိဋဋူဘ ရောက်လာတဲ့အခါ အဆင်ပြေအောင် ကြည့်ပြီး ဆောင်ရွက်ကြဘို့ အကြောင်းကြားထားတယ်၊ ဘာကြောင့် ဒီလို အကြောင်းကြားထားရသလဲဆိုတော့ သာကီဝင်မင်းမျိုးတွေက ဝိဋဋူဘ-ကို အမျိုးမစစ်ဘူးလို့ အထင်သေးပြီး မရိုမသေ ပြုကြမှာကို စိုးရိမ်လို့ပါဘဲ။

## ဝိဋဋူဘကို မထီမဲ့မြင် ပြုပုံ

ဒါကြောင့် သာကီဝင်မင်းမျိုးတွေက ဝိဋဋူဘရောက်လာမည့်ရက်မှာ ဝိဋဋူဘထက် ငယ်တဲ့ မင်းသားတွေကိုအရပ်ဝေးပို့ထားကြတယ်၊ ဝိဋဋူဘရောက်လာတဲ့ အခါတော့ ကောင်းကောင်းမွန်မွန်ဘဲ ညှော်ခံကြတယ်၊ ဒါက သားတော်ကလေးရဲ့ အဘိုးဘဲ၊ ဒါကဦးကြီးဘဲ စသည်ဖြင့် ဆွေမျိုးဆက်ပေးကြပါတယ်၊ ဝိဋဋူဘက အဘိုး ဦးကြီး အစရှိတဲ့ဆွေတော်မျိုးတော်တွေကို ကန်တော့ပါတယ်၊ အဲဒီလို ကန်တော့ပြီးတော့ ကျွန်ုပ်ကို ကန်တော့တဲ့သူတော့ မရှိပါလားလို့ ပြောတယ်၊ ဒီတော့ သာကီဝင်မင်းတွေက မင်းသားငယ်ကလေးတွေက အရပ်ဝေး

ရောက်နေကြလို့ပါလို့ ပြောပြီးတော့ ညှော်ခံကျွေးမွေး ပြုစုကြပါတယ်၊ နှစ်ရက် သုံးရက်ခန့်နေပြီး ပြန်သွားတဲ့အခါမှာ သာကီဝင်မင်းတွေရဲ့ ကျွန်မတယောက်က "ဒီနေရာဟာ ဝါသဘခတ္တိယာဆိုတဲ့ ကျွန်မရဲ့သား ထိုင်သွားတဲ့နေရာဟဲ့လို့ဆိုပြီး နွားနို့နဲ့ ဆေးကြောနေသတဲ့၊ ဒီအချိန်မှာ ဝိဋူဋဘရဲ့ မင်းချင်းတယောက်က မေ့ကျန်ရစ်ခဲ့တဲ့ လက်နက်ကိုပြန်လာပြီး ယူခိုက်နဲ့ ကြုံနေလို့ အဲဒီ ကျွန်မ ဆဲဆိုပြီး နွားနို့နဲ့ဆေးကြောနေတာကို မြင်တွေ့ကြားသိသွားတယ်၊ အဲဒီလူက သူ့အဖော်တွေကို တဆင့် ပြောတာနဲ့ ဝိဋူဋဘရဲ့ အမေ ဝါသဘခတ္တိယာဟာ မင်းသမီးအစစ် မဟုတ်ဘူးတဲ့၊ ကျွန်မသမီးတဲ့လို့ တဆင့်တဆင့် ပြောကြတယ်၊ အများဘဲ သိသွားတယ်၊ ဝိဋူဋဘလဲ သိပြီး အလွန် စိတ်ဆိုးတယ်၊ သူတို့က ငါထိုင်တဲ့နေရာကို နွားနို့နဲ့ ဆေးကြတယ်၊ ဆေးကြပေစေ၊ ငါမင်းအဖြစ် ရောက်တဲ့အခါ သင်းတို့ရဲ့ လည်ချောင်းသွေးနဲ့ ဒီနေရာကို ထပ်ဆေးဦးမယ်လို့ ဒီလို စိတ် ဆုံးဖြတ်ထားသတဲ့။

## မာနကြောင့် သာကီဝင်မင်းတွေ ဘေးသင့်ပုံ

ဒါကြောင့် နောင်တချိန် ဝိဋူဋဘ မင်းအဖြစ် ရောက်တဲ့အခါမှာ သာကီဝင် မင်းမျိုးတွေကို အကုန်သတ်ပစ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကပိလဝတ် ပြည်ကို စစ်ချီ တက်သွားတယ်၊ မြတ်စွာဘုရားက မြင်တော်မူလို့ ကြွသွားတော်မူပြီး ဟောပြော တားမြစ်တော် မူပါတယ် သုံးကြိမ်တိုင်တိုင် မြတ်စွာဘုရားက တားမြစ်တော်မူလို့ ဝိဋူဋဘက စစ်တပ်ကို ရုပ်သိမ်းပြီး ပြန်သွားပါတယ်၊စတုတ္ထအကြိမ်မြောက်ချီတက်တဲ့အခါကျတော့ သာကီဝင်မင်းတွေရဲ့ ရှေးအကုသိုလ်ကံက အကျိုးပေး

ချိန်ရောက်နေတာနဲ့ မြတ်စွာဘုရားက သွားပြီးမတားမြစ်တော့ဘဲ လျစ်လျူရှု နေတော်မူပါတယ်၊ အဲဒီ အခါမှာ ဝိဋ္ဋူဘက ဘိုးတော် မဟာနာမ်မင်းထံ ရှိနေတဲ့သူတွေမှတပါး သာကီဝင်မင်းမျိုးတွေကို အကုန်သတ်စေလို့ အမိန့်ပေးတယ်၊ဒါကြောင့် ဝိဋ္ဋူဘရဲ့ သူရဲကောင်းတွေက သာကီဝင် မင်းမျိုးပါလို့ ဝန်ခံတဲ့ လူတွေကို အကုန်သတ်ပစ်ကြတယ်၊ နို့စို့ကလေးတွေတောင် မချန်ဘဲ သတ်ပစ်ကြတယ်။ ကျန်တာကတော့ မြက်ကို ကိုင်နေကြရင်း သာကီဝင် မဟုတ်ပါဘူး မြက်ပါလို့ ယောင်ယမ်းပြောတဲ့သူတွေ, ကျူကို ကိုင်နေရင်း ကျူပါလို့ ယောင်ယမ်းပြောတဲ့သူတွေနဲ့ မဟာနာမ်မင်းထံမှာ ရှိနေတဲ့ သူတွေလောက်သာ ကျန်တော့သတဲ့။

ဒီလို သာကီဝင်တွေ တမျိုးလုံး ဒုက္ခရောက်သွားကြတာဟာ ဘာကြောင့်လဲလို့ဆိုယင် ကိုယ့်ကိုယ်နဲ့ ကိုယ့်အမျိုးကို အထင်ကြီးပြီး သူများတွေကို အထင်အမြင်သေးလို့ပါဘဲ၊ အထင်အမြင်သေးပြီဆိုတော့ ရိုသေရမည့်သူကို မရိုမသေ မလေးမစားလုပ်တယ်၊ ရှုတ်ချပြီးပြောဆိုတယ်၊ အဲဒါကြောင့်ပါဘဲ၊ ယခုအခါမှာလဲ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး သူများကို အထင်သေးတဲ့သူတွေ ရှိတာဘဲ၊ ဒီလို သူများကို အထင်သေးတဲ့ သူတွေဟာ သာကီဝင်တွေလောက် အကြီးအကျယ် အကျိုးမဲ့ မဖြစ်ပေမဲ့ တော်တော်တန်တန်တော့ ဒုက္ခရောက်ကြ အကျိုးမဲ့ ဖြစ်တတ်ကြတာချည်းဘဲ၊ တချို့မှာ အတူတူပေါင်းသင်းဆက်ဆံနေတဲ့လူချင်း အထင်သေးပြီး မရိုမသေနဲ့ ဆက်ဆံလို့ မကျေမနပ် ဖြစ်သွားကြတယ်၊ ဒါကြောင့် အကူအညီ ပေးနေကျလူကလဲ အကူအညီ မပေးဘဲ နေတတ်တယ်၊

အဲဒါ အကျိုးမဲ့ဖြစ်အောင် အနှောင့်အရှက် မပေးယင် တော် သေးရဲ့လို့ အောက်မေ့ရမှာဘဲ၊ ရန်သူကို အထင်သေးမိတဲ့ အတွက် ဒုက္ခရောက်တာတွေလဲ ရှိတာဘဲ။

ဒီလိုအကျိုးမဲ့တွေကို ဖြစ်စေတတ်တဲ့အတွက် ကိုယ့်ကိုယ်ကို အထင်ကြီးပြီး သူများကို အထင်မသေးရဘူးတဲ့၊ ယခုပြောခဲ့ တာက လောကဘက်က အထင်မသေးသင့်ပုံတွေဘဲ။ တရား ဘက်က ကိုယ့်ကိုယ်ကို အထင်ကြီးပြီး သူများကို အထင်သေး တာကို ပယ်ဘို့က ဒီဒေသနာမှာ လိုရင်းဖြစ်ပါတယ်၊ ဘယ် လိုလဲဆိုယင် "ဒီပုဂ္ဂိုလ်က ငါလို သီလ မစင်ကြယ်ဘူး၊ ငါလို သူတော်ကောင်း တရားတွေကို မကျင့်နိုင်ဘူး၊ ငါလို ကမ္မဋ္ဌာန်း တရားကို အားမထုတ်နိုင်ဘူး၊ ဒီပုဂ္ဂိုလ်မှာ သူတော်ကောင်း တရားမရှိဘူး သူက တရားဘက်မှာ လူရိုင်းကြီးဘဲ၊ အန္ဓ ပုထုဇဉ်ကြီးဘဲ" စသည်ဖြင့် သူများတွေကို အထင်အမြင် သေးတတ်တယ်၊ သူများကို အထင်အမြင် သေးတယ်ဆိုယင် ကိုယ့်ကိုယ်ကို အထင်ကြီးတော့တာဘဲ၊အထင်ကြီးပုံက "ငါ့မှာ သီလက သူများထက် စင်ကြယ်တယ်၊ သူတော်ကောင်း တရားတွေလဲ ပြည့်စုံတယ်၊ ငါ တရားအားထုတ်တာဟာလဲ တရားတွေက ပေါက်ရောက် ပြည့်စုံနေပြီ၊ အရိယာ သောတာ- ပန် ဖြစ်ပြီ" စသည်ဖြင့် အထင်ရောက်တတ်တယ်၊ ထင်တဲ့ အတိုင်း တကယ် ဟုတ်နေယင်လဲ အပြစ်တော့ မရှိပါဘူး။ ဒါပေမဲ့ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး သူများကိုတော့ အထင် မသေးသင့်ပေဘူး၊ ဘာကြောင့်လဲဆိုယင် သူများက ကိုယ် ထင်တဲ့အတိုင်း ဟုတ်ချင်မှလဲ ဟုတ်မှာ၊ ယခု လောလောဆယ် မှာ ကိုယ့်လောက် အဆင့်အတန်း မမြင့်သေးပေမဲ့ တော်

တော်ကြာတော့ ကိုယ့်ထက် မြင့်ချင်လဲ မြင့်သွားတတ်တယ်၊ ဒါကြောင့် သူများကို အထင်မသေးပါနဲ့တဲ့။

ကိုယ့်ကိုယ်ကို အထင်ကြီးတယ်ဆိုတာ တရားကိုယ်အားဖြင့်တော့ မာနဘဲ၊ ဒီမာနက ပုထုဇဉ်မှာသာ ရှိတာ မဟုတ်ဘူး၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်အထိ အရိယာပုဂ္ဂိုလ်တွေမှာလဲ ရှိတာဘဲ၊ ဒါပေမဲ့ ထူးတာကတော့ အရိယာပုဂ္ဂိုလ်တွေမှာရှိတဲ့ မာနက မိမိမှာ တကယ်ရှိ တကယ်ဟုတ်တဲ့ဂုဏ်ကိုသာ အမှီပြုပြီး ဖြစ်တယ်၊ မရှိဘဲ မဟုတ်ဘဲနဲ့ အထင်ကြီးတာမျိုးတော့ မဟုတ်ဘူး၊ ဒါကြောင့် အဲဒီလို မာနကို **ယာထာဝမာန**လို့ ခေါ်တယ်၊ အမှန်အတိုင်း ဂုဏ်ယူသင့်တဲ့နေရာမှာသာ ဂုဏ်ယူတဲ့ မာနလို့ ဆိုလိုပါတယ်။

ပုထုဇဉ်တွေမှာတော့ ဘာမှ မဟုတ်တာတွေနဲ့လဲ ဂုဏ်ယူပြီး အထင်ကြီးနေတတ်တာဘဲ၊ အဲဒီလို မဟုတ်ဘဲနဲ့ အထင်ကြီးတာကို **အယာထာဝမာန**လို့ ခေါ်တယ်။

ဝိပဿနာတရားကို အားထုတ်လို့ သောတာပန် ဖြစ်သွားတဲ့အခါမှာ ဒီ အယာထာဝမာန ဆိုတဲ့ မဟုတ်ဘဲ အထင်ကြီးမှုမာနဟာ ကင်းသွားတယ်၊ သို့သော် ဟုတ်တဲ့ဂုဏ်နဲ့ စပ်ပြီးဖြစ်တဲ့ ယာထာဝမာနကတော့ ရှိသေးတာဘဲ၊ အဲဒီ ယာထာဝမာနလဲ အစဉ်အတိုင်း အားထုတ်လို့ အရဟတ္တမဂ်ရောက်တဲ့အခါ လုံးဝ ကင်းသွားတယ်၊ ဒါကြောင့် မိမိကိုယ်ကို အထင်ကြီးမှု သူတပါးကို အထင်သေးမှုဆိုတဲ့ ဒီ မာန လုံးဝကင်းသွားအောင် အရဟတ္တမဂ်ဖိုလ်ကို ရောက်ပြီး ရဟန္တာဖြစ်သည်အထိ အားထုတ်သွားရမယ်လို့ ဒီဒေသနာတော်က ဆိုလိုပါတယ်၊ ဒါကြောင့် ဆောင်ပုဒ်က——

"သာယာဘွယ်အတွင်း၊မစီးဆင်းတည့်၊မာန်ကင်း
သိမ်မွေ့"လို့ ဆိုထားပါတယ်။

မာန့်ကင်းဆိုတာပြီးတော့ (သိမ်မွေ့)တဲ့၊ သဏ္ဍာ စ၊ သိမ်မွေ့ရမယ်တဲ့။ ကိုယ်ဖြင့်လဲ သိမ်မွေ့ရမယ်၊ နှုတ်ဖြင့်လဲ သိမ်မွေ့ရမယ်၊ စိတ်ဖြင့်လဲ သိမ်မွေ့ရမယ်၊ ကိုယ် နှုတ် နှလုံး သုံးပါးလုံး သိမ်မွေ့ရမယ်။

## ကိုယ်နှုတ် သိမ်မွေ့ပုံ

အဲဒီအထဲမှာ ကိုယ်ဖြင့် သိမ်မွေ့တယ်ဆိုတာက သူတပါးရဲ့ အကျိုးမဲ့ဖြစ်စေတတ်တဲ့ ပြုလုပ်မှုတွေကို အကုန်လုံး ကြဉ်ရှောင်ပြီး ကောင်းတဲ့အမှုကိုသာ ပြုနိုင်သမျှ ပြုနေတာကိုဘဲ ဆိုလိုပါတယ်၊ ဒါကြောင့် သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကို ခိုးယူ လုယက်ခြင်း၊ သူ့သားမယားအိမ်ယာကို ပြစ်မှားခြင်း ဆိုတဲ့ ကာယကံဒုစရိုက်တွေကို ကြဉ်ရှောင်ရမယ်။

နှုတ်ဖြင့် သိမ်မွေ့တယ် ဆိုတာကတော့ သူတပါးအား အကျိုးမဲ့ဖြစ်စေတတ်တဲ့ လိမ်ပြောခြင်း, ဂုံးတိုက်ခြင်း, ဆဲဆိုခြင်း, အပြိန်အဖျင်း ပြောဆိုခြင်းဆိုတဲ့ ဝစီဒုစရိုက်တွေကို အကုန်လုံး ကြဉ်ရှောင်ပြီး ကောင်းတဲ့စကားကိုသာ ပြောဆိုခြင်းကို ဆိုလိုပါတယ်၊ ဒါကတော့ သီလ စင်ကြယ်နေယင် ပြည့်စုံပြီး ဖြစ်နေပါတယ်။

ဒီအထဲမှာ ကိုယ်သိမ်မွေ့ဘို့ထက် နှုတ်သိမ်မွေ့ဘို့က ပိုပြီး အရေးကြီးပါတယ်၊ ဘာကြောင့်လဲဆိုယင် တရားဘက် လိုက်စားနေတဲ့သူတွေထဲမှာ ကိုယ်ဖြင့် ရှန့်ရင်း ကြမ်းတမ်းနေတဲ့သူ

က နဲ့ပါတယ်၊ နှုတ်ကတော့ စိတ်ထဲမှာ ပြောစရာရှိလာယင် လွှတ်ခနဲ အမှတ်တမဲ့ ပြောလိုက်မိတတ်တယ်၊ အဲဒီလို ပြောမှားမှုကလေးတွေကိုလဲ အထူးသတိပြုပြီး ကြဉ်ရှောင်သွားကြဘို့ လိုပါတယ်။

## စိတ်ဖြင့် သိမ်မွေ့ပုံ

စိတ်ဖြင့် သိမ်မွေ့တယ်ဆိုတာကတော့ သူတပါး စည်းစိမ်ဥစ္စာကို မတရားလိုချင်တဲ့ အဘိဇ္ဈာ စိတ်ကြမ်းတွေ ကင်းရမယ်၊ သူတပါးကို သေပျက်စေလိုတဲ့ ဗျာပါဒ စိတ်ကြမ်းတွေ ကင်းရမယ်၊ "ကံမရှိ၊ ကံ၏အကျိုးမရှိ၊ နောင်ဘဝမရှိ" စသည်ဖြင့် ယူဆတဲ့ မိစ္ဆာဒိဋ္ဌိ အယူဆိုးလဲ ကင်းရမယ်၊ အဲဒီ မနောဒုစရိုက်တွေ ကင်းပြီး ကောင်းတဲ့ စိတ်အကြံနဲ့ ပြည့်စုံနေတာကို ဆိုလိုပါတယ်။

ကောင်းတဲ့ စိတ်အကြံဆိုတာက ဘယ်လိုဟာလဲ ဆိုယင် သတိပဋ္ဌာန်လေးပါး အစရှိတဲ့ သိမ်မွေ့တဲ့ ဗောဓိပက္ခိယတရားတွေပါဘဲ၊ ဒါကြောင့် သတိပဋ္ဌာန်လေးပါးကိုလဲ ပွါးများနေရမယ်၊ သမ္မပ္ပဓာန်လေးပါး စသည့်ကိုလဲ ပွါးများနေရမယ်၊ ဒီထဲမှာ သတိပဋ္ဌာန်လေးပါးနဲ့ မပြတ်ရှုမှတ်နေယင် အကုသိုလ်စိတ်ကြမ်းတွေ ဖြစ်စရာ အခွင့်တောင် မရှိတော့ဘူး၊ စိတ်ဟာ အင်မတန် သိမ်မွေ့နေတော့တာဘဲ၊ ပြီးတော့ သတိပဋ္ဌာန်လေးပါးကို ပွါးများနေယင် သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး။ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး ဆိုတဲ့ ဒီဗောဓိပက္ခိယ တရားတွေလဲ ထိုက်သည်အားလျော်စွာ အကုန်လုံးပါဝင်နေတော့တာပါဘဲ။

ဒါကြောင့် သတိပဋ္ဌာန်တရားကို ပွါးများနေယင် စိတ်တွင်မကဘူး၊ ကိုယ်ရော နှုတ်ရော အကုန်လုံး သိမ်မွေ့နေတော့တာဘဲ၊ ဘယ်လိုလဲဆိုတော့ သတိပဋ္ဌာန်တရား ပွါးများနေတဲ့ သူဟာ တစုံတခုကို ပြုမယ်ကြံယင် ပြုသင့်မပြုသင့် ဆင်ခြင်ပြီးတော့ ပြုသင့်မှ ပြုရတယ်၊ ပြုတဲ့ အခါလဲ အမှတ်တမဲ့ မပြုရဘူး၊ ရှုမှတ်ပြီး ပြုရတယ်၊ ဒီတော့ ကိုယ်အမူအရာအကြမ်းတွေ မဖြစ်နိုင်တော့ဘူး၊ ပြောမယ်ကြံယင်လဲ ပြောသင့် မပြောသင့် ဆင်ခြင်ပြီးတော့ ပြောသင့်မှ ပြောရတယ်၊ ပြောတဲ့အခါလဲ တတ်နိုင်သမျှ နောက်ကလိုက်ပြီး ရှုမှတ်ရသေးတယ်၊ ဒီတော့ နှုတ်အမူအရာ အကြမ်းတွေလဲ မဖြစ်နိုင်တော့ဘူး၊ စိတ်ကူး ကြံစည်မှုတွေလဲ ဖြစ်တိုင်း ဖြစ်တိုင်းလိုက်ပြီး ရှုမှတ်နေရတယ်၊ ဒါကြောင့် စိတ်အမူအရာအကြမ်းတွေဆိုတာလဲ များများဖြစ်ခွင့်မရှိဘူး၊ ဖြစ်ပေါ်လာသမျှကိုလဲ ရှုမှတ်ပြီးတော့ ပယ်နေတဲ့အတွက် ကြာကြာမဖြစ်ရဘူး၊ ဒါကြောင့် သတိပဋ္ဌာန်တရားကို အချိုးကျကျ ပွါးများနေယင် ကိုယ်နှုတ်စိတ် သုံးပါးလုံး စင်ကြယ်ပြီး သိမ်မွေ့ နူးညံ့နေပါတယ်၊ ပြီးတော့ သတိပဋ္ဌာန်တရားပွါးများ နေတဲ့သူမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း သမ္မပ္ပဓာန် အစရှိသော ဗောဓိပက္ခိယတရားတွေကလဲ ထိုက်သည့် အားလျော်စွာ ပါဝင်နေတယ်၊ ဒါကြောင့်-သဏှော စ၊ သိမ်မွေ့ရမယ် ဆိုရာမှာ စိတ်သိမ်မွေ့ပုံကို "သဏှောဟိ၊သိမ်မွေ့ကုန်သော။ သတိပဋ္ဌာနေဟိ၊ သတိပဋ္ဌာန်တို့နှင့်။ သမန္နာဂတော၊ ပြည့်စုံ၏" စသည်ဖြင့် နိဒ္ဒေသပါဠိတော်မှာ ဖွင့်ပြထားပါတယ်။

သာယာဘွယ်အတွင်း၊ မစီးဆင်းတည့်၊ မာန်ကင်း သိမ်မွေ့၊ ထင်ဉာဏ်တွေ့လျက်....တဲ့။

## ထင်မြင်သဘောပေါက်လွယ်သော အသိဉာဏ်

သိမ်မွေ့တယ်ဆိုတာပြီးတော့၊ ပဋိဘာနဝါ၊ ထင်မြင်သော အသိဉာဏ်ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ထင်မြင်တဲ့ အသိဉာဏ်လဲရှိရမယ်တဲ့၊ ပရိယတ်နဲ့ စပ်ပြီးတော့လဲ ထင်မြင်လွယ် သဘောပေါက်လွယ်တဲ့ ပဋိဘာနဉာဏ်ရှိရမယ်၊ ပဋိပတ်နဲ့စပ် ပြီးတော့လဲ ထင်မြင်လွယ် သဘောပေါက်လွယ်တဲ့ ပဋိဘာန ဉာဏ်ရှိရမယ်၊ အမေးပြဿနာနဲ့ စပ်ပြီးတော့လဲ ထင်မြင်လွယ် သဘောပေါက်လွယ်တဲ့ ပဋိဘာနဉာဏ်ရှိရမယ်တဲ့၊ ဒီအထဲမှာ ပရိယတ်နဲ့စပ်ပြီး ပဋိဘာနဉာဏ် ဖြစ်ပုံကတော့ ပါဠိအဋ္ဌကထာ ဋီကာ- ကျမ်းဂန်တွေကို သင်ကြားလေ့လာထားတဲ့ပုဂ္ဂိုလ်မှာ တရားစကားပြောဟောဘို့ စဉ်းစားလိုက်ယင် တရားသဘော တွေက ဉာဏ်ထဲမှာ ပေါ်လာတယ်၊ ပါဠိတခုကို ဆင်ခြင်လိုက် ယင် အနက်အဓိပ္ပါယ်တွေက ပေါ်လွင် ထင်ရှားလာပါတယ်။ သုတပါးရွတ်ဆိုတဲ့ပါဠိကို ကြားရယင်လဲ အနက်အဓိပ္ပါယ်တွေ က ပေါ်လာတယ်၊ဒီလို အလွယ်တကူနဲ့ အနက်အဓိပ္ပါယ်တွေ ပေါ်လာပြီး သဘော ပေါက်ပေါက် သွားတာဟာ ပဋိဘာန ဉာဏ်ပါဘဲ၊ ဒါကတော့ သင်ကြား လေ့လာထားလို့ ဖြစ်တဲ့ ပဋိဘာနဉာဏ်တဲ့။

ဝိပဿနာ တရားကို ကျကျနန အားထုတ်တဲ့ သူမှာလဲ စာမသင်ရဘဲနဲ့ ဒီပဋိဘာန ဉာဏ်က ဖြစ်တတ်ပါသေးတယ်၊ ဘယ်လိုလဲ ဆိုယင် ရုပ်နာမ်နဲ့ ဝိပဿနာနဲ့ စပ်တဲ့ တရားကို

ကြားရယင် တရားအားထုတ်ထားတဲ့ သူမှာ နက်နဲတဲ့အနက် အဓိပ္ပါယ်တွေကို သဘောပေါက် သွားတတ်တယ်၊ ဟောတဲ့ သူက ပါဠိလျှောက် အနက်လောက် ဟောသွား ပေမယ့်လို့ တရားအားထုတ်ထားတဲ့သူက နက်နက် နဲနဲ သဘောပေါက် သွားတတ်တယ်။

## တရားအားထုတ်ပြီးမှ စာကောင်းကောင်းတတ်တယ်

တရားအားထုတ်ပြီးသား ပုဂ္ဂိုလ်တွေမှာ စာပေ ကျမ်းဂန် တွေကို ဖတ်ကြည့်လို့ရှိယင်လဲ အနက်အဓိပ္ပါယ်တွေက အလွယ် တကူနဲ့ ပေါ်နေတတ်တယ်၊ ရှေးက သဘောမပေါက်တဲ့အနက် အဓိပ္ပါယ်တွေလဲ တရားအားထုတ်ပြီးတဲ့အခါ သဘောပေါက် လာတတ်တယ်၊ ဒါကြောင့် ဆရာကြီးတဦးက ဒီလို ပြောဘူး ပါတယ်။ သူဟာ စာမေးပွဲတွေလဲ အဆင့်အတန်း မြင့်မြင့်နဲ့ အကြီးအကျယ် အောင်လာခဲ့ဘယ်၊ သူများကိုလဲ ပို့ချပေးခဲ့ တယ်၊ မိမိကိုယ်ကို မိမိ စာတတ်ပြီလို့လဲ ယူဆခဲ့တယ်၊ဒါပေမဲ့ ယခု တရားအားထုတ်ပြီးမှ စာ ကောင်းကောင်း တတ်တယ်လို့ သူက ပြောတယ်၊ ဘာကြောင့်လဲလို့ ဆိုတော့ အလျင်က သဘော မပေါက်ခဲ့ တာတွေကို ယခု တရားအားထုတ်ပြီးမှ ရှင်းရှင်းလင်းလင်း သဘောပေါက်လာလို့ပါဘဲတဲ့။

ဟုတ်တယ် တရားအားထုတ်ပြီးတဲ့အခါမှာ စာပေ ကျမ်း ဂန်တွေကို ကြည့်ရှုပြီး စဉ်းစား ဆင်ခြင်လိုက်ယင် အနက် အဓိပ္ပါယ် သဘောတွေဟာ အလွယ်တကူနဲ့ ပေါ်ပေါ်လာ တတ်ပါတယ်၊ ဒါဟာ တရားအားထုတ်လို့ ဖြစ်ပေါ်လာတဲ့ ပဋိဘာနညာဏ်တွေဘဲ၊ ဒီဉာဏ် ဖြစ်ပုံက စာသင်ပြီးမှ တရား အားထုတ်တဲ့ ပုဂ္ဂိုလ်တွေအတွက် သာပြီးထင်ရှားတယ်၊ အား

မထုတ်မီက စာကြည့်လို့ နားလည်တာနဲ့ အားထုတ်ပြီးမှ စာကြည့်လို့ နားလည်တာဟာ မတူဘူး၊တော်တော်ကို ထူးခြားနေပါတယ်၊ ယခု ပြောခဲ့တာဟာ ပရိယတ်နဲ့စပ်ပြီး ပဋိဘာနဉာဏ် ဖြစ်ပုံပါဘဲ။

## စာတွေနဲ့ လွယ်သလောက် လက်တွေ့ကျတော့ မလွယ်ဘူး

ပဋိပတ်နဲ့စပ်ပြီးပဋိဘာနဉာဏ် ဖြစ်ပုံကတော့ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေမှာ ပဋိပတ် လုပ်ငန်းစဉ်နဲ့စပ်ပြီး ဆင်ခြင်လိုက်ယင် ကျင့်သင့် ကျင့်ထိုက်တာတွေ့ဖြစ်သင့်ဖြစ်ထိုက်တာတွေဟာ အလွယ်တကူနဲ့ ဉာဏ်ထဲမှာ ပေါ်လာတတ်ပါတယ်၊ ခုတင်က ပြောခဲ့တဲ့စကားထဲက တရားအားထုတ်ပြီး ပုဂ္ဂိုလ်မှာ ပဋိပတ်ဆိုင်ရာ စာပေတွေကို ကြည့်ရှုပြီး သဘောပေါက်လွယ်တာတွေဟာလဲ ပဋိပတ်နဲ့ စပ်တဲ့ ပဋိဘာနဉာဏ်ရဲ့ သတ္တိတွေပါဘဲ၊ ပြီးတော့ ပဋိဝေဓ သဘောဖြစ်တဲ့ ကိုယ်တွေ့တရားတွေ အရာမှာလဲ အားထုတ်ပြီး ပုဂ္ဂိုလ်မှာ အလွယ် တကူနဲ့ ထင်ထင် ရှားရှားကြီး သဘော ပေါက်နေတယ်၊ ဘယ်လိုလဲဆိုယင် ရုပ်တရား နာမ်တရား အဖြစ်အပျက် ဆိုတာတွေဟာ စာသဘောနဲ့ပြောတော့ ဘာမှမခက်ဘူး၊ လွယ်လွယ်ပါဘဲ၊ ဒါပေမဲ့ စာတွေနဲ့ အပြောရ လွယ်သလောက် လက်တွေ့ကျတော့ မလွယ်ပါဘူး၊ အလွန်ဘဲ ခက်ပါတယ်၊ ကျကျနန အားထုတ်ထားတဲ့ ပုဂ္ဂိုလ်မှာတော့ အဲဒီ အသိခက်တဲ့ ရုပ်တရား နာမ်တရားဆိုတာတွေဟာ ကိုယ်ပိုင်ဉာဏ်နဲ့ ထင်ထင်ရှားရှားကြီးကို ကွဲပြီး သိရတယ်၊ ရှုတိုင်း မှတ်တိုင်း မှတ်သိရတဲ့ရုပ်ကတခြား၊မှတ်သိတဲ့ နာမ်ကတခြား၊ ကွဲပြားပြီး ထင်နေတယ်။

## နာမရူပ ပရိစ္ဆေဒဉာဏ်

**စာ**ပေ ကျမ်းဂန် အရ ခွဲပြောရမယ်ဆိုယင်တော့ ပထဝီ, **အာ**ပေါ,တေဇော, ဝါယောအစရှိတဲ့ ရုပ်နှစ်ဆယ့်ရှစ်ပါးက ရုပ် **တရား၊** လောကီစိတ် ကောသိတိ-ခေါ်တဲ့ စိတ်ရှစ်ဆယ့်တပါးနဲ့၊ **စေတသိတ်**(၅၂) ပါးက နာမ်တရား၊ဒီရုပ်နာမ်နှစ်ပါးဘဲ ရှိတယ် **လို့** ဒီလို အရေအတွက် ဂဏန်းသင်္ချာတွေနဲ့ပြောရတယ်၊ အဲဒါ **တွေ**ကတော့ စာအုပ်ထဲက ရုပ်နာမ်တွေဘဲ၊ မိမိသန္တာန်မှာ **တ**ကယ်ရှိနေတဲ့တရားတွေမဟုတ်ဘူး၊အဲဒီလို သိရုံမျှဖြင့် နာမ်နဲ့ **ရုပ်**ကို ခွဲခြားပြီးသိတဲ့ နာမရူပ ပရိစ္ဆေဒ ဉာဏ်ဆိုတာ မဖြစ် **သေး**ဘူး၊သညာသိမျှဘဲ ရှိသေးတယ်၊ စဉ်းစားကြည့်ပါ၊ရုပ်နှစ် ဆယ့်ရှစ်ခုဆိုတာ်ထဲက ယောကျ်ားမှာ ဣတ္ထိဘာဝ ရုပ်မရှိဘူး၊ မိန်းမမှာလဲ ပုမ္ဘာဝရုပ် မရှိဘူး၊ ပြီးတော့ စိတ် ၈၁-ပါးထဲက လဲ ရူပါဝစရ အရူပါဝစရ စိတ်တွေဆိုတာ ဈာန်မရတဲ့လူမှာ မရှိဘူး၊ မဟာကြိယာ စိတ်တွေ ဆိုတာလဲ ရဟန္တာမှာသာ ရှိတယ်၊ ပုထုဇဉ်မှာမရှိဘူး၊ ဒီတော့ ကိုယ့်သန္တာန်မှာ မရှိတဲ့ တရားတွေကိုပါ ခွဲပြီး သိတာဟာ ကိုယ်ပိုင်ဉာဏ်အစစ် ဟုတ် နိုင်ပါမည်လား-မဟုတ်နိုင်ပါဘူး၊သညာသိမျှသာဖြစ်ပါတယ်။

## စာမတတ်ပေမဲ့ တရားကိုသိတယ်

ဟောဒီမှာ ယခု တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေက တော့စာတလုံးမှ မတတ်ပေမဲ့ ဒီရုပ်နဲ့နာမ်တရားကို ကိုယ်ပိုင် ဉာဏ်ဖြင့် ခွဲခြားပြီး သိတယ်၊ ရှုတိုင်း, မှတ်တိုင်း, သိစရာ ရုပ်တရားက တမျိုး၊ သိသိသွားတဲ့ စိတ်နာမ်တရားက တမျိုး၊ ဒီနှစ်မျိုးဘဲရှိတယ်ဆိုတာ ရှုရင်း ရှုရင်းဘဲ ကိုယ်တိုင် တွေ့ပြီး

သိရတယ်၊ မြင်တဲ့အခါလဲ ဒီသိတဲ့စိတ်နဲ့ မသိတဲ့ရုပ် ဒီနှစ်မျိုးဘဲ၊ ကြားတဲ့အခါလဲ သိတာနဲ့မသိတာ ဒီနှစ်မျိုးဘဲ၊ နံတဲ့အခါ စားတဲ့ အခါလဲ သိတာနှင့် မသိတာ ဒီနှစ်မျိုးဘဲ၊ တွေ့ထိမှု ဆိုတာတွေကတော့ အင်မတန် ကျယ်ဝန်းပါတယ်၊ ကွေးတာ, ဆန့်တာ, သွားတာ, ရပ်တာ, ထိုင်တာ, လဲလျောင်းတာ, လှုပ်ရှား ပြုပြင်တာတွေလဲ ဒီတွေ့ထိမှုထဲကဘဲ၊ ဒါကြောင့် ကွေးတဲ့ဆန့်တဲ့အခါမှာကွေးမယ်,ဆန့်မယ်ကြံတဲ့စိတ်ကလေးက တခု၊ ကွေးလိုက်,ဆန့်လိုက်,လှုပ်ရှားလိုက်တာကလေးက တခု၊ မှတ်သိလိုက်တာကလေးကတခု၊ တခြားစီ ခွဲခြားပြီးသိတယ်၊ သွားတဲ့အခါ စသည်မှာလဲ ဒီနည်းအတိုင်းပါဘဲ၊ ကြံသိတာနဲ့ မှတ်သိတာက သိတတ်တဲ့ နာမ်၊ လှုပ်ရှားတောင့်တင်းတာက မသိတတ်တဲ့ရုပ်၊ ဒီလို နာမ်နဲ့ရုပ် ၂-မျိုး ၂ မျိုး တွဲလျက် တွဲလျက် ဖြစ်နေတာကို ကိုယ်တိုင်တွေ့အားဖြင့် ရှင်းရှင်း လင်းလင်း သိရတယ်။

## ဖြစ်ပျက်ဆိုရုံနဲ့ ဖြစ်ပျက်သိသလား

ပြီးတော့ တချို့က ဖြစ်တာ ပျက်တာကို ကိုယ်တိုင် မတွေ့ပါဘဲနဲ့ ဖြစ်ပျက် ဖြစ်ပျက်နဲ့ ရှုဘို့လဲပြောနေကြတယ်၊ ပါးစပ်က စိတ်ထဲက ဆိုပြီးတော့လဲ ရှုနေကြတယ်၊ အဲဒါလဲ သိပ်ပြီး သဘာဝမကျလှဘူး၊ ဖြစ်ပေါ် လာသမျှ ရုပ်နာမ်တွေကို ဖြစ်ခိုက် ဖြစ်ခိုက်မှာ မပြတ်ရှုမှတ်နေတဲ့ ယောဂီမှာတော့ သမာဓိ ဉာဏ်ရင့်လာတဲ့ အခါ အစဖြစ်ပေါ် လာတာ ကလေးကိုလဲ ထင်ရှား တွေ့ရတယ်၊ ပျောက်ကွယ် သွားတာ ကလေးကိုလဲ ထင်ရှား တွေ့ရတယ်၊ ဥပမာ- နာကျင်တဲ့ ဝေဒနာ ဖြစ်ပေါ် လာတဲ့အခါမှာ နာတယ်, နာတယ်လို့ စူးစိုက်ပြီးမှတ်နေယင်

နာမ့်ကလေးထွေဟာ မှတ်တိုင်း၊ မှတ်တိုင်း ဖြစ်ပြီး ပျောက်သွား ဖြစ်ပြီးပျောက်သွားနဲ့ တပိုင်းစီ တပိုင်းစီ အပြတ်အပြတ် ဖြစ်ပုံး ထင်ပေါ်နေတယ်၊ ဖြစ်ပျက် ဖြစ်ပျက်လို့ မဆိုရဘဲနဲ့ ဖြစ်ပြီး ပျက်သွားတာကို လက်နဲ့ ကိုင်ကြည့်သလို ရှင်းရှင်းလင်းလင်း သိရတယ်။

ပြီးတော့ ပီတိ ပဿဒ္ဓိ ဆိုတာတွေဟာလဲ စာတွေ့ သက်သက်နဲ့ ဆိုယင် သဘော ကျခဲ့ပါတယ်၊ တရား အားထုတ်တဲ့ ယောဂီမှာတော့ ဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါ ပီတိနဲ့ပဿဒ္ဓိ ဟာ ထင်ထင် ရှားရှားကြီး ဖြစ်ပေါ် လာလို့ ကိုယ်တိုင်တွေ့ သေသေချာချာ သိရတယ်၊ ပြီးတော့ တတြမဇ္ဈတ္တတာ-ဆိုတဲ့ စေတသိက် တရားဟာလဲ စာတွေ့မျှနဲ့ဆိုယင် ပိုင်ပိုင် နိုင်နိုင် သိခဲပါတယ်၊ အဲဒါဟာလဲ ဥဒယဗ္ဗယဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ် များကို ရောက်တဲ့အခါ ကြောင့်ကြမပြုရဘဲ သူ့အလိုလို အမှတ် အသိကလေးတွေက ဖြစ်နေတယ်၊ အဲဒီ အခါမှာ ဘယ်ဘက်မှ မလိုက်ဘဲ အညီအမျှ ဖြစ်နေပုံကို အထင်အရှား တွေ့ရတယ်၊ အဲဒီ သင်္ခါရုပေက္ခာဉာဏ်ရောက်တဲ့အခါမှာ အထူး ကြောင့်ကြ မစိုက်ရဘဲနဲ့ သိစရာ အာရုံ ကလေး တွေကလဲ သူ့ ဟာသူ ပေါ်လို့ အမှတ်အသိ ကလေးတွေကလဲ သူ့ ဟာသူ သိလျက် သိလျက် ဖြစ်ပြီးသွားနေတယ်၊ ဒီအခါမှာ သိရတဲ့ အာရုံရော မှတ်သိတဲ့ စိတ်ရော သိရင်း ပျောက်ရင်း၊ သိရင်း ပျောက်ရင်းနဲ့ ခဏမစဲ ဖြစ်ပျက် နေတာကိုချည်း မပြတ် တွေ့နေရတယ်၊ ဒါကြောင့် အနိစ္စ-မမြဲဘူးဆိုတာဟာ အလွန်ဘဲ ထင်ရှားနေ တယ်၊ ထို့အတူ ဒုက္ခ-ဆင်းရဲ၊ အနတ္တ သဘောတရားမျှဘဲ ဆိုတာတွေလဲ ရှင်းနေတာဘဲ။

ဒီလို ရှုမှတ် အားထုတ်နေရင်း ကိုယ်တိုင်တွေ့ အသိရှင်းခဲ့တဲ့ အတွက် အားမထုတ်ပဲ နားနေတဲ့အခါမှာလဲ ဆင်ခြင်ကြည့်လိုက်ယင် အဲဒီ အဖြစ်အပျက် အနိစ္စ-ဒုက္ခ-အနတ္တ သဘောတွေဟာ ဉာဏ်ထဲမှာ ရှင်းလင်းထင်ရှားနေတာဘဲ၊ ရှုမှတ်လိုက်ယင်လဲ ဖြစ်နေကျ ဉာဏ်တွေ ဖြစ်ပေါ် လာတာဘဲ၊ သင်္ခါရ ချုပ်ငြိမ်းတဲ့နေရာကို ရောက်ဘူးတဲ့ ပုဂ္ဂိုလ်ဆိုယင်တော့ ရှုမှတ်နေရင်း အဲဒီ ချုပ်ငြိမ်းရာကိုလဲ ပြန်ရောက်သွားတာဘဲ၊ မိမိ ရောက်ခဲ့တာတွေကို ဆင်ခြင်ပြန်ယင်လဲ တွေ့ခဲ့တုန်းကလိုဘဲ ပြန်ပေါ်လာတယ်၊ ဒီလိုဆင်ခြင်တိုင်း ဆင်ခြင်တိုင်း ကိုယ်တိုင်တွေ့သိထားတဲ့ သဘောတရားတွေ အလွယ်တကူနဲ့ ဉာဏ်ထဲမှာ ပေါ်ပေါ် လာတာဟာ ပဋိဝေဓနဲ့ စပ်တဲ့ ပဋိဘာန ဉာဏ်ရဲ့ အစွမ်းသတ္တိတွေပါဘဲ။

အမေး ပုစ္ဆာနဲ့စပ်တဲ့ ပဋိဘာန ဉာဏ်ကတော့ စာသင်ထားတဲ့ပုဂ္ဂိုလ်မှာ ပရိယတ်နဲ့ စပ်တဲ့ အမေးကို ဖြေဘို့ရာ အလွယ်တကူနဲ့ပေါ် လာတယ်၊ ပြည့်ပြည့်စုံစုံ တရားအားထုတ်ထားတဲ့ ပုဂ္ဂိုလ်မှာ ပဋိပတ်နဲ့စပ်တဲ့ အမေးကို ဖြေဘို့ရာ အလွယ်တကူနဲ့ ပေါ်လာတယ်၊ ပရိယတ် ပဋိပတ် နှစ်ဖက်လုံး စွယ်စုံပုဂ္ဂိုလ်မှာ နှစ်ဖက်လုံးနဲ့စပ်တဲ့ အမေးကို ဖြေဘို့ရာ အလွယ်တကူနဲ့ ပေါ်လာတယ်၊ အဲဒါတွေဟာ အမေးပုစ္ဆာနဲ့စပ်တဲ့ ပဋိဘာန ဉာဏ်ရဲ့ အစွမ်းသတ္တိတွေပါဘဲ၊ ယခု ပြောခဲ့တဲ့ ပဋိဘာနဉာဏ် ၃-မျိုးနဲ့လဲ ပြည့်စုံရမယ်တဲ့၊ ဒါကြောင့်—

သာယာဘွယ်အတွင်း၊မစီးဆင်းတည့်၊ မာန်ကင်းသိမ်မွေ့၊ ထင်ဉာဏ်တွေ့လျက်-လို့ ဆောင်ပုဒ်က ဆိုထားပါတယ်။

## သူတပါးအပြောကြောင့် ယုံတာမဟုတ်

အဲဒီပဋ္ဌိဘာနညာဏ်ထင်ပြီးတော့-န သဒ္ဓေါ န ဝိရဇ္ဇတိ-တဲ့၊ သဒ္ဓေါ၊ ယုံကြည်သော သဒ္ဓါတရားရှိသည်လည်း။ န ဟောတိ၊ မဖြစ်တဲ့။ ဒီလိုဆိုတော့ သဒ္ဓါတရား မရှိဘူးလို့ ဆိုရာရောက်နေပါတယ်၊ အဲဒီလိုလဲ မဟုတ်ပါဘူး၊ အမှန်ကတော့ သူတပါးကို ပုံပြီး ယုံကြည်တဲ့ သဒ္ဓါတရားမျှသာ ရှိတာမဟုတ်ဘဲ ကိုယ်တိုင်တွေ့ပြီး သိတဲ့ ညာဏ်နဲ့လဲ ပြည့်စုံရမယ်လို့ ဆိုလိုပါတယ်။ ဒါပေမဲ့ န သဒ္ဓေါ ဆိုတဲ့ ဒီပုဒ်ကို တိုက်ရိုက် အနက်ပြန်ယင် မယုံကြည်ဘူး, သဒ္ဓါတရား မရှိဘူးဆိုတဲ့ ဒီအနက်ကိုသာ ရနေပါတယ်၊ ဒီနေရာမှာ ယုံတာနဲ့ ကိုယ်တိုင်သိတာကို ခွဲခြားပြောချင်လို့ ဒီလို ဟောထားပါတယ်၊ ကိုယ်တိုင်က မသိသေးယင် သူများပြောတာကိုဘဲ ယုံရတယ်၊ ကိုယ်တိုင် သိနေယင်တော့ သူများပြောတာကို ယုံဘို့မလိုတော့ဘူး၊ အဲဒါကို သိစေချင်လို့ န သဒ္ဓေါ-လို့ ဟောတော်မူပါတယ်။

## ယုံတာထက် သိတာက သာ၍ မြင့်မြတ်သည်

ဥပမာ-မြန်မာပြည်သူပြည်သားတွေပေမယ့် ရွှေတိဂုံဘုရားကို မရောက်ဘူးသေးယင် ရွှေတိဂုံဘုရားနဲ့ စပ်တဲ့အကြောင်းအရာတွေကို သူများပြောတဲ့အတိုင်းဘဲ ယုံကြည်ပြီး မှတ်ထားရတယ်၊ ရွှေတိဂုံ ကုန်းတော်ပေါ်ကို ကိုယ်တိုင် ရောက်ပြီး သေသေချာချာ လေ့လာပြီးတဲ့သူမှာဆိုယင် ရွှေတိဂုံဘုရားနဲ့ စပ်ပြီး သူများပြောတာကို ယုံကြည်ဘို့မလိုတော့ဘူး၊ အဲဒီလိုပါဘဲ၊ ဝိပဿနာ မဂ်ဖိုလ် နိဗ္ဗာန်တရားတွေကို မတွေ့ဘူးသေးတဲ့ သူမှာ စာပေ ကျမ်းဂန်အရ သူများ ဟောတဲ့ တရားတော်

အရ ယုံကြည်ရတယ်၊ ယခု ဒုန်းပျံတွေနဲ့ အာကာသ တက်ကြတာ မျက်မြင် မဟုတ်တဲ့ သူတွေက ယုံကြည် နေသလိုပေါ့၊ အဲဒီ ဝိပဿနာ မဂ်ဖိုလ်နိဗ္ဗာန် တရားတွေကို ကိုယ်တိုင် တွေ့သိထားတဲ့ သူမှာတော့ သူများပြောလို့ ယုံရတာမဟုတ်ဘူး၊ ကိုယ်တိုင်သိ ဖြစ်နေတော့တာဘဲ၊ အဲဒါဟာ ယုံတာမဟုတ်ဘူး၊ သိတာလို့ခေါ်တယ်၊ ဒါမျိုးကို ဆိုလိုပါတယ်။

မြတ်စွာဘုရားက အရှင်သာရိပုတြာကို ဒီလိုမေးတော်မူပါတယ်၊ သာရိပုတြာ-သဒ္ဒိန္ဒြေကို ပွါးများလျှင် အမတောဂဓံ အမတပရိယောသာနံ-သေခြင်းကင်းတဲ့ နိဗ္ဗာန်ကို ဆိုက်ရောက်တယ်၊ သေခြင်းကင်းတဲ့ နိဗ္ဗာန်မှာ အဆုံးသတ်သွားတယ် ဆိုတာ သင် ယုံရဲ့လားလို့ ဒီလိုမေးတော်မူတော့ အရှင်သာရိပုတြာက ဒီလို ဖြေပါတယ်၊ ဒီနေရာမှာတော့ မြတ်စွာဘုရား၏ စကားကို ယုံတာ မဟုတ်ပါဘူးလို့ ဖြေကြားတယ်၊ ဒီလိုဖြေလိုက်တော့ ကြားရတဲ့ ပုထုဇဉ်ရဟန်းတွေက အရှင်သာရိပုတြာ အပေါ်မှာ အထင်လွဲကုန်ပါတယ်၊ အရှင်သာရိပုတြာဟာ ပြာဟ္မဏလူမျိုးဖြစ်တဲ့အတွက် ယခုထက်တိုင်ဘုရားကိုမယုံသေးဘူးလို့ ထင်ကြသတဲ့၊ ထင်မယ်ဆိုယင်လဲ ထင်စရာပါဘဲ၊ ပြာဟ္မဏဝါဒ အစွဲသန်တဲ့ လူတွေက ဗုဒ္ဓ-မြတ်စွာဘုရားဟောတဲ့တရားကို မယုံကြဘူး၊ အရှင်သာရိပုတြာကလဲ ပြာဟ္မဏမျိုး ဆိုတော့ ဒီလို ထင်ကြမှာဘဲ၊ အမှန်ဆိုလိုတာကတော့သဒ္ဒိန္ဒြေကို ပွါးများယင် နိဗ္ဗာန်ရောက်တယ် ဆိုတာဟာ အရှင်သာရိပုတြာမှာ ကိုယ်တိုင်တွေ့ သိပြီးသား ဖြစ်နေတယ်၊ ဒီတော့ ဒီနေရာ ဒီအချက်မှာ ဘုရားစကားကို ယုံကာမျှမဟုတ်ပါဘူး၊ ကိုယ်တိုင်သိ ဖြစ်နေပါတယ်လို့ ဒီလို ဆိုလိုပါတယ်၊ ခုတင်က

ပြောခဲ့တဲ့ ရွှေတိဂုံဘုရား ဥပမာနဲ့ ပြန်ဆင်ခြင်ကြည့်ပါ၊ ကိုယ်တိုင် ရောက်လို့ သေသေချာချာ ဖူးမြော် လေ့လာ မှတ်သားထားတဲ့ သူကို အခြားသူက ဟော့-ရွှေတိဂုံဘုရားမှာ ရွှေပြားတွေကို ကပ်ပြီး ထားတယ်လို့ ငါပြောတာ မင်း ယုံကြည်ရဲ့လားလို့ မေးယင် မင်း ပြောလို့ ယုံရတာ မဟုတ်ပါဘူး၊ ငါကိုယ်တိုင် တွေ့ခဲ့ပြီးပါပြီလို့ ပြောပေလိမ့်မယ်၊ အဲဒီလိုပါဘဲ၊ အရှင်သာရိပုတြာက ယုံတာ မဟုတ်ပါဘူးလို့ ပြောတာဟာ သဒ္ဓိန္ဒြေကို ပွါးယင် နိဗ္ဗာန်ရောက်ကြောင်း ကိုယ်တိုင်တွေ့သိပြီးသား ဖြစ်နေပါတယ်လို့ ဆိုလိုပါတယ်၊ အဲဒီ လျှောက်ချက်နဲ့စပ်ပြီး ဓမ္မပဒမှာ အရှင်သာရိပုတြာကို ဒီလိုချီးကျူးပြီး ဟောထားပါတယ်။

**အဿဒ္ဓေါ အကတညူ စ၊ သန္ဓိစ္ဆေဒေါ စ ယော နရော။**
**ဟတာဝကာသော ဝန္တာသော၊ သ ဝေ ဥတ္တမပေါရိသော။**

ဒီဂါထာကတော့ အရှင်သာရိပုတြာကို အကြောင်းပြုပြီး ဓမ္မပဒမှာ ဟောထားတဲ့ ဂါထာဖြစ်ပါတယ်၊ ဒီပုရာဘေဒသုတ်က ဂါထာ မဟုတ်ပါဘူး၊ ဒါပေမယ့် အနက် အဓိပ္ပါယ် သဘောတူတဲ့ ဝေါဟာရ အသုံးအနှုန်းတွေ ပါနေလို့ အထူးမှတ်သားရအောင် ထည့်သွင်းပြီး ဟောလိုက်ရတယ်။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ အဿဒ္ဓေါ၊ ယုံကြည်မှု သဒ္ဓါတရားမရှိ။ သ-သော ထိုပုဂ္ဂိုလ်သည်။ ဝေ၊ စင်စစ်။ ဥတ္တမပေါရိ-သော၊ ယောကျ်ားမြတ် ပုဂ္ဂိုလ်မြတ် ဖြစ်ပါတယ်တဲ့၊ ဒါကတော့ ရည်ရွယ်ချက်ကို မသိဘဲ တိုက်ရိုက်ပြန်တဲ့ အနက်ဘဲ၊ ဒီအတိုင်းဆိုယင် တက်တက်စင် လွဲကုန်တယ်။ အလင်္ကာ ကျမ်းများမှာ ဒီလိုဝှက်ပြီးဆိုတဲ့ စကားမျိုးကို ပဟေဠိလို့ခေါ်တယ်၊

စကားထာ စကားဝှက်မျိုးပါဘဲ။ ဒီမှာ ဆိုလိုတဲ့ အနက်က တော့ ယော၊အကြင်ပုဂ္ဂိုလ်သည်။ အဿဒ္ဓေါ၊ သူတပါးပုံ၍ ယုံကြည်သူမဟုတ် ကိုယ်တိုင် သိသောသူသည်။ ဟောတိ၊ဖြစ် ၏။ သ-သော၊ ထိုပုဂ္ဂိုလ်သည်။ ဝေ၊ စင်စစ်။ ဥတ္တမပေါရိသော၊ ယောကျ်ားမြတ် ပုဂ္ဂိုလ်မြတ်ဖြစ်ပါတယ်-တဲ့။ ဒီပုဒ် အနက်က တော့ ရှင်းလောက်ပါပြီ၊ နောက်တပုဒ်ကတော့—

အကတညူ၊ သူပြုဘူးသော ကျေးဇူးကို မသိသောသူတဲ့။ ဒါဟာ ပြန်ရိုး ပြန်စဉ် အနက်ပဲ၊ ဒီအနက်အတိုင်း ဆိုယင် သူ့ကျေးဇူးကို မသိတတ်တဲ့သူဆိုတော့ သူယုတ်ပဲ၊ သူမြတ် မဖြစ်နိုင်ဘူး။ ဒီတော့ ဒီအနက်က ဒီမှာအလိုရှိတာနဲ့ ပြောင်း ပြန်ဖြစ်နေတယ်၊ တကယ်ဆိုလိုတဲ့ အနက်ကတော့(အကတ) အကြောင်းတရားတို့က မပြုအပ်တဲ့နိဗ္ဗာန်ကို(ညူ)မျက်မှောက် သိပြီး ဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ ပုဂ္ဂိုလ်မြတ် ဖြစ်တယ်လို့ ဆိုလို ပါတယ်။

နောက်ပြီးတော့ သန္ဓိစ္ဆေဒေါ-ဆိုတဲ့ ပုဒ်ကလဲ ရိုးရိုးအနက် ပြန်ယင် အိမ်နံရံစပ်ကို ဖောက်ထွင်း ခိုးယူတဲ့သူလို့ အနက်ရပါ တယ်၊ ဒါလဲ မလိုအပ်တဲ့အနက်ပဲ၊ တကယ်လိုတဲ့အနက်ကတော့ သံသရာဝဋ္ဋဆင်းရဲ အဆက်အစပ်ကို ဖြတ်ပြီးသောသူလို့ ဆိုလို ပါတယ်၊ သံသရာဝဋ္ဋဆင်းရဲ အစပ်ဆိုတာ - ပဋိစ္စသမုပ္ပါဒ်အရ အားဖြင့်—

(၁) အတိတ်ဘဝက ကံသင်္ခါရကြောင့် ပစ္စုပ္ပန်ဘဝ ပဋိ- သန္ဓေ ဝိညာဉ်ဖြစ်ပေါ်တယ်ဆိုရာမှာ တစပ်၊

(၂) ပစ္စုပ္ပန်ဘဝမှာ ဝေဒနာကြောင့် တဏှာဖြစ်ပေါ် တယ် ဆိုရာမှာ တစပ်၊

(၃) ပစ္စုပ္ပန် ကမ္မဘဝကြောင့် အနာဂတ်ဇာတိ ဖြစ်တယ် ဆိုရာမှာ တစပ်၊ ဒီလို သုံးစပ်ရှိတယ်၊ ဒီအထဲမှာ အတိတ်နှင့် ပစ္စုပ္ပန်အစပ်ကတော့ စပ်ပြီးဖြစ်နေလို့ မဖြတ်နိုင်တော့ဘူး၊ ဖြတ်ဘို့လဲ မလိုပါဘူး၊ ဝေဒနာက တဏှာကို စပ်မသွားအောင်, ကံအသစ်ဖြစ်ပြီး ဘဝအသစ် ပဋိသန္ဓေ စပ်မသွားအောင် ဒီအစပ်နှစ်ခုကို ဖြတ်ဖို့လိုပါတယ်၊ ဒီအထဲမှာလဲ ဝေဒနာက တဏှာစပ်မသွားဘို့ဟာ လိုရင်းပါဘဲ၊ ယခု ယောဂီတွေ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ရှုမှတ်နေကြတာဟာ ဝေဒနာက တဏှာ စပ်မသွားရအောင်လို့ ရှုမှတ်နေကြရတာဘဲ၊ ဒီလို မှတ်ရင်း မှတ်ရင်းနဲ့ ဝိပဿနာဉာဏ် မဂ်ဉာဏ်တွေ အစဉ်အတိုင်း တိုးတက်ပြီး အရဟတ္တ မဂ်ဖိုလ်ကို ရောက်သွားတဲ့ အခါမှာ ဒီသံသရာဝဋ်ရဲ့ အစပ်တွေဟာ အကုန်လုံး ပြတ်သွားပါတယ်၊ ဒါကြောင့် သန္ဓိစ္ဆေဒေါ-သံသရာဝဋ်၏ အဆက်အစပ်ကို ဖြတ်ပြီးပုဂ္ဂိုလ်ဟာ ပုဂ္ဂိုလ်မြတ် ဖြစ်တယ်လို့ ဆိုလိုပါတယ်။

ပြီးတော့ နောက်တပုဒ်က ဟတာဝကာသော-တဲ့။ဟတ-က ဖျက်ဆီးတယ်၊ အဝကာသ-က အခွင့်အရေးလို့ ဒီလိုသာမန် အနက်ရှိပါတယ်၊ ကြီးပွါးဘို့ ကောင်းစားဘို့ အခွင့်အရေးတွေကို ဖျက်ဆီးတယ် ဆိုယင်တော့ ဒီနေရာမှာ မလိုအပ်တဲ့ အနက်ဖြစ်ပါတယ်၊ ဒီမှာလိုတဲ့ အနက်ကတော့ ဟတာဝကာ-သော-ဘဝအသစ်ဖြစ်ဘို့ အခွင့်အရေးကို ဖျက်ဆီးပြီး ပုဂ္ဂိုလ်ဟာ ပုဂ္ဂိုလ်မြတ် မည်တယ်ဆိုတဲ့ အနက်ပါဘဲ။

နောက်တပုဒ်ကတော့ ဝန္တာသော-တဲ့၊ ဒီပုဒ်မှာလဲ ဝန္တ-ထွေးအန်ဖတ်ကို၊ အသ-စားတယ် ဆိုတဲ့ အနက်ကိုယူယင်တော့

လူ့လောကနဲ့ မလျော်တဲ့ အနက် ဖြစ်ပါသည်၊ လိုတဲ့အနက်ကတော့ လိုချင်မှု လိုလားမှုကို အာသာလို့ ခေါ်ပါတယ်၊ ဒါကြောင့် တချို့က အလိုမပြည့်ဝတာကို အာသာမပြေဘူးလို့ ပြောနေကြပါတယ်၊ ရဟန္တာပုဂ္ဂိုလ်မှာ လောကဘက်က လိုချင်မှု အာသာတွေရော, တရားဘက်က လိုလားမှု အာသာတွေရော အကုန်လုံး ကင်းနေပါတယ်၊ အဲဒါကို ရည်ပြီးတော့ ဝန္တာသော-ထွေးအန် စွန့်ပယ်ပြီးသော လိုလားမှု အာသာရှိတယ်လို့ ဟောတော်မူခြင်း ဖြစ်ပါတယ်၊ ဒါကြောင့် ဒီ ဓမ္မပဒ ဂါထာကို လိုရင်းအနက်ရအောင် ဒီလို ပြန်ဆိုရပါတယ်။

ယော နရော၊ အကြင်ပုဂ္ဂိုလ်သည်။ အသဒ္ဓေါ စ၊ သူတပါးကို ပုံ၍ မယုံဘဲ ကိုယ်တိုင် သိသည်လည်း။ ဟောတိ၊ ဖြစ်၏။ အကတညူ စ၊ အကြောင်းတရားတို့က မပြုအပ်သော နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် သိမြင်ပြီးသည်လည်း။ ဟောတိ၊ ဖြစ်၏။ သန္ဓိစ္ဆေဒေါ စ၊ သံသရာဝဋ်၏ အဆက်အစပ်ကို ဖြတ်ပြီးသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဟတာဝကာသော စ၊ ဘဝအသစ်ဖြစ်ဖို့ အခွင့်အရေးကို ပယ်ဖျက်ပြီးသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဝန္တာသော စ၊ ထွေးအန်စွန့်ပယ်အပ်ပြီးသော အလိုအာသာ ရှိသည်လည်း။ဝါ၊ အလိုအာသာ ဟူသမျှကို စွန့်ပယ်ပြီးသည်လည်း။ ဟောတိ၊ ဖြစ်၏။ သ-သော၊ ထိုပုဂ္ဂိုလ်သည်။ ဝေ၊ စင်စစ်။ ဉတ္တမပေါရိသော၊ ယောကျ်ားမြတ် ပုဂ္ဂိုလ်မြတ် မည်၏။

ဒီ ဂါထာထဲက ပြောလိုရင်းကတော့ အသဒ္ဓေါ-သူတပါးကို ပုံပြီး ယုံကာမျှ မဟုတ်ဘူး၊ ကိုယ်တိုင်သိ ဖြစ်နေတယ်ဆိုတဲ့ ပုဒ်ပါဘဲ၊ အဲဒါဟာ အလွန် အရေးကြီးပါတယ်၊ ကိုယ်တိုင်

သိသင့်တဲ့ တရားတွေကို ကိုယ်တိုင်သိအောင် အားထုတ်ရမယ်၊ ရုပ်နာမ် အဖြစ်အပျက် အနိစ္စ ဒုက္ခ အနတ္တ ဆိုတာတွေဟာ ကိုယ်တိုင် သိသင့်တဲ့ တရားတွေဘဲ။ အဲဒါတွေကို ကိုယ်တိုင်သိအောင် အားထုတ်ကြရမယ်၊ ဝိပဿနာဉာဏ် မဂ် ဖိုလ် နိဗ္ဗာန် ဆိုတဲ့ တရားတွေလဲ ကိုယ်တိုင်သိသင့်တဲ့ တရားတွေဘဲ၊ အဲဒါတွေကိုလဲ ကိုယ်တိုင်သိအောင် အားထုတ်ကြရမယ်၊ အဲဒီလို အားထုတ်လို့ ကိုယ်တိုင်တွေ့ပြီး သိနေတဲ့ ပုဂ္ဂိုလ်တွေမှာ ဆရာသမားကို အားကိုးပြီး ယုံရတာလဲ မဟုတ်ဘူး၊ စာပေကျမ်းဂန်တွေကို အားကိုးပြီး ယုံရတာလဲ မဟုတ်ဘူး၊ ဘုရားကို အားကိုးပြီး ယုံရတာလဲ မဟုတ်ဘူး၊ အမှန်မှာတော့ ကိုယ်တိုင် တွေ့ပြီး ကိုယ်တိုင် သိနေတာပါဘဲ။

ကိုယ်တိုင်သိအောင် အားထုတ်ရမယ်၊ သူများကို အားကိုးပြီး မယုံရဘူးလို့ ယခု ပြောခဲ့တာက ကိုယ်တိုင်သိနိုင်တဲ့အရာကိုသာ ပြောပါတယ်၊ ကိုယ်တိုင် မသိနိုင်တဲ့ အရာဌာနတွေကိုတော့ တတ်သိနားလည်တဲ့ သူတွေကို အားကိုးရ ယုံရပါသေးတယ်၊ အရှင် သာရိပုတြာတောင်မှ သူကိုယ်ကိုင် မသိနိုင်တဲ့ အရာတွေမှာ မြတ်စွာဘုရားကိုဘဲ အားကိုးပြီး ယုံရပါတယ်၊ တချို့ကတော့ ဒီလို တစွန်းတစ စကားလုံးကလေးကို ရတာနဲ့ ကိုယ်တိုင် မတွေ့တာတွေ ဟူသမျှကို မယုံဘူးလို့ ဒီလိုလဲ ပြောတတ်ကြတယ်၊ အဲဒါလဲ သဘာဝမကျဘူး၊ ကိုယ်မရောက်ဘူးသေးတဲ့ အရပ်အကြောင်းကို ရောက်ဘူးတဲ့သူက ပြောယင် ယုံရတာဘဲ၊ ယခုခေတ်မှာ ဟိုအနောက်နိုင်ငံတွေက ဒုန်းပျံတို့ ဂြိုဟ်တုတို့ဆိုတာတွေကို လွှတ်နေကြတယ်၊ အဲဒီအရပ်တွေက မျက်မြင်ဖြစ်နေတဲ့ လူတွေတော့ အထူးပြောစရာမလိုပါဘူး၊

အဲဒီက သတင်းတွေကို စာအုပ်စာတမ်းအရ တဆင့်ပြောအရ အားဖြင့် ကြားသိရတဲ့ လူတွေကလဲ ယုံကြရတာဘဲ၊ အဲဒါ ကိုယ်တိုင် မတွေ့ရလို့ မယုံဘူးဆိုယင် ရယ်စရာဖြစ်နေမှာပေါ့၊ တရားဘက်မှာလဲ ဒီလိုပါဘဲ၊ တွေ့ပြီး သိပြီး ဖြစ်တဲ့ပုဂ္ဂိုလ်က ပြောယင် မတွေ့ရ မသိရသေးတဲ့ ပုဂ္ဂိုလ်က ယုံသင့်ပါတယ်၊ အဲဒီလို ယုံပြီးတော့ ကိုယ်တိုင် တွေ့ရသိရအောင် အားထုတ်ရ တယ်၊ အဲဒီလို အားထုတ်လို့ ကိုယ်တိုင်သိရ တွေ့ရတဲ့အခါမှာ အဿဒ္ဓေါ-ဆိုတဲ့ ဒီဒေသနာနဲ့အညီ ဖြစ်လာနိုင်ပါတယ်။

## စိတ္တသူကြွယ်နှင့် နာဋပုတ္တ

မြတ်စွာဘုရား လက်ထက်တော် ကာလတုန်းက စိတ္တဆိုတဲ့ အနာဂါမ်သူကြွယ်ကြီးတယောက်ရှိတယ်၊ တနေ့သောအခါမှာ အဲဒီ စိတ္တသူကြွယ်က နာဋပုတ္တဆိုတဲ့ နိဂဏ္ဌ ဂိုဏ်းဆရာကြီးထံ ရောက်သွားတယ်၊ နာဋပုတ္တ ဆရာကြီးဆိုတာ ဂျိန်းဘာသာ ဝင်တွေ အထွတ်အမြတ် ဘုရားအဖြစ်နဲ့ ကိုးကွယ်နေကြတဲ့ မဟာဝီရဆိုတဲ့ ပုဂ္ဂိုလ်ကြီးပါဘဲ၊ သူက ဗုဒ္ဓ-မြတ်စွာဘုရား မပွင့်ခင်ကတည်းက ထင်ရှားနေတဲ့ ပုဂ္ဂိုလ်ကြီးဖြစ်တယ်၊ အဲဒီကို ရောက်သွားတော့ အဲဒီ နာဋပုတ္တဆရာကြီးက စိတ္တ သူကြွယ်ကို မေးတယ်၊ ဘယ့်နှယ်လဲ စိတ္တသူကြွယ် သင်တို့ ဆရာ ရှင်ဂေါတမမှာ ဝိတက်ဝိစာရကင်းတဲ့ ဈာန်သမာဓိ ရှိတယ်ဆိုတာ ဝိတက်ဝိစာရ ချုပ်နေတယ်ဆိုတာကို သင်ယုံရဲ့ လားလို့ မေးပါတယ်၊ ဒီတော့ စိတ္တသူကြွယ်က ဝိတက်ဝိစာရ ကင်းတဲ့ ဈာန်သမာဓိ ရှိတယ်ဆိုတာရယ်, ဝိတက်ဝိစာရ ချုပ်တယ်ဆိုတာရယ် ဒီ အချက်မှာတော့ ဗုဒ္ဓ မြတ်စွာဘုရား ကို ယုံကြည်လို့ အသိအမှတ်ပြုရတာ မဟုတ်ပါဘူးလို့ ပြန်

ကြားလိုက်တယ်၊ ဒီတော့ နာဠပုတ္တဆရာကြီးက စိတ္တသူကြွယ်ဟာ ဗုဒ္ဓမြတ်စွာဘုရားကို မယုံကြည်ဘူးလို့ ပြောတယ်လို့ နားလည်သွားတယ်၊ ဒါကြောင့် သူကဆက်ပြီး ဒီလိုပြောပြန်တယ်၊ ဟော့-တပည့်တို့ ကြည့်ကြစမ်း ဒီစိတ္တသူကြွယ်ဟာ အလွန်ရိုးသား ဖြောင့်မတ်တယ်၊ သူမယုံတာကို မယုံဘူးလို့ဘဲ ပြောတယ်၊ ယုံစရာလဲ မကောင်းဘူး၊ လေကိုပိုက်နဲ့ထောင်ဖမ်းယင် မဖြစ်နိုင်တာလို ဂင်္ဂါမြစ်ရေကို လက်ဝါးလက်ဆုပ်နဲ့ တားမြစ်လို့ မဖြစ်နိုင်တာလို ဝိတက်ဝိစာရကို ချုပ်အောင် မလုပ်နိုင်ပါဘူးလို့ သူ့တပည့် ပရိသတ်တွေကို ပြောကြားလိုက်တယ်။

## ကိုယ်တိုင်သိနှင့် သူတပါးပြောလို့ယုံတာ

ဒီတော့ စိတ္တသူကြွယ်က အရှင်နာဠပုတ္တဆရာကြီး-သိတာနဲ့ ယုံတာ ဘယ်ဟာက သာပြီး မြင့်မြတ်ပါသလဲလို့ မေးလိုက်ပါတယ်၊ ယုံတာထက် သိတာက သာပြီး မြင့်မြတ်တယ်လို့ နာဠပုတ္တဆရာကြီးက ဆိုပါတယ်၊ ဒီတော့ စိတ္တသူကြွယ်က အရှင်ဆရာကြီး ကျွန်ုပ်ဟာ ဘယ်အချိန်မဆို အလိုရှိတဲ့အခါမှာ ဝိတက်ဝိစာရရှိတဲ့ ပဌမစျာန်ကိုလဲ ဝင်စားနိုင်ပါတယ်၊ ဝိတက်ဝိစာရကင်းတဲ့ ဒုတိယစျာန်ကိုလဲ ဝင်စားနိုင်ပါတယ်၊ ပီတိကင်းတဲ့ တတိယစျာန်ကိုလဲ ဝင်စားပြီး နေနိုင်ပါတယ်၊ သုခ ကင်းတဲ့ စတုတ္ထစျာန်ကိုလဲ ဝင်စားပြီး နေနိုင်ပါတယ်၊ ဒီလို ကျွန်ုပ်ဟာ ဝိတက်ဝိစာရ ကင်းတဲ့စျာန်ကို ကိုယ်တိုင်တွေ့သိမြင်နေပါလျက် ဒီဝိတက် ဝိစာရ ကင်းတဲ့ စျာန် သမာဓိရှိတယ်ဆိုတဲ့ နေရာမှာ တခြားသော ရဟန်း သူမြတ်ကို

အားကိုး ယုံကြည်ဘို့ လိုပါဦးမည်လားလို့ ပြန်လည် ချေပ လိုက်ပါတယ်။

ဒီတော့ နာဠပုတ္တ ဆရာကြီးက ကြည့်ကြစမ်း တပည့်တို့ ဒီစိတ္တသူကြွယ်ဟာ အလွန် လိမ်လည် ကောက်ကျစ်တဲ့ မရိုးဖြောင့်တဲ့ လူကြီးဘဲ၊ခုတင်က သူမယုံဘူးလို့ ပြောခဲ့တယ်၊ယခုတော့ သူ ယုံနေပြန်ပြီတဲ့၊ အလွန်မရိုးသားတဲ့ လူကြီးဘဲလို့ နှိမ်ချပြီး ပြောသတဲ့။

စိတ္တ သူကြွယ်ကလဲ အညံ့မခံဘူး၊ ပြန်ပြီး ချေပ ပြန်တယ်၊ အရှင်ဆရာကြီး ခုတင်ဘဲဆရာကြီးက စိတ္တသူကြွယ်ဟာ အလွန်ရိုးဖြောင့်တယ်လို့ တပည့်တွေကို ပြောကြားတယ်၊ ယခု တခါ မရိုးဖြောင့်ဘူးလို့ ဆိုပြန်တယ်၊ ဆရာကြီး စကားဟာ ရှေ့နောက်မညီဘူး၊ ပဌမ ပြောတာ မှန်ယင် နောက်ပြောတာ မှားရမယ်၊ နောက်ပြောတာ မှန်ယင်လဲ ပဌမ ပြောတာ မှားရမယ်လို့ ပြန်လည်ချေပ ပါသတဲ့။

ယခု ပြောတဲ့ စိတ္တသူကြွယ် ဝတ္ထုမှာ နာဠပုတ္တဆရာကြီးက ဝိတက်ဝိစာရ ကင်းတဲ့ဈာန်ဆိုတာကို သူမှာ မတွေ့ဘူးတော့ သူကိုယ်နှင့် နှိုင်းပြီး ဝိတက်ဝိစာရ ကြံစည်ခြင်း စဉ်းစားခြင်းကင်းတဲ့ သမာဓိ ဆိုတာ မရှိနိုင်ဘူးလို့ ယူဆပြီး သူ ထင်မြင်ချက်ကို ဖွင့်ပြောတယ်၊ စိတ္တသူကြွယ် ကတော့ သူမှာ ကိုယ်တွေ့ ဖြစ်နေတဲ့ အတွက် အဲဒီ ဈာန်သမာဓိကို ရဲရဲကြီး ဝန်ခံပြောတယ်၊ ဒီဈာန်အကြောင်းအရာမှာ ယုံကြည်ကာမျှ မဟုတ်ပါဘူး၊ ကိုယ်တိုင်တွေ့ သိနေပါတယ်ဆိုတဲ့ အကြောင်း ရဲရဲကြီး ဝန်ခံတယ်၊အဲဒီစိတ္တသူကြွယ်လိုဘဲ သိသင့် သိထိုက်တဲ့ တရားကို ယုံကြည်ရုံမျှ မဟုတ်ဘဲ ကိုယ်တိုင်သိအောင် အား

ထုတ်ဖို့ လိုပါတယ်၊ အဲဒီလို ကိုယ်တိုင်သိဖြစ်နေတဲ့ ပုဂ္ဂိုလ်ကို ရည်ပြီးတော့ ဒီပုရာဘေဒသုတ်မှာ န သဒ္ဓေါ-လို့ ဟောထားတာတဲ့၊ သဒ္ဓေါ စ၊ သူတပါးကိုပုံ၍ ယုံကြည်သည်လည်း။ န ဟောတိ၊ မဖြစ်။ တနည်းအားဖြင့် န သဒ္ဓေါ စ၊ ယုံကြည်ရုံမျှ မဟုတ်ပဲ ကိုယ်တိုင်သိသည်လည်း။ ဟောတိ၊ ဖြစ်၏-တဲ့၊ ဒီပုဒ်ကတော့ ရှင်းလောက်ပါပြီ။

## တပ်မက်ကင်းပြီး ဖြစ်စေရမယ်

နောက်ဆုံးပုဒ်ကတော့ န **ဝိရဇ္ဇတိ**၊တပ်မက်ကင်းဆဲလည်း မဟုတ်တဲ့၊ တပ်မက်ကင်းဆဲမဟုတ်ဆိုတော့ တပ်မက်မှု မကင်းဘဲ တပ်မက်နေတယ်လို့ ယူရမလိုလို ဖြစ်နေပါတယ်၊ ဒါပေမယ့် အဲဒီလို ဆိုတာတော့ မဟုတ်ပါဘူး၊ တပ်မက်ကင်းဆဲ မဟုတ် ဆိုတာ တပ်မက်ကင်းပြီးပြီလို့သာ ဆိုလိုပါတယ်၊သေက္ခပုဂ္ဂိုလ် အသေက္ခပုဂ္ဂိုလ်လို့ ဆိုတာလိုပါဘဲ၊ကလျာဏပုထုဇဉ်နှင့်တကွ ကျင့်တုန်းကျင့်ဆဲအရိယာပုဂ္ဂိုလ်တွေကို သေက္ခလို့ ခေါ်တယ်၊ ကျင့်ခြင်းကိစ္စပြီးလို့ ရဟန္တာဖြစ်နေတဲ့ ပုဂ္ဂိုလ်ကို အသေက္ခလို့ ခေါ်တယ်၊ အဲဒီလိုပါဘဲ။

တရားဘက်ကို လိုက်စားခြင်းမရှိတဲ့ ဗာလပုထုဇဉ် ပုဂ္ဂိုလ်တွေဟာ ဒွါရခြောက်ပါးမှာ ကျလာတဲ့ အာရုံတွေကို ကောင်းတယ်ထင်ယင် အကုန်လုံး တပ်မက်နေပါတယ်၊ မကောင်းဘူးထင်ပြန်ယင်လဲ ကောင်းတာကို မြော်လင့် တောင့်တပြီး တပ်မက်နေတာဘဲ၊ ဒါကြောင့် တရားအားမထုတ်တဲ့ သူတွေမှာ တပ်မက်မှုက အမြဲတမ်း ကျရောက်နေတယ်၊ တပ်မက်မှုကင်းတာရယ်လို့ မရှိဘူး။

## တပ်မက်မှုကင်းဆဲ

ဒွါရ ခြောက်ပါးက ပေါ်လာသမျှကို ရှုမှတ်ပြီး ရုပ်နာမ်မျှဘဲ၊ ဖြစ်ပြီးပျက်သွားတဲ့ သဘောမျှဘဲ၊ အနိစ္စ ဒုက္ခ အနတ္တမျှဘဲလို့ သိနေတဲ့ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်မှာတော့ ရှုတိုင်း ရှုတိုင်း ရှုမိတဲ့အာရုံမှာ တပ်မက်မှုကင်းသွားတယ်၊ ဒါကြောင့် ဝိပဿနာ ရှုနေတဲ့ ကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ်လဲ တပ်မက်မှုကင်းဆဲ ပုဂ္ဂိုလ်မည်ပါတယ်၊ ဝိပဿနာရှုလို့ အစဉ်အတိုင်း ဝိပဿနာဉာဏ်တွေ တက်ပြီး သောတာပတ္တိ မဂ်ဖိုလ်ဉာဏ် ရောက်သွားတဲ့ အခါ အပါယ်လားကြောင်း ဖြစ်တဲ့ တပ်မက်မှုတွေလဲ ကင်းသွားတယ်၊ ခုနစ်ဘဝထက် ပိုပြီးဖြစ်ချင်တဲ့ တပ်မက်မှုတွေလဲ ကင်းသွားတယ်၊ ဒါပေမယ့် ခုနစ်ဘဝ အတွင်း သုဂတိမှာ သာယာတပ်မက်တဲ့ တဏှာကတော့ မကင်းသေးဘူး၊ ဒါကြောင့် တပ်မက်မှု လုံးဝ ကင်းသွားပြီလို့တော့ မဆိုရသေးဘူး၊ တပ်မက်မှု ကင်းဆဲလို့သာ ဆိုရတယ်၊ ထို့အတူ သကဒါဂါမိမဂ်ဖိုလ် အနာဂါမိမဂ်ဖိုလ် ရောက်တဲ့ အခါလဲ တပ်မက်မှု ကင်းဆဲဘဲ၊ အရဟတ္တမဂ် ရောက်တဲ့အခါကျတော့ တပ်မက်မှုတွေ အကုန်ကင်းပါတယ်၊ ဒါပေမယ့် အဲဒီအချိန်မှာ တပ်မက်မှု ကင်းပြီးတော့ မဟုတ်သေးဘူး၊ ကင်းဆဲ ရှိသေးတယ်။

## တပ်မက်မှုကင်းဆဲ မဟုတ်

အရဟတ္တဖိုလ် ရောက်လို့ ရဟန္တာဖြစ်တဲ့ အခါကျမှ တပ်မက်မှု ကင်းပြီး ဖြစ်ပါတယ်၊ ဒီလို ရဟန္တာဖြစ်တဲ့အခါမှာတော့ တပ်မက်မှု ကင်းဆဲမဟုတ်တော့ဘူး၊ အဲဒါကို ရည်ရွယ်ပြီးတော့

ဒီမှာ န ဝိရဇ္ဇတိ တပ်မက်ကင်းဆဲမဟုတ်၊ တပ်မက် ကင်းပြီး ဖြစ်၏-လို့ ဟောထားပါတယ်၊ အဲဒါကို ဆောင်ပုဒ်ထဲမှာ တပ်မက်ကွာ-လို့ စီထားတယ်။ အဲဒီ ဆောင်ပုဒ်ကို ဆိုကြရမယ်။

သာယာဘွယ်အတွင်း၊ မစီးဆင်းတည့်၊ မာန်ကင်းသိမ်မွေ့၊ ထင်ညာဏ် တွေ့လျက်၊ ယုံလေ့ကင်းကာ၊ တပ်မက် ကွာ၊ ခြောက်ဖြာ သူ့ဂုဏ်ရည်။

သာတိယေသု အနဿာဝီ-ဆိုတဲ့ဂါထာရဲ့ အနက်အဓိပ္ပါယ် ကတော့ ပြည့်စုံလောက်ပါပြီ။

**လာဘ်လာဘကြောင့် ကျင့်ခြင်းမဟုတ်**

**လာဘကမျာ န သိက္ခတိ၊ အလာဘေ စ န ကုပ္ပတိ။**
**အဝိရုဒ္ဓေါ စ တဏှာယ၊ ရသေသု နာနုဂိဇ္ဈတိ။**

**ယော၊** အကြင်ရဟန်းသည်။ လာဘကမျာ၊ လာဘ်လာဘ ကို အလိုရှိသဖြင့်။ န သိက္ခတိ၊ ကျင့်သည် မဟုတ်။ အချို့ ရဟန်းက လာဘ်လာဘ ပေါများအောင် ဘုန်းကြီးအောင် ရည်ရွယ်ပြီး ပရိယတ်ကိုသင်တယ်၊ ဆောင်တယ်၊ ဓုတင်အကျင့် ကို ကျင့်တယ်။ ယခု ရဟန်းကတော့ အဲဒီ လာဘ်လာဘကို မြော်ပြီး ကျင့်တာ မဟုတ်ဘူး၊ သံသရာမှ ထွက်မြောက်ဖို့ နိဗ္ဗာန်ရောက်ဖို့ အတွက်သာ မြော်လင့်ပြီး ကျင့်တယ်၊ ဒါလဲ သန္တပုဂ္ဂိုလ်ရဲ့ ဂုဏ်တခုပါဘဲ။

အလာဘေ စ၊ မရခြင်းကြောင့်လဲ။ န ကုပ္ပတိ၊ အမျက် မထွက်၊ အချို့ ရဟန်းက ကြည်ညိုတဲ့ ဒကာ-ဒကာမ တွေကို မရရှိတဲ့ အတွက်လဲ စိတ်ပျက်တတ်၊ စိတ်ဆိုး တတ်တယ်၊ အပေါင်းအဖော်ဂိုဏ်းဂဏကို မရလို့လဲ စိတ်ပျက်တတ်၊စိတ်ဆိုး

တတ်တယ်၊ အချီးမွမ်း မခံရလို့လဲ စိတ်ပျက်တတ်, စိတ်ဆိုး တတ်တယ်၊ ဆွမ်းသင်္ကန်း စသည်မရလို့လဲ စိတ်ပျက်တတ်, စိတ်ဆိုးတတ်တယ်၊ ယခု ရဟန်းကတော့ အဲဒီလိုဟာတွေကို မရတဲ့အတွက် စိတ်မပျက်ဘူး, စိတ်မဆိုးဘူးတဲ့၊ ဒါလဲ သန္တ ပုဂ္ဂိုလ်ရဲ့ ဂုဏ်တခုဘဲ။

အဝိရုဒ္ဓေါ စ၊ ထိုထိုအာရုံ ထိုထိုပုဂ္ဂိုလ်နှင့်မဆန့်ကျင်တတ်, စိတ်မဆိုးတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ အချို့ပုဂ္ဂိုလ်က မမြင်ချင်တာတွေကို မြင်ရလို့လဲ ဆန့်ကျင်ပြီး စိတ်ဆိုးတတ် တယ်၊မကြားချင်တာတွေကို ကြားရလို့လဲ စိတ်ဆိုးတတ်တယ်၊ မတွေ့ချင်တာတွေကို တွေ့ရလို့လဲ စိတ်ဆိုးတတ်တယ်။အတူနေ အချင်းချင်းလဲ ဆန့်ကျင်ဘက် ဖြစ်နေတတ်တယ်၊ တစိမ်းနဲ့လဲ အဆင်မပြေဘဲ စိတ်ခုတတ်, ရန်ဖြစ်တတ်တယ်။ ယခု ရဟန်း ကတော့ ဘယ်နေရာမှာမှ ဆန့်ကျင်တာ မတွေ့တာရယ်လို့ မရှိဘူး၊ စိတ်မဆိုးတတ်ဘူးတဲ့၊ တယ်ကောင်းတဲ့ ဂုဏ်ဘဲ။

တဏှာယ၊ တဏှာဖြင့်။ ရသေသု၊ အရသာတို့၌။ န အနု- ဂိဇ္ဈတိ၊ မမက်မော မစွဲလမ်းတတ်၊ တချို့က အစားကောင်း သိပ်ကြိုက်တတ်တယ်၊ အကောင်းတွေကို စားဘို့ရာချည်း ကြံနေတတ်တယ်၊ ထူးမြတ်တဲ့ အရသာ ကောင်းကလေးများ စားရလို့ ရှိယင်လဲ စိတ်ထဲမှာ တအောင့်မေ့မေ့ တစေ့စေ့နဲ့ စွဲလမ်းနေတယ်၊ ယခု ရဟန်းကတော့ အဲဒီလို မဟုတ်ဘူး၊နေဝ ဒဝါယ၊ အာဟာရကို စားရတာဟာ ပျော်မြူးဘို့လဲ မဟုတ် ဘူး။ န မဒါယ၊ မာန်ယစ်ဘို့လဲ မဟုတ်ဘူး။ န မဏ္ဍနာယ၊ အသားအရေ ကြည်လင်ဘို့လဲ မဟုတ်ဘူး။ န ဝိဘူသနာယ၊ အသားအရေ ပြည့်ဖြိုး တင့်တယ်ဘို့လဲ မဟုတ်ဘူး။အမှန်မှာ

တော့ ဠမဿ ကာယဿ ဋ္ဌိတိယာ – ဤကိုယ်ကြီး တည်မြဲ တည်တံ့သာ ဖြစ်တယ်၊ ဝိဟိံ သူပရတိယာ၊ ဆာလောင်မှု ဆင်းရဲ ငြိမ်းဘို့မျှသာ ဖြစ်တယ်။ ဗြဟ္မစရိယာနုဂ္ဂဟာယ၊ မြတ်သော သာသနာအကျင့်, အရိယာ မဂ်အကျင့်ကို ကျင့်ဘို့ရာမျှသာ ဖြစ်တယ် စသည်ဖြင့် ပစ္စဝေက္ခဏာဉာဏ်နဲ့ ဆင်ခြင်ပြီး သုံးဆောင်တယ်၊ မရသေးတဲ့ အရသာကိုလဲ မတောင့်တဘူး၊ သုံးဆောင်ရတဲ့ အရသာကိုလဲ သာယာမက်မောမနေဘူး၊ဒါလဲ ဂုဏ်တခုဘဲ၊ သ-သော၊ထိုသို့သော ရဟန်းကို။ ဝေ၊ စင်စစ်။ သန္တေ ၁တိ၊ သန္တ ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ခေါ် ဆိုအပ်၏။ ဒီဂုဏ် အင်္ဂါတွေနဲ့ ပြည့်စုံတဲ့ ရဟန်းဟာ သန္တပုဂ္ဂိုလ် မည်ပါတယ်တဲ့။

**ဥပေက္ခကော သဒါ သတော၊န လောကေ မညတေ သမံ။**
**န ဝိသေသီ န နီစေယျော၊ တဿ နော သန္တိ ဥဿဒါ။**

ယော၊ အကြင် ပုဂ္ဂိုလ်သည်။ သဒါ၊ အခါ ခပ်သိမ်း။ သတော၊ အမှတ်ရသည့်,သတိနှင့် ပြည့်စုံသည်ဖြစ်၍။ ဥပေက္ခ-ကော၊ အညီအမျှ လျစ်လျူရှုသည်။ဟောတိ၊ ဖြစ်၏။ (အခါ ခပ်သိမ်း အမှတ်ရတဲ့သတိ ရှိရမယ်။ အမှတ်ရပြီးတော့ အညီအမျှ လျစ်လျူ ရှုနိုင်ရမယ်တဲ့။)

လောကေ၊ လောက၌။ အတ္တာနံ၊ မိမိကိုယ်ကို။ သမံ၊ သူတပါးနှင့် တူသည်ဟူ၍လည်း။ န မညတေ၊ မထင်မှတ်။ ဝိသေသီ၊ သူတပါးထက် ထူးသည် ဟူ၍လည်း။ န မညတေ၊ မထင်မှတ်။ နီစေယျော၊ သူတပါးထက် အောက်ကျသည့်, နိမ့်သည်, ညံ့သည် ဟူ၍လည်း။ န မညတေ၊ မထင်မှတ်။ (သူတပါးနဲ့ ကိုယ်ဟာ အတူတူဘဲလို့ ထင်တဲ့ မာနလဲ မရှိရဘူး၊ ကိုယ်က သူတပါးထက် မြတ်တယ်လို့ ထင်တဲ့ မာနလဲ မရှိရဘူး၊

ကိုယ်က သူတပါးထက် အောက်ကျတယ်, ညံ့တယ်လို့ ထင်တဲ့ မာနလဲ မရှိရဘူး၊ ဒီလို နှိုင်းပြိုင်တဲ့ မာန သုံးမျိုးလဲ ကင်းရမယ်တဲ့၊ ပြီးတော့) တဿ၊ ထိုပုဂ္ဂိုလ်အား။ဥဿဒါ၊ သံသရာ၌ စည်ပင်ကြီးထွား ပွါးများစေတတ်သော ကိလေသာကံတရားတို့သည်။ နော သန္တိ၊ မရှိကုန်။ (သံသရာ၌ စည်ပင်ကြီးထွား ပွါးများကြောင်းဖြစ်တဲ့ ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ ကိလေသာ ကုသိုလ် အကုသိုလ်ကံဆိုတဲ့ တရားတွေလဲ မရှိရဘူးတဲ့။ ) တံ၊ ထိုကဲ့သို့သော ပုဂ္ဂိုလ်ကို။ ဥပသန္တောတိ၊ ကိလေသာ အပူခပ်သိမ်း ငြိမ်းသော ပုဂ္ဂိုလ်ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောဆိုပေ၏။ (အဲဒီ ဂုဏ်အင်္ဂါတွေနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို ဥပသန္တ-အပူခပ်သိမ်းငြိမ်းတဲ့ ပုဂ္ဂိုလ်လို့ ခေါ်ပါတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က မဟာ သမယသုတ် တရားတော်ကို ဟောစဉ်တုန်းက ရေးထားတဲ့ ဆောင်ပုဒ်ဟာ ဒီဂါထာရဲ့ အဓိပ္ပါယ်ကိုယူပြီး ရေးထားတာပါဘဲ၊ အဲဒီ ဆောင်ပုဒ်ကတော့—

ရှုမှတ်အစဉ်၊ လျစ်လျူထင်၍၊ သုံးအင်မာန၊ ပယ်နိုင်မှ၊ သန္တ ပုဂ္ဂိုလ်မည်-တဲ့။

## အခါခပ်သိမ်း အမှတ်ရပုံ

သဒါ၊ အခါခပ်သိမ်း။ သတော၊ အမှတ်ရသည် ဆိုတာကို ဆောင်ပုဒ်မှာ ရှုမှတ်အစဉ်လို့ စီထားတယ်။ အစဉ်ထာဝရ အခါခပ်သိမ်း ရှုမှတ်သည်လို့ ဆိုလိုပါတယ်၊ သဒါ-အခါခပ်သိမ်းဆိုတဲ့-ပုဒ်ကို နိဒ္ဒေသမှာ အကျယ်ကြီးဖွင့်ပြထားပါတယ်။ နိစ္စကာလံ ဓုဝကာလံ၊ အမြဲတမ်း ကာလပတ်လုံးတဲ့။ သတတံ

သမိတံ-အမြဲမပြတ်တဲ့၊ အဗ္ဗောကိဏ္ဏံ၊ အမှတ်တမဲ့ အလွတ် စိတ်တွေနဲ့ မရောဘူးတဲ့၊ အဝိစိ သန္တတိ၊ အခြားမရှိ တစဉ် တည်းတဲ့၊ ပြီးတော့ တနေ့ အတွင်းဆိုယင် နံနက်ပိုင်းရော မွန်းလွဲပိုင်းရော ညဦးယာမ်ရော သန်းခေါင်ယာမ်ရော မိုး သောက်ယာမ်ရော အမြဲမပြတ်လို့ ဖွင့်ပြထားပါတယ်၊ ဒါကို ထုတ်ပြရတာကတော့ အမှတ်သတိနဲ့ တရားအားထုတ်ရတယ် ဆိုတာဟာ တနာရီလောက် အားထုတ်လိုက်၊ပြီးတော့ နားနေ လိုက်နဲ့ ဒီလို ပြတ်တောင်း ပြတ်တောင်း အားထုတ်ရတာ မဟုတ်ဘူး၊ အိပ်ပျော်နေချိန်လောက်သာ ချန်လှပ်ပြီး အမြဲ မပြတ် အားထုတ်ရတယ်ဆိုတာကို သဘောပေါက်အောင်လို့ ဒီပုဒ်၏ အဖွင့်ကို ထုတ်ပြတာပါဘဲ။ ဒါကြောင့် ခုနစ်ရက် လောက် အားထုတ်မယ် ဆိုယင် အဲဒီ ခုနစ်ရက် အတွင်းမှာ ညအိပ်ချိန်လောက်သာ ချန်လှပ်ပြီး နေ့ရော ညရော အမြဲ မပြတ် အားထုတ်နေရမယ်၊ ၁၅-ရက်လောက်သာ အားထုတ် ယင်လဲ ၁၅ ရက် အတွင်းမှာ အမြဲမပြတ် အားထုတ်ရမယ်၊ တလလောက် အားထုတ်မယ်ဆိုယင်လဲ အဲဒီ တလအတွင်းမှာ အိပ်ချိန်လောက် ချန်ပြီး မရပ် မနားဘဲ မပြတ် အားထုတ်နေ ရမယ်။ ဒါကြောင့်-သဒါ၊ အခါခပ်သိမ်း။ သတော၊ အမှတ် ရသည်ဖြစ်၍လို့ ဆိုထားပါတယ်။

## အမှတ်ရတယ်ဆိုတာ သတိပဋ္ဌာန်ဘဲ

သတော၊ အမှတ်ရတယ်ဆိုတာလဲ-နိဒ္ဒေသပါဠိတော်မှာ ကာယာနုပဿနာ သတိပဋ္ဌာန်ကိုပွါးနေယင် သတော၊ အမှတ် ရနေသည် မည်ပါတယ်တဲ့၊ ဝေဒနာနုပဿနာ၊စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်တွေကိုပွါးများနေယင်လဲ သတော၊

အမှတ်ရနေသည် မည်ပါတယ်တဲ့၊ သည်လို ဖွင့်ပြထားပါတယ်၊ ဒါကြောင့် သတိပဋ္ဌာန်လေးပါးထဲက တပါးပါးကို အရင်းခံပြုပြီး ပွါးစေရမယ်၊ ဒီလေးပါးထဲမှာလဲ အားထုတ်ခါစ ပုဂ္ဂိုလ်မှာ ကာယာနုပဿနာကစပြီး ပွါးများစေယင် အများအားဖြင့် သင့်လျော်တတ်ပါတယ်၊ ဒါကြောင့် ကိုယ်အမူအရာထဲက ထင်ရှားရာကစပြီး ရှုမှတ်ရမယ်၊ ဝိပဿနာဆိုတာ ဒွါရခြောက်ပါးမှာ ထင်ပေါ်လာတဲ့ တရားဟူသမျှကို ရှုရတယ်၊ ဒါပေမဲ့ အားထုတ်ခါစမှာတော့ ဒွါရ ခြောက်ပါးက ထင်ပေါ်လာသမျှကို အကုန်လိုက်ပြီး မရှုနိုင်သေးဘူး၊ ဒါကြောင့် အထင်ရှားဆုံး ကိုယ်အမူအရာက စပြီးတော့ ရှုရတယ်။

ထိုင်နေခိုက်မှာ ထိုင်နေတဲ့ အမူအရာကိုလဲ ထိုင်တယ် ထိုင်တယ်လို့ မပြတ် ရှုမှတ်နေနိုင်ပါတယ်၊ ဝင်သက် ထွက်သက်လေ ထိခိုက်လာတာကိုလဲ စူးစိုက်ပြီးတော့ ထိတယ် ထိတယ်လို့ မပြတ် ရှုမှတ်နေနိုင်ပါတယ်၊ တကိုယ်လုံးမှာ ခြေဖျားကစပြီး ဦးခေါင်းအထိ တနေရာရာက ထိမှုကို စူးစိုက်ပြီး ထိတယ် ထိတယ်လို့ ဒီလိုလဲ မပြတ် ရှုမှတ်နေနိုင်ပါတယ်၊ ယခု သာသနာ့ရိပ်သာက ယောဂီများရဲ့ လက်တွေ့နဲ့ ပြောရယင်တော့ ဝမ်းဗိုက်က ဖောင်းလိုက် ပိန်လိုက်နဲ့ လှုပ်ရှားနေတဲ့ ဝါယောဓာတ်ကစပြီး ရှုတာဟာ အကောင်းဆုံးပါဘဲ၊ ဒါကြောင့် ဝမ်းဗိုက်က ဖောင်းတက်လာတာနဲ့ ပိန်ကျသွားတာကိုဘဲ ဒီကတပည့်ယောဂီတွေဟာ စပြီး ရှုမှတ်လာခဲ့ကြတယ်၊ ဒါတွင်ဘဲလားလို့ဆိုတော့ ဒါတွင် မဟုတ်သေးပါဘူး၊ ဖောင်းတာ ပိန်တာကို မှတ်နေရင်း ဖြစ်ပေါ်လာတဲ့ စိတ်ကူးကြံစည်မှုတွေ

ကိုလဲ မှတ်ရတယ်၊ ပြီးယင် ဖောင်းတာ ပိန်တာကို ပြန်မှတ်ရတယ်၊ ကိုယ်ထဲက ညောင်းတာ, ပူတာ, နာကျင်တာ, ယားတာ ဒီလို ဝေဒနာတွေ ပေါ်လာယင်လဲ မှတ်ရတယ်၊ လက်, ခြေ, ကိုယ် လှုပ်ရှားပြုပြင်မှုတွေကိုလဲ မှတ်ရတယ်၊ ပြီးယင် ဖောင်းတာ ပိန်တာကို ပြန်မှတ်ရတယ်၊ ထိုင်ရာက ထယင်လဲ မှတ်ရတယ်၊ လမ်းလျှောက်တဲ့အခါလဲ ခြေလှမ်းတိုင်း လှမ်းတိုင်း ခြေကြွသည်မှ ချသည်အထိ မပြတ် မှတ်ရတယ်၊ သွားရာက ထိုင်ပြန်ယင်လဲ အဲဒီ ထိုင်ချလိုက်တဲ့ ကိုယ် အမူအရာကို မှတ်ရတယ်၊ ထိုင်ရာက လှဲအိပ်ယင်လဲ မှတ်ရတယ်။

အတိုချုပ်အားဖြင့် ပြောရယင် လှုပ်သည်ဖြစ်စေ, ငြိမ်နေသည်ဖြစ်စေ, ကိုယ်အမူအရာဟူသမျှကို မှတ်ရတယ်၊ စိတ်ကူးကြံစည်မိတိုင်း စိတ်အမူအရာဟူသမျှကို မှတ်ရတယ်၊ ဝေဒနာဟူသမျှကိုလဲ မှတ်ရတယ်၊ မြင်မှု, ကြားမှု စသည်ကိုလဲ မှတ်နိုင်သမျှ မှတ်ရတယ်၊ အကြောင်းထူး မရှိတဲ့အခါမှာ ဖောင်းတာ ပိန်တာကိုဘဲ မပြတ် မှတ်နေရတယ်၊ ဒါဟာ ကာယာနုပဿနာအရင်းခံပြီးတော့ သတိပဋ္ဌာန်လေးပါးကို ပွါးများနေပုံ အကျဉ်းချုပ်ပါဘဲ၊ ဒီလို မပြတ် ရှုမှတ်နေယင် ဘာဖြစ်မလဲ လို့ဆိုတော့—

သဒါ၊ အခါခပ်သိမ်း။ သတော၊ အမှတ်ရသည်ဖြစ်၍။ ဥပေက္ခကော၊ အညီအမျှ လျစ်လျူရှုသည်။ ဟောတိ၊ ဖြစ်၏လို့ ဆိုတဲ့အတိုင်း အညီအမျှ လျစ်လျူရှုနိုင်တဲ့ အခြေအနေကို ရောက်သွားပါတယ်၊ ဒါပေမဲ့ တနာရီ နှစ်နာရီလောက် ရှုမှတ်ရုံနဲ့ ရောက်ပါလိမ့်မယ်လို့တော့ တာဝန် မခံနိုင်ဘူး၊ တရက် နှစ်ရက်လောက်နဲ့လဲ ရောက်ပါလိမ့်မယ်လို့ တာဝန် မခံ

နိုင်ဘူး၊ ဉာဏ်အလွန် ထက်မြက်တဲ့သူဆိုယင် ခုနစ်ရက်လောက် အတွင်းမှာ ဒီ လျစ်လျူရှုနိုင်တဲ့ဉာဏ်ကို ရောက်တတ်ပါတယ်၊ ဒီလို ပုဂ္ဂိုလ်လဲ အလွန်ရှားပါတယ်၊ တရာမှာ တယောက် လောက်တောင် တွေ့ရခဲပါတယ်၊ ၁၅-ရက်လောက်အတွင်း ရောက်တဲ့ပုဂ္ဂိုလ်တောင် ခပ်ရှားရှားဘဲ၊အများအားဖြင့်တော့ အရက်နှစ်ဆယ်ကျော် တလအတွင်း ရောက်တဲ့သူဘဲ များပါ တယ်။ ဘာကြောင့်လဲဆိုယင် ဒီဉာဏ် မရောက်ခင် အစဉ် အတိုင်း တက်လာခဲ့ရတဲ့ ဉာဏ်တွေက ဆယ်ဆင့်တောင် ရှိနေ ပါတယ်၊ အဲဒီ ဉာဏ်တွေထဲမှာ ပဌမဆုံးဉာဏ်က နာမရူပ- ပရိစ္ဆေဒဉာဏ်တဲ့၊ အဲဒီ ဉာဏ်မရောက်ခင် စိတ္တဝိသုဒ္ဓိစခန်း ရောက်အောင်ကို တော်တော် အားထုတ်ယူရပါတယ်၊ ဒါ ကြောင့်ပါဘဲ။

## စိတ္တဝိသုဒ္ဓိ ဖြစ်ပုံ

အားထုတ်ခါစ ပုဂ္ဂိုလ်မှာ ဖောင်းတာနဲ့ ပိန်တာ ဒီဟာ ကလေး နှစ်ခုကိုဘဲ အချိုးတကျ မှတ်နိုင်အောင် တော်တော် ကြိုးစားရပါတယ်၊ ဖောင်းတာ ပိန်တာ မှတ်နေရင်း တခြားကို စိတ်ကူးတွေရောက်ပြီး မေ့နေလို့ မမှတ်နိုင်တာတွေကလဲ ရှိ တတ်တယ်၊ ဒါပေမယ့် ထက်သန်တဲ့ သဒ္ဓါ ဆန္ဒ ဝီရိယနဲ့ ရှုမှတ် နေယင် တရက် နှစ်ရက်အတွင်း ဖြစ်စေ, သုံး လေး ငါးရက် အတွင်းဖြစ်စေ အချိုးကျအောင် မှတ်နိုင်လာပါတယ်၊ အဲဒီ အခါမှာ တခြားကို စိတ်က မသွားတော့ဘူး၊ ဖောင်းတာ ပိန် တာအစရှိတဲ့ မှတ်စရာ အာရုံတွေကိုသာ မှတ်လျက် မှတ်လျက် ဖြစ်နေတယ်၊ တခါတရံ စိတ်ကူးဖြစ်လာယင်လဲ ချက်ခြင်းဘဲ မှတ်နိုင်တယ်၊ ပြီးတော့လဲ မှတ်နေကျကို အခြေမပျက် ဆက်

ပြီး မှတ်သွားနိုင်တယ်၊ အဲဒီလို အခါမှာ **ကာမစ္ဆန္ဒ အစ**ရှိတဲ့ နီဝရဏတွေ ကင်းနေတယ်၊ မှတ်စိတ်ချည်း စင်ကြယ်နေတယ်၊ ဒါကြောင့် အဲဒါကို စိတ္တဝိသုဒ္ဓိလို့ ခေါ်ရတယ်။

## နာမရူပပရိစ္ဆေဒဉာဏ် စသည်ဖြစ်ပုံ

အဲဒီလို စိတ်စင်ကြယ်နေတဲ့အခါမှာ မှတ်တိုင်း မှတ်တိုင်း မှတ်သိရတဲ့ အာရုံရုပ်က တခြား မှတ်သိတဲ့ စိတ်နာမ်ကတခြား စသည်ဖြင့် ရုပ်နှင့် နာမ် နှစ်ပါးကို မှတ်နေရင်းဘဲ ခွဲခြားပြီး သိရတယ်၊ အဲဒါဟာ နာမ်နဲ့ ရုပ်ကို ပိုင်းခြားပြီးသိတဲ့ **နာမရူပပရိစ္ဆေဒဉာဏ်**တဲ့။

အဲဒီက နောက် မှတ်သွားယင် အကြောင်းနဲ့ အကျိုး ဆက်စပ်ပြီး ဖြစ်နေတာကိုလဲ တွေ့ရတယ်၊ အဲဒါက **ပစ္စယပရိဂ္ဂဟဉာဏ်** တဲ့။

အဲဒီက နောက် ဆက်မှတ်နေယင် မှတ်ရတဲ့ အာရုံကလေး တွေ ပေါ်ပေါ်လာပြီး ပျောက်ပျောက် သွားတာကို မှတ်နေ ရင်းဘဲ တွေ့ရတယ်၊ တွေ့ပုံကတော့ ဖောင်းတယ်လို့ မှတ်တဲ့ အခါမှာ တောင့်တင်း လှုပ်ရှားမှုကလေးတွေ အသစ် အသစ် ပေါ်လာပြီး ပျောက်ပျောက် သွားတာကို တွေ့ရတယ်၊ ပိန် တယ်လို့ မှတ်ရာ ကွေးတယ် ဆန့်တယ်လို့ မှတ်ရာ စသည်မှာလဲ ထို့အတူဘဲ တွေ့ရတယ်၊ စိတ်ကူး ကြံစည်တာကို မှတ်တဲ့အခါ သာပြီး ထင်ရှားသေးတယ်၊ နာကျင်မှု ပူမှု စသော ဝေဒနာ တွေကို နာတယ် နာတယ် စသည်ဖြင့် မှတ်နေရင်းဘဲ ပျောက် ပျောက် သွားတာကိုဘဲ တွေ့ရတယ်၊ ဒီတော့ ယောဂီက ဖြစ်ပေါ်လာပြီး ပျောက်သွားလို့ မမြဲတဲ့ တရားတွေဘဲလို့လဲ

သဘောကျကျသွားတယ်၊ ဖြစ်ချည် ပျက်ချည်နဲ့ ဆင်းရဲချည်းဘဲလို့လဲ သဘောကျသွားတယ်၊အစိုးမရဘူး သူ့သဘောအတိုင်း သူဖြစ်ပျက်နေတဲ့ တရားတွေဘဲလို့လဲ သဘောကျကျသွားတယ်၊ အဲဒါဟာ သုံးသပ် ဆင်ခြင်တဲ့ သမ္မသနဉာဏ်ဘဲ။

အဲဒီက နောက်ဆက်ပြီး မှတ်နေယင် ပေါ်မှု ပျောက်မှုကလေးတွေဟာ လျင်လျင် မြန်မြန်နဲ့ ရှင်းရှင်းလင်းလင်း ပေါ်လာတတ်တယ်၊ အဲဒီလို အခါမှာ အရောင်အလင်းတွေကိုလဲ တွေ့တတ်တယ်၊ ဝမ်းမြောက်တဲ့ ပီတိတွေလဲ အလွန်အကဲ ဖြစ်တတ်တယ်၊ စိတ်ငြိမ်းအေးမှု ပဿဒ္ဓိလဲ ထင်ထင်ရှားရှား ဖြစ်တတ်တယ်၊ ကိုယ်ရော စိတ်ရော ပေါ့ပါးခြင်း (လဟုတာ) နူးညံ့ခြင်း (မုဒုတာ) စသည်ကိုလဲ အထင်အရှားတွေ့ရတတ်တယ်၊ အမှတ်သတိနဲ့ အသိဉာဏ်တွေလဲ အလွန်ထက်မြက်စွာ ဖြစ်နေတတ်တယ်၊ စိတ်ကြည်လင်မှု ယုံကြည်မှုသဒ္ဓါနဲ့ စိတ်ချမ်းသာမှု သုခဆိုတာတွေလဲ အလွန်အကဲ ဖြစ်နေတတ်တယ်၊ အဲဒီလို ထူးထူးခြားခြား ဖြစ်လာတာတွေကို သာယာနှစ်သက်ပြီး တော့လဲ နေတတ်တယ်၊ အဲဒါတွေကို အကုန်လုံး ရှုမှတ်ပြီး ပယ်ရတယ်။

အဲဒီလို ရှုမှတ်ပြီး ပယ်လို့ နိုင်သွားတဲ့အခါမှာ မှတ်ရတဲ့ အာရုံရော မှတ်သိတဲ့စိတ်ရော နှစ်ခုစလုံး အတွဲလိုက် အတွဲလိုက် မှတ်ရင်း ပျောက်ရင်း မှတ်ရင်း ပျောက်ရင်းနဲ့ ပျောက်ပျောက်သွားတာကို ထင်ရှားတွေ့ရတယ်၊ ပုံသဏ္ဌာန် အထည်ဒြပ်မရှိဘဲ တရိပ်ရိပ်နဲ့ ပျောက်ပျောက်သွားတာတွေကိုချည်း တွေ့နေရတယ်၊ ဒီအခါမှာ ပေါ်လာသမျှ အရုံတွေရော မှတ်သိနေတဲ့ စိတ်ရော ခဏမစဲ ပျက်နေတာကိုချည်း တွေ့နေရလို့ အနိစ္စ

ဒုက္ခ အနတ္တ ချည်းဘဲ-ဆိုတာ အလွန်ဘဲ ထင်ရှားနေပါတယ်၊ အဲဒါက ဘင်္ဂဉာဏ်တဲ့။

ကဲ ချုံးပြောကြစို့၊ အဲဒီက နောက် ဆက်မှတ်နေယင် ကြောက်ဖွယ်ထင်တဲ့ ဘယဉာဏ်၊အပြစ်မြင်တဲ့ အာဒီနဝဉာဏ်၊ ငြီးငွေ့တဲ့ နိဗ္ဗိဒါဉာဏ်၊ သင်္ခါရ ဆင်းရဲဒုက္ခမှ လွတ်မြောက်ချင်တဲ့ မုဉ္စိတုကမျတာဉာဏ်၊ တဖန်ဆက်ပြီး ထက်ထက် သန်သန်ရှုတဲ့ ပဋိသင်္ခါဉာဏ် ဆိုတာတွေဟာ အစဉ်အတိုင်း ဖြစ်ပေါ်လာကြတယ်။

## သင်္ခါရုပေက္ခာဖြင့် အညီအမျှရှုပုံ

အဲဒီကနောက် ဆက်မှတ်နေယင် သင်္ခါရုပေက္ခာ ဉာဏ်ဆိုတာကို ရောက်သွားပါတယ်၊ ဒီဉာဏ်ရောက်တဲ့အခါမှာဉပေက္ခာ-ကော-လျစ်လျူရှုတယ်ဆိုတဲ့ ဂုဏ်နဲ့ ပြည့်စုံပါတယ်၊ ဒွါရ ၆-ပါးက ပေါ်လာသမျှ အာရုံတွေကို နှစ်သက်စရာ အနေအားဖြင့်လဲ မထင်ဘူး၊ ရွံစရာ မုန်းစရာ အနေအားဖြင့်လဲ မထင်ဘူး၊ မချစ်မမုန်း ညီတူညီမျှ ရှုနေနိုင်ပါတယ်၊ ဒီလို ဒွါရ ၆-ပါးမှာ လျစ်လျူ ရှုနေတဲ့အတွက် ဒီဉာဏ်နဲ့ ပြည့်စုံနေတဲ့ သူဟာ ဆဠင်္ဂုပေက္ခာနဲ့ ပြည့်စုံနေတယ်လို့လဲ ဆိုရပါတယ်၊ နိဒ္ဒေသ ပါဠိတော်မှာ ဆဠင်္ဂုပေက္ခာနဲ့ ဆိုင်တဲ့ပါဠိကို ထုတ်ပြီး ဒီလို ဖွင့်ပြထားပါတယ်။

စက္ခုနာ ရူပံ ဒိသွာ နေဝ သုမနော ဟောတိ၊ န ဒုမ္မနော၊ ဉပေက္ခကော ဝိဟရတိ သတော သမ္ပဇာနော။

စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ အဆင်းကို။ ဒိသွာ၊ မြင်ပြီး၍။ နေဝ သုမနော ဟောတိ၊ ဝမ်းမြောက် ဝမ်းသာလဲ မဖြစ်။

န ဒုမ္မနော ဟောတိ၊ နှလုံးမသာလဲမဖြစ်။ သတော၊ အမှတ်ရသည်ဖြစ်၍။သမ္ပဇာနော၊ မှန်စွာသိသည်ဖြစ်၍။ဥပေက္ခကော၊ လျစ်လျူရှုလျက်။ ဝိဟရတိ၊ နေ၏–တဲ့။ (ဒီပါဌ်က အဆင်း မြင်ရာမှာ လျစ်လျူ ရှုပုံကို ပြတဲ့ ပါဌ်ဘဲ၊ အသံကြားရာ စသည်မှာလဲ ပါဌ်က နည်းတူပါဘဲ။ သဒ္ဒံ သုတွာ စသည် လောက်ပဲ ထူးပါတယ်။)

## ဆဠင်္ဂုပေက္ခာ

ဆိုလိုတဲ့ အဓိပ္ပါယ်ကတော့ မျက်စိဖြင့် အဆင်းကို မြင်တဲ့ အခါမှာ ဘယ်လို သာယာနှစ်သက်ဖွယ်ကို မြင်ရတွေ့ရပေမယ် လို့လဲဘဲ နှစ်သက်သာယာမှု ဝမ်းမြောက် ဝမ်းသာမှု မဖြစ်ပါ ဘူးတဲ့၊ ပကတိ လူတွေမှာတော့ နှစ်သက် သာယာဘွယ်ကို မြင်တွေ့ရယင်, သူမြင်ချင် တွေ့ချင်တာကလေးတွေကို မြင်တွေ့ ရယင်, သားချစ် သမီးချစ် ကလေးတွေ အိမ်သူ အိမ်သားတွေ ကို တွေ့ရ မြင်ရယင် ဝမ်းမြောက် ဝမ်းသာတယ်၊ နှစ်သက် သာယာတယ်၊ ယခု ပြောနေတဲ့ သင်္ခါရုပေက္ခာဉာဏ် ရောက်နေ ဆဲ ပုဂ္ဂိုလ်မှာတော့ ဘယ်လို နှစ်သက် သာယာစရာကို တွေ့ရ ပေမယ်လို့–နေဝ သုမနော ဟောတိ၊ ဝမ်းမြောက် ဝမ်းသာမှု နှစ်သက် သာယာမှု မဖြစ်ပါဘူးတဲ့။ ဘယ်လိုမကောင်းတာကို မြင်တွေ့ရပေမယ်လို့ န ဒုမ္မနော ဟောတိ၊ နှလုံးမသာ မဖြစ် ပါဘူးတဲ့၊ဒါဖြင့် ဘယ်လိုဖြစ်နေသတုံးလို့ဆိုယင် ဥပေက္ခကော ဝိဟရတိ၊ အညီအမျှ လျစ်လျူ ရှုနေပါတယ်တဲ့၊ မြင်ပြီး ပျောက်သွားတဲ့ အာရုံကို မြင်ကာမျှ သိကာမျှ ကလေး အညီ အမျှ ရှုနေပါတယ်တဲ့၊ ဘာကြောင့် ဒီလို ရှုနေနိုင်ပါသလဲလို့

ဆိုတော့၊သတော-အမှတ်ရလျက်၊ သမ္ပဇာနော၊အမှန်အတိုင်း သိနေလို့ပါဘဲတဲ့။

ဟုတ်တယ် ဒီဉာဏ် ရောက်နေတဲ့ယောဂီမှာ ပေါ်လာတဲ့ အာရုံကလေးတွေကို ကြောင့်ကြ မစိုက်ရဘဲ အမှတ် အသိ ကလေးတွေက သူ့ဟာသူ သိသိသွားနေသလိုလဲ ဖြစ်နေတယ်၊ အာရုံရော အသိရော တရိပ်ရိပ်နဲ့ ပျောက်ပျောက်သွားတာကို လဲ သိနေတယ်၊ဒါကြောင့် မြင်ရာမှာ နှစ်သက် စရာလဲမရှိဘူး၊ ရွံမုန်းစရာလဲ မရှိဘူး။ ကြားရာ စသည်မှာလဲ ထို့အတူဘဲ၊ ဒါကြောင့် ဝမ်းသာမှု နှစ်သက်မှုလဲ မဖြစ်ဘူး၊ ရွံမုန်းမှု နှလုံး မသာမှုလဲ မဖြစ်ဘူး၊ ဒွါရ ၆-ပါးက တရိပ်ရိပ်နဲ့ ပျက်ပျက် သွားတာကလေးတွေကို သိရုံသိရုံကလေး အညီအမျှ ရှုနေ ပါတယ်။ ဒီဉာဏ်က အင်မတန်တောင်းတဲ့ တရားဘဲ၊ဝိပဿနာ ကို ကျကျနန ရှုလို့ ဒီနေရာ ရောက်လာ ယင်တော့ ဒီဉာဏ် အကြောင်း ကောင်းကောင်းကြီး သိကြမှာဘဲ၊ ယခုလို ဟောရုံ နာရုံနဲ့တော့ သိဘို့ သဘောကျဘို့ မလွယ်လှပါဘူး၊ ဒါပေမဲ့ ရိပ်မိတန် ကောင်းရဲလို့ မြော်လင့်ပြီး ဟောနေရပါ တယ်၊ ပြီးတော့ ယခု တရားနာနေဘဲ့ ပုဂ္ဂိုလ်တွေကတော့ အများအားဖြင့် ဒီဉာဏ်ကို ရောက်ဘူးတွေ့ဘူးတဲ့ သူတွေချည်း ဖြစ်နေလို့ ဒီလို နက်နဲတဲ့ ဉာဏ် ဖြစ်ပုံတွေကို ဟောနေရတာ ပါဘဲ၊ ယခု ဟောတာကို နားမလည်နိုင် သဘောမကျ နိုင်တဲ့ သူတွေကိုတော့ ဝိပဿနာကို ကျကျနန အားထုတ် ကြည့်ပါလို့သာ တိုက်တွန်းလိုပါတယ်၊ အားထုတ်လို့ ဒီဉာဏ် ရောက်တဲ့အခါမှာ ကိုယ်တိုင်တွေ့ သိပါလိမ့်မည်။

ပြီးတော့ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်းကိုအညီ အမျှ လျစ်လျူ ရှုနေနိုင်တယ် ဆိုတာဟာ ရဟန္တာ ပုဂ္ဂိုလ်များမှာ အမြဲတမ်း ပြည့်စုံနေတဲ့ ဂုဏ်ဘဲ၊ ဆဠင်္ဂုပေက္ခာလို့ ခေါ်ပါတယ်၊ ပုထုဇဉ် ပုဂ္ဂိုလ် သေက္ခပုဂ္ဂိုလ် တွေမှာတော့ ဝိပဿနာရှုခိုက် ဒီဉာဏ် ရောက်ခိုက်မှာသာ ပြည့်စုံပါတယ်၊ ဒီတော့ ဒီဉာဏ်နဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ဟာ ရဟန္တာ၏ ဂုဏ်နဲ့ အခိုက် အတန့် အားဖြင့် ပြည့်စုံနေပါတယ်၊ ကိုယ့်ကိုယ်ကို ကိုယ်တိုင်လဲ အားရစရာ ကြည်ညိုစရာ ကောင်းတယ်၊ တခြား သူတွေက သိမယ်ဆိုယင်လဲ ကြည်ညိုစရာ ကောင်းပါတယ်၊ ဒီသင်္ခါရုပေက္ခာဉာဏ် ရောက်လာယင် မဂ်ဖိုလ်ဉာဏ်ရောက်ဖို့လဲ တယ်မဝေးတော့ဘူး။ တရက် အတွင်းလဲ ရောက်နိုင်တယ်၊ ပါရမီပြည့်စုံဘဲ့သူ ဆိုယင် မဂ်ဖိုလ်ဉာဏ်လေးဆင့်ကို အစဉ်အတိုင်း တက်ပြီး အရဟတ္တဖိုလ်ရောက်လို့ ရဟန္တာ ဖြစ်သွားတဲ့ အခါမှာ ယခု ပြောခဲ့တဲ့ အတိုင်း ပေါ်လာသမျှ အာရုံတွေကို လျစ်လျူရှုနိုင်တဲ့ ဒီဂုဏ်နဲ့ အခါခပ်သိမ်း ပြည့်စုံသွားပါတယ်။ အဲဒီလို ပြည့်စုံအောင် အားထုတ်ရမယ် ဆိုတာကို ရည်ရွယ်ပြီးတော့ "သဒါ၊ အခါခပ်သိမ်း။ သတော၊ အမှတ်ရသည်ဖြစ်၍။ ဥပေက္ခကော၊ လျစ်လျူရှုသည်။ ဟောတိ၊ ဖြစ်၏" လို့ ဟောတော်မူပါတယ်။ ဒီလိုရဟန္တာဖြစ်ပြီး အရာရာမှာ လျစ်လျူရှုနိုင်ယင် မာန်မာန ဟူသမျှတွေလဲ အကုန်ကင်းပါတယ်။

## မာန ၃-မျိုး ကင်းရမယ်

ဒါကြောင့် လောကေ၊ လောက၌။ အတ္တာနံ၊ မိမိကိုယ်ကို။ သမံ၊ သူတပါးနှင့် တူညီသည်ဟူ၍လဲ။ န မညတေ၊ မထင်မှတ်။

ငါဟာ မည်သူ မည်သူတွေနဲ့ အဆင့်အတန်း အတူတူဘဲလို့ နှိုင်းပြိုင်တဲ့ မာနလဲ မရှိတော့ပါဘူးတဲ့။

န ဝိသေသီ၊ သူတပါးထက် ထူးမြတ်သည်ဟူ၍လဲ။ န မညတေ၊ မထင်မှတ်။ ကိုယ်က သူများထက် သာတယ်လို့ ထင်မှတ်တဲ့ နှိုင်းပြိုင်မှု မာနလဲ မရှိတော့ပါဘူးတဲ့။

န နီစေယျော၊ သူတပါးထက် အောက်တန်းကျသည် နိမ့်သည်ဟူ၍လဲ။ န မညတော၊ မထင်မှတ်။

မာန-ဆိုတာ ဥဏ္ဏတိလက္ခဏာရှိတယ်၊ တက်ကြွခြင်း သဘောရှိတယ်လို့ ဆိုပါတယ်။ ယခုပြောနေတဲ့ မာနကတော့ ကိုယ့်ကိုယ်ကို နှိမ်ချထားပြီးသား ဖြစ်နေတဲ့အတွက် တက်ကြွ ခြင်းသဘော မရှိဘူးလို့ ထင်စရာ ရှိပါတယ်၊ ဒါပေမယ့် ဒီမာန ကလဲ နှိမ်ချတဲ့ နိဝါတ သဘော မဟုတ်ပါဘူး၊ ယုတ်ညံ့တဲ့ အဆင့်အတန်းနဲ့ ဂုဏ်ယူတာတမျိုးပါဘဲ၊ ဘယ်လိုလဲဆိုယင် ငါဟာ မည်သူတွေထက် မိုက်တယ်၊ သတ်ဝံ့တယ်၊ငါ့မှာ ဘာမှ ငဲ့ကွက်စရာ ဂုဏ်ထူးမရှိဘူး၊ဘာမဆို ငါက လုပ်ရဲတယ်စသည် ဖြင့် ဒီလို အောက်ကျတဲ့ အခြေအနေနဲ့ ဂုဏ်ယူတာ တမျိုး ပါဘဲ၊ ကျွန်အချင်းချင်းတောင်မှ ငါက အိမ်ပေါက်ကျွန်ဘဲ ကျွန်ရင်းဘဲ စသည်ဖြင့် ကျွန်တွင်းနက်ပုံနဲ့စပ်ပြီး ဂုဏ်ယူတတ် တယ်၊ ဒါ့ကြောင့် ငါက အောက်ကျတယ် နိမ့်တယ်လို့ နှိုင်းပြိုင် တာဟာလဲ တက်ကြွ မြင့်မောက်ခြင်းသဘော ရှိတာပါဘဲ၊ ရဟန္တာမှာတော့ အဲဒီအောက်ချပြီးဂုဏ်ယူတဲ့မာနလဲ မရှိတော့ ဘူး-တဲ့။

ရဟန္တာ မဖြစ်သေးခင်ကတော့ ဒီ မာနသုံးမျိုးဟာ ထိုက် သည်အားလျော်စွာ ရှိနေတာပါဘဲ၊ ဒါကြောင့် တရားအား

ထုတ်နေဆဲပုဂ္ဂိုလ်မှာ ဒီမာနသုံးမျိုးထဲက တမျိုးမျိုး ဖြစ်ပေါ်လာယင် ရှုမှတ်ပြီး ပယ်ရတယ်။ ဘယ်လိုလဲဆိုယင် ဉာဏ်ထူးတခုခု ဖြစ်ပေါ်လာတဲ့အခါ ငါဟာ မည်သူ့အဆင့် ရောက်လာပြီ၊ သူနဲ့ငါဟာ အတူတူဘဲလို့ ဒီလိုလဲ မာန်တက်တတ်တယ်၊ ငါက မည်သူထက် သာလာပြီ၊ သူများတွေဟာ ငါလောက်တော့ အတွေ့အသိ ကောင်းမှာ မဟုတ်ပါဘူး- စသည်ဖြင့် ကိုယ့်ကိုယ်ကို အမြင့်အမြတ် ထားပြီးတော့လဲ မာန်တက်တတ်တယ်၊ အားထုတ်ခါစ ပုဂ္ဂိုလ်ကတော့ ငါဟာ အားထုတ်စရှိသေးတာဘဲ၊ သူတို့လောက် အမှတ်ကို ဂရုမစိုက်နိုင်ပါဘူး၊ ငါ့မှာ မမှတ်ပဲ နေလို့လဲ သမာဓိဉာဏ် ပျက်စရာ မရှိပါဘူး စသည်ဖြင့် ကိုယ့်ကိုယ်ကို အောက်ချပြီးတော့လဲ မာန်မာနကဖြစ်တတ်တယ်၊ ဘယ်လိုဘဲဖြစ်ဖြစ် အဲဒီ ဖြစ်လာတဲ့ မာန်မာနကို ရှုမှတ်ပြီး ပယ်ရတယ်၊ ဒီမာနကလဲ တဏှာလိုဘဲ အင်မ-တန် အစွမ်းကောင်းတယ်၊ အနာဂါမ်မှာတောင် ဒီမာနက ရှိနေသေးတာဘဲ၊ အရဟတ္တဖိုလ်ရောက်မှ ဒီမာနက လုံးလုံးကင်းသွားပါတယ်၊ အဲဒီ ရောက်အောင် အားထုတ်သွားဘို့ပါဘဲ။

အဲဒီ အရဟတ္တမဂ် ဖိုလ်ရောက်လို့ ရဟန္တာဖြစ်တဲ့အခါကျတော့ ဥဿဒခေါ်တဲ့ ကိလေသာနဲ့ ကံတွေပါ အကုန် ကင်းသွားပါတယ်၊ဒါကြောင့်—တဿ၊လျစ်လျူ၊ရှုနိုင်လျက် မာနသုံးမျိုး ကင်းသော ထိုသူအား။ ဥဿဒါ၊ သံသရာ၌ စည်ပင်ကြီးထွား ပွါးများစေတတ်သော ရာဂ ဒေါသ မောဟ မာနဒိဋ္ဌိ ကိလေသာ ကံတရားတို့သည်။ နေ ၁ သန္တိ၊ မရှိကုန်။ သံသရာမှာ တဘဝပြီး တဘဝ စည်ပင်ကြီးထွား ပွါးများစေ

တတ်တဲ့ တရားတွေလဲ မရှိတော့ဘူးတဲ့၊ ဘယ်လိုဟာတွေလဲ ဆိုယင် ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ ကျန်တဲ့ ကိလေသာနဲ့ ကုသိုလ် အကုသိုလ်ကံဆိုတဲ့ ဒီတရား (၇)မျိုးပါဘဲ၊ ဒီတရား တွေ ရှိနေသမျှကာလပတ်လုံး သံသရာမှာ တဘဝပြီး တဘဝ မပြတ် ဖြစ်နေရမယ်၊ ဒါကြောင့် ဒီတရားတွေကို ဥဿဒ တရားလို့ ခေါ်ပါတယ်၊ အဲဒါတွေလဲ မရှိတော့ပါဘူး-တဲ့။ ဒီပုဒ်ကတော့ အကျိုးသဘော ဖြစ်နေလို့ ဆောင်ပုဒ်ထဲမှာ ထည့်မထားဘူး၊ အထူး မှတ်သားဘို့ ကောင်းတဲ့ ရွှေပိုင်း လောက်သာ ဆောင်ပုဒ်ထဲ ထည့်စီထားပါတယ်၊ အဲဒီ ရွှေပိုင်း လောက်နဲ့ဘဲ အနက်အဓိပ္ပါယ် ပြည့်စုံ လုံလောက်ပါတယ်၊ ဒါကြောင့်——

ရှုမှတ်အစဉ်၊ လစ်လျူထင်၍၊ သုံးအင်မာန ပယ်နိုင်မှ၊ သန္တ ပုဂ္ဂိုလ်မည်–လို့ ဆောင်ပုဒ်က ဆိုထားပါတယ်၊

ဒီဆောင်ပုဒ်နဲ့ ဆိုင်ရာဂါထာရဲ့ အနက် အဓိပ္ပါယ်ကတော့ နားလည်လောက်ပါပြီ။

**ယဿ နိဿယနာ နတ္ထိ၊ ဉတွာ ဓမ္မံ အနိဿိတော။**
**ဘဝါယ ဝိဘဝါယ ဝါ၊ တဏှာ ယဿ န ဝိဇ္ဇတိ။**

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ နိဿယနာ၊ တဏှာ ဒိဋ္ဌိ ဟူသော မှီရာတို့သည်။ နတ္ထိ၊ မရှိကုန်။ ဓမ္မံ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားကို။ ဉတွာ၊ သိ၍။ အနိဿိတော၊ တစုံတခုကိုမျှ မမှီတွယ်သည်။ ဟောတိ၊ ဖြစ်၏။ (ကိုယ်တွင်းကိုယ်ပ ရှိသမျှ တရား တစုံတခုကို သာယာနှစ်သက်တဲ့ **တဏှာ**ဆိုတာကလဲ မှီရာတခု၊ အဲဒီတရားတွေကိုပင် ငါဘဲ, သူဘဲ, အသက်ရှင်နေ

တဲ့ အကောင်ဘဲ, မသေမပျက်ဘဲ အမြဲတည်နေတဲ့ အကောင်ဘဲ, သေပြီးတဲ့နောက် ဘာမှမကျန်ဘဲ ပျောက်ပျက်သွားမည့် အကောင်ဘဲလို့ ထင်မှားစွဲလမ်းတဲ့ ဒိဋ္ဌိကလဲ မှီရာတခု၊ အဲဒီ မှီရာနှစ်ခုမရှိတဲ့ ပုဂ္ဂိုလ်တဲ့၊ အဲဒါဟာ ရဟန္တာပုဂ္ဂိုလ်ပါဘဲ၊ အဲဒီ ရဟန္တာပုဂ္ဂိုလ်ဟာ အလုံးစုံသော ရုပ် နာမ် ဓမ္မ သင်္ခါရ တရားတွေကို အနိစ္စ ဒုက္ခ အနတ္တမျှဘဲဆိုတာ အမှန်အတိုင်း သိပြီးဖြစ်တဲ့အတွက် ဘယ်လို ရုပ်နာမ်ကိုမှ မြဲတယ် ချမ်းသာတယ် အတ္တကောင် သတ္တဝါကောင် ငါကောင်ဘဲလို့ သာယာ စွဲလမ်းပြီး မှီတွယ်ခြင်း မရှိတော့ပါဘူး-တဲ့။)

ယဿ၊ အကြင် ရဟန္တာပုဂ္ဂိုလ်အား။ ဘဝါယ ဝါ၊ ဘဝ-ဒိဋ္ဌိ–သဿတဒိဋ္ဌိအတွက်ဖြစ်စေ၊ ဝါ၊ အဖန်ဖန်ဖြစ်ရန်အတွက် ဖြစ်စေ။ ဝိဘဝါယ ဝါ၊ ဝိဘဝဒိဋ္ဌိ–ဉစ္ဆေဒဒိဋ္ဌိအတွက် ဖြစ်စေ၊ တဏှာ၊ တပ်မက်နှစ်သက်မှုတဏှာသည်။ န ဝိဇ္ဇတိ၊ မရှိတော့ချေ။ (ပုထုဇဉ်ပုဂ္ဂိုလ်တွေမှာ မိမိ သူတပါးလို့ ခေါ်ဆိုရတဲ့ အသက်ကောင် အတ္တကောင်ဟာ သေခြင်း ပျက်ခြင်း မရှိဘဲ အမြဲတမ်း တည်နေတယ်၊ ရုပ်ကြမ်း ကိုယ်ကြမ်းကြီးက သေပျက်သွားပေမဲ့ အသက်ကောင် အတ္တကောင်ကတော့ မပျက်ဘူး၊ တခြားဌာန တခြားဘဝမှာ ပြောင်းရွှေ့ပြီးတော့ တည်နေတယ်၊ ဘယ်တော့မှ မပျက်နိုင်ဘူးလို့ ဒီလို အယူအစွဲလဲ ရှိတတ်တယ်၊ အဲဒီ အယူအစွဲကို ဘဝဒိဋ္ဌိ-လို့လဲ ခေါ်တယ်၊ သဿတဒိဋ္ဌိ-လို့လဲ ခေါ်တယ်၊ သေပြီးတဲ့နောက် ဘာမျှ မရှိတော့ဘူး၊ အကုန်လုံး ပျက်သွားတယ် ဘဝ ပြတ်သွားတယ်လို့ ဒီလို အယူအစွဲလဲ ရှိတတ်တယ်၊ အဲဒါက ဝိဘဝဒိဋ္ဌိ-တဲ့၊ ဉစ္ဆေဒ ဒိဋ္ဌိ-လို့လဲ ခေါ်တယ်၊ ပုထုဇဉ်ပုဂ္ဂိုလ်တွေမှာ ဒီအယူနှစ်ခုထဲက

တခုခုကို ကြိုက်နှစ်သက်နေကြတယ်၊ ရဟန္တာမှာတော့ အဲဒီလို အယူအစွဲလဲ မရှိဘူး၊ အဲဒီလို အယူအစွဲကို နှစ်သက်မှုလဲ မရှိဘူး၊ ဒါကြောင့် ဘဝတဖန် ဖြစ်ဘို့ရာလဲ မသာယာမတောင့်တဘူး၊ မဖြစ်ဘို့ရာလဲ မသာယာ မတောင့်တဘူး၊ အဲဒီလို ရဟန္တာပုဂ္ဂိုလ်ကို သန္တပုဂ္ဂိုလ်လို့ ခေါ်တဲ့အကြောင်း နောက်ဂါထာမှာ ဆက်ပြီး ဖော်ပြထားတယ်။)

**တံ ဖြူမိ ဥပသန္တောတိ၊ ကာမေသု အနပေက္ခိနံ။**
**ဂန္ထာ တဿ န ဝိဇ္ဇန္တိ၊ အတရိ သော ဝိသတ္တိကံ။**

ကာမေသု၊ ကာမဂုဏ်တို့၌။ အနပေက္ခိနံ၊ ငဲ့ကွက်တွယ်တာခြင်း မရှိသော။ တံ၊ ထိုဆိုအပ်ခဲ့ပြီးသော ဂုဏ်အလုံးစုံတို့နှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်ကို။ ဥပသန္တောတိ၊ ကိလေသာအပူမီးငြိမ်းအေးပြီးသောသူ ဟူ၍။ ဗြူမိ၊ ငါဟောဆိုပေ၏။

တဿ၊ ထို ဥပသန္တမည်သော ရဟန္တာပုဂ္ဂိုလ်အား။ ဂန္ထာ၊ ထုံးဖွဲ့တတ်သော တရားတို့သည်။ န ဝိဇ္ဇန္တိ၊ မရှိကုန်။ (ကြိုးတချောင်းအဆုံးမှာ နောက်ကြိုးတစနဲ့ ထုံးဖွဲ့ပြီး ဆက်ပေးလိုက်ယင် ကြိုးစဟာ မဆုံးဘဲနဲ့ ရှည်လာတယ်၊ အဲဒီ ဒုတိယကြိုး အဆုံးမှာ တဖန် တတိယကြိုးနဲ့ ဆက်ပေး၊ အဲဒီ ကြိုးအဆုံးမှာလဲ စတုတ္ထကြိုးနဲ့ ဆက်ပေး စသည်ဖြင့် နောက်ထပ် ဆက်ဆက်ပေးနေယင် ကြိုးစဟာ မဆုံးနိုင်တော့ဘူး၊ အဲဒါလိုဘဲ တဘဝ တဘဝ ဆုံး ဆုံး သွားရာမှာ နောက်ထပ် ထုံးဖွဲ့ပြီး ဆက်ဆက်ပေးတတ်တဲ့ တဏှာနဲ့ ဒိဋ္ဌိကို ဂန္ထတရားလို့ ခေါ်တယ်၊ ပုထုဇဉ်တွေမှာ ဒီ ဂန္ထတရားတွေက ထုံးဖွဲ့ပြီး ဆက်ဆက် ပေးပေးနေလို့ ဘဝသံသရာမှာ အစဉ်မပြတ် ကျင်လည်နေကြရတယ်၊ သောတာပန်မှာ အများဆုံး (၇)

ဘ၀၊ သကဒါဂါမ်မှာ (၂)ဘ၀၊ အနာဂါမ်မှာ ရူပဘ၀ အရူပ ဘ၀ထဲက တဘ၀ဖြစ်ပြီး ကျင်လည် နေကြရတယ်၊ ရဟန္တာ မှာတော့ အဲဒီလို ထုံးဖွဲ့ပြီး ဘ၀ကို ဆက်ပေးတတ်တဲ့ ဂန္ထ တရားတွေဟာ လုံး၀ မရှိတော့ပါဘူး-တဲ့။

သော၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ ဝိသတ္တိကာံ၊ ငြိကပ်တွယ် တာ သာယာတတ်သော တဏှာကို။ အတာရိ၊ ကျော်လွန် သွားလေပြီ။ (ဒီအပိုဒ်ကတော့ ထင်ရှားနေပါပြီ။)

**န တဿ ပုတ္တာ ပသဝေါ၊ ခေတ္တံ ဝတ္ထုဉ္စ ဝိဇ္ဇတိ။**
**အတ္တာ ဝါပိ နိရတ္တာ ဝါ၊ န တသ္မိံ ဥပလဗ္ဘတိ။**

တဿ၊ ထို ဥပသန္တ မည်သော ရဟန္တာ ပုဂ္ဂိုလ်အား။ ပုတ္တာ စ၊ သားသမီးတို့သည်၎င်း။ ပသဝေါ စ၊ ကျွဲ, နွား, ဆင်, မြင်း, ဆိတ်, သိုး, ကြက်, ဝက် စသော သက်ရှိပစ္စည်း ဖြစ်သော သတ္တဝါတို့သည်၎င်း။ ခေတ္တံ စ၊ လယ်သည်၎င်း။ ဝတ္ထုဉ္စ၊ ယာသည်၎င်း။ န ဝိဇ္ဇတိ၊ မရှိ။ (ရဟန္တာ မဖြစ်ခင် က သားသမီး စသည်တို့ ရှိခဲ့ဘူးတဲ့သူ ဖြစ်ပေမဲ့ ရဟန္တာဖြစ် သည့် အချိန်ကစပြီး အဲဒီ သားသမီး စသည်တို့နှင့် စပ်ပြီး သာယာ သိမ်းပိုက်မှု လုံး၀ မရှိတော့ပါဘူး-တဲ့။) တသ္မိံ၊ ထို ရဟန္တာပုဂ္ဂိုလ်၌။ အတ္တာ ဝါပိ၊ အတ္တဒိဋ္ဌိကို၎င်း။ နိရတ္တာ ဝါ၊ ဥစ္ဆေဒဒိဋ္ဌိကို၎င်း။ န ဥပလဗ္ဘတိ၊ မရအပ်ပေ။ (အဲဒီ ဒိဋ္ဌိနှစ်မျိုးလုံး မရှိတော့ဘူးလို့ ဆိုလိုပါတယ်၊ ရှေးက ဂါထာ တွေမှာလဲ ဒီ အဓိပ္ပါယ် ပါခဲ့ပြီးပါပြီ၊ ဒါပေမဲ့ အတ္တာ နိရတ္တာ ဆိုတဲ့ စကားနဲ့ ပြောမှ နားလည်မည့် ပုဂ္ဂိုလ်တွေအတွက် ထပ်ပြီးတော့ ဟောတော်မူရပါတယ်။)

**ယေန နံ ဝဇ္ဇုံ ပုထုဇ္ဇနာ၊ အထော သမဏဗြာဟ္မဏာ။**
**တံ တဿ အပုရက္ခတံ၊ တသ္မာ ဝါဒေသု နေ’ဇတိ။**

ပုထုဇ္ဇနာ၊ ပညာမဲ့သော အများစု နတ်လူ တို့သည်၎င်း။ အထော၊ ထို့ပြင်။ သမဏ ဗြာဟ္မဏာ၊ ပညာရှိ ရသေ့, ရဟန်း, ပုဏ္ဏား တို့သည်၎င်း။ နံ၊ ထို ပုဂ္ဂိုလ်ကို။ ယေန၊ အကြင် ရာဂ အစရှိသော အပြစ်အနာအဆာဖြင့်။ ဝဇ္ဇုံ၊ တပ်မက်နေသောသူ, စိတ်ဆိုးနေသောသူ စသည်ဖြင့် စွပ်စွဲ ပြောဆို ကုန်ရာ၏။ တံ၊ ထို စွပ်စွဲပြောဆိုနိုင်ကြောင်းဖြစ်သော ရာဂစသော အပြစ်အနာအဆာကို။ တဿ၊ ထို ရဟန္တာပုဂ္ဂိုလ်သည်။ အပုရက္ခတံ၊ ရှေ့သွား မပြုအပ်တော့ပြီ။ (ပုထုဇဉ်နဲ့ သေက္ခ ပုဂ္ဂိုလ်တို့မှာ ရာဂ စသည်တို့ စေခိုင်းရာကို ပြုလုပ်နေကြရသောကြောင့် ရာဂစသည်ကို ရှေ့ဆောင်လမ်းပြ ဆရာသခင် တင်မြှောက်ထားသလိုပင် ဖြစ်နေပါတယ်၊ အဲဒီ ရာဂ စသော ရှေ့ဆောင်ဆရာတွေ ရှိနေတဲ့အတွက် ပုထုဇဉ်ပုဂ္ဂိုလ်နဲ့ သေက္ခပုဂ္ဂိုလ်တွေမှာ ရာဂ ဖြစ်နေတဲ့ အခါလဲ ရှိတယ်၊ ဒေါသဖြစ်နေတဲ့ အခါလဲ ရှိတယ်၊ တကယ် ဖြစ်နေခိုက် မဟုတ်သော်လဲ အနုသယ အနေအားဖြင့် အကြောင်း ညီညွတ်တဲ့အခါ ဖြစ်ဖို့ အသင့်ရှိနေတယ်၊ ဒါကြောင့် ပုထုဇဉ်နဲ့ သေက္ခပုဂ္ဂိုလ်များကိုတော့ တပ်မက် နှစ်သက်နေတယ်၊ အမျက်ဒေါသ ရှိနေတယ် စသည်ဖြင့် သူတပါးက စွပ်စွဲပြောဆိုနိုင်ခွင့် ရှိပါတယ်၊ ရဟန္တာပုဂ္ဂိုလ်မှာတော့ ရာဂစသည်ကို ရှေ့ဆောင်ဆရာ တင်ထားတဲ့ အနေမျိုးဟာ လုံးဝ မရှိတော့ဘူး၊ ရာဂ စသည်ဖြစ်နိုင်ခွင့်တောင် မရှိတော့ဘူး၊ ဒါကြောင့် ရာဂဖြင့် တပ်မက်နေတယ်, ဒေါသဖြင့် စိတ်ဆိုးနေတယ် စသည်ဖြင့် စွပ်စွဲ ပြောဆို

နိုင်ဖွယ်လဲ မရှိတော့ဘူးလို့ ဆိုလိုပါတယ်။) တသ္မာ၊ ထို့ကြောင့်။ သော၊ ထိုရဟန္တာ ပုဂ္ဂိုလ်သည်။ ဝါဒေသု၊ စွပ်စွဲပြောဆိုမှုတို့ကြောင့်။ နေဇတိ-န ဧဇတိ၊ မတုန်မလှုပ်တော့ပေ။ (ထင်ရှား ပေါ်နေပါပြီ။)

**ဝီတဂေဓော အမစ္ဆရီ၊ န ဥဿေသု ဝဒတေ မုနိ။**

**န သမေသု န ဩမေသု၊ ကပ္ပံ နေ’တိ အကပ္ပိယော။**

သော မုနိ၊ ရဟန္တာမြတ်ဖြစ်သော ထိုရဟန်းသည်။ ဝီတ-ဂေဓော။ မက်မောခြင်းလည်း ကင်းပေ၏။ အမစ္ဆရီ၊ ဝန်တိုခြင်းလည်း မရှိပေ။ ဥဿေသု၊ မိမိထက် မြင့်မြတ်သောပုဂ္ဂိုလ်တို့၌။ န ဝဒတေ၊ အမျိုးတူ အတန်းတူ အဖြစ်ဖြင့် ထည့်သွင်း၍ နှိုင်းပြိုင်လျက် မပြောတတ်ပေ။ (သိက္ခာ ဝါအားဖြင့် ဖြစ်စေ၊ ပရိယတ် ဂုဏ်အားဖြင့် ဖြစ်စေ၊ အခြံအရံပရိသတ်စသည်အားဖြင့် ဖြစ်စေ မိမိထက် သာတဲ့ပုဂ္ဂိုလ်တွေထဲမှာ “ငါလဲသူတို့နဲ့ အမျိုးအစား အတူတူဘဲ”လို့ ထည့်သွင်းပြီးတော့ မိမိကပင် သာသလိုလို ပြောဆိုခြင်း၊ တန်းတူလိုလို ပြောဆိုခြင်း၊ မိမိက အောက်ကျတဲ့ အနေနဲ့ ပြောဆိုခြင်းမျိုးလဲ မရှိပါဘူးတဲ့၊ နောက်နှစ်ပုဒ်ရဲ့ အနက်ကလဲ နည်းတူပါဘဲ။) န သမေ-သု၊ တန်းတူ ပုဂ္ဂိုလ်တို့၌လဲ ထည့်သွင်း နှိုင်းစာ၍ မပြောတတ်။ န ဩမေသု၊ အောက်ကျသော ပုဂ္ဂိုလ်တို့၌လဲ ထည့်သွင်းနှိုင်းစာ၍ မပြောတတ်။ အကပ္ပိယော၊ တဏှာဒိဋ္ဌိဖြင့် ကြံဆခြင်းကင်းသည်ဖြစ်၍။ ကပ္ပံ၊ တဏှာဒိဋ္ဌိဖြင့် ကြံဆခြင်းသို့။ နေတိ-န ဧတိ၊ မရောက်တော့ပေ။ (လိုချင် နှစ်သက်စရာတွေကို လိုချင်နှစ်သက်ပြီး ကြံနေတာကို တဏှာဖြင့် ကြံတယ်လို့ ဆိုရပါတယ်၊ ရုပ်ဟာ အတ္တဘဲ၊ သိတတ်တဲ့ စိတ်ဟာ အတ္တဘဲ-စသည်

ဖြင့် ကြံတာကို ဒိဋ္ဌိဖြင့် ကြံတယ်လို့ ဆိုရပါတယ်၊ အဲဒီကြံစည်မှုမျိုး မရှိတော့ဘူးလို့ ဆိုလိုပါတယ်။)

**ယဿ လောကေ သကံ နတ္ထိ၊ အသတာ စ န သောစတိ။**

**ဓမ္မေသု စ န ဂစ္ဆတိ၊ သ ဝေ သန္တောတိ ဝုစ္စတိ။**

ယဿ၊ ယင်းဆိုခဲ့ပြီးသော ရဟန္တာ ပုဂ္ဂိုလ်အား။ သကံ၊ ငါ၏ဥစ္စာဟု သာယာသိမ်းပိုက်အပ်သော မိမိဥစ္စာမည်သည်။ နတ္ထိ၊ မရှိတော့ပေ။ (ကိုယ်တွင်းကိုယ်ပ တစုံတခုကိုမျှ ငါ့ဥစ္စာ, ငါ့မျက်စိ စသည်ဖြင့် သာယာသိမ်းပိုက်ခြင်းမရှိဘူး၊ သာယာသိမ်းပိုက်တတ်တဲ့ တဏှာနဲ့ဒိဋ္ဌိ လုံးဝကင်းနေပြီလို့ ဆိုလိုပါတယ်။)အသတာ စ၊ မရှိခြင်းကြောင့်လဲ။ န သောစတိ၊ မစိုးရိမ်မပူဆွေးတော့ပြီ။ (တစုံတရာကို မရသောကြောင့်လဲ မစိုးရိမ်မပူဆွေးဘူး၊ ရပြီးဖြစ်တဲ့ ကိုယ်တွင်း ကိုယ်ပ ဝတ္ထုတစုံတခု ပျက်စီးဆုံးရှုံးသွားသောကြောင့်လဲ မစိုးရိမ် မပူဆွေးတော့ဘူးလို့ ဆိုလိုပါတယ်။) ဓမ္မေသု စ၊ ရုပ်နာမ် ဓမ္မ သင်္ခါရတရားတို့၌လည်း။ ဝါ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကြောင့်လည်း။ န ဂစ္ဆတိ၊ မရောက်သင့်မရောက်ထိုက်ရာသို့ မရောက်တော့ပေ။ (လောကမှာ လူ, ရှင်, ရဟန်း, မိန်းမ, ယောကျ်ားလို့ ခေါ်ရတာတွေရော၊ အဝတ်အထည်, ဆန်စပါး, ရွှေ, ငွေ, အိမ်, ကျောင်း စသည်ဖြင့် ခေါ်ဆိုရတဲ့ သုံးဆောင်ဖွယ်တွေရော၊ ဒါတွေအလုံးစုံဟာ ဘာဝနာ ဉာဏ်နဲ့ ကြည့်မယ်ဆိုယင် ရုပ်နာမ် သင်္ခါရတရားချည်းဘဲ၊ ဒီ ရုပ်နာမ် သင်္ခါရ တရားတွေကိုပင် ငါဘဲ, သူဘဲ, ငါ့ဥစ္စာဘဲ စသည်ဖြင့် ခေါ်ဝေါ်နေကြပါတယ်၊ ဒါ့ကြောင့် ကိုယ့်အတွက်ဖြစ်ဖြစ်, သူများအတွက်ဖြစ်ဖြစ်, စားဘွယ် သုံးဘွယ် တစုံတခုအတွက် ဖြစ်ဖြစ် ပြော

ဆိုပြုလုပ်မှုတွေဟာ ရုပ်နာမ် သင်္ခါရ တရားတွေအတွက် ပြောဆိုပြုလုပ်မှုတွေချည်း ဖြစ်ပါတယ်၊ အဲဒါကို ဒီမှာ ခမ္မေသု၊ ရုပ် နာမ် ဓမ္မ သင်္ခါရတရားတို့ကြောင့်-လို့ ဟောထားပါတယ်၊ ငါ သူတပါး, ပစ္စည်းဥစ္စာ စသည်ဖြင့် ခေါ်ရတဲ့ ရုပ်နာမ် သင်္ခါရတရားတွေ အတွက်-လို့ ဆိုလိုပါတယ်။ ဒီ သုတ်ဒေသနာတော်က ပညာလွန်ကဲတဲ့ ဗုဒ္ဓိစရိုက် ရှိတဲ့သူတွေအတွက် ဟောထားတာမို့ နက်နဲတဲ့ အသုံးအနှုန်းတွေ များစွာ ပါဝင်နေပါတယ်၊ ပုထုဇဉ် ပုဂ္ဂိုလ်တွေဟာ ရုပ်နာမ် သင်္ခါရတရားအစုမျှဖြစ်တဲ့ ကိုယ့်ကိုယ်ကို ငဲ့ပြီးတော့ဖြစ်ဖြစ်, သူတပါးကို ငဲ့ပြီးတော့ဖြစ်ဖြစ်, ရလာတဲ့ လာဘ်လာဘကို ငဲ့ပြီးတော့ ဖြစ်ဖြစ်, မပြုသင့်တာတွေကို ပြုလုပ်နေကြပါတယ်၊ ခင်မင်ရင်းနှီးတဲ့သူကို ငဲ့ပြီးတော့ဖြစ်ဖြစ်, လာဘ်လာဘကို ငဲ့ပြီးတော့ ဖြစ်ဖြစ်, မတရား ပြုလုပ် တတ်ကြတယ်၊ အဲဒါဟာ မရောက်သင့်ရာရောက်သွားတဲ့ ဆန္ဒ အဂတိဘဲ၊ မုန်းလို့လဲ မတရား ပြုတတ်ကြတယ် ဒေါသ အဂတိဘဲ၊ ကြောက်လို့လဲ မတရားပြုတတ်ကြတယ် ဘယ အဂတိဘဲ၊ မသိ နားမလည်လို့လဲ မတရားပြုတတ်ကြတယ် မောဟ အဂတိဘဲ၊ ယခု ပြောနေတဲ့ ရဟန္တာပုဂ္ဂိုလ်မြတ်မှာတော့ အဲဒီလို အဂတိလေးပါးနဲ့ မတရားပြုမှု, ပြောမှု လုံးဝ မရှိတော့ပါဘူး-တဲ့။ ပြီးတော့ မာန, ဒိဋ္ဌိ စသော အခြားအကုသိုလ်တွေနဲ့လဲ မတော်တာကို ပြုလုပ်ခြင်း ပြောဆိုခြင်း ကြံစည်ခြင်း လုံးဝမရှိတော့ပါဘူး - တဲ့။) ဒါကြောင့်၊ ဓမ္မေသု စ၊ ရုပ်နာမ်ဓမ္မသင်္ခါရ တရားတို့ကြောင့်လည်း။ န ဂစ္ဆတိ၊ မရောက်သင့် မရောက်ထိုက်ရာသို့ မရောက်တော့ပေ။ ဝါ၊ မပြုသင့်သည်ကို မပြုတော့ပေ။ သ-သော၊ ထိုဆိုအပ်ခဲ့ပြီးသောဂုဏ် အလုံးစုံတို့နှင့် ပြည့်စုံသော ရဟန္တာ

မြတ်ကို။ ဝေ၊ စင်စစ်။ သန္တော၁တိ၊ ကိလေသာအပူမီးအလုံးစုံ ငြိမ်းအေးပြီးသော ပုဂ္ဂိုလ်မြတ် ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ် ပေသတည်း။

**တရားတော်နိဂုံး။** ။ပုရာဘေဒသုတ် တရားတော်က ဒီဂါထာမှာ အဆုံးသတ်ပါတယ်၊ ဒီသုတ်မှာ အမေးက တဂါထာ၊ အဖြေက ၁၃-ဂါထာ အားလုံးပေါင်း ၁၄-ဂါထာ ရှိပါတယ်၊ အမေးပုစ္ဆာက——

ဘယ်လိုသိမြင် လေ့ကျင့်လျှင် မည်တွင်သန္တခေါ် သနည်း။

ဆိုတဲ့ ဆောင်ပုဒ်အရ ဘယ်လို သီလအကျင့်နဲ့ ပြည့်စုံယင်၊ ဘယ်လို အသိအမြင် ဉာဏ်ပညာနဲ့ ပြည့်စုံယင် ငြိမ်သက် ငြိမ်းအေးတဲ့ သန္တပုဂ္ဂိုလ် မည်ပါသလဲလို့ မေးပါတယ်။

အဲဒီ အမေးကို အဖြေ ၁၃-ဂါထာထဲက ပဌမဂါထာ တပုဒ်တည်းနဲ့ဘဲ ဖြေခြင်းကိစ္စ ပြီးစီး ပြည့်စုံနိုင်ပါတယ်၊ ဒါပေမဲ့ ထိုစဉ်အခါက တရားနာနေကြတဲ့ နတ်ဗြဟ္မာတွေရဲ့ အဇ္ဈာသယကို ကြည့်တော်မူပြီးတော့ မြတ်စွာဘုရားက သူတို့နဲ့ သင့်တော်မည့် ဝေါဟာရတွေနဲ့ ထပ်ကာ ထပ်ကာ ၁၃ ဂါထာတိုင်အောင် ဖြေဆို ဟောကြားတော်မူပါတယ်၊အဲဒီလို ထပ်ကာ ထပ်ကာ ဖြေဆိုဟောကြားတော်မူတဲ့အတွက် ပဌမ အဖြေဂါထာနဲ့ သင့်တော်တဲ့ နတ်ဗြဟ္မာတွေက အဲဒီ ပဌမ အဖြေဂါထာကို ကြားနာပြီး မဂ်ဖိုလ်တရားထူးတွေကို ရကြပါတယ်၊ ဒုတိယ အဖြေ ဂါထာ စသည်နှင့် သင့်တော်တဲ့ နတ်ဗြဟ္မာတွေကလဲ အဲဒီဒုတိယအဖြေဂါထာ စသည်ကို ကြားနာပြီး အသီးအသီး မဂ်ဖိုလ်တရားထူးတွေကို ရသွားကြပါတယ်။ ဒီလို အဲဒီတုန်းက ဒီတသုတ်တည်းနဲ့ မဂ်ဖိုလ် တရားထူးကို

ရသွားကြတဲ့ နတ်ပြဟ္မာတွေဟာ ဘယ်လောက် များပြားသလဲ ဆိုယင် ရဟန္တာ ဖြစ်သွားကြတဲ့ ပုဂ္ဂိုလ် တွေချည်း **ကုဋေ တသိ**န်းရှိသတဲ့၊ သောတာပန် သကဒါဂါမ် အနာဂါမ်ဖြစ်ကြ တဲ့ ပုဂ္ဂိုလ်တွေ ကတော့ မရေမတွက် နိုင်လောက်အောင် များပါတယ်-တဲ့။

ဘုန်းကြီးကလဲ ဒီသာသနာ့ရိပ်သာကို သီတင်းနေ့တိုင်း လာရောက်ပြီး တရားနာကြတဲ့ လူရှင်ရဟန်း ပရိသတ်တွေရဲ့ အခြေအနေကို ကြည့်ပြီးတော့ မြတ်စွာဘုရား ဟောထားတဲ့ အဲဒီ အဖြေ ၁၃-ဂါထာထဲက ဆောင်ပုဒ်ပေးထားတဲ့ ဂါထာ ငါးပုဒ်ကို ဟောရလျှင် ဘုန်းကြီးရဲ့ တပည့် ပရိသတ်တွေလဲ သဘော ပေါက်လောက်တယ်၊ နားလည် လောက်တယ်လို့ ခန့်မှန်းပြီး အဲဒီ ဂါထာ ငါးပုဒ်ကို အကျယ်တဝင့် ဖွင့်ပြီး ဟော လာခဲ့ပါတယ်၊ ကျန်တဲ့ ဂါထာ ၈-ပုဒ်ကိုတော့ ပြည့်စုံရုံမျှဘဲ ဖြည့်စွက်ပြီး အကျဉ်း ဖော်ပြလိုက်ရပါတယ်။

ယခု ဟောကြား ဖော်ပြလို့ ဒီပုရာဘေဒသုတ် တရားတော် ကို ကြားနာရတဲ့ သူတွေနဲ့ ဖတ်ရှုလေ့လာကြရတဲ့ သူတွေဟာ လဲ ပါရမီ ခေတ်ခံက ရင့်ကျက် နေယင်တော့ ကြားနာရင်း, ဖတ်ရှုလေ့လာရင်းဘဲ မဂ်ဖိုလ် တရားထူးကို ရနိုင်လောက်ပါ တယ်၊ ယခု တရား နာနေစဉ် လေ့လာ နေစဉ်မှာ မရသေး တောင် နောင်အခါမှာ ရဘို့ ပါရမီမျိုးစေ့ကိုတော့ အောင် အောင် မြင်မြင်ကြီး ရသွားနိုင်ပါတယ်၊ ပြောစရာတွေလဲ စုံလောက်ပါပြီ၊ တရားသိမ်းကြစို့ ။

ဤပုရာဘေဒသုတ် တရားတော်ကို ရိုသေစွာ နာခံ မှတ် သားကြရသော မမ္မသဝန ကုသိုလ်ကံ စေတနာတို့၏ အစွမ်း

အာနုဘော်ကြောင့် ယခုတရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြ၍ ဤဒေသနာတော်၌ ဟောကြားထားသော ငြိမ်းအေးတဲ့(သန္တ)ပုဂ္ဂိုလ်၏ ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံအောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယာ မဂ်ဉာဏ် အစဉ်ဖြင့် အဆင့်ဆင့် တိုးတက် ပြီးလျှင် ဆင်းရဲ ခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန် ချမ်းသာမြတ်ကို မိမိတို့အလို ရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု၊ သာဓု၊ သာဓု။

ပုရာဘေဒသုတ် တရားတော်ကြီး ပြီး၏။

---

ပ-မ-သ-စ—၄၇၃—၁၅-၁-၇၅—၃၀၀၀။